


TNT

# ခေတ်သစ်ဆရာ

## သင်ရိုးအတွဲ (၂) - အစီအစဉ်ရေးဆွဲခြင်း

RHONA DAVIES KATIE JULIAN GRAY RINEHART

TNT

# ခေတ်သစ်ဆရာ

## သင်ရိုး အတွဲ (၂) - အစီအစဉ်ရေးဆွဲခြင်း

RHONA DAVIES KATIE JULIAN GRAY RINEHART

**ပုံနှိပ်တိုက်အမည်**

ဒေါ်ကလျာ၊ ရွှေပုံနှိပ်တိုက် (မြဲ – ၀၀၂၁၀)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောအောက်လမ်း၊
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**

မုခ်ဦးစာပေ

အမှတ် (105-A)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ရာ၊
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း – ၀၉ ၇၉၀ ၇၈၃ ၃၆၄၊ ၀၉ ၄၀၄ ၀၆၀ ၉၃၁

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ အုပ်ရေ ၅၀၀
မတ်လ၊ ၂၀၂၃ ခုနှစ်
တန်ဖိုး – ၇၅၀၀ ကျပ်

၃၇၁.၁

ရီနာ ဒေးဗီး၊ ကေတီ ဂျူလီယန်၊ ဂရေး ရိုင်းဟတ်
ခေတ်သစ်ဆရာ၊ အခန်း ၂ – အစီအစဉ်ရေးဆွဲခြင်း
ရီနာ ဒေးဗီး၊ ကေတီ ဂျူလီယန်၊ ဂရေး ရိုင်းဟတ်
ရန်ကုန်။ မုခ်ဦး၊ ၂၀၂၃
စာမျက်နှာ – ၁၄၈၊ ၃၀ စင်တီမီတာ
မူရင်းအမည် – ခေတ်သစ်ဆရာ၊ အခန်း ၂ – အစီအစဉ်ရေးဆွဲခြင်း
၁။ ရီနာ ဒေးဗီး၊ ကေတီ ဂျူလီယန်၊ ဂရေး ရိုင်းဟတ်
၂။ ခေတ်သစ်ဆရာ၊ အခန်း ၂ – အစီအစဉ်ရေးဆွဲခြင်း

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to the Picture Acknowledgments at the back of the book.

# မာတိကာ


**သင်ရိုး အကြောင်းအရာနယ်ပယ်များနှင့် အဓိက အယူအဆများ၊ သင်ယူမှု ပန်းတိုင်များ** ၂

**ခေတ်သစ်ဆရာစာအုပ်ကို အသုံးပြုနည်း** ၃

**အာဆီယံသင်ကြားရေး တတ်ကျွမ်းမှုများ** ၄

**၁ အစီအစဉ်ရေးဆွဲခြင်း မိတ်ဆက်** **၆**

- ၁.၁ အစီအစဉ်ရေးဆွဲခြင်း ဆိုသည်မှာ ၈
- ၁.၂ အစီအစဉ်ရေးဆွဲခြင်းအတွက် စဉ်းစားဖွယ်အချက်များ ၁၆
- ၁.၃ အစီအစဉ်များတွင် ပါဝင်သော အစိတ်အပိုင်းများ ၂၅

**၂ သင်ယူမှု ရည်ရွယ်ချက်များ** **၃၄**

- ၂.၁ သင်ယူမှု ရည်ရွယ်ချက်များ ရေးသားခြင်း ၃၆
- ၂.၂ အခြေခံနှင့် အဆင့်မြင့် စဉ်းစားတွေးခေါ်ပုံ ၄၅
- ၂.၃ ပညာရေးပန်းတိုင်များ ၅၃

**၃ သင်ခန်းစာအစီအစဉ် ရေးဆွဲခြင်း** **၅၈**

- ၃.၁ အဆင့်ငါးဆင့်ပါ သင်ခန်းစာ အစီအစဉ် ၆၀
- ၃.၂ မိတ်ဆက်ခြင်းနှင့် ခင်းကျင်းတင်ဆက်ခြင်း ၆၆
- ၃.၃ ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှုမှ ထိန်းကျောင်းကန့်သတ်မှုနည်းသော လေ့ကျင့်မှု ၆၉
- ၃.၄ ပြန်လှန်လေ့လာခြင်းနှင့် အိမ်စာ ၇၈

**၄ သင်ရိုးအစီအစဉ် ရေးဆွဲခြင်း** **၉၀**

- ၄.၁ သင်ရိုးအစီအစဉ်တစ်ခု ဖန်တီးခြင်း ၉၂
- ၄.၂ အချိန်ဇယားဆွဲခြင်း ၉၈

**၅ လုပ်ငန်းစဉ်များနှင့် အရင်းအမြစ်များ** **၁၀၄**

- ၅.၁ သင်ကြားသင်ယူမှု အရင်းအမြစ်များ ၁၀၆
- ၅.၂ လုပ်ငန်းစဉ် အမျိုးမျိုး အသုံးပြုခြင်း ၁၁၁
- ၅.၃ သင်ရိုးစာအုပ် အသုံးပြုခြင်း ၁၁၆

**အတန်းဆုံး ပရောဂျက် – သင်ခန်းစာအစီအစဉ် ရေးဆွဲခြင်း လေ့ကျင့်ခန်း** ၁၂၂

**နောက်ဆက်တွဲများ** ၁၂၃

**အဖြေများ** ၁၃၂

**ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း** ၁၄၇

# သင်ရိုးအတွဲ (၂) - အစီအစဉ် ရေးဆွဲခြင်း

## သင်ရိုး အကြောင်းအရာနယ်ပယ်များနှင့် အဓိက အယူအဆများ

ဤစာအုပ်သည် ခေတ်သစ်ဆရာ သင်ရိုးစာအုပ်တွဲတွင် ဒုတိယသင်ရိုးစာအုပ်ကို ဒုတိယအကြိမ်တည်းဖြတ်ထုတ်ဝေသော စာအုပ်ဖြစ်ပါသည်။ ဤသင်ရိုးစာအုပ်တွဲတွင် သင်ရိုးစာအုပ် ၅ အုပ် ပါဝင်သည်။ သင်ရိုးတစ်ခုစီသည် သင်ကြားရေး စက်ဝန်းအဆင့် ငါးဆင့်မှ တစ်ဆင့်စီကို ရှင်းလင်းတင်ပြထားသည်။ ၎င်းတို့မှာ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ သင်ကြားခြင်း၊ သင်ယူမှု အကဲဖြတ်ခြင်းနှင့် သင်ကြားမှုကို ဆန်းစစ်အကဲဖြတ်ခြင်းတို့ဖြစ်သည်။

သင်ရိုးအတွဲ (၂) သည် ဒုတိယအဆင့်ဖြစ်သော အစီအစဉ်ရေးဆွဲခြင်းအဆင့်ကို စူးစိုက်တင်ပြသည်။ သင်ခန်းစာ အစီအစဉ်များနှင့် သင်ရိုးအစီအစဉ်များကို မည်သို့ ရေးဆွဲရကြောင်း တင်ပြထားသည်။ ဆီလျော်မှုရှိသော သင်ယူမှု ရည်ရွယ်ချက်များ၊ သင်ရိုးအကြောင်းအရာများနှင့် ဆီလျော်သော လုပ်ငန်းစဉ်များကို စနစ်တကျ ရှေ့နောက်စီစဉ်နေရာချနိုင်ခြင်းအားဖြင့် ပိုမို ထိရောက်သော သင်ကြားရေးဖြစ်အောင် အစီအစဉ်ရေးဆွဲနိုင်ရန် ဤသင်ရိုးက ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။

သင်ရိုးအတွဲ (၂) တွင် အောက်ပါ ခေါင်းစဉ်များ ပါဝင်ပါသည်။

- အစီအစဉ်ရေးဆွဲမှုက ဆရာ ဆရာမများအတွက် အထောက်အကူပြုပုံ။
- သင်ယူမှု ရည်ရွယ်ချက်များ ရေးဆွဲခြင်းနှင့် ပညာရေး ပန်းတိုင်များ သတ်မှတ်ဖော်ထုတ်ခြင်း။
- ရှင်းလင်းသော အဆင့်ငါးဆင့်ဖြင့် သင်ခန်းစာ အစီအစဉ်များ ဖန်တီးခြင်း။
- သင်ရိုးအစီအစဉ်များ ရေးဆွဲခြင်း။
- သင်ကြားရမည့် အကြောင်းအရာ ပိုမိုအားကောင်းအောင် လုပ်ငန်းစဉ်များ၊ (သင်ရိုးစာအုပ်စသည့်) အရင်းအမြစ်များ အသုံးပြုခြင်း။

## သင်ယူမှု ပန်းတိုင်များ

### အသိပညာ

**ဤသင်ရိုးတွင် အောက်ပါ အသိဗဟုသုတများ ပိုမိုအားကောင်းလာပါမည်။**

- သင်ရိုးနှင့် သင်ခန်းစာ အစီအစဉ် ရေးဆွဲခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရသော အချက်များ။
- အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းရသော အစိတ်အပိုင်းများ။
- ဘလူးမ်၏ သင်ယူမှုအဆင့်များ။
- သင်ယူမှု ရည်ရွယ်ချက်များ။
- ပညာရေး ပန်းတိုင်များ။
- လုပ်ငန်းစဉ် အမျိုးအစားများ။
- သင်ကြားသင်ယူမှု အရင်းအမြစ် အမျိုးအစားများ။
- သင်ရိုးစာအုပ် အသုံးပြုရာတွင် အသုံးပြုသော နည်းလမ်းများ။

### ကျွမ်းကျင်မှု

**ဤသင်ရိုးတွင် အောက်ပါ ကျွမ်းကျင်မှုများ ပိုမို အားကောင်းလာပါမည်။**

- အတွေ့ရများသော ပြဿနာများအတွက် ဖြေရှင်းနည်းများ သုံးတတ်ခြင်း။
- သင်ယူမှု ရည်ရွယ်ချက်များ စနစ်တကျ ရေးသားတတ်ခြင်း။
- သင်ခန်းစာ အဆင့်များကို စနစ်တကျ စီစဉ်ထားသော သင်ခန်းစာ အစီအစဉ်များ ဖန်တီးတတ်ခြင်း။
- သင်ရိုးအစီအစဉ်များနှင့် အချိန်ဇယားများ ဖန်တီးတတ်ခြင်း။
- သင်ခန်းစာအဆင့် အသီးသီးအတွက် လုပ်ငန်းစဉ်အမျိုးမျိုးကို ဆီလျော်စွာ ရွေးချယ်တတ်ခြင်း။
- သင်ကြား သင်ယူမှု အရင်းအမြစ်များကို ဆီလျော်စွာ ရွေးချယ်တတ်ခြင်းနှင့် ဖန်တီးတတ်ခြင်း။
- သင်ရိုးစာအုပ်ပါ အကြောင်းအရာများကို အားဖြည့်ပေါင်းစပ်ခြင်းနှင့် ဆီလျော်အောင် ပြုပြင်ယူတတ်ခြင်း။

### ပြန်လှန်သုံးသပ်ခြင်း

**ဤသင်ရိုးတွင် အောက်ပါအကြောင်းအရာတို့ကို စဉ်းစားဆင်ခြင်တတ်သွားလိမ့်မည်။**

- အစီအစဉ်ရေးဆွဲခြင်း၏ ရည်ရွယ်ချက်။
- စဉ်းစားခြင်းကျွမ်းကျင်မှု အဆင့်ဆင့်။
- သင်ကြားရေးတွင် သင်ယူမှု ရည်ရွယ်ချက်များကို လမ်းညွှန်အဖြစ် အသုံးပြုခြင်း၏ အရေးပါပုံ။
- သင်ရိုးအစီအစဉ် အသုံးပြုခြင်း။
- အစီအစဉ်ရေးဆွဲခြင်း ပြုရာတွင် ယုတ္တိကျကျ ရှေ့နောက် နေရာချခြင်း၏ အကျိုးကျေးဇူးများ။
- သင်ကြားသင်ယူမှု အရင်းအမြစ်များ။
- သင်ရိုးစာအုပ်များ၏ အားသာချက်နှင့် အားနည်းချက်များ။

### ဆရာအတတ်သင် သင်တန်းအတွင်း

# ခေတ်သစ်ဆရာစာအုပ်ကို

### အသုံးပြုပုံ

သင်ယူသူဗဟိုပြု သင်ကြားရေးနည်းလမ်းကို အောင်မြင်စွာ ကျင့်သုံးရာတွင် အရေးပါသည့် သင်ကြားရေး ဗဟုသုတ၊ သင်ကြားရေး အတတ်ပညာနှင့် ပြန်လှန်သုံးသပ်ခြင်း စွမ်းရည်များ တိုးတက်အားကောင်းလာရန် ဤသင်ရိုးက အဓိက ရည်ရွယ်ပါသည်။

ဤမိတ်ဆက်အပိုင်းက သင်ရိုးပါ သင်ယူမှုရလဒ်များ၊ သင်ယူခြင်း နည်းလမ်းများအကြောင်းကို နားလည်အောင် အထောက်အကူပြုပါလိမ့်မည်။

## ဤသင်ရိုးတွင် ပါဝင်သော အကြောင်းအရာများမှာ -

***အကြိုသင်ခန်းစာ*** – အခန်းတိုင်းသည် အကြိုသင်ခန်းစာ လေ့ကျင့်ခန်းတစ်ခုနှင့် စတင်လေ့ရှိပြီး အဓိကအကြောင်းအရာကို စတင်စဉ်းစားမိစေရန်၊ ဆွေးနွေးဖြစ်စေရန်နှင့် နောက်ခံဗဟုသုတများကို ထုတ်ဖော်အသုံးပြုစေရန် အားပေးထားသော လုပ်ငန်းစဉ်များ ဖြစ်သည်။ ဆီလျော်သည့်နေရာများတွင် အကြိုသင်ခန်းစာများ၏ အဖြေများကို စာအုပ်အဆုံးတွင် ဖော်ပြထားပါသည်။

***လေ့ကျင့်ခန်းများ*** – အခန်းတွင်ပါသော အတွေးအယူများကို ဤလုပ်ငန်းဆောင်တာများဖြင့် စစ်ဆေးနိုင်သည်။ လေ့ကျင့်ခန်းများ၏ အဖြေများကို သင်ရိုးစာအုပ်အဆုံးတွင် ဖော်ပြထားပါသည်။

***လုပ်ငန်းစဉ်များ*** – သင်ယူသူဗဟိုပြု သင်ကြားရေး နည်းလမ်းကောင်းများကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော စွမ်းရည်များကို တည်ဆောက်ရာတွင် အထောက်အကူပြုရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းစဉ်များကို စီစဉ်ထားပါသည်။ ကျောင်းသူကျောင်းသားများ သင်ယူမှုရှိသွားစေမည့် အတွေ့အကြုံကောင်းများ၊ ဆီလျော်သင့်တော်သည့် သင်ယူမှု ရည်ရွယ်ချက်များ၊ အသုံးဝင်သော သင်ရိုးအစီအစဉ်များ၊ ထိရောက်သော၊ စိတ်ဝင်စားပါဝင်စေသော သင်ခန်းစာများကို အစီအစဉ်ရေးဆွဲပြင်ဆင်ခြင်း ပါဝင်ပါသည်။

***ဆွေးနွေးချက်***များ အဓိကအကြောင်းအရာနှင့် ပတ်သက်သော မိမိ၏ အတွေ့အကြုံများ၊ အတွေးအယူများကို ထပ်မံ ဆွေးနွေးနိုင်သည့် အခွင့်အလမ်းများ ပေးထားခြင်းဖြစ်သည်။

***ပြန်လည်သုံးသပ်ခြင်း*** မိမိ၏ သင်ကြားသင်ယူမှု အလေ့အထများကို ပြန်စဉ်းစားမိစေခြင်းဖြစ်သည်။ သင်ယူသူဗဟိုပြု သင်ကြားရေး နည်းလမ်းတိုင်းတွင် အစီအစဉ်ရေးဆွဲခြင်း၊ သင်ကြားခြင်း၊ မိမိ၏ သင်ကြားမှုကို ဆန်းစစ်အကဲဖြတ်ခြင်းပြုပြီး နောက်ထပ် သင်ခန်းစာများကို ပြင်ဆင်ခြင်း စသည်တို့ကို လုပ်ဆောင်ရမည် ဖြစ်သည်။ ပြန်လှန်သုံးသပ်ခြင်း အပိုင်းက သင်ရိုးပါ အသိအတတ်များကို မိမိစာသင်ခန်းအတွင်း မည်သို့ ပြန်လည် အသုံးချမည်ကို စဉ်းစားရသည့် အပိုင်းဖြစ်ပါသည်။

***အကျဉ်းချုပ်***က ထိုအခန်း၏ အဓိက အယူအဆများကို ပြန်နွှေးပေးမည်ဖြစ်သည်။

## စာအုပ် အသုံးမပြုမီနှင့် အသုံးပြုပြီး . . .

သင်ကြားရေးတတ်ကျွမ်းမှုများကို ကြည့်ပါ။ ဤသင်ရိုးပါ အကြောင်းအရာများသည် မြန်မာနှင့် အာဆီယံ သင်ကြားရေး တတ်ကျွမ်းမှု မူဘောင်တွင် မည်သို့ ချိတ်ဆက် ပါဝင်နိုင်ကြောင်း လေ့လာပါ။

သင်ရိုးပါ အဓိကအကြောင်းအရာများနှင့် အဓိက အယူအဆများကို ဖတ်ရှုပြီး ဤသင်ရိုးကို လေ့လာရန် အဆင်သင့်ပြင်ဆင်ပါ။

အသိ၊ အတတ်နှင့် သင်ကြားရေး ကျွမ်းကျင်မှုများကို သိရန် သင်ယူမှုပန်းတိုင်များကို ဖတ်ရှုပါ။ ထိုရလဒ်များကိုကြည့်လျှင် ဤသင်ရိုးစာအုပ်မှ မည်သည့် အပိုင်းများက မိမိ၏ ဆရာအတတ်သင် သင်တန်းသား၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးအဝင်ဆုံးဖြစ်မည်ကို သိနိုင်ပါမည်။

ထိုရလဒ်သတ်မှတ်ချက်များသုံးပြီး ရေရှည်နှင့် ရေတို သင်ယူမှု ပန်းတိုင်များကို ဤသင်တန်းအတွက်ရော၊ လာမည့် သင်တန်းများ အတွက်ပါ သတ်မှတ်နိုင်ပါသည်။

အခန်းတစ်ခန်းစီ၏ အစပိုင်းများတွင် ဖော်ပြထားသည့် သင်ယူမှု ရည်ရွယ်ချက်များကို ဖတ်ပါ။

သင်ရိုး အဆုံးတွင် အဖြေအပိုင်း ပါပါသည်။ သင်ရိုးပါ လေ့ကျင့်ခန်း လုပ်ငန်းစဉ်များ၏ အဖြေများ၊ နမူနာ အဖြေများ ပြထားသည်။ အချို့ မေးခွန်းများအတွက် အဖြေမှာ မိမိကိုယ်ပိုင်အတွေးနှင့် အတွေ့အကြုံများပေါ် မူတည်၍ အမျိုးမျိုးဖြစ်နိုင်ပါသည်။ ထို့ကြောင့် မေးခွန်းအားလုံးအတွက် အဖြေအစုံ ပါဝင်ခြင်း မရှိပါ။

# အာဆီယံသင်ကြားရေး တတ်ကျွမ်းမှုများ

အာဆီယံ နိုင်ငံအသီးသီးတွင် အသုံးပြုသော သင်ကြားရေး စံနှုန်းများကို လိုက်လျောညီထွေ ဆီလျော်မှု ရှိစေရန်၊ အပြန်အလှန် အထောက်အပံ့ပြုနိုင်ရန်နှင့် စံသတ်မှတ်ချက်များ ထားနိုင်ရန် အရှေ့တောင်အာရှ ဆရာ ဆရာမများအတွက် အာဆီယံ သင်ကြားရေး တတ်ကျွမ်းမှုမူဘောင်ကို ဖော်ထုတ်သတ်မှတ်ထားပါသည်။ သင်ကြားရေးတတ်ကျွမ်းမှုစံနှုန်းများသည် အရည်အသွေးမြင့် သင်ကြားရေးကို အများသဘောတူ အဓိပ္ပာယ်ဖွင့်ဆိုချက် သတ်မှတ်ပေးပါသည်။

> "အာဆီယံ နိုင်ငံအသီးသီးမှ ပညာရေးဝန်ကြီးဌာနများ အားလုံး၏ တူညီသော ရည်မှန်းချက်တစ်ခုမှာ စာသင်ခန်းတိုင်းတွင် အရည်အသွေးမြင့် ဆရာ ဆရာမများ ရှိနေရေးပင်ဖြစ်သည်။ သို့ရာတွင် ဆရာ ဆရာမများအနေနှင့် ပိုမိုထိရောက်မှုရှိလာစေရန် မည်သည်ကို သိရမည်၊ ကျင့်ရမည်၊ မည်သည်ကိုသိရန် လိုအပ်ကြောင်းနှင့် မည်သည့် အရည်အသွေးအဆင့်ထိ ကျင့်ကြံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပိုမိုတိကျသော သတ်မှတ်ချက်များ လိုအပ်ပါသည်။ သင်ကြားရေးတတ်ကျွမ်းမှု စံနှုန်းများသည် အရည်အသွေးမြင့် သင်ကြားရေးကို အများသဘောတူ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်အဖြစ် တည်ရှိနေပါသည်။"
>
> http://www.seameo-innotech.org/wp-content/uploads/2014/01/PolRes_TeachingCompetencyStandardsInSEA.pdf မှ ထုတ်နုတ်တင်ပြသည်။

### ၁။ အစီအစဉ်ရေးဆွဲခြင်း မိတ်ဆက်

ASEAN C3 : သင်ရိုးညွှန်းတမ်းနှင့် အချိန်ဇယားအပေါ်မူတည်ပြီး သင်ခန်းစာ အစီအစဉ် ရေးဆွဲခြင်း။

ASEAN C4 : သင်ခန်းစာ အစီအစဉ်ရေးဆွဲရာတွင် သင်ယူသူများအကြား ကွဲပြားစုံလင်မှုရှိကြောင်း ထည့်သွင်းစဉ်းစားခြင်း။

### ၂။ သင်ယူမှု ရည်ရွယ်ချက်များ

ASEAN B6: သင်ခန်းစာအတွင်း အဆင့်မြင့် စဉ်းစားခြင်း စွမ်းရည်များကို ထည့်သွင်းပေါင်းစပ် ပြင်ဆင်ခြင်း။

ASEAN C2: ဆက်စပ်မှုရှိသည့်အခါ သင်ယူမှု ရည်ရွယ်ချက်များတွင် အသိပညာ၊ အတတ်ပညာနှင့် စိတ်နေစိတ်ထားများကို ထည့်သွင်းရေးဆွဲခြင်း။

ASEAN F1: အဆင့်မြင့် စဉ်းစားခြင်း စွမ်းရည်များ၊ အယူအဆများ၊ နည်းလမ်းများကို ကျွမ်းကျင်ပိုင်နိုင်မှုရှိခြင်း။

ASEAN F2: သင်ယူသူများ အဆင့်မြင့် စဉ်းစားခြင်း စွမ်းရည်များရရှိအောင် ပျိုးထောင်ပေးခြင်း။

### ၃။ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်း

ASEAN B4: သင်ယူသူများ၏ ပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း။

ASEAN B6: သင်ခန်းစာအတွင်း အဆင့်မြင့် စဉ်းစားခြင်း စွမ်းရည်များကို ထည့်သွင်းပေါင်းစပ် ပြင်ဆင်ခြင်း။

ASEAN C3: သင်ရိုးညွှန်းတမ်းနှင့် အချိန်ဇယားအပေါ်မူတည်ပြီး သင်ခန်းစာ အစီအစဉ် ရေးဆွဲခြင်း။

ASEAN C4: သင်ခန်းစာ အစီအစဉ်ရေးဆွဲရာတွင် သင်ယူသူများအကြား ကွဲပြားစုံလင်မှုရှိကြောင်း ထည့်သွင်းစဉ်းစားခြင်း။

ASEAN D3: တက်ကြွသော သင်ယူမှုရှိအောင် အားပေးမြှင့်တင်ခြင်း။

### ၄။ သင်ရိုး အစီအစဉ်ရေးဆွဲခြင်း

ASEAN C3: သင်ရိုးညွှန်းတမ်းနှင့် အချိန်ဇယားအပေါ်မူတည်ပြီး သင်ခန်းစာ အစီအစဉ် ရေးဆွဲခြင်း။

### ၅။ သင်ရိုးနှင့် သင်ခန်းစာပါ အကြောင်းအရာများ

ASEAN C6: သင်ကြားသင်ယူမှုအတွက် ရရှိနိုင်သည့် အရင်းအမြစ်များကို ဆီလျော်စွာ ရွေးချယ်တတ်ခြင်း။

ASEAN D3: တက်ကြွသော သင်ယူမှုရှိအောင် အားပေးမြှင့်တင်ခြင်း။

ASEAN E1: သင်ကြား သင်ယူမှု အရင်းအမြစ်များကို အသုံးပြုခြင်း အသိပညာ၊ အတတ်ပညာများ ရှာဖွေလေ့ကျင့်ခြင်း။

ASEAN E2: သင်ခန်းစာနှင့် ကိုက်ညီသော သင်ကြား သင်ယူမှု အရင်းအမြစ်များကို ပြုစုဖန်တီးခြင်း။

ASEAN E3: သင်ခန်းစာအတွက် ဆီလျော်သော သင်ကြား သင်ယူမှု အရင်းအမြစ်များကို အသုံးချခြင်း။

ASEAN E5: သင်ကြား သင်ယူမှု အရင်းအမြစ်များ သုံးစွဲပုံကို လေ့လာစောင့်ကြည့်ခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း။

# မြန်မာ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်

မြန်မာ ဆရာ/ဆရာမများအတွက် သင်ကြားရေး တတ်ကျွမ်းမှု မူဘောင်ကို ပညာရေး အရည်အသွေး မြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့်အညီ ရေးဆွဲလျက်ရှိသည်။ ပညာရေးစနစ်တစ်ခုကို အဆင့်မြှင့်တင်ရန် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စံနှုန်းတန်ဖိုးများ ကျင့်သုံးပြီး ထိရောက်သော သင်ကြားရေး လုပ်ဆောင်နိုင်သည့် ဆရာများ လိုအပ်သည်ဟူသည့် အချက်ကို အသိအမှတ်ပြု၍ ရေးဆွဲနေခြင်းလည်းဖြစ်သည်။

> "မြန်မာနိုင်ငံတွင် (လုပ်ငန်းခွင်အကြိုနှင့် စဉ်ဆက်မပြတ် သင်ယူမှုမွမ်းမံခြင်း ပါဝင်သော ဆရာ အတတ်သင်ပညာရေးတစ်ရပ် ခိုင်မာစွာ လိုအပ်ပါသည်။ ၎င်းတွင် သဘောတရားရေးရာ အခြေခံများ ခိုင်မာစွာရှိထားသော ဆရာအတတ်သင်ဘွဲ့ရများနှင့် အရည်အသွေးမြင့် ဆရာ/ဆရာမများ မွေးထုတ်နိုင်စွမ်းရှိရမည်။ ၎င်းတို့တွင် ပညာရှင်ဆန်သော အသိပညာ၊ အတတ်ပညာများ ကျွမ်းကျင်ရရှိထားပြီး မြန်မာနိုင်ငံမှ ဆရာ/ဆရာမများ၏ သင်ကြားရေး လုပ်ငန်းစဉ် အရပ်ရပ်တွင် လိုအပ်သော အခန်းကဏ္ဍနှင့် တာဝန်များကို ဆောင်ရွက်နိုင်စွမ်းရှိရန် ရည်မှန်းထားပါသည်။"

မြန်မာ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ ပညာရေး ဝန်ကြီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ။

https://lib.mmteacherplatform.net/en/resource/teacher-competency-standards-framework-tcsf

အောက်ပါတို့မှာ ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင်တွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းခွင်အကြို ဆရာ/ဆရာမများအတွက် တတ်ကျွမ်းမှုစံများနှင့် အနိမ့်ဆုံး အရည်အသွေး သတ်မှတ်ချက်များ ဖြစ်ကြပါသည်။

## ၁။ အစီအစဉ်ရေးဆွဲ မိတ်ဆက်

တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၁) သင်ကြားမှုနည်းလမ်း အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်းအကြောင်းအရာကို သင်ကြားသည်။

- (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ခန်းစာ အစီအစဉ် ရေးဆွဲနိုင်ကြောင်းနှင့် ကြိုတင်ပြင်ဆင်မှုများ လုပ်နိုင်ကြောင်း ပြသသည်။

## ၂။ သင်ယူမှု ရည်ရွယ်ချက်များ

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (က–၅) ဘာသာရပ်အကြောင်းအရာကိုသိသည်။

- (က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

## ၃။ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်း

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (က–၅) ဘာသာရပ်အကြောင်းအရာကိုသိသည်။

- (က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။
- (က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများအား မည်သို့ ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

## ၄။ သင်ရိုး အစီအစဉ်ရေးဆွဲခြင်း

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (ခ–၃) ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုသော၊ ဘေးကင်းလုံခြုံစိတ်ချနိုင်သော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။

- (က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်းပြသသည်။

## ၅။ လုပ်ငန်းစဉ်များနှင့် အရင်းအမြစ်များ

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (ဂ–၁) သင်ကြားရေးလောက ဖွံ့ဖြိုးတိုးတက်အောင် အမှုဆောင်ခြင်း

- (ဂ) (၁.၄) ပညာရေးဆိုင်ရာ ရင်းမြစ်များကို သုံးစွဲရာတွင် တာဝန်သိစွာ၊ တာဝန်ခံမှုရှိစွာ သုံးတတ်ကြောင်း ပြသသည်။

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (က–၂) သင်ကြားရေးဆိုင်ရာ နည်းပညာများကို ဆီလျော်စွာ အသုံးပြုတတ်သည်။

- (က) (၂.၁) သင်ကြား သင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (က– ၅) ဘာသာရပ်အကြောင်းအရာကိုသိသည်။

- (က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများအား မည်သို့ ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။





# ၁ အစီအစဉ်ရေးဆွဲခြင်း မိတ်ဆက်

## ရည်ရွယ်ချက်များ

- အစီအစဉ်ရေးဆွဲခြင်း၏ ရည်ရွယ်ချက်နှင့် အရေးပါမှုကို ဆရာအတတ်သင် သင်တန်းသားများ ဆွေးနွေးနိုင်ရန်။
- အစီအစဉ်ရေးဆွဲခြင်းအပေါ် ဆက်စပ် လွှမ်းမိုးနေသော အချက်အလက်များကို ဆရာအတတ်သင် သင်တန်းသားများ သတ်မှတ်ဖော်ထုတ်တတ်စေရန်။
- သင်ရိုးအစီအစဉ်များနှင့် သင်ခန်းစာ အစီအစဉ်များ၏ အစိတ်အပိုင်းများကို ဆရာအတတ်သင် သင်တန်းသားက ဆန်းစစ်အကဲဖြတ်တတ်ရန်။

# ၁.၁ အစီအစဉ်ရေးဆွဲခြင်း ဆိုသည်မှာ

## အကြိုသင်ခန်းစာ

**က** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ သင်ကြားရေး စက်ဝန်းမှ အစီအစဉ်ရေးဆွဲခြင်း အဆင့်တွင် မည်သည့် လုပ်ငန်းများ ပါဝင်သနည်း။ ဤအဆင့်တွင် ဆရာ ဆရာမများက မည်သည်တို့ ဆောင်ရွက်ရမည်နည်း။

၂။ ဤအဆင့်နှင့် ပတ်သက်သည့် အတွေ့အကြုံ မည်သို့ရှိသနည်း။ ဤအဆင့်နှင့်ပတ်သက်ပြီး အတွေ့အကြုံကောင်းတစ်ခုနှင့် အဆင်မပြေခဲ့သော အတွေ့အကြုံတစ်ခုကို ပြန်လည်အမှတ်ရဆွေးနွေးပါ။

၃။ သင်ကြားမှု စက်ဝန်းအတွင်း အစီအစဉ်ရေးဆွဲခြင်း အဆင့်သည် ၎င်း၏ ရှေ့တစ်ဆင့်၊ နောက်တစ်ဆင့်နှင့် မည်သို့ ပတ်သက်ဆက်စပ်နေပါသနည်း။



## လုပ်ငန်းစဉ်

**၁** ဤအဆိုအမိန့်၏ ဆိုလိုရင်းက အဘယ်နည်း။

> **အစီအစဉ်ရေးဆွဲရန် ပျက်ကွက်မှုသည်**
> **ပျက်ကွက်ကျရှုံးရန်**
> **စီစဉ်နေခြင်းနှင့် တူပေသည်။**

အစီအစဉ်ရေးဆွဲခြင်းအဆင့်တွင် သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်းနှင့် သင်ရိုးအစီအစဉ်ရေးဆွဲခြင်းတို့ ပါဝင်ပါသည်။ သင်ရိုးအစီအစဉ်များတွင် သင်ရိုးတစ်ခုလုံး၏ ရည်ရွယ်ချက်များနှင့် ပါဝင်အကြောင်းအရာများကို ဖော်ပြရပါသည်။ ၎င်းတို့တွင် ရက်သတ္တပတ်အလိုက်၊ လအလိုက်၊ စာသင်နှစ် တစ်ခုလုံးအလိုက် အစီအစဉ်ရေးဆွဲခြင်းပါဝင်နိုင်ပါသည်။ သင်ရိုး (Syllabus) ဆိုသည်က သင်ရိုးအစီအစဉ်တစ်ခု၏ အစိတ်အပိုင်းအဖြစ် ပါဝင်သည်။ သင်ခန်းစာ အစီအစဉ်များဆိုသည်က သင်ရိုးအစီအစဉ်အပေါ် သင်ခန်းစာ တစ်ခုအတွင်း မည်သည့် ရည်ရွယ်ချက်များနှင့် အကြောင်းအရာများ ပါဝင်ကြောင်း ပြသနိုင်သည့်အရာဖြစ်သည်။

ဆရာ ဆရာမတစ်ဦးအနေနှင့် သင်ခန်းစာ အစီအစဉ်ရေးဆွဲမှုကို မည်မျှအတိုင်းအတာအထိ လုပ်ရမည်ဆိုသည်မှာ ၎င်း၏ ကိုယ်ပိုင်သတ်မှတ်ချက်များ၊ ၎င်းသင်ကြားနေသော ကျောင်းအဖွဲ့အစည်း စသည်တို့၏ သတ်မှတ်ချက်များအပေါ်တွင် မူတည်သည်။ အချို့ ဆရာ ဆရာမများသည် သင်ရိုးအစီအစဉ်များ၊ သင်ခန်းစာ အစီအစဉ်များကို ၎င်းတို့ကိုယ်တိုင် ဖန်တီးပိုင်ခွင့် ရှိကြသည်။ အချို့သော ဆရာ ဆရာမများမှာမူ အဖွဲ့အစည်း/ကျောင်းက ပေးအပ်သော ပုံစံသတ်မှတ်ချက်များ အတိုင်း အတိအကျလိုက်နာကြရသည်။

အစီအစဉ်ရေးဆွဲခြင်းကို အောက်ပါအချက်များက လွှမ်းမိုးသက်ရောက်မှုရှိသည်။

- အဖွဲ့အစည်း၏ သင်ရိုးညွှန်းတမ်းသတ်မှတ်ချက်
- ဆရာ ဆရာမ၏ နှစ်သက်ရာ သင်ကြားရေးနည်းလမ်းများ
- ပြီးခဲ့သည့် သင်ကြားရေး စက်ဝန်းအဆင့်တွင် တွေ့ရှိခဲ့ရသော လိုအပ်ချက်များ စသည်တို့ဖြစ်သည်။

ဆရာ ဆရာမများသည် သင်ရိုးအစီအစဉ်များ၊ သင်ခန်းစာ အစီအစဉ်များ ရေးဆွဲရာတွင် သင်ကြားရေးစက်ဝန်းပါ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်းအဆင့်ကို အသုံးပြုနိုင်သည်။ (သင်ကြားမှုစက်ဝန်း သရုပ်ဖော်ပုံမှ အဆင့် ၁ ကို ကြည့်ပါ။) ထို့နောက် ထိုသင်ခန်းစာ အစီအစဉ်များကို လက်တွေ့ပို့ချသင်ကြားနိုင်အောင် လိုအပ်သော ပြင်ဆင်မှုများကို အစီအစဉ်ရေးဆွဲသည့် အဆင့်အပြီးတွင် လုပ်ဆောင်ရမည်ဖြစ်သည်။ (အဆိုပါ သရုပ်ဖော်ပုံမှ အဆင့် ၃ ကို ကြည့်ပါ။)

ဆရာ ဆရာမများသည် သင်ရိုးအစီအစဉ်များ၊ သင်ခန်းစာ အစီအစဉ်များကို ရေးဆွဲဖန်တီးရန် အချိန်သီးသန့် သတ်မှတ်ထား ရှိသော မြန်ဆန်သွက်လက်ပြီး အလုပ်ပြီးစီးမှုရှိသည့် အစီအစဉ်ရေးဆွဲသူများ ဖြစ်လာရန် ရည်မှန်းသင့်ပါသည်။

# လုပ်ငန်းစဉ်

ဂ  အောက်ပါ မှတ်ချက်များကို ဖတ်ပါ။

၁။  အဆိုပါ မှတ်ချက်တစ်ခုစီကို ပြောခဲ့သည့် ဆရာ ဆရာမ တစ်ဦးစီသည် မည်သည့် ဝိသေသများ ရှိသူဖြစ်ကြောင်း ပြောဆိုလိုပါသနည်း။ အောက်ပါ နာမဝိသေသနများ၊ မိမိ ပြောဆိုလိုသော အခြား နာမဝိသေသနများကို အသုံးပြုနိုင်ပါသည်။

- စဉ်းစားတတ်သော
- အလုပ်များသော
- စူးစိုက်လုပ်ကိုင်တတ်သော
- ပြုလွယ်ပြင်လွယ်ရှိသော
- အလေးမထားသော
- ပျင်းရိသော
- အတွေ့အကြုံနည်းသော
- စိတ်ကူးဖန်တီးတတ်သော
- အလုပ်ကြိုးစားသော
- အတွေ့အကြုံများသော

၂။  မည်သည့် မှတ်ချက်သည် မိမိအတွေ့အကြုံနှင့် အနီးစပ်ဆုံးဖြစ်သနည်း။

က

သင်ခန်းစာတိုင်းမှာ ဘာလုပ်ရင် ကောင်းမလဲဆိုပြီး အကြာကြီး စဉ်းစားရတယ်။ အကုန်လုံးကို လုံးဝအသေးစိတ်ချရေးတယ်။ အချိန်တော့ ကုန်တယ်။ ဒါပေမဲ့ စာသင်ရတာ အဲ့လိုမှ ပိုအဆင်ပြေတယ်။ အဲ့လိုမလုပ်ရင် သင်ခန်းစာက သိပ်ချောချောမွေ့မွေ့ဖြစ်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ညဘက် နောက်ကျတဲ့အထိ သင်ခန်းစာ အစီအစဉ်တွေ လုပ်နေရတော့ နောက်နေ့ကျရင် အိပ်ရေးပျက် ပင်ပန်းနေရော။ အသားကျသွားရင်တော့ အဆင်ပြေသွားမယ်ထင်ပါတယ်။

ခ

သင်မယ့်ခေါင်းစဉ်တွေ အကုန်လုံးချရေးထားတဲ့ အပတ်စဉ် အချိန်ဇယားတော့ ရှိပါတယ်။ ဒါပေမဲ့ သင်ခန်းစာ အစီအစဉ်ရေးဆွဲရတာ အကျိုးရှိတယ်တော့ မထင်မိဘူး။ အကန့်အသတ် အရမ်းများစေတယ်။ အဲ့ဒီလို အစီအစဉ်ရေးမယ့်အစား ခေါင်းစဉ်အကြောင်း ကြိုစဉ်းစားပြီး သွားသင်တဲ့အခါ အခြေအနေကြည့်သင်တာပဲ။ ဒါဆိုရင် သင်ယူသူ လိုအပ်ချက်နဲ့အညီ ပြောင်းလဲသင်ကြားနိုင်တာပေါ့။ သင်ခန်းစာ သင်ကြားနေတုန်း သူတို့စိတ်ဝင်စားတာတွေ့တာနဲ့ အဲ့ဒီအပိုင်းကို ပြောင်းသင်လိုက်လို့ရတယ်။

ဂ

ကိုယ်သင်နေတဲ့ သင်ရိုးအတွက် အသေးစိတ် အစီအစဉ်တစ်ခု ဆွဲထားပြီးသားရှိတယ်။ သင်ခန်းစာတစ်ခုစီမှာ ဘာသင်ရမလဲ အသေးစိတ်ပြထားတာပေါ့။ ဒါပေမဲ့ အဲ့ဒီအစီအစဉ်အတိုင်း တသဝေမတိမ်း လုပ်စရာတော့ လိုတယ်မထင်ပါဘူး။ ရံဖန်ရံခါ သင်ခန်းစာထဲမှာ တချို့ကိစ္စတွေ ဖြစ်ပျက်လာရင် ပြုပြင်ပြောင်းလဲပြီး သင်ရတာပဲ။ ဥပမာ ကျောင်းသူ ကျောင်းသားတွေက တစ်ခုခုကို နားမလည်ဘူးဆိုရင် အဲ့ဒီအပိုင်းကို အချိန်ပိုယူပြီး သင်ရတာပေါ့။ ကျောင်းသူ ကျောင်းသားတချို့ နားမလည်ဘဲ သင်ခန်းစာ အစီအစဉ် ပြီးသွားတာ ထက်စာရင် ကျောင်းသူ ကျောင်းသားအားလုံး နားလည်ပြီး အချိန်ပိုကုန်သွားတာက ပိုကောင်းတယ်။

**ဃ**

တစ်ခါမှ သင်ခန်းစာ အစီအစဉ်ရေးဆွဲတာ မလုပ်ဖြစ်ဘူး။ မလိုဘူးလေ။ ကျောင်းက သင်ရိုးအစီအစဉ်ပေးတယ်။ အချိန်ဇယားပေးတယ်။ ပြီးတော့ သင်ရိုးပြဋ္ဌာန်းစာအုပ် နေ့တိုင်းသုံးရတယ်။ သင်ခန်းစာတစ်ခုတိုင်းမှာ ဘယ်စာမျက်နှာတွေကို အပြီးသင်ရမလဲဆိုတာ အတိအကျသိပြီးသား။ သင်ခန်းစာတစ်ခုပြီးတာနဲ့ နောက်တစ်ချိန်ကျရင် ပြီးသွားတဲ့ စာမျက်နှာကနေ နောက်တစ်မျက်နှာ လှန်ပြီးသင်တာပဲ။

**င**

သင်ခန်းစာနဲ့ ပတ်သက်သမျှ အကုန်ရေးထားတဲ့ အစီအစဉ်အတိအကျ ရေးဆွဲလေ့ရှိပါတယ်။ သင်ခန်းစာအဆင့်တွေ၊ အချိန်တွေ၊ သင်ယူမှု ရည်ရွယ်ချက်တွေ၊ လုပ်ငန်းစဉ်တွေ၊ အဖွဲ့ဖွဲ့ဖို့ အစီအစဉ်တွေ၊ သင်ရိုးအစီအစဉ် ထဲက ဘယ်အရာတွေနဲ့ သင်ခန်းစာ ချိတ်ဆက်တယ်ဆိုတာတွေ အကုန်ရေးပါတယ်။ အသေးစိတ် အစီအစဉ်ချရတာကြိုက်တယ်။ မဟုတ်ရင် အာရုံများပြီးတော့ ကိုယ်ပြီးချင်တာ မပြီးဘဲဖြစ်ကုန်ရော။



# လုပ်ငန်းစဉ်

**ဃ** နွယ်နွယ်က Grade 5 အင်္ဂလိပ်စာ သင်ကြားသူဖြစ်သည်။ ပြီးခဲ့သည့် သင်ခန်းစာတွင် သူ့ကျောင်းသူ ကျောင်းသားများကို နာရီအချိန်ပြောနည်းသင်ကြားထားသည်။ ထိုသင်ခန်းစာတွင် ၎င်းက နေ့စဉ်လုပ်ငန်းစဉ်များအတွက် စကားစုလေးများ သင်ကြားပေးထားသည်။ ဥပမာ – "I get up," "I get dressed," "I have my breakfast," "I go to school," စသည်တို့ဖြစ်သည်။


ရုပ်ပြကာတွန်းကွက်များကိုကြည့်ပြီး တစ်ကွက်စီမှ မေးခွန်းများကိုဖြေပါ။ မိမိအကြံဉာဏ်များကို တစ်တန်းလုံးနှင့် ဆွေးနွေးပါ။

၁။ ဤဆရာမ ရင်ဆိုင်နေရသည့် ပြဿနာက အဘယ်နည်း။

၂။ ၎င်းက အစီအစဉ်ရေးဆွဲခြင်းနှင့် မည်သို့ ဆက်စပ်သနည်း။

**ဥပမာ . . .**

ဆရာမက သင်ခန်းစာကို အချိန်နာရီကြည့်နည်းသင်ခန်းစာအကြောင်း ပြန်နွှေးခြင်းဖြင့် စတင်လိုက်သည်။ ပြီးခဲ့သည့် သင်ခန်းစာတွင် ၎င်းကို သင်ယူခဲ့ပြီး ဖြစ်သည်။ ဆရာမက အတန်းကို နာရီတစ်ခုပြပြီး အချိန်အမျိုးမျိုးပြောင်းပြသည်။ ကျောင်းသားကလေးတစ်ဦးတည်းကပဲ အဖြေများ အမြဲအော်ဖြေသည်။





*နမူနာ အဖြေများ*


၁။ ပြဿနာ ကျောင်းသားတစ်ဦးတည်းကသာ အဖြေမှန်ပေးပြီး ပါဝင်မှုပြုနေသည်။

၂။ အစီအစဉ်ရေးဆွဲမှုနှင့် ချိတ်ဆက်ပုံ - ကျောင်းသူ ကျောင်းသားများ တန်းတူညီမျှစွာ ပါဝင်မှုပေးနိုင်အောင် ဆရာ ဆရာမက အစီအစဉ် ရေးဆွဲထားခြင်းမရှိပါ။


နေ့စဉ်လုပ်ငန်းများအကြောင်း စကားစုများကို ရုပ်ပုံကတ်များ အသုံးပြုပြီး သင်ကြားပြီးသည့်အခါ ဆရာမက နားထောင်ခြင်း လုပ်ငန်းစဉ်တစ်ခု စတင်သည်။ သို့ရာတွင် မီးပျက်သွားပြီး၊ ဘက်ထရီအားပါကုန်သွားသည့်အခါ အသံဆက်မထွက်တော့ပါ။ ထိုအခါ ဆရာမက အသံဖိုင်ဖွင့်မပြတော့ဘဲ စာသားကို ဖတ်ပြမည်ဟု စဉ်းစားပြီး စာသားရှာရာ မတွေ့ပေ။




ကျောင်းသူ ကျောင်းသားများကို အဖွဲ့လေးဖွဲ့ခွဲသည်။ ဆရာမက တစ်ဖွဲ့ကို လေ့ကျင့်ခန်းစာရွက်လေးရွက်စီပေးသည်။ သို့ရာတွင် ယနေ့အတန်းတက်သူ ၁၇ ဦးရှိသောကြောင့် ငါးဦးပါတစ်ဖွဲ့ရှိနေသည်။




ကျောင်းသူ ကျောင်းသားများက အဖွဲ့လိုက် လေ့ကျင့်ခန်းလုပ်ဆောင်နေစဉ် ဆရာမက စာသင်ခန်းအတွင်း လျှောက်ကြည့်သည်။ ထို့နောက် Third person verb form အမှားများကို လိုက်ပြင်ပေးရင်း အတန်းချိန်ပြီးသွားသည်။




အတန်းချိန်ပြီးသွား၍ ကျောင်းသူ ကျောင်းသားများ ပြန်ထွက်ခွာကြသည်။



## လေ့ကျင့်ခန်း

**င** ဆရာ ဆရာမများ ကြိုတင်အစီအစဉ်ရေးဆွဲနိုင်သော နယ်ပယ်များ (၁–၅) ကို ပြီးခဲ့သည့် လုပ်ငန်းစဉ်ပါ အခြေအနေများ (က–င) နှင့်၊ ထို့နောက် အခြေအနေတစ်ခုစီကို ပြောင်းလဲပြုပြင်ရန် အကြံပြုချက်များ (i-v) အထိနှင့် အသီးသီးတွဲစပ်ပေးပါ။

| နယ်ပယ် | အခြေအနေ | အကြံပြုချက် |
|---|---|---|
| ၁။ ကျောင်းသား အပြုအမူ | (က) အချို့လုပ်ငန်းစဉ်များတွင် ကျောင်းသူ ကျောင်းသား အရေအတွက် သတ်မှတ်ချက်ရှိသည်။ သို့ရာတွင် အတန်းလူဦးရေကို အဖွဲ့အညီအမျှ ခွဲ၍မရ။ | i. မှားယွင်းလွဲချော်တတ်သည့်အရာများကို ဆရာ ဆရာမက ကြိုတင်စဉ်းစားထားသင့်သည်။ အမှန်တကယ် မှားယွင်းလွဲချော်မှု ဖြစ်လာပါကလည်း တုံ့ပြန်ဖြေရှင်းရန် အဆင်သင့် ပြင်ထားသင့်သည်။ ထိုသို့ ပြင်ဆင်ရာတွင် ထပ်ဆောင်းအရင်းအမြစ်များ လိုအပ်နိုင်သည်။ သင်ခန်းစာမတိုင်မီ အားလုံး ကြိုတင်ပြင်ဆင်မှု ရှိအောင် စီမံထားပါ။ |
| ၂။ အသုံးအဆောင်များနှင့် အရင်းအမြစ်များ | (ခ) လုပ်ငန်းစဉ်တစ်ခုက မှန်းထားသည်ထက် အချိန်ပိုကုန်သွားပြီး စီစဉ်ထားသည်တို့မှာ သင်ခန်းစာ အချိန်အတွင်း ပြီးစီးမည် မဟုတ်တော့။ | ii. ဆရာ ဆရာမသည် ရှင်းလင်းသော သင်ယူမှု ရည်ရွယ်ချက်များ ရေးထားသင့်သည်။ လုပ်သမျှ လုပ်ငန်းစဉ်တိုင်းသည် ထိုရည်ရွယ်ချက်သို့ ဦးတည်သောအရာများ ဖြစ်သင့်သည်။ |
| ၃။ အဖွဲ့ဖွဲ့ခြင်း | (ဂ) ဆရာ ဆရာမက ၎င်းသင်ကြားရမည့်အရာကို ရှင်းလင်းစွာမသိ။ သင်ခန်းစာအတွင်း ဝေါဟာရသစ်ကို လေ့ကျင့်သင်ကြားရမည့်အစား သဒ္ဒါလိုက်ပြင်နေသည်။ | iii. အမြဲဖြစ်နေသည့် ပြဿနာဆိုပါက ဆရာ ဆရာမသည် ကျောင်းသူ ကျောင်းသား အပြုအမူများကို ထိန်းကျောင်းကိုင်တွယ်ရန် နည်းလမ်းများ စဉ်းစားသင့်သည်။ အသက်မငယ်လွန်းသော ကျောင်းသူ ကျောင်းသားများကို စည်းမျဉ်းစည်းကမ်း ချမှတ်သဘောတူနိုင်းနိုင်သည်။ ကလေးအရွယ် သင်ယူသူများအတွက်မူ အပြုအမူပြ အမှတ်ပေးဇယားများ သုံး၍ရနိုင်သည်။ |
| ၄။ သင်ခန်းစာပါ အကြောင်းအရာ | (ဃ) ကျောင်းသားတစ်ဦးက အဖြေများ အမြဲအော်ဖြေနေပြီး အခြားသူများ ဖြေချိန်မရတော့။ | iv. လုပ်ငန်းစဉ်တိုင်းကို ကျောင်းသားတိုင်း မဖြစ်မနေ အမြဲပြီးစီးရန် မလိုအပ်ပါ။ ဆရာ ဆရာမအနေနှင့် အချိန်အမြဲသတိထားကြည့်နေရမည်။ သင်ခန်းစာအချိန်မကုန်မီ ငါးမိနစ်ဆယ်မိနစ်ခန့်အလိုတွင် လုပ်ငန်းစဉ်များကို ရပ်တန့်သင့်သည်။ ထိုအခါ ကျောင်းသူ ကျောင်းသားများ အိမ်စာနှင့် ပတ်သက်ပြီး ရှင်းလင်းစွာ နားလည်မှု ရှိမရှိ စစ်ဆေးရန် အချိန်ရသွားမည်။ |
| ၅။ အချိန် | (င) လျှပ်စစ်မီး လာမလာ ကြိုတင် မှန်းဆ၍မရ။ | v. ဆရာ ဆရာမအနေနှင့် လုပ်ငန်းစဉ်များကို ကျောင်းသူ ကျောင်းသား အသစ်ဝင်ခြင်း၊ ပျက်ကွက်ခြင်းတို့ ရှိလာလျှင်လည်း အဆင်ပြေအောင် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲနိုင်ရန် လိုအပ်သည်။ လူတိုင်း အစုံအစေ့ ရရှိနိုင်အောင် သင်ထောက်ကူ အရင်းအမြစ်များ လုံလောက်စွာ ပြင်ဆင်ထားသင့်သည်။ |

## လုပ်ငန်းစဉ်

**၈** သင်ခန်းစာတစ်ခုအတွင်း ဖြစ်ပွားနိုင်သည့် အခြေအနေများကို နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖတ်ရှုပါ။ ထိုအခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အစီအစဉ်ရေးဆွဲစဉ် အချိန်တွင် ဆရာ ဆရာမ လုပ်ဆောင်သင့်သည့် အရာများကို သတ်မှတ်ဖော်ထုတ်ပါ။

၁။ သင်ခန်းစာအချိန်တွင် အချို့ ကျောင်းသူကျောင်းသားများက အမြဲတွဲထိုင်ပြီး စကားများကြသည်။

၂။ ကျောင်းက ဂီတပွဲတစ်ခုအတွက် ပြင်ဆင်နေသည်။ ကျောင်းသူကျောင်းသားအချို့က သီချင်းဆိုအဖွဲ့၊ အချို့က တီးဝိုင်းတွင်ပါပြီး အချို့က ပါဝင်ခြင်းမရှိ။ သင်ခန်းစာရှိသည့် အချိန်နှင့် နောက်ဆုံး အစမ်းလေ့ကျင့်ခန်း အချိန်တို့ တိုက်နေသည်။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားအချို့က သင်ခန်းစာအချိန် နောက်ကျပြီးဝင်မည်။ အချို့က စောစောပြန်ထွက်ရမည်။ အချို့က လုံးဝမလာနိုင်။ အချို့က အချိန်ပြည့် အတန်းတက်မည်။

၃။ မိုးရာသီဖြစ်၏။ ဆရာက ဗီဒီယိုတစ်ခု ပြချင်သည်။ သို့သော် ခေါင်မိုးပေါ် မိုးပေါက်ကျလျှင် အသံဆူညံပြီး ဗီဒီယိုသံ မကြားရတော့ပေ။

၄။ လုပ်ငန်းစဉ်တစ်ခုက ထင်ထားသည်ထက် အချိန်ပိုကြာသွားသည်။ ကျောင်းသူ ကျောင်းသားတို့က အလွန်စိတ်ပါဝင်စားနေပြီး လုပ်ငန်းစဉ်ကို မပြီးချင်ကြသေး။

၅။ ကြိုမသိထားဘဲ ကျောင်းသူ ကျောင်းသားသစ် သုံးဦး ရောက်ရှိလာသည်။

၆။ အာဆီယံထူထောင်သည့်အကြောင်း သင်ကြားနေရင်း၊ ကျောင်းသူ ကျောင်းသားအချို့က အာဆီယံအဖွဲ့ဝင် နိုင်ငံ အမည်စုံလင်အောင် မသိကြောင်း ဆရာက သတိထားမိသွားသည်။

၇။ အွန်လိုင်းမှ အင်္ဂလိပ်စာ အတန်းတစ်ခုတွင် ကျောင်းသားတစ်ဦးက အင်တာနက် အခက်အခဲကြောင့် စကားပြော လေ့ကျင့်ခန်းတွင် ဝင်မပါနိုင်တော့။

## လုပ်ငန်းစဉ်

**၁၀** သင်ခန်းစာ အစီအစဉ်ရေးဆွဲရခြင်း အကြောင်းအရင်းများကို ဖတ်ပါ။

၁။ အရေးအကြီးဆုံးဟု မိမိထင်မြင်သော အကြောင်းအရင်း ငါးခုကို ရွေးချယ်ပါ။

၂။ မိမိရွေးချယ်မှုများကို အဖွဲ့အတွင်း ဆွေးနွေးရှင်းပြပါ။

၃။ ထို့နောက် အဖွဲ့လိုက် စာရင်းတစ်ခု ပြုစုကာ အကြောင်းအရင်းသစ်များ ပေါင်းထည့်ပါ။

***အစီအစဉ်ရေးဆွဲခြင်း***

(က) ဆရာ ဆရာမအနေနှင့် ပြဿနာများ ကြိုတင်မှန်းဆ မိနိုင်စေသည်။

(ခ) ဆရာ ဆရာမအတွက် ယုံကြည်မှု ပိုမိုရှိစေသည်။

(ဂ) ကျောင်းမှ သတ်မှတ်ထားသော တာဝန်တစ်ရပ်ဖြစ်သည်။

(ဃ) သင်ခန်းစာအတွင်း မိမိလုပ်ဆောင်မည့်အရာများ၊ လုပ်ဆောင်ရမည့် နည်းလမ်းနှင့် ရည်ရွယ်ချက်ကို ပိုမို ရှင်းလင်းစွာ တွေးတောမိစေသည်။

(င) ပိုမိုအာရုံစူစည်းမှုရှိသော၊ ထိရောက်သော သင်ခန်းစာတစ်ခု ဖန်တီးပေးနိုင်သည်။

(စ) သင်ယူသူများ ပျော်ရွှင်စေသည်။

(ဆ) ကျောင်းအုပ်ရှေ့တွင် ဆရာ ဆရာမများ မျက်နှာရစေသည်။

(ဇ) သင်ခန်းစာပါ အကြောင်းအရာများကို တနိုင်တပိုင် အစိတ်အပိုင်းများအဖြစ် ခွဲခြမ်းစိတ်ဖြာပြနိုင်သည်။

(ဈ) ဆရာ ဆရာမအနေနှင့် မည်မျှအောင်မြင်မှုရှိကြောင်း ပြသနိုင်သည်။

(ည) ဆရာ ဆရာမ၏ ပညာသည်ဆန်မှုကို ပြသနိုင်သည်။

(ဋ) သင်ယူသူအမျိုးမျိုးအတွက် လုပ်ငန်းစဉ်များ၊ လေ့ကျင့်ခန်း များ သင့်လျော်စွာ ပြင်ဆင်နိုင်ရေး ဆရာ ဆရာမကို အထောက်အကူပေးနိုင်သည်။

(ဌ) သင်ယူမှုအကဲဖြတ်ခြင်း ပြုနိုင်အောင် အထောက်အကူပြုသည်။

## ဆွေးနွေးချက်

**၉** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ မိမိ၏ အားအကောင်းဆုံး စွမ်းရည်များမှာ အဘယ်နည်း။

၂။ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ မိမိ၏ အကြီးမားဆုံး အားနည်းချက်များမှာ အဘယ်နည်း။

၃။ အစီအစဉ်ရေးဆွဲမှုနှင့် ပတ်သက်ပြီး မည်သည်ကို သင်ယူလိုစိတ် အရှိဆုံးဖြစ်သနည်း။

# ၁၂ အစီအစဉ် ရေးဆွဲခြင်းအတွက် စဉ်းစားဖွယ် အချက်များ

## အကြိုသင်ခန်းစာ

**က** နမူနာသင်ခန်းစာ အစီအစဉ်များကို ကြည့်ပါ။

၁။ မည်သည်က သင်ရိုးအစီအစဉ်၊ မည်သည်က သင်ခန်းစာ အစီအစဉ် ဖြစ်သနည်း။

၂။ သင်ရိုးအစီအစဉ်အတွင်း သင်ခန်းစာက မည်သည့်အချိန်တွင် ဖြစ်ပွားသနည်း။

၃။ ၎င်းတို့ နှစ်ခုအကြား တူညီမှုများမှာ အဘယ်နည်း။

၄။ ၎င်းတို့ နှစ်ခုအကြား ခြားနားမှုများမှာ အဘယ်နည်း။

**က**

| ပဋိပက္ခဆိုင်ရာ လေ့လာချက် | မနက် ၉ : ၀၀ – ၁၀ : ၃၀ ၊ တနင်္လာနေ့တိုင်း၊ သောကြာနေ့တိုင်း၊ ဆယ်ပတ်တာတိတိ |
|---|---|

ပဋိပက္ခများ ဖြစ်ပွားတည်ရှိရခြင်း အကြောင်းအရင်းများ၊ ပဋိပက္ခမှ ရေရှည်တည်တံ့ပြီး တရားမျှတသော ငြိမ်းချမ်းရေးသို့ ပြောင်းလဲခြင်း နည်းလမ်းများကို သင်ယူသူများ ပိုမိုနားလည်အောင် ဤသင်ရိုးအစီအစဉ်က ကူညီမည်ဖြစ်ပါသည်။ သင်ယူသူများသည် ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် ငြိမ်းချမ်းရေးတို့က ၎င်းတို့အပေါ်၊ ဆက်ဆံရေးများနှင့် ရပ်ရွာများအပေါ် မည်သို့ သက်ရောက်မှုရှိကြောင်း လေ့လာခွဲခြမ်းကြပါမည်။ စာနာနားလည်မှု၊ သည်းခံနိုင်မှု၊ အကြမ်းမဖက်မှုနှင့် ဗဟုဝါဒအကြောင်း ပိုမိုနားလည်လာကာ၊ ကောင်းဆိုးဝေဖန်စဉ်းစားခြင်း၊ ဖန်တီးတီထွင်စဉ်းစားခြင်း စွမ်းရည်များ မြင့်တက်လာပါမည်။

ဤသင်ရိုးတွင် သင်ယူသူများသည် အောက်ပါနယ်ပယ်များတွင် ကျွမ်းကျင်မှုများ တိုးတက်ရရှိလာမည်။

- ဆက်သွယ်ဆက်ဆံရေး
- ပဋိပက္ခအခြေအနေများတွင် စိတ်ခံစားချက်များကို နားလည်သိရှိခြင်းနှင့် စီမံခန့်ခွဲခြင်း
- လူမှုဆက်ဆံရေးအဆင့် ပဋိပက္ခများကို အရှိန်လျှော့စေခြင်း
- ပဋိပက္ခ ခွဲခြမ်းစိတ်ဖြာချက်

| အချိန် | အခန်း | အခန်းအလိုက် သင်ယူမှု အကဲဖြတ်ခြင်း |
|---|---|---|
| ပထမ–ဒုတိယပတ် | ၁။ ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း | ပဋိပက္ခတစ်ခုအကြောင်း ခင်းကျင်းတင်ဆက်ခြင်း |
| တတိယ–စတုတ္ထပတ် | ၂။ အပျက်သဘော ဦးတည်သည့် နည်းလမ်းများ | အပျက်သဘောဦးတည်သည့် နည်းလမ်းများအကြောင်း တင်ဆက်ဟောပြောခြင်း |
| ပဉ္စမပတ်–ဆဋ္ဌမပတ် | ၃။ အပြုသဘော ဦးတည်သည့် နည်းလမ်းများ | အပြုသဘောဦးတည်သည့် နည်းလမ်းများသုံးပြီး ပြဇာတ်တစ်ခု တင်ဆက်ခြင်း<br>သင်ရိုးအလယ် စာမေးပွဲ (အခန်း ၁–၃) |
| သတ္တမ–အဋ္ဌမပတ် | ၄။ ပဋိပက္ခဖြစ်ရခြင်း အကြောင်းအရင်းနှင့် ဖြစ်ရာနေရာများ | ပဋိပက္ခရင်းမြစ်များအကြောင်း စာတမ်းငယ်တစ်ခု ရေးရမည်။ |
| နဝမ–ဒသမပတ် | ၅။ ပဋိပက္ခခွဲခြမ်းစိတ်ဖြာမှု နည်းလမ်းများ | ပဋိပက္ခခွဲခြမ်းစိတ်ဖြာမှု နည်းလမ်းများ<br>နောက်ဆုံးစာမေးပွဲ (အခန်း ၄–၅) |

ဤသင်ရိုးသည် ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း သင်ရိုးစာအုပ်ကိုသုံးမည်။ သင်ယူသူများ ဤစာအုပ်တစ်အုပ်စီ ရကြမည်။ ဤသင်ရိုးကို အောင်မြင်စွာ ပြီးဆုံးပါက နောက်လာမည့် စာသင်နှစ်ဝက်တွင် ငြိမ်းချမ်းရေး သင်ရိုးကို တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

အမှတ်ပေးစည်းမျဉ်း –
၁။ အတန်းတက်ရောက်မှု – ၁၀%
၂။ ပူးပေါင်းပါဝင်မှု – ၁၀%
၃။ အပတ်စဉ် စစ်ဆေးချက်များ – ၁၀%
၄။ စာမေးပွဲများ – ၂၀%
၅။ အခန်းအလိုက် သင်ယူမှု အကဲဖြတ်ခြင်း – ၃၀%
၆။ ပဋိပက္ခ ခွဲခြမ်းစိတ်ဖြာမှု နောက်ဆုံးလေ့ကျင့်ခန်း – ၂၀%

ပဋိပက္ခဆိုင်ရာ လေ့လာချက်

| သင်ခန်းစာ ကြာချိန် – ၉၀ မိနစ် | ခေါင်းစဉ် – ပဋိပက္ခ ရှောင်ရှားခြင်း (အခန်း ၂၊ သင်ခန်းစာ ၇) |
|---|---|

သင်ယူမှု ရည်ရွယ်ချက်များ –

ကျောင်းသူ ကျောင်းသားများသည် အောက်ပါတို့ ဆောင်ရွက်တတ်သွားလိမ့်မည်။

- အမျိုးသမီး 'ကောင်း' များ၊ အမျိုးသား 'ကောင်း' များအကြောင်း အယူအဆများကို နှိုင်းယှဉ်စဉ်းစားခြင်း။
- ပဋိပက္ခကို ရှောင်ရှားခြင်းက အပျက်သဘောဦးတည်သည့် နည်းလမ်း သို့မဟုတ် အပြုသဘောဦးတည်သည့် နည်းလမ်းဖြစ်ကြောင်း ဆန်းစစ်ခြင်း။
- ပဋိပက္ခရှောင်ရှားခြင်း အတွေ့အကြုံတစ်ရပ်အကြောင်း ဖွင့်ဆိုပြောပြခြင်း။

| သင်ခန်းစာ အဆင့် | အချိန် | လုပ်ငန်းစဉ်များ | အရင်းအမြစ်များ |
|---|---|---|---|
| မိတ်ဆက်ခြင်း | ၅ မိနစ် | ပဋိပက္ခကို ရှောင်ရှားခြင်းသည် အတွေ့ရများသော အမူအကျင့်တစ်ခု ဟုတ်မဟုတ် နှစ်ဦးတွဲအလိုက် ဆွေးနွေးဖြေဆိုပါ။ | |
| | ၁၀ မိနစ် | 'ပဋိပက္ခအတွင်း ဝင်ရောက်ပါဝင်လိုခြင်းမရှိပါက မည်သည်တို့ ဆောင်ရွက်ရမည်နည်း။' ဟူသည့် မေးခွန်းထဲမှ နမူနာများကို သုံးပြီး စိတ်ကူးမြေပုံတစ်ခု အဖွဲ့လိုက်ဖန်တီးပါ။ | ပိုစတာ စက္ကူကြီးများ၊ မာကာများ |
| ခင်းကျင်းတင်ဆက်ခြင်း | ၁၀ မိနစ် | စာသားကို တစ်ဦးချင်းဖတ်ရှုပြီး ဤမေးခွန်းကို ဖြေဆိုရမည်။ 'ပဋိပက္ခကို ရင်မဆိုင် ရှောင်ပုန်းခြင်းအားဖြင့် ပဋိပက္ခ အသွင်ပြောင်းမှုကို မရနိုင်ခြင်းမှာ အဘယ်ကြောင့်နည်း။' အနည်းဆုံး ဥပမာတစ်ခုပေးပါ။ | ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း စာမျက်နှာ – ၄၀ |
| ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှု | ၂၀ မိနစ် | ဖြစ်ရပ်လေ့လာချက်များကို တစ်ဦးချင်းဖတ်ပါ။ မေးခွန်းများ ဖြေဆိုပြီး နှစ်ဦးတွဲအလိုက် အဖြေဖြေဆိုပါ။ | ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း စာမျက်နှာ – ၄၁ |
| ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု | ၂၅ မိနစ် | စာသားကို ဖတ်ရှုပြီး မေးခွန်းများကို နှစ်ဖွဲ့ခွဲဖြေဆိုပါ။ (ကျားတစ်ဖွဲ့၊ မတစ်ဖွဲ့) ခွဲကာ ပိုစတာစက္ကူကြီးပေါ်တွင် အဖြေများမှတ်ပါ။ | ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း စာမျက်နှာ– ၄၁ |
| | ၁၀ မိနစ် | အဖွဲ့နှစ်ဖွဲ့မှ အဖြေများကို တူညီကွဲပြားချက်များ နှိုင်းယှဉ်ပါ။ | ပိုစတာ စက္ကူကြီးများ၊ မာကာများ၊ တိပ်ခွေ |
| ပြန်လှန်လေ့လာခြင်း | ၁၀ မိနစ် | 'ပဋိပက္ခကို ရှောင်ပုန်းနေခြင်းသည် အပြုသဘောဆောင်သော နည်းလမ်းလား အပျက်သဘောဆောင်သော နည်းလမ်းလား' ဟူသည့် မေးခွန်းကို အကြောင်းပြချက်နှင့်တကွ အဖွဲ့လိုက် ဆွေးနွေးဖြေဆိုပါ။ | ပိုစတာ စက္ကူကြီးများ၊ မာကာများ၊ တိပ်ခွေ |
| ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု (အိမ်စာ) | | ပဋိပက္ခကို ရှောင်ရှားခဲ့သော အခြေအနေတစ်ရပ်ကို စဉ်းစားပြီး မေးခွန်းများကို ဖြေဆိုပါ။ | ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း စာမျက်နှာ – ၄၁ |

# လုပ်ငန်းစဉ်

၁ အစီအစဉ်ရေးဆွဲရာတွင် အထောက်အကူပြုရန် မိမိသိရှိရမည့်အရာမှာ အဘယ်နည်း။ အောက်ပါစာရင်းတွင် အကြံဉာဏ်များ ထပ်မံဖြည့်စွက်ပါ။

| သင်ရိုးအစီအစဉ် ရေးဆွဲခြင်းအတွက် | သင်ခန်းစာ အစီအစဉ် ရေးဆွဲခြင်းအတွက် |
|---|---|
| ■ မိမိသင်ကြားရမည့် ဘာသာရပ်<br>■ ကျောင်းသူ ကျောင်းသား အသက်အရွယ်<br>■ သင်ရိုးအစီအစဉ် ကြာချိန်<br>■ | ■ မိမိသင်ကြားရမည့် သင်ခန်းစာ ခေါင်းစဉ်များ<br>■ ကျောင်းသူ ကျောင်းသားများ၏ နဂိုရှိရင်းစွဲ အသိဗဟုသုတများ<br>■ သင်ခန်းစာ ကြာချိန်<br>■ |



သင်ခန်းစာဖြစ်စေ၊ သင်ရိုးဖြစ်စေ အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်အလက်အကြောင်းအရာများစွာရှိသည်။ ကျောင်းသူ ကျောင်းသားများ၏ ကိုယ်ရေးအချက်အလက်များနှင့် ချိတ်ဆက်မှုလည်း ရှိနိုင်သည်။ ဥပမာ – အသက်အရွယ်၊ ဂျန်ဒါ၊ စွမ်းရည်အဆင့်၊ ရှိနှင့်ပြီး အသိပညာ၊ အတွေ့အကြုံများ စသည်တို့ဖြစ်သည်။ အခြားဆက်စပ် အချက်အလက်များမှာ သင်ယူမှုဝန်းကျင်များနှင့် ဆက်စပ်မှုရှိသည်။ စာသင်ခန်းနှင့် ကျောင်းတွင် ရရှိနိုင်သော အရင်းအမြစ်များစသည့် အချက်များဖြစ်သည်။

ကျောင်း/အဖွဲ့အစည်းတွင် အသုံးပြုသော သင်ရိုးညွှန်းတမ်းနှင့် ချိတ်ဆက်မှုရှိသော အချက်အလက်များလည်း ရှိနိုင်သည်။ ဥပမာ –

- ကျောင်းသူ ကျောင်းသားများ သင်ယူရမည့် အသိပညာ၊ အတတ်ပညာများ။
- ဆရာ ဆရာမများ သင်ကြားရမည့် သင်ခန်းစာ၊ သင်ရိုးညွှန်းတမ်းအပိုင်းများ။
- ကျောင်းသူ ကျောင်းသားများ ပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများ၊ ပရောဂျက်များ။
- ဆရာ ဆရာမများ သင်ကြားရာတွင် အသုံးပြုရမည့် သင်ကြားရေး နည်းလမ်းများ။

အခြားပတ်သက်ဆက်နွှယ်သူများ၏ လိုလားမှုတို့ကလည်း အစီအစဉ်ရေးဆွဲခြင်းကို လွှမ်းမိုးမှုရှိနိုင်သည်။ ကျောင်းအုပ်၊ ကျောင်းစီမံခန့်ခွဲသူများ၊ မိဘများ၊ အလုပ်ရှင်များ၊ ရပ်ရွာခေါင်းဆောင်များ၊ ပညာရေး အာဏာပိုင်များ စသည့် ပတ်သက်ဆက်နွှယ်သူများဖြစ်သည်။



## လေ့ကျင့်ခန်း

ဂ အစီအစဉ်ရေးဆွဲရာတွင် ဆရာ ဆရာမများ ထည့်သွင်းစဉ်းစားသင့်သည့် အချက်အလက်များ (၁–၁၂) ကို ၎င်းတို့၏ အကြောင်းအရင်း ရှင်းလင်းချက် (က–ဌ) တို့နှင့် တွဲစပ်ပါ။ အချို့သော အချက်အလက်များသည် ရှင်းလင်းချက် တစ်ခုထက်မကနှင့် တွဲစပ်နိုင်ပါမည်။

### အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ

၁။ အဖွဲ့အစည်း/ ကျောင်း၏ သတ်မှတ်ချက်များ

၂။ သင်ခန်းစာများက သင်ရိုး၏ အစိတ်အပိုင်းများအဖြစ်ပါဝင်နေပုံ

## ရှင်းလင်းချက်များ

**ခ**

သင်ခန်းစာနှင့် သင်ရိုးအစီအစဉ်အတွင်း ပါဝင်သင်ကြားရမည့် အကြောင်းအရာများတွင် ကျောင်းသူ ကျောင်းသားများ စိတ်ဝင်စားသည့် ခေါင်းစဉ်များ၊ လုပ်ငန်းစဉ်များ ထည့်သွင်းပေါင်းစပ်ထားသင့်သည်။ ထိုအခါ ကျောင်းသူ ကျောင်းသားများ၏ သင်ယူလိုစိတ်ကို ပိုမိုအားကောင်းလာလိမ့်မည်။

**ဂ**

ဆရာ ဆရာမတိုင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်း အားလုံးအတွက် မိမိတို့ လိုအပ်သည့်အရာများ ယူဆောင်လာရန် မမေ့သင့်ပါ။ သင်ခန်းစာ မစတင်မီတွင် မိမိတို့ လိုအပ်သည်မှန်သမျှ စုံလင်စွာ ရှိနေစေရန် စီမံထားသင့်သည်။ သင်ခန်းစာအတွင်း ကျောင်းသူ ကျောင်းသားများ လိုအပ်မည့် သင်ထောက်ကူများ စုံလင်စွာ ပေးဝေသင့်သည်။ အွန်လိုင်းမှ သင်ကြားနေခြင်း ဆိုပါက အချို့ကျောင်းသူ ကျောင်းသားများသည် အခြားသူများထက် ပိုမိုကောင်းမွန်သော အင်တာနက် ချိတ်ဆက်မှု၊ သုံးစွဲသည့် ပစ္စည်းနည်းပညာ ပိုအဆင့်မြင့်မှု ရှိနိုင်သည်။

**ဃ**

သင်ကြားရေးတွင် ကျောင်းသူ ကျောင်းသားတို့၏ သင်ယူမှုအားသန်ပုံအမျိုးမျိုးနှင့် ကိုက်ညီမှုရှိစေမည့် လုပ်ငန်းစဉ်အမျိုးအစား အမျိုးမျိုး ပါဝင်သင့်သည်။ သင်ယူမှုတွင် တစ်ဦးတည်း လုပ်ငန်းများ၊ အဖွဲ့လိုက် လုပ်ငန်းများ ပါဝင်သင့်သည်။ အပြန်အလှန် ဆွေးနွေးပြောဆိုမှုပုံစံအမျိုးမျိုး ရှိသင့်သည်။

**င**

သင်ခန်းစာတိုင်းသည် ပြီးခဲ့သည့် သင်ခန်းစာများ၊ ရှေ့ဆက်လာမည့် သင်ခန်းစာများနှင့် ဆီလျော်အပ်စပ်မှု ရှိရမည်။ သင်ခန်းစာများကို အဓိပ္ပာယ်ပြည့်ဝစွာ စုစည်းပေါင်းစပ်ထားခြင်း ဖြစ်သင့်သည်။

**ဈ**

အသက်အရွယ် ပိုငယ်လေလေ၊ ၎င်းတို့၏ အာရုံစူးစိုက်နိုင်မှု ကြာချိန် ပိုတိုတောင်းလေဖြစ်သည်။ ကျောင်းသူ ကျောင်းသားများသည် လုပ်ငန်းစဉ်တစ်ခုချင်းစီကို မည်မျှကြာကြာ အာရုံစိုက်နိုင်မည်ဖြစ်ကြောင်း သေချာ စဉ်းစားသင့်ပါသည်။ ကျောင်းသူ ကျောင်းသားများ၏ အသက်အရွယ်နှင့် ဆောင်ရွက်ရသော လုပ်ငန်းစဉ်တို့ ဆက်စပ်ဆီလျော်မှု ရှိသင့်သည်။

**ည**

ဆရာ ဆရာမများ မဖြစ်မနေ ထည့်သွင်းသင်ကြားပေးရသော ခေါင်းစဉ်များလည်းရှိနိုင်သည်။ ကျောင်းသူ ကျောင်းသားများ မဖြစ်မနေ ဖြေဆိုရမည့် စာမေးပွဲများရှိနိုင်သည်။ သင်ရိုးအစီအစဉ်များ၏ ကြာချိန်၊ စာသင်ခန်း အချိန်ဇယား စသည်တို့ကို ကျောင်းစီမံခန့်ခွဲမှုကဖြစ်စေ၊ ပညာရေးဆိုင်ရာ ဦးစီးဌာန တစ်ခုခုကဖြစ်စေ ဆုံးဖြတ်ခြင်းကို ဆရာ ဆရာမက လိုက်နာသင်ကြားရခြင်းလည်း ရှိနိုင်သည်။

၃။ ကျောင်းသူ ကျောင်းသား အသက်အရွယ်
၄။ သင်ယူရခြင်း ရည်ရွယ်ချက်များ
၅။ သင်ယူသူ လိုအပ်ချက်များ
၆။ သင်ယူသူတို့၏ စိတ်ဝင်စားချက်များ
၇။ သင်ယူမှုအားသန်ပုံအမျိုးမျိုး
၈။ အွန်လိုင်းသင်ကြားခြင်း/ပြင်ပတွင် လူတွေ့သင်ကြားခြင်း
၉။ လုပ်ငန်းစဉ်များ
၁၀။ အရင်းအမြစ်များနှင့် သင်ထောက်ကူများ
၁၁။ လိုက်လျောညီထွေ ပြောင်းလဲရန် အစီအစဉ်
၁၂။ သင်ယူမှုအကဲဖြတ်ခြင်း

## ဂ

ကျောင်းသူ ကျောင်းသားများ သင်ယူနေချိန်တွင် အခက်အခဲ ကြုံတွေ့ရလျှင် ဆရာ ဆရာမက ခက်ခဲသော အကြောင်းအရာများကို ပြန်လှန်လေ့လာခွင့်ပေးခြင်း၊ ပြန်ရှင်းပြခြင်းတို့အားဖြင့် အချိန်ပေးတုံ့ပြန်နိုင်စွမ်း ရှိသင့်သည်။ ဤသို့လုပ်ခြင်းဖြင့် အချို့သင်ခန်းစာများသည် စာသင်ချိန်ပိုယူခြင်း ရှိသွားနိုင်သည်။ ဆရာ ဆရာမက သင်ခန်းစာ အစီအစဉ်မှ အချို့အပိုင်းများကို ချန်လှပ်ခဲ့ပြီး ကျောင်းသူ ကျောင်းသားများ အခက်တွေ့နေသည့် အပိုင်းကို ပိုအချိန်ပေးရန်လည်း ဆုံးဖြတ်နိုင်သည်။

## ဃ

သင်ခန်းစာများတွင် စွမ်းရည်အဆင့်အမျိုးမျိုးလိုအပ်သော လုပ်ငန်းစဉ်များ၊ ကျွမ်းကျင်မှုအမျိုးမျိုး သုံးရစေမည့် လုပ်ငန်းစဉ်များ ထည့်သွင်းထားနိုင်သည်။ လုပ်ငန်းစဉ်များသည် သင်ခန်းစာခေါင်းစဉ်၊ ၎င်း၏ သင်ယူမှု ရည်ရွယ်ချက်များနှင့် ချိတ်ဆက်မှုရှိရမည်။

## ဆ

ကျောင်းသူ ကျောင်းသားများ၏ သင်ယူမှုအကဲဖြတ်ခြင်းကို သင်ရိုးအတွင်း သင်ခန်းစာများ ပို့ချနေချိန်တိုင်းတွင် ဆောင်ရွက်နိုင်သည်။ ဥပမာ – ကျောင်းသူ ကျောင်းသားများ စာသင်ခန်းတွင်း လုပ်ငန်းစဉ်ဆောင်ရွက်စဉ် ၎င်းတို့၏ သင်ယူမှုကို အကဲဖြတ်ခြင်းပြုနိုင်သည်။ သင်ယူမှုအကဲဖြတ်ခြင်းကို စာမေးပွဲကဲ့သို့ သတ်သတ်မှတ်မှတ်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည့်အပြင် လေ့လာစောင့်ကြည့်ခြင်းကဲ့သို့ အလွတ်သဘောနည်းလမ်းများလည်း ဆောင်ရွက်နိုင်သည်။

## ဈ

ကျောင်းသူ ကျောင်းသားများသည် အသိ၊ အတတ်၊ အတွေ့အကြုံများ အမျိုးမျိုး ပေါင်းစပ်ပိုင်ဆိုင်ကြသည်။ အချို့ ကျောင်းသူ ကျောင်းသားများသည် အကြောင်းအရာအလိုက် အများထက်ပို၍ သွက်လက်စွာ သင်ယူနိုင်ခြင်းရှိနိုင်သည်။ ၎င်းတို့၏ သိမှုဆိုင်ရာ၊ လူမှုဆိုင်ရာ၊ စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များအပေါ် မူတည်ပြီး ကျောင်းသူ ကျောင်းသားများ လိုအပ်သော အထောက်အပံ့ ပမာဏမှာလည်း ကွာခြားနိုင်သည်။ ကျောင်းသူ ကျောင်းသားများ၏ အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီနိုင်အောင် ဆရာ ဆရာမများက အစီအစဉ်ရေးဆွဲသင့်သည်။

## ဋ

အချို့ စာသင်ခန်းများက နေရာပိုကျယ်ဝန်းနိုင်သည်။ စာသင်ခန်းတွင် ထိုင်ခုံများ စားပွဲများကြောင့် အချို့ လုပ်ငန်းစဉ်များ လုပ်ဆောင်၍ ရခြင်း မရခြင်း ရှိနိုင်သည်။ စားပွဲခုံဆိုရာတွင်လည်း ရွှေ့၍ရသော စားပွဲ၊ မရသော စားပွဲတို့ ရှိနိုင်သည်။ အွန်လိုင်းမှ သင်ကြားခြင်းဆိုပါက ဆရာ ဆရာမများသည် အချို့သော ဆော့ဝဲများ မဖြစ်မနေသုံးရန် လိုအပ်နိုင်သည်။ လျှပ်စစ်မီး၊ အင်တာနက် ရမရကို တထစ်ချ ကြိုတွက်၍မရနိုင်။ အခြား စာသင်ခန်းများမှဖြစ်စေ၊ အနီးအပါး လမ်းပတ်ဝန်းကျင် စသည်တို့မှဖြစ်စေ ဆူညံသံကျယ်လောင်လွန်းခြင်း ရှိနိုင်သည်။ ပြင်ပ ပတ်ဝန်းကျင်ဖြစ်စေ၊ အွန်လိုင်း ဖြစ်စေတို့နှင့် လိုက်လျောညီထွေဖြစ်အောင် ဆရာ ဆရာမက ပြောင်းလဲလုပ်ဆောင်နိုင်ရမည်။

## ဉ

သင်ယူမှုအတွက် ရှင်းလင်းသော ရည်ရွယ်ချက်များ လိုအပ်သည်။ ဆရာ ဆရာမများ သင်ရိုးနှင့် သင်ခန်းစာများကို အစီအစဉ်ချရာတွင် သင်ယူမှု ရည်ရွယ်ချက်များရှိရန် လိုအပ်သည်။ ကျောင်းသူ ကျောင်းသားများအနေနှင့် အောင်မြင်ပေါက်မြောက်စွာ သင်ယူခြင်းဆိုသည်မှာ မည်သည့်တို့ဖြစ်ကြောင်း ရှင်းလင်းတိကျစွာ သတ်မှတ်ထားခြင်းရှိရမည်။ ထိုအောင်မြင်မှုကို ကျောင်းသူ ကျောင်းသားများ ရရှိနိုင်အောင်လည်း သင်ခန်းစာအစီအစဉ်များဖြင့် ဦးဆောင်ခေါ်ယူနိုင်စွမ်း ရှိရမည်။

# လေ့ကျင့်ခန်း

**ဃ** ဆရာ ဆရာမများ ကြုံတွေ့ရသည့် ပြဿနာများအကြောင်းကို ဖတ်ရှုပါ။ ၎င်းတို့ တစ်ဦးချင်းစီကို မည်သည့် အကြံဉာဏ်များ ပေးမည်နည်း။

**ဥပမာ -**

ကျွန်တော့် သင်ခန်းစာတွေထဲမှာ ဂိမ်းအများကြီး ထည့်ကစားရတာကြိုက်တယ်။ ကျောင်းသူ ကျောင်းသားတွေအနေနဲ့ ပျော်ဖို့အရေးကြီးတယ်လေ။ ဒါပေမယ့် တစ်ခါတလေ ကျွန်တော့် သင်ခန်းစာထဲက လုပ်ငန်းစဉ်တစ်ခုပြီးတစ်ခု ခုန်ကူးနေတာပဲရှိတယ်။ သင်ခန်းစာအပေါ် တစ်ခုခု စူးစူးစိုက်စိုက် စဉ်းစားရတာ မရှိဘူး။ အဲ့ဒါ ကောင်းလား မကောင်းဘူးလား။

*ကျောင်းသူ ကျောင်းသားတွေ ပျော်ကြတာ ကောင်းပါတယ်။ သင်ယူလိုစိတ် ပိုပြီးရှိစေလို့ပါ။ ဒါပေမယ့် သင်ခန်းစာမှာ ခေါင်းစဉ်တစ်ခုရယ်၊ သင်ယူမှု ရည်ရွယ်ချက်တွေရယ် ရှင်းရှင်းလင်းလင်း ရှိဖို့လိုပါတယ်။ လုပ်ငန်းစဉ်တိုင်းဟာလည်း ဒီနှစ်ချက်နဲ့ ချိတ်ဆက်ပတ်သက်မှု ရှိရမယ်။ လုပ်ငန်းစဉ်တွေကတဆင့် ကျောင်းသူ ကျောင်းသားတွေက သူတို့ သင်ယူနေရတဲ့ အရာတွေကို လေ့ကျင့်နားလည်နိုင်ဖို့ရယ်၊ သင်ခန်းစာရဲ့ သင်ယူမှု ရည်ရွယ်ချက်တွေကို ပေါက်မြောက်ဖို့ရယ် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။*

## ၁။ ကလေးအရွယ် သင်ရသူများ

ကျွန်မက ခုနစ်နှစ်အရွယ် ကျောင်းသူ ကျောင်းသား ကလေးတွေကို စာသင်ရတယ်။ သူတို့က အရမ်းစိတ်အား တက်ကြွမှု ရှိတယ်။ ဒါပေမယ့် သင်ရိုးစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို မိနစ် ၂၀ လောက် လုပ်ပြီးရင် အာရုံမစိုက်နိုင်တော့ဘူး။ လျှောက်ပြေးကြ၊ စကားများကြနဲ့ အာရုံမရတော့ဘူး။ ကျွန်မ ဘာလုပ်ရမလဲ။

## ၂။ သင်ရိုးစာအုပ်

ပေးထားတဲ့ သင်ရိုးစာအုပ်တစ်အုပ် သုံးပြီး ကျွန်တော်က သင်ပေးရတာ ဖြစ်ပါတယ်။ စာအုပ်ထဲက အကြောင်းအရာတချို့က ကျောင်းသူ ကျောင်းသားတွေနဲ့ မဆီလျော် မကိုက်ညီဘူးဆိုတော့ သူတို့တွေ သင်ရင်း ပျင်းလာကြတယ်။ သင်ရိုးစာအုပ် တည်ဆောက်ပုံက သင်ခန်းစာ တစ်ခုနဲ့ တစ်ခု လုံးဝထပ်တူပဲ။ လေ့ကျင့်ခန်းတွေကလည်း ပုံစံတူတွေ အဖန်ဖန် ထပ်နေတော့ ကျောင်းသူ ကျောင်းသားတွေ ပျင်းတာပေါ့။ သူတို့သင်ယူရတာ ပိုပြီး စိတ်ဝင်စားလာအောင် ဘယ်လို လုပ်ရင်ကောင်းမလဲ။

## ၃။ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်း

ကျွန်မ သင်ခန်းစာ အစီအစဉ်ရေးဖို့ အတွက် အချိန်တွေ အများကြီး သုံးတယ်။ ဒါပေမယ့် ပြဿနာက ဘယ်လိုဖြစ်လဲဆိုတော့ ကျောင်းသူ ကျောင်းသားတွေက တစ်ခါတလေ တချို့အဆင့်တွေမှာ နားမလည်ဘဲ ရှေ့မဆက်နိုင်ဘဲ တစ်နေရော။ ကျွန်မအတွက်ကလည်း သင်ခန်းစာ အစီအစဉ်ပြီးစီးအောင်လို့ နောက်လုပ်ငန်းစဉ်တစ်ခုကို ဆက်သင်ဖို့ လိုတယ်လို့ စိတ်စွဲနေမိတာ။ကျောင်းသား နားလည်အောင်လို့ လုပ်ငန်းစဉ် တစ်ခုခုမှာ အချိန်ပိုယူလိုက်ရင်၊ ကျွန်မရဲ့ သင်ခန်းစာ အစီအစဉ် မပြီးစီးတော့ဘူး။ သင်ယူမှု ရည်ရွယ်ချက်တွေလည်း ပြည့်ပြည့်စုံစုံ ပြီးစီးမှာ မဟုတ်ဘူး။ ကျွန်မ ဘယ်လိုလုပ်ရမလဲ။

## ၄။ ကျောင်းသူ ကျောင်းသား နားလည်တတ်မြောက်မှု

ကျွန်တော့် ကျောင်းသူ ကျောင်းသား တွေကို နားလည်လားလို့မေးတိုင်း ဟုတ်ကဲ့ပဲ အမြဲဖြေကြတယ်။ ဒါကြောင့် ကျွန်တော်က လုပ်ငန်းစဉ် အများကြီး ထပ်လုပ်စရာမလိုဘူးလို့ ထင်မိတာပေါ့။ ကျောင်းသူ ကျောင်းသားတွေအတွက် အများကြီး လေ့ကျင့်စရာမှ မလိုတော့ဘဲလို့ ထင်တာ။ ခေါင်းစဉ်အသစ်တွေကို ချက်ချင်း ချက်ချင်း ကူးပြောင်း သင်ကြားလို့ရတယ်။ ဒါပေမယ့် အရင်တစ်ပတ်က စစ်ဆေးချက်လည်း ပေးရော၊ ကျောင်းသူ ကျောင်းသား တွေ မဖြေနိုင်ကြဘူး။ သူတို့ ဘာလို့ မဖြေနိုင်ကြတာလဲ။

## ၅။ စွမ်းရည် အဆင့်အမျိုးမျိုး

ကျွန်မ စာသင်ခန်းထဲမှာ ကျောင်းသူ ကျောင်းသားတွေက စွမ်းရည်အဆင့်အမျိုးမျိုး ရှိကြတယ်။ တချို့ ကျောင်းသူ ကျောင်းသား တွေက ပေးလိုက်တဲ့ လုပ်ငန်းတွေကို အတော်သွက်သွက်လက်လက် ပြီးစီးသွားတော့ အားလပ်နေရော။ တခြား ကျောင်းသူ ကျောင်းသား တွေကျတော့ အမြဲအချိန်အကြာကြီး ယူရတဲ့အတွက် လုပ်ငန်းစဉ် စုံလင်အောင် ဘယ်တော့မှ မပြီးဘူး။ ကျောင်းသူ ကျောင်းသားတွေ အဲ့လို ကွာခြားနေတာနဲ့ ပတ်သက်ပြီး ကျွန်မ စိတ်ပူပူပင်ပင်ရှိသင့်သလား။

## ၆။ သင်ရိုးအစီအစဉ်ပါ အကြောင်းအရာများကို ပြန်လှန်လေ့လာခြင်း

ကျွန်မတို့တွေ အရင်တစ်ပတ်က စစ်ဆေးချက်လေးတစ်ခု ပေးကြည့်တယ်။ ကျောင်းသူ ကျောင်းသားတွေ မဖြေနိုင် ကြဘူး။ ဒါပေမယ့် အဲ့ဒီ အကြောင်းအရာက သင်ရိုးအတွက် အရမ်းအရေးကြီးတယ်။အဲ့ဒီ ခေါင်းစဉ်ကို ပြန်လှန်လေ့လာခြင်း လုပ်ပြီး ပြန်နွေးပေးဖို့ လိုမလား။

## ၇။ ကျောင်းသူ ကျောင်းသားများကို အဖွဲ့ခွဲခြင်း

ကျွန်တော်စာသင်ရင် နှစ်ယောက်တွဲ လုပ်ငန်းတွေ အဖွဲ့လိုက်လုပ်ငန်းတွေ အမြဲသုံးဖြစ်တယ်။ ဒါပေမယ့် စာသင်ခန်းထဲက ပရိဘောဂတွေကို ကြမ်းပြင်မှာ အသေတပ်ဆင်ထားတာ ဆိုတော့ ရွှေ့လို့မရဘူး။ ကျောင်းသူ ကျောင်းသားတွေကို အဖွဲ့ခွဲရတာ ခက်ကုန်ရော။ အကြံပေးပါဦး။

## ၈။ သင်ရိုး အစီအစဉ်ရေးဆွဲခြင်း

ကျွန်မသင်မယ့် သင်ရိုးအစီအစဉ် အတွက် ပြဋ္ဌာန်းစာအုပ်မရှိဘူး။ သင်လို့ရတဲ့အရာတွေတော့ အများကြီးပဲ၊ ဒါပေမယ့် ဘာကို ရွေးသင်ရမလဲ မသေချာဘူး ဖြစ်နေတယ်။ ဘယ်လိုစပြီး အစီအစဉ်ရေးဆွဲရင် ကောင်းမလဲ။





## လေ့ကျင့်ခန်း

**င** အစီအစဉ်ရေးဆွဲရာတွင် ဆရာ ဆရာမများ ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် အချက်အလက်များအကြောင်း ပြန်လည်လေ့လာပါ။ (၁-၁၂) ထိုအချက်များနှင့် အစီအစဉ်ရေးဆွဲခြင်း အထောက်အပံ့ပြု သတင်းအချက်အလက် အရင်းအမြစ်များ (က-ဆ) တို့ကို တွဲစပ်ပါ။ အချို့သော သတင်းအချက်အလက် အရင်းအမြစ်မှာ စဉ်းစားရန် အချက်တစ်ခုထက်ပိုပြီး ပတ်သက်ချိတ်ဆက်မှု ရှိနိုင်သည်။

**အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ**

၁။ အဖွဲ့အစည်း/ ကျောင်း၏ သတ်မှတ်ချက်များ

၂။ သင်ခန်းစာများက သင်ရိုး၏ အစိတ်အပိုင်းများအဖြစ် ပါဝင်နေပုံ

၃။ ကျောင်းသူ ကျောင်းသား အသက်အရွယ်

၄။ သင်ယူရခြင်း ရည်ရွယ်ချက်များ

၅။ သင်ယူသူ လိုအပ်ချက်များ

၆။ သင်ယူသူတို့၏ စိတ်ဝင်စားချက်များ

၇။ သင်ယူမှုအားသန်ပုံအမျိုးမျိုး

၈။ အွန်လိုင်းသင်ကြားခြင်း/ ပြင်ပတွင် လူတွေ့သင်ကြားခြင်း

၉။ လုပ်ငန်းစဉ်များ

၁၀။ အရင်းအမြစ်များနှင့် သင်ထောက်ကူများ

၁၁။ လိုက်လျောညီထွေ ပြောင်းလဲရန် အစီအစဉ်

၁၂။ သင်ယူမှုအကဲဖြတ်ခြင်း

**သတင်းအချက်အလက် အရင်းအမြစ်များ**

(က) ကျောင်းအုပ်/ အခြားဆရာ ဆရာမများကို မေးရန်

(ခ) စာသင်ခန်းတွင်း လှည့်ပတ်လေ့လာ

(ဂ) ကျောင်းသား သင်ယူတတ်မြောက်မှုနှင့် ပတ်သက်သည့် မှတ်တမ်းဟောင်း၊ အစီရင်ခံစာဟောင်းများကို ပြန်လည်လေ့လာ

(ဃ) ကျောင်းသူ ကျောင်းသားများ သင်ခန်းစာအချိန် အတွင်း မည်သို့သင်ယူကြကြောင်း လေ့လာ

(င) ရနိုင်သည့် စာအုပ်စာတမ်းများကို လေ့လာ

(စ) သင်ကြားရေးအကြောင်း ဝက်ဆိုက်များ၊ စာအုပ်များ ရှာဖွေ ဖတ်ရှု

(ဆ) ကျောင်းသူ ကျောင်းသားများကို လူတွေ့မေးမြန်း၊ စစ်တမ်းကောက်

## ဆွေးနွေးချက်

**စ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ အထက်ပါ အချက်များအတွက် အခြားထပ်ဆောင်း သတင်းအချက်အလက် အရင်းအမြစ်များ ထပ်မံစဉ်းစားထည့်သွင်းနိုင်ပါသလား။

၂။ သင်ခန်းစာ အစီအစဉ်ရေးဆွဲရာတွင် မည်သည့်အချက်များကို ထည့်သွင်းစဉ်းစားရန် အရေးအကြီးဆုံးဖြစ်မည် ထင်ပါသနည်း။ အဘယ့်ကြောင့်နည်း။

## ၁.၃ အစီအစဉ်များတွင် ပါဝင်သော အစိတ်အပိုင်းများ

### အကြံပြုသင်ခန်းစာ

**ဂ** သင်ရိုးအစီအစဉ်/သင်ခန်းစာ အစီအစဉ်တို့တွင် မည်သည့် အစိတ်အပိုင်းများမှာ မပါမဖြစ်နှင့် မည်သည်တို့မှာ မပါမဖြစ် မဟုတ်ကြောင်း စဉ်းစားပါ။

| | | သင်ရိုးအစီအစဉ် | သင်ခန်းစာ အစီအစဉ် |
|---|---|---|---|
| ၁။ | ကျောင်းသူ ကျောင်းသားများ၏ နောက်ခံ ကိုယ်ရေးအချက်အလက်များ (အသက်အရွယ်၊ ဂျန်ဒါ၊ လူမျိုး၊ ဘာသာစကား၊ လိုအပ်ချက်များ၊ သင်ယူမှုအားသန်ပုံအမျိုးမျိုး၊ စသည်ဖြင့်) | | |
| ၂။ | သင်ရိုး/သင်ခန်းစာ ကြာချိန် | | |
| ၃။ | သင်ရိုး/သင်ခန်းစာ၏ ခေါင်းစဉ်၊ အတန်း၊ အဆင့် သတ်မှတ်ချက် | | |
| ၄။ | သင်ယူမှု ရည်ရွယ်ချက်များ | | |
| ၅။ | သင်ယူမှုအကဲဖြတ်ခြင်း နည်းလမ်းများ | | |
| ၆။ | ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အားလုံး | | |
| ၇။ | ကျောင်းသူ ကျောင်းသားများကို အဖွဲ့ခွဲခြင်း | | |
| ၈။ | အချိန်သတ်မှတ်ချက်/အချိန်ဇယား | | |
| ၉။ | ဆရာ ဆရာမ၏ မှတ်စုများ | | |
| ၁၀။ | လိုအပ်သော အရင်းအမြစ်များ | | |




သင်ရိုး/သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်းတွင် ထည့်သွင်းနိုင်သည့် အကြောင်းအရာအမျိုးအစားများစွာ ရှိပါသည်။ အချို့သတင်းအချက်အလက်မှာ ဆရာ ဆရာမများ သိသင့်သည့် အရာမှန်သော်လည်း (ဥပမာ – ကျောင်းသားများ၏ နောက်ခံ ကိုယ်ရေးအချက်အလက်များ)၊ ၎င်းကို သင်ခန်းစာတစ်ခုချင်း၏ အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းရာ မလိုပါ။

သင်ရိုးတစ်ခုလုံးကို ခြုံငုံတင်ပြမည့် သင်ရိုးအစီအစဉ်များတွင် အောက်ပါတို့ ပါကောင်း ပါနိုင်ပါသည်။

- သင်ရိုးတလျှောက် ကျောင်းသူ ကျောင်းသားများ လေ့လာသင်ယူရမည့် အကြောင်းအရာ ဖော်ပြချက်
- သင်ရိုးအစီအစဉ်၏ ယေဘုယျ သင်ယူမှုပန်းတိုင်များနှင့် ရည်ရွယ်ချက်များ
- သင်ရမည့် ခေါင်းစဉ်များကို ရှေ့နောက်စီစဉ်ထားပုံ
- ကျောင်းသူ ကျောင်းသားများကို မည်သို့ အမှတ်ပေးမည်ဖြစ်ကြောင်းနှင့် အဓိက သင်ယူမှု အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ (ဥပမာ – စာမေးပွဲများ၊ ပရောဂျက်များ)
- ကျောင်းသူ ကျောင်းသားများ အသုံးပြုရမည့် သင်ရိုးစာအုပ်၊ အွန်လိုင်း ပလက်ဖောင်းများ၊ ဝက်ဆိုက်များ၊ အခြားအရင်းအမြစ်များ
- စာသင်ခန်းအားလုံး၏ အချိန်ဇယား
- ဆရာ ဆရာမ၏ အခြားသတ်မှတ်ချက်များ၊ ဥပမာ ကျောင်းသူ ကျောင်းသားများအနေနှင့် အပြုအမူပိုင်း ဆောင်ရန်ရှောင်ရန်များ
- ကျောင်း/အဖွဲ့အစည်း၏ မူဝါဒများ၊ ဥပမာ ကျောင်းပျက်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ

သင်ခန်းစာ အစီအစဉ်များ၊ သင်ခန်းစာတစ်ခု အတွင်း မည်သည်တို့ ဆောင်ရွက်မည် ဖြစ်ကြောင်း အသေးစိတ် ရေးသား သတ်မှတ်ခြင်း၊ ၎င်းတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည်။

- သင်ခန်းစာ၏ ခေါင်းစဉ်နှင့် သင်ယူမှု ရည်ရွယ်ချက်များ
- သင်ခန်းစာအဆင့်များ၊ လုပ်ငန်းစဉ်များ စီစဉ်ပုံ၊ တစ်ဆင့်ချင်းစီအတွက် ကြာချိန်
- ကျောင်းသူ ကျောင်းသားများ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ
- ကျောင်းသူ ကျောင်းသားများကို အဖွဲ့ခွဲမည့်ပုံ
- သင်ခန်းစာ တစ်ဆင့်ချင်းစီတွင် လိုအပ်မည့် အရင်းအမြစ်များ
- ဆရာ ဆရာမအနေနှင့် စာသင်ရင်း ကိုးကားဖတ်ရှုနိုင်မည့် မှတ်စုများ

သင်ရိုးအစီအစဉ်နှင့် သင်ခန်းစာ အစီအစဉ် ရေးဆွဲခြင်းအတွက် အများလက်ခံ သတ်မှတ်ထားသည့် တစ်ခုတည်းသော နည်းလမ်းဟူ၍ မရှိပါ။ မိမိသုံးစွဲနိုင်မည့် နမူနာ ပုံစံခွက်များ ရှိနိုင်သော်လည်း ဆရာ ဆရာမ အများစုသည် သင်ခန်းစာ အစီအစဉ်များကို တကိုယ်ရေသုံး ဖြစ်အောင် ပြန်လည်ပြင်ဆင်ခြင်း ရှိကြပါသည်။ ပုံစံများတွင် ပါသော အပိုင်းများကို ဖြုတ်ချန်ခဲ့ခြင်း၊ အပိုင်းအသစ်များ ထည့်သွင်းရေးဆွဲခြင်းတို့ ပြုနိုင်သည်။

သင်ရိုးအစီအစဉ်အတွက်မူ သင်ရိုးဆိုင်ရာ အချက်အလက်အားလုံး ပါနိုင်လေ ကောင်းလေဖြစ်သည်။ အထူးသဖြင့် ကျောင်းသူ ကျောင်းသားများကို သင်ရိုး အသိပေး မျှဝေမည်ဆိုပါက ပိုမိုလိုအပ်ပါသည်။ သင်ခန်းစာ အစီအစဉ်များအတွက်မူ ဆရာ ဆရာမများ သင်ခန်းစာကို ထိရောက်စွာ ပို့ချသင်ကြားရန် လိုအပ်သမျှသော အချက်အလက်များ ထည့်သွင်းထားနိုင်ရန် အရေးကြီးသည်။ သင်ရိုးအစီအစဉ်များကို ကျောင်းသူ ကျောင်းသားများအား အသိပေးပြသရပြီး သင်ခန်းစာ အစီအစဉ်ကမူ ဆရာ ဆရာမ သုံးစွဲရန်အတွက်သာ ဖြစ်ပါသည်။

# လေ့ကျင့်ခန်း

**၁** သင်ခန်းစာ အစီအစဉ် နမူနာ နှစ်ခုကို ကြည့်ပါ။

၁။ သင်ခန်းစာ အစီအစဉ်တစ်ခုစီတွင်ပါသော အစိတ်အပိုင်းများမှာ အဘယ်နည်း။

၂။ ပါသင့်သော်လည်း ကျန်ရစ်ခဲ့သည့် အစိတ်အပိုင်းများ၊ မလိုဘဲ ထည့်ထားသော အစိတ်အပိုင်းများ ရှိပါသလား။

## က

| လုပ်ငန်းစဉ်များ | ရည်ရွယ်ချက် |
|---|---|
| နိုင်ငံသားဖြစ်မှုအကြောင်း ပြသသော ရုပ်ပုံများကိုကြည့်ပါ။ နိုင်ငံသားဖြစ်မှု အဓိပ္ပာယ်ကို ပြနိုင်သည်ဟု မိမိလက်အခံဆုံးပုံကို ရွေးပြီး အချင်းချင်းဆွေးနွေးပါ။ | ကျောင်းသားများ သိရှိပြီး သုတများ ပြန်နွေးဖြစ်ခြင်း။ |
| ပညာရပ်ဆိုင်ရာ ဝေါဟာရနှင့် နမူနာများ တွဲစပ်ပါ။ | စာသား ဖတ်ရှုရာတွင် ပိုမိုနားလည်စေရန် လုပ်ငန်းစဉ်မတိုင်မီ ဝေါဟာရ သင်ကြားခြင်း။ |
| နိုင်ငံသားဖြစ်မှုအကြောင်း ရှင်းပြသော စာသားတစ်ခုဖတ်ပါ။ | သင်ခန်းစာ၏ အဓိကအချက်များကို မိတ်ဆက်ခင်းကျင်းပြခြင်း။ |
| 'နိုင်ငံသား' ဟူသည့် စကားလုံးကို ဖွင့်ဆိုရှင်းလင်းချက်တစ်ရပ်ရေးပါ။ | သင်ခန်းစာ၏ အဓိကအချက်များကို ပြန်လှန်သုံးသပ်ခြင်း။ |
| 'နိုင်ငံသား' ဟူသည့် စကားလုံးအတွက် အခြားအဓိပ္ပာယ် ဖွင့်ဆိုချက်များကို ဖတ်ရှုပြီး မိမိတို့ ဖွင့်ဆိုချက်နှင့် ပြန်လည်နှိုင်းယှဉ်ပါ။ | တည်ဆဲ ဖွင့်ဆိုချက်များနှင့် မိမိတို့အမြင် နှိုင်းယှဉ်ကြည့်ရှု ဖြစ်သွားခြင်း။ |
| လုပ်ငန်းစဉ်များကို ကြည့်ရှုပြီး မည်သည့် လုပ်ငန်းစဉ်များက တက်ကြွလှုပ်ရှားသော နိုင်ငံသားဖြစ်မှုနှင့် ကိုက်ညီကြောင်း ဆုံးဖြတ်ရွေးချယ်ပါ။ | သင်ခန်းစာ၏ ဒုတိယ အဓိက အချက်ကို ပြန်လှန်သုံးသပ်ခြင်း။ |
| တက်ကြွလှုပ်ရှားသော နိုင်ငံသားတစ်ဦးဟု မိမိတို့ သိရှိထားသူ တစ်ဦးအကြောင်းကို တင်ဆက်ချက်တစ်ခု တင်ဆက်ဟောပြောပြီး၊ ၎င်း၏ မည်သည့် လုပ်ရပ်ကြောင့် တက်ကြွလှုပ်ရှား နိုင်ငံသားအဖြစ် သတ်မှတ်နိုင်ကြောင်း ရှင်းလင်းပါ။ | ခေါင်းစဉ်ကို တကိုယ်ရေဆန်စေခြင်း၊ မိမိတို့အတွေး အသိဗဟုသုတနှင့် လက်တွေ့ကမ္ဘာကို ချိတ်ဆက် နားလည်ခြင်း။ |

| English, Grade 5 | ကျောင်းသူ ကျောင်းသား – ၁၇ ဦး (ကျား ၈၊ မ ၉)<br>အသက် ၁၀ နှစ်မှ ၁၁ နှစ် | သင်ခန်းစာ ကြာချိန်<br>၄၅ မိနစ် |
|---|---|---|
| ခေါင်းစဉ်<br>**Daily Routines** | ရည်ရွယ်ချက်<br>ကျောင်းသူ ကျောင်းသားများသည် မိမိတို့ နေ့စဉ်အချိန်ဇယားကို **present simple** နှင့် **verbs** ၈ ခု သုံးပြီး ဖော်ပြတတ်သွားမည်။ | |

**သင်ရိုးအစီအစဉ်အတွင်း နေရာချပုံ**

- ကျောင်းသူ ကျောင်းသားများသည် အချိန်နာရီကြည့်နည်း သင်ခန်းစာရထားပြီးဖြစ်သည်။
- နောက်လာမည့် သင်ခန်းစာတွင် present simple for more regular repeated actions အကြောင်း သင်ယူရမည်။

**သင်ခန်းစာ ဆောင်ရွက်ပုံ အသေးစိတ်**

Present simple statements – eight phrases to describe daily routines: *get up, get dressed, have breakfast, got to school, have a break, have lunch, go home, go to bed*

| အဆင့် | အချိန် | လုပ်ငန်းစဉ်များ | ဘာသာစကား ကျွမ်းကျင်မှု | အရင်းအမြစ်များ |
|---|---|---|---|---|
| မိတ်ဆက်ခြင်း | ၅ မိနစ် | နာရီလက်တံ ဒိုင်ခွက်နှင့် အချိန်ကြည့်နည်း ပြန်လှန်လေ့လာခြင်း | Listening<br>Speaking | နာရီ ဒိုင်ခွက် |
| ခင်းကျင်းတင်ဆက်ခြင်း | ၁၀ မိနစ် | ဖော်ပြပါ စကားရပ် ၈ ခုကို သင်ကြားရန် ဝေါဟာရအဖြစ် လေ့ကျင့်ခြင်း။ | Listening<br>Speaking | ရုပ်ပုံကတ်များ |
| ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှု (၁) | ၁၀ မိနစ် | လူတစ်ဦးက မိမိ၏ နေ့စဉ်အချိန်ဇယား အကြောင်း ပြောပြသည်ကို နားထောင်ပြီး လေ့ကျင့်ခန်းစာရွက်တွင် ကွက်လပ်ချန် ထားသော အချိန်များကို လိုက်ဖြည့်ရန်။ | Listening | အသံသွင်းဖိုင်၊ လေ့ကျင့်ခန်းစာရွက် |
| ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှု (၂) | ၂၀ မိနစ် | ကျောင်းသူ ကျောင်းသားများက သုံးယောက် တစ်ဖွဲ့နေကာ ၎င်းတို့ လေ့ကျင့်ခန်း စာရွက်တွင် ပါသော ရုပ်ပုံများကို အချင်းချင်း အပြန်အလှန် ရှင်းပြရမည်။ တွဲဖက်များ ပြောပြသည်တို့ကို နားထောင်ပြီး ပျောက်နေသော အချိန်များကို ပြန်ရေးထည့်ရမည်။ | Speaking<br>Listening | လေ့ကျင့်ခန်းစာရွက် |
| ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု (အိမ်စာ) | မိနစ် ၂၀ (အိမ်တွင် လုပ်ရန်) | မိမိနေ့စဉ် လုပ်ငန်းဆောင်တာများအကြောင်း ပြောပြသည့် စာကြောင်း ၈ ကြောင်းခန့်ရေးပါ။ | Writing | |

# လေ့ကျင့်ခန်း

၈ သင်ရိုးအစီအစဉ် နမူနာကို ကြည့်ပါ။ ကျောင်းသူ ကျောင်းသားများကို ၎င်းအစီအစဉ် အသိပေးမည်ဖြစ်သည်။ သင်ရိုးအစီအစဉ်တစ်ခုတွင် ပါသင့်သော အစိတ်အပိုင်းအားလုံး ပါဝင်ပါသလား။

<table>
<tr><td colspan="2">ဇီဝသိပ္ပံနှင့် ရူပသိပ္ပံ</td></tr>
<tr><td colspan="2">ဒုတိယ နှစ်ဝက် – ဩဂုတ်လ ၁ ရက်နေ့မှ – ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ</td></tr>
<tr><td colspan="2">အချိန် – တနင်္လာ – သောကြာ၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ</td></tr>
<tr><td colspan="2">ဆရာ – ဦးကျော်ဝင်း</td></tr>
<tr><td colspan="2">ပိတ်ရက်များ – စက်တင်ဘာလ ၁၀ ရက်၊ အောက်တိုဘာလ ၁၄ ရက်နှင့် နိုဝင်ဘာလ ၁၁ ရက်</td></tr>
<tr><td colspan="2">သင်ရိုးအစီအစဉ် အကျဉ်းချုပ်<br>ဤသင်ရိုးသည် ဇီဝသိပ္ပံ၊ ရူပသိပ္ပံတို့နှင့်ဆိုင်သော ခေါင်းစဉ်အမျိုးမျိုး ပါဝင်သည့် သင်ရိုးအစီအစဉ်တစ်ခုဖြစ်သည်။ ဤသင်ရိုး၏ ပထမရက်သတ္တပတ် ရှစ်ပတ်တာကာလတွင် ဇီဝသိပ္ပံနှင့် ဒုတိယ ရှစ်ပတ်တာကာလတွင် ရူပသိပ္ပံတို့ကို ထည့်သွင်းသင်ကြားမည်။ သင်ရိုးအစီအစဉ်ပါ အကြောင်းအရာများတွင် ကောင်းဆိုးဝေဖန်စဉ်းစားခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ သိနားလည်မှုတို့ ပါဝင်သည်။</td></tr>
<tr><td>အခန်း ၁ – ဆဲလ်စနစ်</td><td>ကျောင်းသူ ကျောင်းသားများသည် သတ္တဝါနှင့် အပင်ဆဲလ်များပါ အစိတ်အပိုင်းများကို လေ့လာကြရမည်။ ဆဲလ်အမျိုးအစား တစ်ခုချင်းစီ၏ အသေးစိတ်တည်ဆောက်ပုံများ ရေးဆွဲပြရမည်။</td></tr>
<tr><td>အခန်း ၂ – လူ့ခန္ဓာကိုယ်စနစ်</td><td>ကျောင်းသူ ကျောင်းသားများသည် လူ့ခန္ဓာကိုယ်တည်ဆောက်ပုံ၊ စွမ်းအင်သိမ်းဆည်းပုံနှင့် အသုံးပြုပုံ၊ အခြားလူ့ခန္ဓာကိုယ် လုပ်ဆောင်ချက်များအကြောင်းကို လေ့လာကြရမည်။ လူ့ခန္ဓာကိုယ် လုပ်ဆောင်ချက်တစ်ခုအကြောင်း တင်ဆက်ဟောပြောချက်တစ်ခု ဖန်တီးပို့ချပေးရမည်။</td></tr>
<tr><td>အခန်း ၃ – မျိုးဆက်ပွားခြင်းနှင့် ကြီးထွားခြင်း</td><td>အပင်နှင့် သတ္တဝါများ၏ မျိုးပွားခြင်းနှင့် ကြီးထွားခြင်းအကြောင်းကို ခွဲခြမ်းစိတ်ဖြာခြင်းပြုရမည်။ နှစ်သက်ရာ အပင်တစ်ခု၊ သတ္တဝါတစ်မျိုးတို့ကို ရွေးချယ်ပြီး တူညီ/ကွဲပြားချက်များ နှိုင်းယှဉ်ပြသော သုတေသန စာတမ်းတစ်ခု ရေးသားတင်သွင်းရမည်။</td></tr>
<tr><td colspan="2">နှစ်လယ် စာမေးပွဲ – အခန်း ၁ မှ ၃ အထိ</td></tr>
</table>

| | |
|---|---|
| **အခန်း ၄ – လှိုင်းနှင့် လျှပ်စစ်သံလိုက် ရောင်ခြည်ဖြာခြင်း** | ကျောင်းသူ ကျောင်းသားများသည် လှိုင်း၏ ဂုဏ်သတ္တိများနှင့် ၎င်းတို့ မည်သို့ အပြန်အလှန် ဆက်စပ်ပုံကို လေ့လာရမည်။ အသံဖြစ်စေ၊ လျှပ်စစ်သံလိုက်ဖြစ်စေ လှိုင်းနှင့် ပတ်သက်သော စမ်းသပ်ချက်တစ်ခုကို ဒီဇိုင်းထုတ်ပေးရမည်။ |
| **အခန်း ၅ – လျှပ်စစ်နှင့် သံလိုက်စွမ်းအင်** | ကျောင်းသူ ကျောင်းသားများသည် အမျိုးမျိုးသော လျှပ်စစ်နှင့် သံလိုက်စွမ်းအင်များကို ခွဲခြားသိမြင်ခြင်း ကိုင်တွယ်အသုံးပြုခြင်းများ ဆောင်ရွက်ရမည်။ လျှပ်စစ်စွမ်းအင်ဖြစ်စေ၊ သံလိုက်စွမ်းအင်ဖြစ်စေ ပါဝင်ပတ်သက်သော လက်တွေ့ စမ်းသပ်ချက်တစ်ခုကို အဆိုပြုခြင်း၊ ဆောင်ရွက်ခြင်း၊ အစီရင်ခံတင်ပြခြင်းများ ဆောင်ရွက်ရမည်။ |
| **အခန်း ၆ – သတင်းအချက်အလက် နည်းပညာများ** | မိမိတို့ပတ်ဝန်းကျင်ရှိ သတင်းအချက်အလက် နည်းပညာအမျိုးမျိုးကို ကျောင်းသူ ကျောင်းသားများက ခွဲခြားသတ်မှတ်ဖော်ထုတ်ကြလိမ့်မည်။ သုတေသန အစီရင်ခံစာတစ်ခု ရေးသားပြီး၊ တွေ့ရှိချက်များကို အတန်းထံ ပြန်လည်တင်ပြရမည်။ |
| **နောက်ဆုံး စာမေးပွဲ – အခန်း ၄ မှ ၆ အထိ** | |
| **ပြဌာန်းစာအုပ်များ – Sciences for Life Book 3** | ပြဋ္ဌာန်းစာအုပ်ကို ကျောင်းက ပေးအပ်မည်။ နည်းပြက ပြဋ္ဌာန်းစာအုပ်အပြင် အခြားထပ်ဆောင်း စာရွက်စာတမ်းများ ထပ်မံပေးအပ်မည်။ |

**သင်ယူမှု အကဲဖြတ်ခြင်းစနစ်**

| ပါဝင်မှုနှင့် အတန်း တက်ရောက်မှု | အိမ်စာ | အပတ်စဉ် စစ်ဆေးချက်များ | အခန်းအလိုက် ပရောဂျက်များ | စာမေးပွဲများ |
|---|---|---|---|---|
| ၁၀% | ၁၀% | ၂၀% | ၃၀% | ၃၀% |

**ကျောင်းသူ ကျောင်းသားများသည် အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည်။**

- အတန်းပုံမှန် တက်ရောက်ရမည်။ အတန်းချိန်မှန် လာရမည်။
- စာသင်ခန်းတွင်းတွင်သော်လည်းကောင်း၊ ပရောဂျက်များ ဆောင်ရွက်ရာတွင်လည်းကောင်း တက်ကြွစွာ ပါဝင်မှု ရှိရမည်။
- စာသင်ခန်းကို သန့်ရှင်းသပ်ရပ်ပြီး အမှိုက်မရှိအောင် ထားရမည်။
- ဖုန်းသံပိတ်ထားရမည်။

**သင်ယူမှုနှင့် အထောက်အကူပြု ဝန်ဆောင်မှုများ**

- စာကြည့်တိုက်
- ကွန်ပျူတာခန်း
- တစ်ဦးချင်း နည်းပြဝန်ဆောင်မှု
- ကျောင်းသူ ကျောင်းသားများ၏ ကလပ်အမျိုးမျိုး
- ကိုယ်တိုင်လေ့လာရန် အရင်းအမြစ်များ

## လုပ်ငန်းစဉ်

**ဃ** မိမိကိုယ်ပိုင် သင်ခန်းစာ အစီအစဉ်ပုံစံတစ်ခု ဖန်တီးပါ။

- မိမိပုံစံပေါ်တွင် ထည့်သွင်းလိုသမျှ အစိတ်အပိုင်းများ ထည့်သွင်းပါ။
- ထိုအစိတ်အပိုင်းများကို မည်သို့ အစီအစဉ်ထား နေရာချမည်ကို စဉ်းစားဆုံးဖြတ်ပါ။
- သင်ခန်းစာ အစီအစဉ် ပုံစံဖန်တီးပြီး အခြားသူများကို ပြသပါ။ အဘယ့်ကြောင့် ထိုသို့ ပုံစံထုတ်ထားကြောင်း ရှင်းပြပါ။

## ဆွေးနွေးချက်

**င** အောက်ပါမေးခွန်းများကို ဆွေးနွေး ဖြေဆိုပါ။

၁။ သင်ရိုးအစီအစဉ်တစ်ခုတွင် အရေးအကြီးဆုံးအနေနှင့် ပါဝင်သင့်သော အစိတ်အပိုင်းများမှာ မည်သည်တို့နည်း။

၂။ သင်ရိုးအစီအစဉ်တွင် ဆန္ဒအလျောက် ထည့်သွင်း၊ ဖြုတ်ချန်ခဲ့နိုင်သော အစိတ်အပိုင်းများမှာ အဘယ်တို့နည်း။

၃။ သင်ခန်းစာ အစီအစဉ်တစ်ခုတွင် အရေးအကြီးဆုံးအနေနှင့် ပါဝင်သင့်သော အစိတ်အပိုင်းများမှာ မည်သည်တို့နည်း။

၄။ သင်ခန်းစာ အစီအစဉ်တွင် ဆန္ဒအလျောက် ထည့်သွင်း၊ ဖြုတ်ချန်ခဲ့နိုင်သော အစိတ်အပိုင်းများမှာ အဘယ်တို့နည်း။








## ပြန်လှန်သုံးသပ်ခြင်း

❶ အကြောင်းအရာအသစ်များ သင်ယူပြီးပါက မိမိသင်ယူခဲ့သည့်အရာများကို ပြန်လှန်သုံးသပ်ခြင်းပြုသင့်ပါသည်။ ထိုသို့ပြုရန် နည်းလမ်းတစ်ခုမှာ နေ့စဉ်သုံးသပ်ချက် မှတ်တမ်းတစ်ခု ထားရှိရန်ပင်ဖြစ်သည်။ ၎င်းမှတ်တမ်းတွင် မိမိသင်ယူရရှိသမျှ အတွေးအကြံများကို ချရေးရမည်။ မိမိသင်ယူမှုကို ပြန်လှန်သုံးသပ်ခြင်းပြုနိုင်ရန် အောက်ပါ အထောက်အကူပြု မေးခွန်းများကိုသုံးပါ။




### အကျဉ်းချုပ် - အခန်း (၁) အစီအစဉ်ရေးဆွဲခြင်း မိတ်ဆက်

အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားစရာ အကြောင်းအရာများစွာရှိသည်။ အချို့အကြောင်းအရာများက ထင်ရှားမြင်သာသည်။ ဥပမာ ကျောင်းသူ ကျောင်းသား အသက်အရွယ်၊ ဘာသာရပ်ခေါင်းစဉ် စသည်တို့ဖြစ်သည်။ အချို့အကြောင်းအရာများကို သေချာ စဉ်းစားမှ သိမြင်နိုင်သည်။ ဥပမာ ကျောင်းသူ ကျောင်းသားများ၏ လိုအပ်ချက်အမျိုးမျိုး၊ သင်ရိုးအစီအစဉ်နှင့် သင်ခန်းစာတွင် ထည့်သွင်းရမည့် လုပ်ငန်းစဉ်များ၊ သင်ယူမှုအကဲဖြတ်ခြင်း လုပ်ငန်းများ စသည်တို့ဖြစ်သည်။ အတွေ့အကြုံနုသေးသူ ဆရာ ဆရာမများအတွက် ထိုအကြောင်းအားလုံးကို စဉ်းစားရန် မနိုင်မနင်းဖြစ်မည်ဟု ထင်စရာရှိသည်။ သို့ရာတွင် အလေ့အကျင့်ရှိအောင် ကြိုးစားဆောင်ရွက်ပါက သင်ရိုးအစီအစဉ်နှင့် သင်ခန်းစာအစီအစဉ်များကို ထိရောက်စွာ ရေးဆွဲပြီး အောင်မြင်စွာ ပို့ချနိုင်သည့် ဆရာ ဆရာမများ ဖြစ်လာရန် လိုအပ်သည့် နည်းလမ်းစွမ်းရည်များ ရရှိလာနိုင်ပါသည်။

ရံဖန်ရံခါတွင် ဆရာ ဆရာမတစ်ဦးသည် ကြိုတင်အစီအစဉ် ရေးဆွဲခြင်းမရှိဘဲ စာသင်ခန်းဝင်ခြင်း ရှိနိုင်သည်။ ထိုအခါမျိုးတွင် ချက်ချင်းစဉ်းစားတတ်ရန် အရေးကြီးသည်။ အတွေ့အကြုံပိုရှိလာပါက ပြင်ဆင်ချိန်နည်းနည်းဖြင့် သင်ကြားရခြင်းက ပိုမိုလွယ်ကူလာခြင်း ရှိနိုင်ပါသည်။ သို့သော် လုပ်ငန်းခွင်ဝင်ခါစ ဆရာ ဆရာမအနေနှင့် အသေးစိတ်ရေးဆွဲထားသော အစီအစဉ်တစ်ရပ်ရှိလျှင် ပိုမိုသက်သောင့်သက်သာရှိစွာ သင်ကြားနိုင်ပါလိမ့်မည်။ အစီအစဉ်များနှင့် ပတ်သက်လျှင် ပြုလွယ်ပြင်လွယ်ဖြစ်ခြင်းရှိရန် အရေးကြီးသည်။ အခြေအနေ အပြောင်းအလဲများနှင့် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲနိုင်ရန် လိုအပ်ပါသည်။

ဆရာ ဆရာမများ၊ အဖွဲ့အစည်းများသည် သင်ခန်းစာ အစီအစဉ်များကို ပုံစံအမျိုးမျိုးနှင့် ရေးဆွဲတတ်ကြသည်။ သို့ရာတွင် အခြေခံပါဝင်သော အချက်အလက်များမှာ များသောအားဖြင့် အတူတူပင်ဖြစ်သည်။ အခြားသူဖန်တီးထားသည့် ပုံစံတစ်ခုကို မဖြစ်မနေ အသုံးပြုရမည်ဟု မထင်သင့်ပါ။ အချိန်ကြာလာလျှင် မိမိနှင့် သင့်တော်မှုရှိသော အစီအစဉ်ပုံစံများ ရေးဆွဲမည့်နည်းလမ်း တွေ့ရှိလာပါလိမ့်မည်။ အရေးကြီးသည်မှာ မိမိ၏ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်းသည် သင်ရိုးနှင့် သင်ခန်းစာများ ပို့ချရာတွင် အထောက်အကူပြုရန်သာ ဖြစ်ပါသည်။






# ၂ သင်ယူမှု ရည်ရွယ်ချက်များ

## ရည်ရွယ်ချက်များ

- ဆရာအတတ်သင် သင်တန်းသားများသည် သင်ယူမှု ရည်ရွယ်ချက်များကို ဆန်းစစ်အကဲဖြတ်ခြင်း ဆောင်ရွက်တတ်သွားမည်။
- ဆရာအတတ်သင် သင်တန်းသားများသည် တိကျသော၊ လက်တွေ့ရရှိနိုင်သော၊ တိုင်းတာ၍ရသော သင်ယူမှု ရည်ရွယ်ချက်များကို ထိရောက်စွာ ဖန်တီးတတ်သွားမည်။
- ဆရာအတတ်သင် သင်တန်းသားများသည် သင်ယူမှု ရည်ရွယ်ချက်များနှင့် သင်ယူမှု လုပ်ငန်းစဉ်များကို ဘလူးမ်၏ သင်ယူမှုအဆင့်များအလိုက် ခွဲခြားမျိုးတူစုတတ်သွားမည်။
- ဆရာအတတ်သင် သင်တန်းသားများသည် ပညာရေး ပန်းတိုင်အမျိုးအစား အမျိုးမျိုးကို ခွဲခြားတတ်သွားလိမ့်မည်။

# ၂.၁ သင်ယူမှု ရည်ရွယ်ချက်များ ရေးသားခြင်း

## အကြံပြုသင်ခန်းစာ




**က** သင်ခန်းစာတစ်ခု မသင်ကြားမီတွင် ဆရာ ဆရာမတစ်ဦး လုပ်ဆောင်နိုင်သည့်အရာများကို အောက်တွင် ဖော်ပြထားပါသည်။ ၎င်းတို့ကို ဦးစွာလုပ်ဆောင်သည့်အရာများအလိုက် ရှေ့နောက် အစီအစဉ်ချပါ။

(က) သင်ခန်းစာခေါင်းစဉ် သတ်မှတ်ခြင်း။

(ခ) သင်ရိုးစာအုပ်ကို ဖတ်ရှုကြည့်ပြီး သင်ခန်းစာအတွင်း မည်သည့်အကြောင်းအရာကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း။

(ဂ) မိမိသင်ခန်းစာအတွက် အဓိက အယူအဆများ၊ အဓိက အချက်များအနေနှင့် မည်သည်တို့ ထည့်သွင်းရမည်ကို ဆုံးဖြတ်ခြင်း။

(ဃ) သင်ရိုးအစီအစဉ်ကို ကြည့်ခြင်း။

(င) သင်ယူမှု ရည်ရွယ်ချက်များ ရေးဆွဲခြင်း။

(စ) မိမိသင်ခန်းစာအတွင်း အသုံးပြုမည့် သင်ထောက်ကူ အရင်းအမြစ်များကို ပြင်ဆင်ခြင်း။

(ဆ) သင်ခန်းစာတစ်ခုအတွင်း မည်မျှ ထည့်သွင်းသင့်သည်ကို ဆုံးဖြတ်ခြင်း။

(ဇ) လုပ်ငန်းစဉ်များကို ရှေ့နောက် အစီအစဉ်ချခြင်း။

(ဈ) သင်ခန်းစာတွင် ထည့်သွင်းမည့် အကြောင်းအရာများကို သတ်မှတ်ခြင်း။

# လေ့ကျင့်ခန်း

**၁** အောက်ပါ သင်ယူမှု ရည်ရွယ်ချက် စာရင်း (၃) ခုကို ဖတ်ရှုပါ။

၁။ မည်သည့်စာရင်းသည် . . .

(က) ကျောင်းသူ ကျောင်းသားများ လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ဖော်ပြထားခြင်းဖြစ်သနည်း။

(ခ) ဆရာ ဆရာမ လုပ်ဆောင်မည့်အရာများကို ဖော်ပြထားခြင်း ဖြစ်သနည်း။

(ဂ) ကျောင်းသူ ကျောင်းသားများ ရရှိတည်ဆောက်နိုင်သွားမည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို ဖော်ပြထားခြင်း ဖြစ်သနည်း။

(ဃ) ကျောင်းသူ ကျောင်းသားများ၏ တိုးတက်မှုကို တိုင်းတာနိုင်ရန် ဆရာကို အထောက်အကူပြုနိုင်သနည်း။

၂။ မည်သည့်စာရင်းသည် အသုံးအဝင်ဆုံး သင်ယူမှု ရည်ရွယ်ချက်စာရင်းဖြစ်သနည်း။

### စာရင်း ၁

- နှစ်ထပ်ကိန်းရင်းအကြောင်း သင်ရန်။
- ဆိုင်တစ်ဆိုင်အတွင်း အင်္ဂလိပ် စကားပြောအကြောင်း နားထောင်ဖို့ ကျောင်းသူ ကျောင်းသားများကို အချိန်ပေးရန်။
- ငွေကြေးနှင့် ကုန်ဖလှယ် ဘာတာ စနစ်အကြောင်း ကျောင်းသူ ကျောင်းသားများကို ပြရန်။
- အချက်အလက်များကို တင်ပြရာတွင် သုံးနိုင်သည့် သရုပ်ဖော်ပုံအမျိုးမျိုးအကြောင်း ကျောင်းသူ ကျောင်းသားများကို သင်ပေးရန်။
- လူ့အခွင့်အရေးအကြောင်း ရှင်းပြရန်။

### စာရင်း ၂

- ကျောင်းသူ ကျောင်းသားများ သည် နှစ်ထပ်ကိန်းရင်းတွက်ချက် ရသော လေ့ကျင့်ခန်းစာရွက်ပါ ကွက်လပ်များ ဖြည့်ရသည်။
- ဆိုင်ပိုင်ရှင်နှင့် ဝယ်သူ ဇာတ်ကောင်များအဖြစ် ကျောင်းသူ ကျောင်းသားများက ပြဇာတ်တစ်ခု ကပြရမည်။
- ကုန်ဖလှယ် ဘာတာ စနစ်နှင့် ငွေကြေးစနစ်တို့၏ အားသာချက်နှင့် အားနည်းချက်များအကြောင်း ကျောင်းသူ ကျောင်းသားများက ဆွေးနွေးကြသည်။
- ကျောင်းသူ ကျောင်းသားများ သည် စက်ဝိုင်းဂရပ်ပုံ၊ ဘားဂရပ်ပုံ၊ လိုင်းဂရပ်ပုံတို့နှင့် ပတ်သက်သော မေးခွန်းများ ဖြေရသည်။
- ကျောင်းသူ ကျောင်းသားများက တာဝန်ဝတ္တရားနှင့် အခွင့်အရေး များ ခွဲခြားရမည်။

### စာရင်း ၃

- ကျောင်းသူ ကျောင်းသားများ သည် ကိန်းဂဏန်း ၁၀၀ အထိ နှစ်ထပ်ကိန်းရင်းများ တွက်ချက်တတ်သွားမည်။
- ကျောင်းသူ ကျောင်းသားသည် အင်္ဂလိပ်ဘာသာစကားဖြင့် ရောင်းခြင်းဝယ်ခြင်းအတွက် စကားပြောဆိုတတ်သည်။
- ကျောင်းသူ ကျောင်းသားများ သည် ငွေကြေးနှင့် ဘာတာ ကုန်ဖလှယ်စနစ်များကို ခွဲခြမ်းစိတ်ဖြာခြင်း ပြုတတ်သွားမည်။
- ကျောင်းသူ ကျောင်းသားများ သည် ဂရပ်ပုံစံသုံးမျိုးဖြင့် ကိန်းဂဏန်း အချက်အလက်များ ကို ဖော်ပြတတ်သွားမည်။
- ကျောင်းသူ ကျောင်းသားသည် ရပ်ရွာအုပ်စုဝင်များ၏ အခွင့်အရေးနှင့် တာဝန် ဝတ္တရားများအကြောင်း အသိအမြင်ဖွင့် စီမံကိန်း လုပ်ငန်းစဉ်တစ်ခု ဖန်တီးတတ် သွားမည်။

သင်ရိုးအစီအစဉ်တစ်ခု၊ သင်ခန်းစာတစ်ခုကို ပြင်ဆင်ရေးဆွဲခြင်း မပြုမီတွင် ဆရာ ဆရာမများသည် ၎င်းတို့ သင်ကြားရမည့်အရာ (ဘာသင်ကြားရမည်) နှင့် သင်ရမည့်နည်းလမ်း (ဘယ်လို သင်ကြားရမည်) ကို သိရှိနားလည်ရမည်။ အစီအစဉ်ရေးဆွဲရာတွင် သင်ယူမှု ရည်ရွယ်ချက်များသည် မရှိမဖြစ်ပါရမည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် သင်တန်းခေါင်းစဉ်နှင့် ချိတ်ဆက်မှုရှိခြင်း၊ တည်ဆောက်လေ့ကျင့်ရမည့် အသိနှင့် အတတ်များကို ဖော်ထုတ်နိုင်အောင် အထောက်အပံ့ပေးခြင်း၊ သက်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သင်ယူမှုအတွေ့အကြုံများ ရွေးချယ်ပို့ချတတ်အောင် အထောက်အပံ့ပေးခြင်းတို့ရှိသောကြောင့် ဖြစ်ပါသည်။ သင်ယူမှု ရည်ရွယ်ချက်များကို ရုံဖန်ရုံခါ ရည်ရွယ်ချက်၊ ပန်းတိုင်၊ ရလဒ်များ စသည်တို့ ခေါ်ဝေါ်ပါသည်။

သင်ယူမှု ရည်ရွယ်ချက်များ ရေးသားရာတွင် များသောအားဖြင့် “ကျောင်းသူ ကျောင်းသားများသည် ..... တို့ လုပ်ဆောင်တတ်သွားမည်” ဟူသည့် ဝါကျပုံစံမျိုးကို သုံးရပါသည်။ ထို့နောက် ထိုကွက်လပ်အတွင်း ကျောင်းသူ ကျောင်းသားများ လေ့ကျင့်အသုံးပြုမည့် အသိပညာ၊ ကျွမ်းကျင်မှုများကို ဖော်ထုတ်ရေးသားဖြည့်စွက်ရပါသည်။

ဥပမာ –

- . . . မိမိအမည်ကို စာလုံးပေါင်းတတ်သွားမည်။
- . . . မြန်မာနိုင်ငံပေါက် ငှက်ဆယ်မျိုးအမည်ကို စာရင်းရေးတတ်သွားမည်။
- . . . လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို ဆွေးနွေးတတ်သွားမည်။
- . . . ရာခိုင်နှုန်းများ တွက်ချက်တတ်သွားမည်။
- . . . ကမ္ဘာ့နိုင်ငံရေးတွင် ဘာသာရေး၏ လွှမ်းမိုးသက်ရောက်မှုအကြောင်း ခွဲခြမ်းစိတ်ဖြာခြင်း ပြုတတ်သွားမည်။
- . . . အလင်းဖြင့် အစာချက်ခြင်း ဖြစ်စဉ်ကို ရှင်းပြတတ်သွားမည်။
- . . . မိမိအိမ်တည်နေရာကို မြေပုံ ဖန်တီးတတ်သွားမည်။

သင်ရိုးအစီအစဉ်နှင့် သင်ခန်းစာ ရေးဆွဲရာတွင် ဦးတည်ချက်ရှိစေရန် သင်ယူမှု ရည်ရွယ်ချက်များကို ရေးဆွဲထားရမည်။ သင်ရိုးများတွင် သင်ယူမှု ရည်ရွယ်ချက်များ များစွာ ရှိတတ်ကြပြီး သင်တန်းအပြီးတွင် ကျောင်းသူ ကျောင်းသားများက မည်သည်တို့ လုပ်ဆောင်တတ်သွားမည်ကို ဖော်ပြထားခြင်း ရှိရမည်။ သင်ရိုးတစ်ခု၏ သင်ယူမှု ရည်ရွယ်ချက်များသည် သင်ခန်းစာပေါင်းများစွာပြီးစီးမှသာ အောင်မြင်နိုင်သော အောင်မြင်မှုများကို အာရုံစိုက်ထားပါသည်။ သင်ခန်းစာ အစီအစဉ်များတွင် ကျောင်းသူ ကျောင်းသားများ သင်ခန်းစာတစ်ခုအတွင်း အောင်မြင်ရန် သတ်မှတ်ထားသည့် သင်ယူမှု ရည်ရွယ်ချက်များပါဝင်သည်။

သင်ယူမှု ရည်ရွယ်ချက်ကောင်းတစ်ခုတွင် ဝိသေသလက္ခဏာအချို့ ပါဝင်ပါသည်။ ၎င်းတို့မှာ

- တိကျသည်၊ ရှင်းလင်းသည်၊ ဖတ်ရှုရ၊ နားလည်ရ လွယ်ကူသည်။
- လက်တွေ့ဆန်ပြီး ရရှိအောင်မြင်နိုင်ခြင်းရှိသည်။ ကျောင်းသူ ကျောင်းသားများ အောင်မြင်ပေါက်မြောက်နိုင်ခြင်းရှိသည်။
- တိုင်းတာ၍ရသော၊ လေ့လာစောင့်ကြည့်ခြင်းပြုနိုင်သော ဝိသေသရှိသည်။ ကျောင်းသူ ကျောင်းသားများ သိရှိသင်ယူခဲ့ရသောအရာများကို ဖော်ပြနိုင်ခြင်းရှိသည်။

သင်ယူမှု ရည်ရွယ်ချက်များ ရေးသားခြင်းကို လုပ်ငန်းစဉ်များ မရွေးချယ်မီ၊ သင်ယူမှု အတွေ့အကြုံများအတွက် အစီအစဉ်မဆွဲမီ ကြိုတင်ရေးသားရမည်။ သင်ခန်းစာအတွင်း ဆောင်ရွက်သော လုပ်ငန်းစဉ်များနှင့် သင်ယူမှု အတွေ့အကြုံများသည် သင်ယူမှု ရည်ရွယ်ချက်များနှင့် ချိတ်ဆက်မှုရှိအောင် စီမံထားရန် အလွန်အရေးကြီးပါသည်။ ရေးဆွဲသော အစီအစဉ်နှင့် ရွေးချယ်ထားသော သင်ယူမှု ရည်ရွယ်ချက်များ ကိုက်ညီမှုရှိရမည်။

ဆရာ ဆရာမများအနေနှင့် ၎င်းတို့ ရေးသားထားသော သင်ယူမှု ရည်ရွယ်ချက်များကို ကျောင်းသူ ကျောင်းသားများအား အသိပေးခြင်းပြုနိုင်သည်။ သို့ဆိုလျှင် ကျောင်းသူ ကျောင်းသားများသည် ၎င်းတို့ ရရှိရန် ကြိုးစားနေသော ပန်းတိုင်များကို သိနေမည်ဖြစ်သည်။ သင်ရိုးတစ်ခုလုံး၏ ရည်ရွယ်ချက်များကို သင်တန်းအစတွင် သင်ရိုးအစီအစဉ်များ၌ ထည့်သွင်းပေးပြီး ကျောင်းသူ ကျောင်းသားများအား အသိပေးနိုင်သည်။ ဥပမာ – သင်ခန်းစာအစတွင် သင်ပုန်းပေါ်၌ သင်ယူမှု ရည်ရွယ်ချက် ရေးသားပြထားခြင်းဖြစ်သည်။



## လေ့ကျင့်ခန်း

**ဂ** အောက်ပါ သင်ယူမှု ရည်ရွယ်ချက်များကို ဖတ်ရှုပါ။

၁။ ရေးသားထားပုံမကောင်းသော သင်ယူမှု ရည်ရွယ်ချက်များ (က–ဂ) ကို ၎င်းတို့မကောင်းရခြင်း အကြောင်းပြချက်များ (၁–၃) နှင့် တွဲစပ်ပါ။

| ရေးပုံမှားသော ရည်ရွယ်ချက်များ | က | ခ | ဂ |
|---|---|---|---|
| | 'ကျောင်းသားများသည် အင်္ဂလိပ် သတင်းစာများ ဖတ်ကြရသည်။' | 'ကျောင်းသူ ကျောင်းသားများသည် ကမ္ဘာ့ ရာသီဥတုဇုန်များကို အမည်တပ်တတ်ပြီး၊ ကမ္ဘာအနှံ့မှ ရာသီဥတုများအကြောင်း ရှင်းပြတတ်သွားမည်။' | 'ရပ်ရွာစံတန်ဖိုးများနှင့် ၎င်းတို့ အရေးပါမှုများကို ကျောင်းသူ ကျောင်းသားများအား ရှင်းပြပြီး ၎င်းတို့ မူလရပ်ရွာများ အကြောင်းကိုပါ စဉ်းစားခိုင်းရန်။' |

| ရေးပုံမှားခြင်း ပြဿနာများ | ၁ | ၂ | ၃ |
|---|---|---|---|
| | သင်ခန်းစာ တစ်ခုတည်းနှင့် မဖြစ်နိုင်။ များလွန်းသည်။ သင်ရိုးတစ်ခုလုံး၏ ရည်ရွယ်ချက်အဖြစ် သုံးနိုင်သည်။ | ဆရာအကြောင်း ရေးထားခြင်းသာ ဖြစ်သည်။ သင်ယူမှု ရည်ရွယ်ချက် ဆိုသည်မှာ ကျောင်းသားအကြောင်း ဖြစ်သင့်သည်။ | ယေဘုယျ ဆန်လွန်းသည်။ ကျောင်းသူ ကျောင်းသားများ ဘာကို တတ်မြောက်မည်၊ မည်သို့ တတ်မြောက်ကြောင်း သရုပ်ပြမည်ဟု မရှင်းထားပါ။ |

၂။ အထက်ပါ ရေးပုံမှားသော သင်ယူမှု ရည်ရွယ်ချက်များ (က–ဂ) ကို အောက်ပါ ရေးပုံမှန်သော ရည်ရွယ်ချက်များ (၁–၃) နှင့် တွဲစပ်ပါ။

| ရေးပုံမှန်သော ရည်ရွယ်ချက်များ | ၁ | ၂ | ၃ |
|---|---|---|---|
| | 'ကျောင်းသူ ကျောင်းသားများသည် အရေးကြီးသော ရပ်ရွာ စံတန်ဖိုးများကို သတ်မှတ်ဖော်ထုတ်ပြီး ၎င်းတို့ အဘယ်ကြောင့် အရေးကြီးကြောင်း ရှင်းပြတတ်သွားမည်။' | 'ကျောင်းသူ ကျောင်းသားများသည် အင်္ဂလိပ်သတင်းစာ ဆောင်းပါးကို အနှစ်ချုပ် တတ်သွားမည်။ အဓိက အယူအဆများကို ရွေးချယ်သတ်မှတ်ပြီး အဘယ့်ကြောင့် ၎င်းတို့ကို အဓိက အယူအဆအဖြစ် ရွေးရကြောင်း ရှင်းပြတတ်သွားမည်။' | 'ကျောင်းသူ ကျောင်းသားများသည် အဓိက ရာသီဥတုဇုန်ကြီး လေးခုကို အမည်များ ပြောတတ်ပြီး ၎င်းတို့ တည်နေရာများကို မြေပုံပေါ်တွင် ထောက်ပြ အမည်တပ် တတ်သွားမည်။' |

## လုပ်ငန်းစဉ်

**ဃ** အောက်ပါ သင်ယူမှု ရည်ရွယ်ချက်များကို ဖတ်ရှုပါ။

၁။ အောက်ပါတို့အနက် သင်ယူမှု ရည်ရွယ်ချက်မဟုတ်သည့် အရာနှစ်ခုကို ရွေးချယ်ပါ။ အဘယ့်ကြောင့် ရွေးချယ်သနည်း။

၂။ မည်သည်တို့က ရေးပုံမှန်သော ရည်ရွယ်ချက်များ ဖြစ်ကြသနည်း။

၃။ ရေးပုံမှားသော ရည်ရွယ်ချက်များကို ပြန်ပြင်ရေးပါ။

### သင်ယူမှု ရည်ရွယ်ချက်များ ရေးပုံမှန်သော ရည်ရွယ်ချက်များ ဖြစ်ပါသလား။

က။ “ကျောင်းသူ ကျောင်းသားများသည် အဓိက အစာအုပ်စုများ၊ ၎င်းတို့၏ အာဟာရ အကျိုးကျေးဇူးများ၊ အုပ်စုတစ်စုချင်းစီမှ နမူနာများကို ထုတ်ဖော် ပြောဆိုတတ်သွားမည်။

ခ။ “ငွေကြေးဖောင်းပွမှုကို မည်သို့ တိုင်းတာရကြောင်း၊ ငွေကြေးဖောင်းပွမှု၏ သက်ရောက်မှုများအကြောင်း သင်ကြားပြီး၊ ၁၉၉၃ ခုနှစ် ယူဂိုဆလားဗီးယား အခြေအနေနှင့် မြန်မာနိုင်ငံ အခြေအနေတို့ကို နှိုင်းယှဉ်ခိုင်းရန်။”

ဂ။ “ကျောင်းသူ ကျောင်းသားများသည် နှစ်ထပ်ကိန်း ညီမျှခြင်းကို ဆခွဲကိန်းခွဲခြင်းနည်းလမ်းဖြင့် ဖြေရှင်းတတ်သွားလိမ့်မည်။”

ဃ။ “ဒြပ်စင်အမျိုးမျိုး အတွက် ဓာတုဗေဒ သင်္ကေတ အမျိုးမျိုးကို သင်ကြားရန် …”

င။ “ကျောင်းသူ ကျောင်းသားများသည် ဖော်ပြချက်အချို့ကို ဖတ်ရှုပြီး အချက်အလက်နှင့် ထင်မြင်ချက် ခွဲခြားပြောဆိုတတ်သွားမည်။”

စ။ “ကျောင်းသူ ကျောင်းသားများသည် သင်ရိုးစာအုပ်၏ စာမျက်နှာ ၈၀ မှ လေ့ကျင့်ခန်း ၁၂ မှ ၁၈ အထိ ဖြေဆို လေ့ကျင့်ရမည်။”

ဆ။ “ကျောင်းသူ ကျောင်းသားများသည် present perfect tense အကြောင်း သိသွားလိမ့်မည်။”

ဇ။ “ကျောင်းသူ ကျောင်းသားများသည် ရပ်ရွာဒေသတွင်း တက်ကြွလှုပ်ရှား နိုင်ငံသားဖြစ်ခြင်းကို မည်သို့ လက်တွေ့ သရုပ်ပြနိုင်မည်ဖြစ်ကြောင်း အကျဉ်းချုပ် ဖော်ပြထားသော ဆောင်းပါးတစ်ပုဒ် ရေးရမည်။”

ဈ။ “ကျောင်းသူ ကျောင်းသားများ မည်သို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိစေရန်နှင့် ပိုမိုမြန်ဆန်စွာ စီစဉ် စုစည်းမှု ရှိစေရန် ပိုမိုရှင်းလင်းသော ညွှန်ကြားမှုများပေးမည်။”

## လေ့ကျင့်ခန်း

**င** အောက်ပါ ဘာသာရပ်တစ်ခုစီအတွက် ခေါင်းစဉ်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ဖြည့်စွက်ပါ။

| | ဇီဝဗေဒ | သမိုင်း | အင်္ဂလိပ် | စီးပွားရေး | နိုင်ငံသား ပညာရေး |
|---|---|---|---|---|---|
| ခေါင်းစဉ် | ၁။ | ၄။ | ၇။ | ၁၀။ | ၁၃။ |
| ရည်ရွယ်ချက် | ၂။ | ၅။ | ၈။ | ၁၁။ | ၁၄။ |
| လုပ်ငန်းစဉ် | ၃။ | ၆။ | ၉။ | ၁၂။ | ၁၅။ |

## ခေါင်းစဉ် | ရည်ရွယ်ချက် | လုပ်ငန်းစဉ်များ

ဏ။ လူမျိုးပေါင်းစုံ အုပ်စုများ အရှေ့တောင်အာရှတွင်း ရွှေ့ပြောင်းနေထိုင်မှုကိုပြသော အချိန်ပြမျဉ်းတစ်ခု ရေးဆွဲပါ။

ခ။ သမုဒ္ဒရာတွင်းမှ အစာကွင်းဆက်။

ဂ။ ကျောင်းသူ ကျောင်းသားများသည် အဝတ်အစားတစ်စုံကိုကြည့်ပြီး မည်သည့် လိုအပ်ချက်များ ရှိနေကြောင်း၊ ထိုအဝတ်အစား အစား မည်သည့် အဝတ်အစားများ လိုအပ်ကြောင်း ခွဲခြမ်းပြောဆိုနိုင်စေရမည်။

ဃ။ အရှေ့တောင်အာရှမှ ရွှေ့ပြောင်းအခြေချနေထိုင်မှုများ။

င။ ကျောင်းသူ ကျောင်းသားများသည် သမုဒ္ဒရာအစာကွင်းဆက်တွင်းမှ အဆင့်များကို အစီအစဉ်တကျ မှန်ကန်စွာ စီစဉ်တတ်သွားမည်။

စ။ ဆိုင်ဝန်ထမ်းနှင့် ဝယ်သူအဖြစ် ပြဇာတ်သရုပ်ဆောင်ခြင်း။

ဆ။ ကျောင်းသူ ကျောင်းသားများသည် အရှေ့တောင်အာရှမှ အဓိက လူမျိုးအုပ်စုကြီးများကို စာရင်းပြုစုပြီး ၎င်းတို့သည် မည်သည့်အချိန်တွင် ထိုဒေသသို့ ရောက်ရှိလာကြောင်း ပြောတတ်သွားမည်။

ဇ။ သမုဒ္ဒရာတွင်း အစာကွင်းဆက် သရုပ်ဖော်ပုံ အဆင့်တိုင်းအတွက် အမည်ထိုးတတ်သွားမည်။

ဈ။ အဝတ်အစားဝယ်ခြင်း။

ည။ လာအိုနိုင်ငံမှ မီဒီယာ တားမြစ်ဖြတ်တောက်ခံရခြင်းအကြောင်း ဖြစ်ရပ်လေ့လာချက်တစ်ခု ဖတ်ရှုခြင်း။

ဋ။ ရောနှောစီးပွားရေးစနစ်များ။

ဌ။ ကျောင်းသူ ကျောင်းသားများသည် လွတ်လပ်သော မီဒီယာတစ်ရပ်ရှိခြင်း၏ အားသာ အားနည်းချက်များကို စာရင်းပြုတတ်သွားမည်။

ဍ။ ဒေသခံရပ်ရွာတည်ရှိပုံကို မြေပုံဆွဲကာ၊ အစိုးရပေးသော ဝန်ဆောင်မှုနှင့် ပစ္စည်းများ၊ ပုဂ္ဂလိက စီးပွားရေးများက ပေးသော ဝန်ဆောင်မှုနှင့် ပစ္စည်းများအကြောင်းကို ဖော်ထုတ်သတ်မှတ်ခြင်း။

ဎ။ ကျောင်းသူ ကျောင်းသားများသည် လွတ်လပ်သော စီးပွားရေးစနစ်များ၊ မြန်မာနိုင်ငံမှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဆိုင်ရာ အစိုးရဝန်ဆောင်မှုများကို တူညီကွဲပြားချက်များ နှိုင်းယှဉ်ဖော်ထုတ်တတ်သွားမည်။

ဏ။ အများပြည်သူအကြား ဆွေးနွေးငြင်းခုံမှုတွင် မီဒီယာတစ်ရပ်၏ အခန်းကဏ္ဍ။

# လုပ်ငန်းစဉ်

❶ သင်ခန်းစာ အစီအစဉ် နမူနာကိုကြည့်ပါ။ သင်ယူမှု ရည်ရွယ်ချက်သည် သင်ခန်းစာ အစီအစဉ်နှင့် ကိုက်ညီမှု မရှိ။ အစီအစဉ်နှင့် ကိုက်ညီမှုရှိအောင် ရည်ရွယ်ချက်ကို ပြောင်းလဲရမည်။

**ရည်ရွယ်ချက်** – ~~ကျောင်းသူ ကျောင်းသားများသည် ဒေသတွင်းသစ်တောတစ်ခုမှ အစာကွန်ရက်ကို ပုံဆွဲပြီး ရှင်းပြတတ်သွားမည်။~~

၁။ တိရစ္ဆာန်အမျိုးမျိုးပုံများဆွဲ။ မည်သည့် ကွာခြားချက်များရှိကြောင်း ကျောင်းသူ ကျောင်းသားများကို မေးမြန်း။

၂။ နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ကုန်းနေရေနေများ၊ ငှက်နှင့် အင်းဆက်များ၏ ဝိသေသများကို ရှင်းပြခြင်း။

၃။ သင်ပုန်းပေါ်တွင် တိရစ္ဆာန်များ၏ အမည်များ စာရင်းချရေး။ ကျောင်းသူ ကျောင်းသားများက ၎င်းတို့ကို – နို့တိုက်သတ္တဝါ၊ တွားသွားသတ္တဝါ၊ ကုန်းနေရေနေသတ္တဝါ၊ ငှက်နှင့် အင်းဆက်များအဖြစ် အုပ်စုခွဲရမည်။
– (ကျား၊ ဖား၊ မြွေ၊ ဆင်၊ ပုရွက်ဆိတ်၊ လင်းယုန်၊ ဇီးကွက်၊ မိကျောင်း၊ ခြင်၊ လူ၊ ပုတ်သင်)

## လေ့ကျင့်ခန်း

**၈** အောက်ပါ သင်ခန်းစာ အစီအစဉ်နှင့် နမူနာ လုပ်ငန်းစဉ်များကိုကြည့်ပါ။ သင်ခန်းစာ အစိတ်အပိုင်း တစ်ပိုင်းစီ (၁–၇) အတွက်၊ သင်ခန်းစာ (က သို့မဟုတ် ခ) ကို ရွေးချယ်ပါ။ သင်ယူမှု ရည်ရွယ်ချက်များကို အဖြည့်ဆည်းနိုင်ဆုံး လုပ်ငန်းစဉ်အား ရွေးချယ်ရမည်။

| | |
|---|---|
| **ဘာသာရေးဆိုင်ရာ လူမှုဗေဒ** | ပထမပတ်၊ ဒုတိယ သင်ခန်းစာ |
| **ရည်ရွယ်ချက်များ**<br>• ကျောင်းသူ ကျောင်းသားများသည် ကမ္ဘာ့ကိုးကွယ်ရာ ဘာသာကြီးများ၏ ဝိသေသလက္ခဏာများကို ရှင်းပြတတ်သွားမည်။<br>• ကျောင်းသူ ကျောင်းသားများသည် အဆိုပါ ဘာသာကြီးများ မြန်မာနိုင်ငံသို့ မည်သို့ ရောက်ရှိလာကြောင်း ရှင်းပြတတ်သွားလိမ့်မည်။ | |
| **လုပ်ငန်းစဉ်များ** | |
| ၁။ | က။ ဉာဏ်စမ်းတစ်ခုလုပ်ပါ။ ကျောင်းသူ ကျောင်းသားများကို ဘာသာအမျိုးမျိုးအကြောင်း အခြေခံ မေးခွန်းအချို့မေးပါ။ ဥပမာ – မွတ်ဆလင်တွေ ဘုရားရှိခိုးတဲ့အဆောက်အအုံကို ဘယ်လိုခေါ်သလဲ။ ခရစ်ယာန်ဘာသာရဲ့ အမြတ်ဆုံး ကျမ်းစာအုပ်ကို ဘယ်လိုခေါ်သလဲ။ ဗုဒ္ဓဘာသာ သီလရှင်တွေ ဝတ်တဲ့ အဝတ်ကို ဘယ်လိုခေါ်သလဲ။<br>ခ။ ထို့နောက် ကျောင်းသူ ကျောင်းသားများက အခန်းပတ်လည်သွားလာပြီး ၎င်းတို့၏ မိသားစု ဘာသာရေး ယုံကြည်ချက်များနှင့် အလေ့အထ ရိုးရာများအကြောင်း အချင်းချင်း အမေးအဖြေများ ပြုလုပ်ရမည်။ |
| ၂။ | က။ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာအကြောင်း မှတ်တမ်းရုပ်ရှင်တစ်ခုကို ကျောင်းသူ ကျောင်းသားများ လေ့လာကြည့်ရှုရမည်။<br>ခ။ ကမ္ဘာ့ဘာသာကြီးများ၏ ရိုးရာအလေ့အထများအကြောင်း မှတ်တမ်းရုပ်ရှင်တစ်ခုကို ကျောင်းသူ ကျောင်းသားများက ကြည့်ရှုရမည်။ |
| ၃။ | က။ ထို့နောက် ထိုမှတ်တမ်းရုပ်ရှင်မှ သင်ယူရရှိလာသည့် အကြောင်းအရာအသစ်များကို ကျောင်းသူ ကျောင်းသားများက နှစ်ဦးတွဲအလိုက် စာရင်းပြုစုရမည်။ ထိုစာရင်းများကို တစ်တန်းလုံးအနေနှင့် ဆွေးနွေးကြရမည်။<br>ခ။ ထို့နောက် ကျောင်းသူ ကျောင်းသားများက ရွှေတိဂုံ၊ ကျိုက်ထီးရိုးနှင့် ပုဂံတို့အကြောင်း ၎င်းတို့ သိသမျှ အကြောင်းအရာများကို နှစ်ဦးတွဲအလိုက် စာရင်းပြုစုကြရမည်။ ထိုစာရင်းများကို တစ်တန်းလုံးအနေနှင့် ဆွေးနွေးကြရမည်။ |

## လုပ်ငန်းစဉ်

**၉** အောက်ပါ သင်ယူမှု ရည်ရွယ်ချက်များအနက် တစ်ခုကို ရွေးပါ။ အဖွဲ့လိုက်အနေနှင့် မိမိတို့ ရွေးချယ်လိုက်သော ရည်ရွယ်ချက်အတွက် အသုံးဝင်နိုင်သော လုပ်ငန်းစဉ် နှစ်ခု၊ သုံးခုခန့်ရွေးပါ။

(က) ကျောင်းသူ ကျောင်းသားများသည် ကိန်းဂဏန်း ၁၀ မှ ၁၀၀ အထိ ဂဏန်းများ၏ နှစ်ထပ်ကိန်းရင်းများ တွက်ချက်တတ်သွားမည်။

(ခ) ကျောင်းသူ ကျောင်းသားများသည် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများ၏ ရောင်းလိုအားနှင့် ဝယ်လိုအား အပြောင်းအလဲများကြောင့် ပေါ်ပေါက်နိုင်သော အကျိုးသက်ရောက်မှုများကို ရှင်းပြတတ်သွားလိမ့်မည်။



| လုပ်ငန်းစဉ်များ | |
|---|---|
| ၄။ | က။ ဗမာ့လွတ်လပ်ရေး လှုပ်ရှားမှုတွင် ဦးဥတ္တမ၊ ဦးဝိစာရနှင့် သံဃာထု၏ အခန်းကဏ္ဍအကြောင်း စာတစ်ပုဒ် ကျောင်းသူ ကျောင်းသားများ ဖတ်ရှုရမည်။<br>ခ။ မြန်မာနိုင်ငံမှ ဘာသာရေး ကွဲပြားစုံလင်မှုအကြောင်းနှင့် မြန်မာနိုင်ငံမှ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်မှုအကြောင်း စာတစ်ပုဒ်ကို ကျောင်းသူ ကျောင်းသားများ ဖတ်ရှုရမည်။ |
| ၅။ | က။ မြန်မာနိုင်ငံပေါ်ပေါက်ခါစ ပထမဆုံး ၁၅ နှစ်အတွင်း ဗုဒ္ဓဘာသာ၏ အရေးပါမှုအကြောင်းကို ကျောင်းသူ ကျောင်းသားများက အဖွဲ့လိုက် ဆွေးနွေးငြင်းခုံရမည်။<br>ခ။ ထို့နောက် ကျောင်းသူ ကျောင်းသားများက ၎င်းတို့ သင်ယူသိရှိခဲ့သော ဘာသာရေးတစ်ခုနှင့် စပ်လျဉ်းသော မေးခွန်းများ အဖွဲ့လိုက်ရေးကြရမည်။ အခြားအဖွဲ့များနှင့် ပေါင်း၍ ၎င်းတို့မေးခွန်းများကို အပြန်အလှန် ဖြေဆိုကြရမည်။ |
| ၆။ | က။ မြန်မာနိုင်ငံမှ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ နတ်ကိုးကွယ်မှုတို့၏ တူညီချက်များ ကွာခြားချက်များ ပြထားသည့် ဗင်းသရုပ်ဖော်ပုံတစ်ခုကို ကျောင်းသူ ကျောင်းသားများက ရေးဆွဲပေးရမည်။<br>ခ။ ထင်ရှားကျော်ကြားသော ဘာသာရေး ခေါင်းဆောင်တစ်ဦး၏ အမည်နှင့် ၎င်းက မြန်မာ့သမိုင်းအတွက် မည်သို့ အရေးပါကြောင်း ဖော်ပြထားသော ပိုစတာတစ်ခုကို ကျောင်းသူ ကျောင်းသားများက ရေးဆွဲပေးရမည်။ |
| ၇။ | က။ ကျောင်းသူ ကျောင်းသားများကို အဖွဲ့လိုက် သုတေသန ပရောဂျက်တစ်ခု ပေးရမည်။ အဖွဲ့တစ်ခုစီသည် ဘာသာရေးတစ်ခုစီကို ရွေးချယ်ပြီး ၎င်းဘာသာရေးက မိမိတို့ ဒေသအဆင့်၊ ပြည်နယ်တိုင်းအဆင့်တွင် မည်သည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း သုတေသနပြုရမည်ဖြစ်သည်။ နောက်တစ်ပတ်တာ ကာလအတွင်း ၎င်းတို့၏ မိမိတို့သက်ဆိုင်ရာ ခေါင်းစဉ်များကို သုတေသနပြုပြီး တွေ့ရှိချက်များကို အဖွဲ့လိုက် တင်ဆက်ချက်တစ်ခု တင်ပြရမည်။<br>ခ။ ကျောင်းသူ ကျောင်းသားများကို အဖွဲ့လိုက် သုတေသန ပရောဂျက်တစ်ခုပေးရမည်။ တစ်ဖွဲ့စီက ကမ္ဘာ့တိုက်ကြီး တစ်တိုက်စီကို ရွေးချယ်ပြီး ၎င်းတိုက်တွင် မည်သည့် ဘာသာရေးများ ကွဲပြားစွာ တည်ရှိနေကြောင်း သုတေသနပြု ရမည်ဖြစ်သည်။ နောက်တစ်ပတ်တာ ကာလအတွင်း ၎င်းတို့၏ မိမိတို့သက်ဆိုင်ရာ ခေါင်းစဉ်များကို သုတေသနပြုပြီး တွေ့ရှိချက်များကို အက်ဆေးတစ်ပုဒ်တွင် ရေးသားဖော်ပြရမည်။ |




(ဂ) ကျောင်းသူ ကျောင်းသားများသည် စားသောက်ဆိုင်တစ်ခုတွင် အင်္ဂလိပ်ဘာသာ စကားဖြင့် အစားအစာ မှာယူတတ်သွားလိမ့်မည်။

(ဃ) ကျောင်းသူ ကျောင်းသားများသည် ခေါင်းဆောင်ကောင်းနှင့် ခေါင်းဆောင်ဆိုး တို့၏ ဝိသေသလက္ခဏာများကို စာရင်းပြုရှင်းပြတတ်သွားလိမ့်မည်။

(င) ကျောင်းသူ ကျောင်းသားများသည် ဗိုင်းရပ်ကာကွယ်သည့် ဆော့ဝဲတစ်ခုကို ဒေါင်းလုတ် ရယူပြီး ကွန်ပျူတာတွင် တပ်ဆင်တတ်သွားလိမ့်မည်။

## လေ့ကျင့်ခန်း

**၈** အောက်ပါ သင်ယူမှု ရည်ရွယ်ချက်များကို ဖတ်ရှုပါ။

၁။ ရည်ရွယ်ချက်တစ်ခုစီက မည်သည့် ဘာသာရပ်မှ ရည်ရွယ်ချက်ဖြစ်ကြောင်း စဉ်းစားဆုံးဖြတ်ပါ။ (ရပ်ရွာဖွံ့ဖြိုးမှု၊ အင်္ဂလိပ်စာ၊ သင်္ချာ စသည်ဖြင့်)

၂။ ၎င်းရည်ရွယ်ချက်သည် သင်ရိုးအစီအစဉ်အဆင့် သင်ယူမှု ရည်ရွယ်ချက်များလော၊ သင်ခန်းစာအဆင့် သင်ယူမှု ရည်ရွယ်ချက်များလောဆိုသည်ကို စဉ်းစားဆုံးဖြတ်ပါ။

**က** ကျောင်းသူ ကျောင်းသားများသည် အာရုံစိုက်မှု ဖမ်းယူသော စာကြောင်းတစ်ကြောင်းနှင့် အဓိက ဆိုလိုရင်းပြ ဝါကျတစ်ခုပါသော နိဒါန်းပျိုး စာပိုဒ်တစ်ခု ရေးတတ်သွားမည်။

**ခ** ကျောင်းသူ ကျောင်းသားများသည် စာပိုဒ်သုံးပိုဒ်ပါသော အက်ဆေးတစ်ပုဒ် ရေးတတ်သွားမည်။

**ဂ** ကျောင်းသူ ကျောင်းသားများသည် မြန်မာ့သမိုင်းမှ ခေတ်အပိုင်းအခြားများကို ဂျန်ဒါရှုထောင့်မှ သော်လည်းကောင်း၊ လူမှုစီးပွားရှုထောင့်မှ သော်လည်းကောင်း ကြည့်ရှု လေ့လာတတ်သွားလိမ့်မည်။

**ဃ** ကျောင်းသူ ကျောင်းသားများသည် ရပ်ရွာလိုအပ်ချက်များကို ခွဲခြမ်းစိတ်ဖြာချက် ပြုလုပ်ရန် လုပ်ငန်းစဉ်တစ်ခု စီစဉ်ဒီဇိုင်းဆွဲတတ်သွားမည်။

**င** ကျောင်းသူ ကျောင်းသားများသည် ရပ်ရွာဖွံ့ဖြိုးရေး စီမံကိန်းတစ်ခုအတွက် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းနှင့် တာဝန်ခွဲဝေ သတ်မှတ်ခြင်းများကို ဆောင်ရွက်တတ်သွားလိမ့်မည်။

**စ** ကျောင်းသူ ကျောင်းသားများသည် ဂျီသြမေတြီကို အသုံးပြုပြီး လက်တွေ့ ပြဿနာများကို ဖြေရှင်းတတ်သွားမည်။

**ဆ** ကျောင်းသူ ကျောင်းသားများသည် စာကိုယ်ပါ စာပိုဒ်တစ်ခုကို ခေါင်းစည်းဝါကျ၊ အထောက်အကူပြု အချက်အလက်များ၊ နိဂုံးဝါကျတို့ဖြင့် ရေးတတ်သွားလိမ့်မည်။

**ဇ** ကျောင်းသူ ကျောင်းသားများသည် စတုရန်းပုံများနှင့် စတုဂံပုံများ၏ ဧရိယာ အကျယ်အဝန်းကို တွက်ထုတ်တတ်သွားလိမ့်မည်။

**ဈ** ကျောင်းသူ ကျောင်းသားများသည် ရုပ်ပုံများကို တြိဂံပုံ၊ စတုရန်းပုံ၊ စတုဂံပုံ၊ စက်ဝိုင်းပုံဟူ၍ ခွဲခြားတတ်သွားလိမ့်မည်။

**ည** ကျောင်းသူ ကျောင်းသားများသည် မူရင်းစာရွက်စာတမ်းများမှတဆင့် ဂျန်ဒါအမြင်များ၊ လူမှုစီးပွားအမြင်များကို ဖော်ထုတ်စဉ်းစားတတ်သွားလိမ့်မည်။

**ဋ** ကျောင်းသူ ကျောင်းသားများသည် ရပ်ရွာဖွံ့ဖြိုးရေး စီမံကိန်းတစ်ခုကို အစီအစဉ်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ဆောင်ရွက်တတ်သွားလိမ့်မည်။

**ဌ** ကျောင်းသူ ကျောင်းသားများသည် ကိုလိုနီခေတ် မြန်မာနိုင်ငံမှ အဓိက ဖြစ်ရပ်များကို အချိန်ပြမျဉ်း သုံးပြီး ဖော်ထုတ်သတ်မှတ်တတ်သွားလိမ့်မည်။

## ဆွေးနွေးချက်

**ည** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ အပတ်စဉ်နှင့် လစဉ် သင်ယူမှု ရည်ရွယ်ချက်များ ရေးသားခြင်းမှာ အရေးကြီးသည်ဟု ထင်ပါသလား။ သင်ရိုးအစီအစဉ်နှင့် သင်ခန်းစာ သင်ယူမှု ရည်ရွယ်ချက်များထားရှိရုံနှင့် လုံလောက်သည်ဟု ထင်ပါသလား။

၂။ သင်ယူမှု ရည်ရွယ်ချက်များ ရေးသားခြင်းနှင့် ပတ်သက်ပြီး သင်ခါစ ဆရာ ဆရာမများအတွက် မည်သည့် အကြံဉာဏ်ပေးမည်နည်း။

# ၂၂ အခြေခံနှင့် အဆင့်မြင့် စဉ်းစားတွေးခေါ်ပုံ


## အကြိုသင်ခန်းစာ

**က** ပုံများတွင်ပါသော လုပ်ငန်းစဉ်များကိုကြည့်ပါ။

၁။ လုပ်ငန်းစဉ်တစ်ခုစီတွင် ကျောင်းသူ ကျောင်းသားများ မည်သည်တို့ လုပ်ဆောင်နေရသနည်း။

၂။ ဆရာအနေနှင့်ဖြစ်စေ၊ ကျောင်းသူ ကျောင်းသားအနေနှင့်ဖြစ်စေ၊ ဤလုပ်ငန်းစဉ်များကို လုပ်ဆောင်ဖူးပါသလား။






၁၉၅၆ ခုနှစ်တွင် အမေရိကန် ပညာရေးစိတ်ပညာရှင် ဘင်ဂျမင် ဘလူးမ်က သင်ယူမှု ရည်ရွယ်ချက်များကို စဉ်းစားတွေးခေါ်မှု အဆင့်များအဖြစ် ခွဲခြားပြသော စနစ်တစ်ခုကို ဖော်ထုတ်သတ်မှတ်ခဲ့သည်။ ထိုစနစ်ကို Bloom's Taxonomy ဘလူးမ်၏ သင်ယူမှုအဆင့်များဟု ခေါ်ဝေါ်ကြသည်။ ၎င်းတွင် အခြေခံ စဉ်းစားခြင်းစွမ်းရည်များ အဆင့် နှစ်ဆင့် (မှတ်မိသိရှိခြင်း၊ နားလည်သဘောပေါက်ခြင်း) အဆင့်မြင့် စဉ်းစားခြင်း စွမ်းရည်များ အဆင့်လေးဆင့် (အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ဝေဖန်သုံးသပ်ခြင်း၊ တီထွင်ဖန်တီးခြင်း) တို့ပါရှိကြောင်း သတ်မှတ်ထားသည်။

ဆရာ ဆရာမများအနေနှင့် ၎င်းတို့ ကျောင်းသူ ကျောင်းသားများ၏ သင်ယူမှုအတွေ့အကြုံများကို စီမံနေရာချနိုင်ရန် ဘလူးမ်၏ သင်ယူမှုအဆင့်များကို တွင်တွင်ကျယ်ကျယ်

## လေ့ကျင့်ခန်း

**၁** စဉ်းစားတွေးခေါ်ခြင်း အဆင့်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တွဲစပ်ပါ။

၁။ မှတ်မိသိရှိခြင်း

၂။ နားလည်သဘောပေါက်ခြင်း

၃။ အသုံးချခြင်း

၄။ ခွဲခြမ်းစိတ်ဖြာခြင်း

၅။ ဝေဖန်သုံးသပ်ခြင်း


၆။ တီထွင်ဖန်တီးခြင်း

**က။** ကျောင်းသူ ကျောင်းသားများသည် သင်ယူရရှိထားသော အချက်အလက်များကို သုံးစွဲပြီး အတွေးအယူအသစ်များ၊ တီထွင်မှုများ၊ သီအိုရီ အသစ်များ စသည်တို့ကို ဖန်တီးနိုင်သည်။

**ခ။** ကျောင်းသူ ကျောင်းသားများသည် သင်ပေးထားသော အချက်အလက်များကို အခြေအနေအသစ်များ၊ အခင်းအကျင်းအသစ်များတွင် အသုံးပြုတတ်သည်။

**ဂ။** သတင်းအချက်အလက် အစိတ်အပိုင်းများအကြား ချိတ်ဆက်မှုများမြင်ခြင်း၊ ဖြစ်စဉ်ပုံစံများ၊ ပတ်သက်မှုများကို နားလည်သဘောပေါက်ခြင်းရှိသည်။

အသုံးပြုကြသည်။ ဥပမာ ဆရာ ဆရာမအများစုသည် သင်ခန်းစာပြင်ဆင်ရာတွင် အခြေခံစဉ်းစားခြင်း စွမ်းရည်များနှင့် စတင်ပြီးမှ အဆင့်မြင့်စဉ်းစားခြင်း စွမ်းရည်များထံ တဆင့်ချင်း တက်လှမ်းသည့် သင်ခန်းစာ အဆင့်များ သတ်မှတ်တတ်ကြသည်။ သင်ခန်းစာများနှင့် သင်ရိုးအစီအစဉ်များသည် ကျောင်းသူ ကျောင်းသား အဆင့်မြင့်စဉ်းစားခြင်း စွမ်းရည်များ တဖြည်းဖြည်း ကျွမ်းကျင်ရရှိလာအောင် ဦးတည်ထားခြင်း ရှိကြပါသည်။ သို့ရာတွင် အခြေခံစဉ်းစားခြင်း စွမ်းရည်များမှာလည်း အရေးကြီးပါသေးသည်။ အဆင့်မြင့်စဉ်းစားခြင်း စွမ်းရည်များရရှိစေရန် ၎င်းတို့က အခြေခံအုတ်မြစ်အနေနှင့် ရှိရမည်ဖြစ်သောကြောင့်ပင်။ ပိုမိုခက်ခဲသော စဉ်းစားတွေးခေါ်ခြင်း အဆင့်များကို မဆောင်ရွက်မီ၊



ကျောင်းသူ ကျောင်းသားများသည် အကြောင်းအရာ တစ်စုံတစ်ခုကို ကောင်းစွာမှတ်မိသိရှိခြင်း၊ နားလည်သဘောပေါက်ခြင်း ရှိရမည်ဖြစ်သည်။

များသောအားဖြင့် ကျောင်းသူ ကျောင်းသားများသည် ထိုစဉ်းစားခြင်းအဆင့်များကို တပြိုင်နက် လုပ်ဆောင်နေမည် ဖြစ်သည်။ ဥပမာ – အဆင့်မြင့်စဉ်းစားခြင်း စွမ်းရည်များကို လက်တွေ့လုပ်ဆောင်ပြသနေချိန်တွင် အချက်အလက်များကို မှတ်မိသိရှိခြင်း၊ နားလည်သဘောပေါက်ခြင်းရှိကြောင်း လည်း မြင်နေရမည်ဖြစ်သည်။ တီထွင်ဖန်တီးခြင်းအဆင့် ရောက်သည့်အခါတွင်လည်း၊ ကျောင်းသူ ကျောင်းသားများ သည် မိမိတို့ သင်ယူရရှိထားသည်တို့ကို အသုံးချနေကြောင်း မြင်ရမည်ဖြစ်သည်။

သင်ယူမှု ရည်ရွယ်ချက်များ ရေးသားရာတွင် ဘလုမ်၏ သင်ယူမှုအဆင့်များကို အသုံးပြုနိုင်ပါသည်။ ဆရာ ဆရာမများသည် အခြေခံနှင့် အဆင့်မြင့်စဉ်းစား တွေးခေါ်ခြင်း လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ ကြိယာ စကားလုံး ရွေးချယ်ကောက်ယူကာ သင်ခန်းစာနှင့် သင်ရိုး အစီအစဉ်၏ သင်ယူမှု ရည်ရွယ်ချက်များတွင် ထည့်သွင်း ရေးသားနိုင်သည်။ ရည်ရွယ်ချက် ရေးသားရာတွင် လေ့လာစောင့်ကြည့်နိုင်သည့် ကြိယာစကားလုံးများကို ရွေးချယ်သင့်ပါသည်။ ဥပမာ စာရင်းပြုစု၊ နှိုင်းယှဉ်၊ တည်ဆောက်ပြုလုပ်၊ ဒီဇိုင်းထုတ် စသည်ဖြင့်ဖြစ်သည်။ လေ့လာစောင့်ကြည့်ခြင်း ပြု၍မရနိုင်သည့် လုပ်ဆောင်ချက် ကြိယာများကို မရွေးသင့်ပါ။ ဥပမာ စဉ်းစား၊ သိရှိ၊ သင်ယူ၊ နားလည် စသည်တို့ဖြစ်သည်။

**ဃ။** ကျောင်းသူ ကျောင်းသားများက အယူအဆများ၊ အကြံဉာဏ်များကို မိမိတို့ ကိုယ်ပိုင်စကားလုံးများဖြင့် ပြန်ရှင်းပြနိုင်သည်။

**င။** တစ်စုံတစ်ရာသည် ကောင်းသည်ဆိုးသည်၊ မှန်သည် မှားသည်၊ သင့်လျော်သည် မသင့်လျော်စသည်ဖြင့် ကျောင်းသူ ကျောင်းသားများက ဆုံးဖြတ် သတ်မှတ်သည်။

**စ။** ကျောင်းသူ ကျောင်းသားများသည် စာကိုပြန်မကြည့်ဘဲ အလွတ်ပြန်ပြောတတ်သည်။

## လုပ်ငန်းစဉ်

**၈** ၂.၂ က မှ လုပ်ငန်းစဉ်များကို ပြန်ကြည့်ပါ။ မည်သည့် လုပ်ငန်းစဉ်များက မည်သည့် စဉ်းစားတွေးခေါ်မှု အဆင့်ကို ရောက်ရှိပါ သနည်း။



## လုပ်ငန်းစဉ်

**ဃ** အောက်ပါလုပ်ငန်းစဉ်စာရင်း ၆ ခုကို ကြည့်ပါ။

၁။ လုပ်ငန်းစဉ် စာရင်း (က မှ စ အထိ) ကို သက်ဆိုင်ရာ ဘလူးမ်၏ စဉ်းစားခြင်း အဆင့်နှင့် မှန်ကန်စွာ တွဲစပ်ပါ။

၂။ အောက်ပါ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ စာရင်းထဲသို့ မှန်ကန်စွာ ရွေးချယ်ထည့်သွင်းပါ။ လုပ်ငန်းစဉ် တစ်ခုသည် စာရင်းတစ်ခုစီအောက် ဝင်လိမ့်မည်။

- i ဟောပြောပို့ချချက်တစ်ရပ်မှ အဓိကအချက်များကို ဖော်ထုတ်
- ii သဒ္ဒါတည်ဆောက်ပုံ နမူနာကိုကြည့်ပြီး သဒ္ဒါစည်းမျဉ်းကို ခန့်မှန်း
- iii ဇာတ်လမ်းတစ်ခုထဲမှ အဓိက ဖြစ်စဉ်များကို စာရင်းပြုထုတ်ဖော်
- iv သက်ဆိုင်ရာ ပုံသေနည်းများကို သိရှိပြီး သည့်အခါ သေတ္တာ၊ တြိဂံပုံကတော့၊ ဆလင်ဒါ၊ အလုံးတို့၏ ထုထည်များကို တွက်ထုတ်
- v အရေးကိစ္စတစ်ခုနှင့် ပတ်သက်သည့် မိမိ၏ အတွေးအယူအဆကို ဖော်ထုတ်သည့် အက်ဆေးတစ်ပုဒ်ရေးသား
- vi ရိတ်သိမ်းထားသော စပါးသိုလှောင်ရန် အဆောက်အအုံတစ်ခု ပုံစံထုတ်

**စာရင်း (က)** ________________

- တစ်စုံတစ်ခု၏ လှုပ်ရှားဆောင်ရွက်ပုံကို သရုပ်ဖော်ပြသနိုင်မည့် ပုံစံငယ်တစ်ခု တည်ဆောက် ...
- သင်ကြားထားသည့် ဇာတ်လမ်းမှ အကြံဉာဏ်များကို အသုံးပြုပြီး ဉာဏ်စမ်းတစ်ခုပြုလုပ်
- အရုပ်ကို ရိုးရာဝတ်စုံ ဝတ်ပေး
- သင်ကြားပေးလိုက်သော နည်းသစ်ကို သုံးပြီး သင်္ချာ ပုစ္ဆာများဖြေရှင်း
- သင်ကြားပေးလိုက်သော သဒ္ဒါစည်းမျဉ်းကို သုံးပြီး ဝါကျတစ်ကြောင်း ရေးသား

**စာရင်း (ခ)** ________________

- မေးခွန်းလွှာတစ်ခုမှ အချက်အလက်များကို အဓိပ္ပာယ်ဖော်ပြီး ဇယားကွက်များ၊ သရုပ်ဖော်ပုံများတွင် ပြသ
- သတင်းအချက်အလက်များကို လေ့လာပြီး ၎င်းအချက်အလက်များက အယူအဆတစ်ခုခု သီအိုရီတစ်ခုခုနှင့် ကိုက်ညီမှု ရှိမရှိ ဆုံးဖြတ်
- ဖြစ်စဉ်တစ်ခုအတွင်းမှ အရေးကြီးအဆင့်များကို ပြသသော သရုပ်ဖော်ပုံ တစ်ခုဆွဲ
- သမိုင်းဖြစ်ရပ်တစ်ခု၏ အကြောင်းအရင်းခံများကို ရှင်းပြ
- ခေါင်းစဉ်တစ်ခုအကြောင်း အစီရင်ခံစာတစ်ခု ရေးသား

၃။ စာရင်းတစ်ခုစီတွင် လုပ်ငန်းစဉ် နမူနာတစ်ခုစီ ထပ်ထည့်ပါ။

၄။ စာရင်းပါ လုပ်ဆောင်ချက်တစ်ခုစီကို 'ကျောင်းသူ ကျောင်းသားများသည် ________ တတ်သွားလိမ့်မည်' ဟု ပြင်ရေးလိုက်ပါက မည်သည့်အရေးအသား ဖြစ်သွားမည်နည်း။

(က) အဆင့်မြင့် စဉ်းစားခြင်း စွမ်းရည်များဖြစ်သွားမည်။

(ခ) သင်ယူမှု ရည်ရွယ်ချက်များ ဖြစ်သွားမည်။

(ဂ) လေ့လာစောင့်ကြည့်၍ မရသော အရေးအသားဖြစ်သွားမည်။

(ဃ) ကျောင်းသားများ လုပ်ဆောင်၍ မရတော့သည့်အရာများ ဖြစ်သွားမည်။

**စာရင်း (ဂ) ________**

- အဖြစ်အပျက်များကို ပြသည့် အချိန်ပြမျဉ်းတစ်ခု ရေးဆွဲ
- အချက်အလက် စာရင်းတစ်ခု ပြုစု
- ဇာတ်လမ်းတစ်ခုတွင် ပါသမျှ တိရစ္ဆာန်များကို စာရင်းပြုစု
- သဒ္ဒါစည်းမျဉ်းတစ်ခု ရေးသား
- ကဗျာရွတ်ဆို

**စာရင်း (ဃ) ________**

- ထုတ်ကုန်သစ်တစ်ခုကို ဖန်တီးပြီး မားကတ်တင်းကမ်ပိန်းတစ်ခု စီစဉ်ပါ
- သီချင်း၊ ဇာတ်လမ်း၊ ကဗျာရေးပါ
- စာအုပ် မျက်နှာဖုံး ဒီဇိုင်းထုတ်ပါ
- ဂီတသံတစ်ခု ဖန်တီးစပ်ဆိုပါ
- ဈေးဆိုင် အမြတ်တွက်ပေးသော ကွန်ပျူတာ ဆော့ဝဲ ရေးပါ

**စာရင်း (င) ________**

- စာသားတစ်ခုအတွက် နားလည်မှု စစ်ဆေးသော မေးခွန်းများဖြေ
- အဓိက အယူအဆ သတ်မှတ်ဖော်ထုတ်
- အဖြစ်အပျက်များကို အဆင့်ဆင့် ဖော်ပြသော ကာတွန်းကွက်ရေး
- ဇာတ်လမ်းကို မိမိကိုယ်ပိုင် စကားလုံးများဖြင့် ပြန်ပြော
- မှား/မှန် မေးခွန်းများဖြေ

**စာရင်း (စ) ________**

- စံသတ်မှတ်ချက် စာရင်းသုံးပြီး တင်ဆက်ဟောပြောချက် တစ်ခုကို အမှတ်ပေး
- စကားရည်လုပွဲတစ်ခု ပြုလုပ်ပြီး မည်သူက အကောင်းဆုံး အဆိုများ ရှိကြောင်း မဲပေး
- အပြောင်းအလဲ တစုံတရာ အဘယ့်ကြောင့် ဖြစ်သင့်ကြောင်း အစိုးရကို ရှင်းလင်းတင်ပြသည့် စာတစ်စောင်ရေးပါ
- မြို့ပြတွင် နေထိုင်ခြင်း၏ အားသာ/ အားနည်းချက်များကို စာရင်းပြုစုပါ

## လေ့ကျင့်ခန်း

**င** ဘလူးမ်၏ သင်ယူမှုအဆင့်များနှင့် အောက်ပါ လုပ်ဆောင်ချက်များကို တွဲစပ်ပါ။ (ကျောင်းသူ ကျောင်းသားများက ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်နေပါက ၎င်းတို့သည် သက်ဆိုင်ရာ သင်ယူမှုအဆင့်တွင် တွေးတော စဉ်းစားနေခြင်း ဖြစ်နိုင်ပါသည်။)

၁။ နှိုင်းယှဉ်၊ ဆွေးနွေး၊ ရှင်းပြ၊ ဖော်ပြ၊ ကောက်ချက်ချ၊ ဘာသာပြန်၊ ပြင်ရေး၊ ပြန်ပြော၊ အကျဉ်းချုပ်။

၂။ ငြင်းခုံ၊ ကောက်ချက်ချ၊ ဆွဲဆောင်၊ ဝေဖန်၊ ကာကွယ်ပြောဆို၊ ကောင်းဆိုး ဆုံးဖြတ်၊ သက်သေပြ၊ ဦးစားပေး ရွေးချယ်၊ အဆင့်ခွဲ၊ ကောင်းကြောင်း ထောက်ခံ၊ အားပေး၊ စမ်းသပ်လုပ်ဆောင်

၃။ အမျိုးအစားခွဲ၊ နှိုင်းယှဉ်၊ ကွဲပြားချက်ရှာ၊ ခွဲခြား၊ လေ့လာ၊ စုံစမ်း၊ စုစည်း၊ သုတေသနပြု

## လေ့ကျင့်ခန်း

**စ** ကဗျာများနှင့် ဆရာ ဆရာမက ၎င်းတို့ ကျောင်းသူ ကျောင်းသားများကို မေးမြန်းနိုင်သည့် မေးခွန်းများကို ဖတ်ရှုပါ။ မေးခွန်းတစ်ခုစီကို စဉ်းစားခြင်းအဆင့် တစ်မျိုးစီနှင့် ချိတ်ဆက်ပြပါ။




### ပညာရှိဇီးကွက်

ဇီးကွက်ကြီး ပညာရှိ သစ်ကိုင်းပေါ်မှာ နားနေ၏။

ပို၍ ပို၍ မြင်သိရာ စကားလည်း နည်းလာ။

စကားနည်း၍ ပိုကြားသိ ဇီးကွက်ပညာရှိ။

လူတို့အတုယူသင့်၏ ၊ ဇီးကွက်ပညာရှိ။

အက်ဒဝပ် အိပ်ချ် ရစ်ချက်၏
The Owl ကို ပြန်ဆိုသည်။



### လိပ်ပြာ

လိပ်ပြာဆိုတာ ငေးမောဖွယ်ရာ

ရွှေထက်လှတဲ့ အရောင်ဖြာ


တစ်နာရီပြီး တစ်နာရီ ပျံသန်း

ပန်းပွင့် တစ်ပွင့်ပြီး တစ်ပွင့် လည်ပတ်

လှလိုက်တဲ့ လိပ်ပြာရယ်

တဖျတ်ဖျတ်အတောင်ခတ် ပျံသန်းတာ
ငါထိုင်ကြည့်မိတယ်။

ရခ်ဟန်တာ၏ The butterfly ကို
ပြန်ဆိုသည်။



၄။ စီစဉ်၊ အဓိပ္ပာယ်ဖွင့်ဆို၊ သရုပ်ဖော်၊ ရေးဆွဲ၊ ရှာဖွေ၊ သတ်မှတ်ဖော်ထုတ်၊ နာမည်တပ်၊ စာရင်းပြု၊ တွဲစပ်၊ ပြန်စဉ်းစား၊ အလွတ်ရွတ်ဆို

၅။ တပ်ဆင်၊ ပေါင်းစပ်၊ တည်ဆောက်၊ ဒီဇိုင်းထုတ်၊ စမ်းသပ်တည်ဆောက်၊ တီထွင်၊ ပြုပြင်၊ အစီအစဉ်ရေးဆွဲ၊ ထုတ်လုပ်

၆။ တွက်ချက်၊ ပြောင်းလဲ၊ အမျိုးအစားခွဲ၊ သရုပ်ပြ၊ စမ်းသပ်လုပ်ဆောင်၊ အကောင်အထည်ဖော်၊ ခန့်မှန်း၊ ဖြေရှင်း

- မှတ်မိသိရှိခြင်း
- နားလည်သဘောပေါက်ခြင်း
- အသုံးချခြင်း
- ခွဲခြမ်းစိတ်ဖြာခြင်း
- ဝေဖန်သုံးသပ်ခြင်း
- တီထွင်ဖန်တီးခြင်း

လေ့တွေ မြစ်ထဲ ရှက်လွင့်

သဘော်တွေ ပင်လယ်ရေကူးခတ်

ဒါပေမယ့် ကောင်းကင်ဖြတ်သန်း ပျံသန်းတဲ့

တိမ်တိုက်တွေ အင်မတန် ပိုလှတာပေ့ါ။

မြစ်ကမ်းနှစ်ဖက်ပေါ်မှာ တံတားတွေ
ဆက်ထားမယ်

ကိုယ်လှစေချင်သလောက် လှပြကြမယ်။


ဒါပေမယ့် ကောင်းကင်ဘုံကို တံတားကူးထားတဲ့
လေးကိုင်းကွေး

သစ်ပင်ထိပ်ဖျားမှာလည်း ရှိမယ်

မြေပြင်က ကောင်းကင်ထိပေါင်းကူးပေးတဲ့
လမ်းကလေး

အင်မတန်ပိုလှတာပေ့ါ။

ခရစ်စတီနာ ရိုဆက်တီ၏ the Rainbow ကို ပြန်ဆိုသည်။



## စောစောအိပ်ပြီး စောစောထ

မနက်မိုးထ ရှေကြက်ဖ

တွန်သံကျယ်ကျယ် နှိုးသဗျ။

အိပ်ရာမထ နောက်ကျသူ

ပညာတိုးရန် မရှိဟူ။

စောစောအိပ်လို့ စောစောထမှ

ကျန်းမာ ချမ်းသာ ပညာရ။

ဘင်ဂျမင် ဖရန်ကလင်၏
Early to Bed and Early to Rise ကို ပြန်ဆိုသည်။

၁။ သဘော်များ လေ့များထက် လှပသည့်အရာမှာ အဘယ်နည်း။

၂။ စောစောအိပ်၊ စောစောထသည့်သူ တစ်ဦးဦးကို သိပါသလား။ စောစောအိပ်၊ စောစောထခြင်းကြောင့် မည်သည့် သက်ရောက်မှုများကို ၎င်းတို့ ခံစားရပါသနည်း။

၃။ စာရေးသူ အလိုအရ ဖီးကွက်ကြီးကို အဘယ်ကြောင့် ပညာရှိသည်ဟု စာရေးသူက သတ်မှတ်ခြင်း ဖြစ်ပါသနည်း။

၄။ မည်သည့်ကဗျာက မိမိ အနှစ်သက်ဆုံးကဗျာ ဖြစ်ပါသနည်း။ အဘယ့်ကြောင့်နည်း။

၅။ မည်သည့်ကဗျာတွင် သင်ခန်းစာယူစရာ အဆုံးအမ သတင်းစကား ပါဝင်ပြီး မည်သည့်ကဗျာတွင် မပါဝင်ပါသနည်း။ ဤကဗျာများသည် မည်သို့ တူညီကွဲပြားကြပါသနည်း။

၆။ ဤကဗျာလေးပုဒ် စုစည်းမှုကို မည်သို့ ခေါင်းစဉ်တပ်မည်နည်း။ အဖုံးဒီဇိုင်း မည်သို့ ဆွဲမည်နည်း။

## လုပ်ငန်းစဉ်

**၁၀** ဤဆောင်းပါးကို ဖတ်ရှုပါ။

၁။ စဉ်းစားခြင်းအဆင့် တစ်ဆင့်စီအတွက် လုပ်ငန်းစဉ်တစ်ခုဖြစ်စေ၊ မေးခွန်းတစ်ခုဖြစ်စေ နှစ်ဦးတွဲအလိုက် ရေးသား ပြင်ဆင်ပါ။ မိမိတို့ ရေးသားထားသည်တို့ကို အခြားသူများနှင့် ပြသမျှဝေပါ။

၂။ ဤလုပ်ငန်းစဉ်တွင် သတ်မှတ်ထားရှိနိုင်သော သင်ယူမှု ရည်ရွယ်ချက်ကောင်းတစ်ခုကိုရေးပါ။

### မြန်မာ့ အပူပိုင်းဇုန်

မြန်မာ့လူဦးရေ လေးပုံတစ်ပုံသည် မြန်မာ့အပူပိုင်းဇုန်တွင် နေထိုင်ကြသည်။ ၎င်းလူဦးရေ၏ ၆၀% မှာ လယ်သမားများ ဖြစ်ပြီး စားဝတ်နေရေးအတွက် မြေယာကို အားထားရသူများ ဖြစ်သည်။ ၎င်းတို့အများစုသည် စားနပ်ရိက္ခာရရှိရေးနှင့် ရေရရှိရေး အခက်အခဲများကို ကြုံတွေ့နေရသည်။

ဤဒေသက အဘယ့်ကြောင့် ပူပြင်းခြောက်သွေ့ရသနည်း ဆိုသော် ချင်းတောင်တန်းများ၏ မိုးကွယ်လေကွယ်အရပ်ဖြစ်သောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ပျမ်းမျှမိုးရေချိန် အနည်းဆုံးဒေသလည်းဖြစ်သည်။ အပူပိုင်းဇုံအတွင်း အချို့ အပိုင်းများတွင် ပျမ်းမျှမိုးရေချိန်သည် လေးလက်မ (၁၀၀ မီလီမီတာ) အောက်သာရှိသည်။ မြန်မာနိုင်ငံအတွင်း အခြားဒေသများ၏ ပျမ်းမျှမိုးရေချိန်မှာ ၈ လက်မမှ ၂၄ လက်မ အထိ (၂၀၀–၆၀၀ မီလီမီတာအထိ) ရှိသည်။

အပူပိုင်းခြောက်သွေ့ဇုန်တွင် အဓိကရင်ဆိုင်နေရသောပြဿနာမှာ စားနပ်ရိက္ခာ မလုံလောက်မှုပင်ဖြစ်သည်။ လူအများ လက်လှမ်းမီ တတ်နိုင်ပြီး အာဟာရပြည့်ဝသော စားနပ်ရိက္ခာရှားပါးခြင်းက ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ ၂၀၁၄ စစ်တမ်းတစ်ခုတွင် အပူပိုင်းဇုန်မှ အိမ်ထောင်စု ၁၈.၅% သည် စားနပ်ရိက္ခာ မလုံလောက်မှု ကြုံနေရကြောင်း တွေ့ရှိရသည်။ မန္တလေးတိုင်း ပုဂံဒေသရှိ ဒေသခံအမျိုးသမီးတစ်ဦးဖြစ်သူ အသက် ၃၀ ရှိ ဒေါ်ကြည်ငွေးက "တစ်နေ့ တစ်နေ့ စားစရာရဖို့ မနည်းကြိုးစားရှာရတယ်" ဟုဆိုသည်။

ထိုပြဿနာက နောက်ပိုင်းပို၍ ဆိုးလာဖွယ်ရာသာ ရှိပါသည်။ ပြီးခဲ့သည့်နှစ်များအတွင်း စပါးအထွက် ညံ့ခြင်းနှင့် ရေပြတ်လပ်မှုများသည် ပြဿနာတစ်ရပ်ဖြစ်သည်။ မိုးနည်းခြင်း၊ ရေသွင်းစနစ် မရှိခြင်းတို့ကြောင့် မိုးခေါင်ရေပြတ်ခြင်း မကြာခဏဖြစ်လာသည်။

အပူပိုင်းခြောက်သွေ့ဇုန်အတွင်း စားနပ်ရိက္ခာ လုံလောက်မှု ပြဿနာကို ဖြေရှင်းရန် နည်းလမ်းပေါင်းစုံလိုအပ်သည်။ သစ်ပင်များ စိုက်ပျိုးခြင်း၊ ခေတ်မီ စိုက်ပျိုးနည်းသစ်များအတွက် ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ စိုက်ပျိုးမြေ တိုးချဲ့နိုင်ရေးအတွက် မြေပြုပြင်ခြင်းဆိုင်ရာ အထောက်အပံ့များ လယ်သမားများကို ပေးအပ်ရန် လိုအပ်ပါသည်။ ထိုအထောက်အပံ့များကို မလုပ်ဆောင်နိုင်ပါက မြန်မာ့အပူပိုင်း အခြောက်သွေ့ဆုံး ဒေသများတွင် ပြည်သူများ ပို၍ ပို၍ ဒုက္ခတွေ့ရမည်ဖြစ်သည်။

## လုပ်ငန်းစဉ်

**၁၁** မိမိသင်ကြားလေ့ရှိသည့်/သင်ကြားရန် ပြင်ဆင်ထားသည့် ခေါင်းစဉ်တစ်ခုကို ရွေးပါ။ ထိုခေါင်းစဉ်ကို သင်ကြားရာတွင် အသုံးပြုနိုင်မည့် လုပ်ငန်းစဉ်များကို ဘလူးမ်၏ သင်ယူမှုအဆင့် တစ်ဆင့်လျှင် လုပ်ငန်းစဉ်တစ်ခု စဉ်းစားပြင်ဆင်ပါ။

## ဆွေးနွေးချက်

**၁၂** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ ကျောင်းသူ ကျောင်းသားအနေနှင့်သော်လည်းကောင်း၊ ဆရာ ဆရာမအနေနှင့်သော်လည်းကောင်း၊ မိမိ အကြုံတွေ့ရဆုံး ဘလူးမ်သင်ယူမှုအဆင့်မှာ မည်သည့်အဆင့်ဖြစ်သနည်း။

၂။ မိမိ၏ သင်ရိုးအစီအစဉ်နှင့် သင်ခန်းစာ အစီအစဉ်များ ပြင်ဆင်ရာတွင် အထောက်အကူပြုရန် ဘလူးမ်၏ သင်ယူမှုအဆင့်များကို မည်သို့ အသုံးပြုနိုင်မည်နည်း။

၃။ သင်ယူမှု ရည်ရွယ်ချက်များ ရေးသားရာတွင် ဘလူးမ်၏ သင်ယူမှုအဆင့်များက မည်သို့ အထောက်အကူ ပြုနိုင်မည်နည်း။

# ၂.၃ ပညာရေးပန်းတိုင်များ

## အကြိုသင်ခန်းစာ

**က** ဝေါဟာရများနှင့် ရှင်းလင်းချက်များကို တွဲစပ်ပါ။

| ဝေါဟာရများ | ရှင်းလင်းချက်များ |
|---|---|
| ၁။ အသိပညာ | (က) စိတ်နေစိတ်ထားများ – မိမိထင်မြင်၊ ခံစားမှုနှင့်ဆိုင်၊ မိမိ၏ စိတ်နေစိတ်ထားနှင့် ရပ်တည်ချက်ကို ထင်ဟပ် |
| ၂။ အတတ်ပညာ | (ခ) အကြောင်းအရာ – မိမိသိရှိနားလည်သည့်အရာ |
| ၃။ စံတန်ဖိုးများ | (ဂ) စွမ်းရည်များ – မိမိလုပ်ကိုင်နိုင်စွမ်းရှိသည့်အရာများ |


**ခ** အောက်ပါမေးခွန်းများကို နှစ်ဦးတွဲအလိုက် ဆွေးနွေးဖြေဆိုပါ။

၁။ သင်ယူသူများအနေနှင့် အသိပညာများ ရရှိလာအောင်၊ အတတ်ပညာနှင့် စံတန်ဖိုးများ တည်ဆောက်လာနိုင်အောင် ပညာရေးက မည်သို့ အထောက်အကူပြုသနည်း။

၂။ ပညာရေးမှ အခြားရရှိသော အကျိုးကျေးဇူးများ ရှိပါသလား။



ဆရာ ဆရာမ အတော်များများက ၎င်းတို့၏ အဓိကတာဝန်မှာ ကျောင်းသူ ကျောင်းသားများထံ အသိဗဟုသုတများ လွှဲပြောင်းမှုဝေရန်သာဖြစ်သည်ဟု ထင်မြင်ကြသည်။ သို့ရာတွင် အသိဗဟုသုတသာမက စွမ်းရည်/အတတ်ပညာများ တည်ဆောက်ရန်လည်း အရေးကြီးသည်။ ကျောင်းသူ ကျောင်းသားများ၏ ဘဝအတွက် အသုံးဝင်သော စွမ်းရည်ကျွမ်းကျင်မှု နမူနာ အချို့တွင် အောက်ပါတို့ ပါဝင်နိုင်ပါသည်။



- လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများ – ကျောင်းသူ ကျောင်းသားများ၏ ပညာသင်ယူမှု ဘဝတစ်လျှောက် အထောက်အကူပြုမည့် စွမ်းရည်များ။
- အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများ – ပညာသင်ယူမှုအပြီး အလုပ်ခွင်ဝင်ရန် ကြိုတင်ပြင်ဆင်ပေးသော စွမ်းရည်များ။
- လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ – နေ့စဉ် ဘဝကို ဖြတ်သန်းနေထိုင်နိုင်စေမည့် စွမ်းရည်များဖြစ်သည်။

အသိအသစ်များကို ရရှိပြီး အတတ်အသစ်များကို လေ့ကျင့်ခြင်းအားဖြင့် ကျောင်းသူ ကျောင်းသားများ၏ စံတန်ဖိုးများလည်း ပြောင်းလဲတိုးတက်လာနိုင်ပါသည်။ ဥပမာအားဖြင့် အဖွဲ့လိုက် လုပ်ငန်းစဉ်များကို ထိရောက်စွာ လုပ်ဆောင်ရန် လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ လိုအပ်သည်။ ဥပမာ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း စသည့် ကျွမ်းကျင်မှုများဖြစ်သည်။ အဖွဲ့လိုက်လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းဖြင့် ကျောင်းသူ ကျောင်းသားများသည် ပူးပေါင်းဆောင်ရွက်မှုရှိခြင်းနှင့် အသင်းအဖွဲ့လိုက် လုပ်ဆောင်မှုကို စံတန်ဖိုးအဖြစ် သတ်မှတ်လိုက်နာခြင်း ပိုရှိလာနိုင်သည်။

ဆရာ ဆရာမ မတူလျှင်၊ သင်ရိုးအစီအစဉ်နှင့် ကျောင်းအမျိုးမျိုးကွဲပြားလျှင် ၎င်းကျွမ်းကျင်မှုများနှင့် စံတန်ဖိုးများကို ဦးစားပေးသတ်မှတ်ခြင်းလည်း အမျိုးမျိုး ကွဲပြားနိုင်သည်။ ကျောင်းသူ ကျောင်းသားများ၏ အဆင့်မြင့်ပညာရေးအတွက် ဆက်လက်လေ့လာရန်၊ အလုပ်နှင့် ဆက်ဆံရေးအမျိုးမျိုးအတွက် လိုအပ်သည်တို့ ကြိုတင်ပြင်ဆင်ပေးနိုင်စေမည့် ပညာရေးပန်းတိုင်များ အဖြစ် ၎င်းအသိ၊ အတတ်၊ စံတန်ဖိုးများကို ထည့်သွင်း သတ်မှတ်နိုင်ပါသည်။ ဆရာ ဆရာမတစ်ဦးအနေနှင့်လည်း မည်သည့် ပညာရေး ပန်းတိုင်များကို မိမိကျောင်းသူ ကျောင်းသားများအတွက် ထားရှိသတ်မှတ်နိုင်မည် ဖြစ်ကြောင်း စဉ်းစားသင့်သည်။ သင်ရိုးအစီအစဉ်၊ ကျောင်း စသည်တို့တွင် သတ်မှတ်ထားသော ပညာရေး ပန်းတိုင်များကိုလည်း စဉ်းစားသင့်ပါသည်။ ထိုပန်းတိုင်များကို သိရှိထားပါက ဆရာ ဆရာမများ အနေနှင့် သင်ခန်းစာ ကြိုတင်ပြင်ဆင်ရာတွင်၊ သက်ဆိုင်ရာ အကြောင်းအရာနှင့် လုပ်ငန်းစဉ် ရွေးရာတွင် အထောက်အပံ့ကောင်းစွာ ပြုနိုင်မည်ဖြစ်သည်။

## လေ့ကျင့်ခန်း

၁ အောက်ပါ သင်ယူမှု ရည်ရွယ်ချက်များကို ပညာရေးပန်းတိုင် အမျိုးအစား လေးမျိုးနှင့် တွဲစပ်ပါ။ အချို့ ရည်ရွယ်ချက်များက ပန်းတိုင်အမျိုးအစား တစ်မျိုးတည်းနှင့်မက ကိုက်ညီမှုရှိနိုင်သည်။

| ဘာသာရပ်ပိုင်း အသိပညာ | လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများ | အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများ | လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ |
|---|---|---|---|
| | | | |

ကျောင်းသူ ကျောင်းသားများသည် ________________ တတ်သွားမည်။

၁။ ရပ်ရွာစီမံချက်များအတွက် ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲ

၂။ အဘိဓာန် အသုံးပြု

၃။ အလင်းဖြင့် အစာချက်ခြင်း ဖြစ်စဉ်ကို ရှင်းပြ

၄။ မိမိ၏ တိုးတက်မှုကို မိမိ ပြန်လှန်သုံးသပ်၊ အားနည်းချက် ရှာဖွေပြီး ဖြေရှင်းရန် နည်းလမ်းများ ရှာဖွေဖော်ထုတ်

၅။ ဝန်ထမ်းအဖွဲ့တစ်ခုကို စီမံခန့်ခွဲ

၆။ ရွေးကောက်ပွဲစနစ်အမျိုးမျိုး၏ အားသာ/ အားနည်းချက်များကို စာရင်းပြုစု

၇။ ဝက်ဆိုက်တစ်ခုအတွင်း တင်ဆက်ထားသော အကြောင်းအရာများကို ဆန်းစစ်အကဲဖြတ်

၈။ အဖွဲ့လိုက် လုပ်ငန်းလုပ်ဆောင်

၉။ ရုံးအလည်လာသူ နိုင်ငံခြားသား တစ်ဦးဦးကို အင်္ဂလိပ်လို နှုတ်ဆက်

၁၀။ အစီရင်ခံစာ ရေးသား

၁၁။ သင်ယူမှု အစီအစဉ်ရေးဆွဲ

၁၂။ ရပ်ရွာဖွံ့ဖြိုးရေး စီမံကိန်းအတွက် ငွေကြေးထောက်ပံ့သူများထံ စီမံကိန်းအကြောင်း တင်ဆက်ချက်တစ်ခုကို အင်္ဂလိပ် ဘာသာစကားဖြင့် ဟောပြော တင်ဆက်

၁၃။ တိရစ္ဆာန်များကို ကျောရိုးရှိနှင့် ကျောရိုးမဲ့ ခွဲခြား

၁၄။ စာသင်ခန်းအတွင်း သင်ယူမှု ပိုမိုနှေးကွေးသူများကို ထောက်ပံ့ကူညီပေး

၁၅။ မိမိအချိန်ကို စီမံခန့်ခွဲ

## လုပ်ငန်းစဉ်

**ဃ** စာသင်ခန်းတစ်ခုက သင်ယူမှု ရည်ရွယ်ချက် ၆ ခု ထားရှိပြီး သုတေသနလုပ်ငန်းတစ်ခု ဆောင်ရွက်ရန် ကြိုးပမ်းနေသည်။

၁။ သင်ယူမှု ရည်ရွယ်ချက် တစ်ခုချင်းစီကို ရရှိရန် ကျောင်းသူ ကျောင်းသားများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အချို့ စဉ်းစားပါ။

၂။ သင်ယူမှု ရည်ရွယ်ချက် တစ်ခုစီအတွက် မည်သည့် ပညာရေး ပန်းတိုင်များ (ဘာသာရပ်ပိုင်း အသိပညာ၊ လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ၊ လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများ၊ အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများ) ထားရှိရန် လိုအပ်ကြောင်း စဉ်းစားဆုံးဖြတ်ပါ။

| *သင်ယူမှု ရည်ရွယ်ချက်များ - (ကျောင်းသူ ကျောင်းသားသည် ________တတ်သွားလိမ့်မည်။)* | ၁။ လုပ်ငန်းစဉ်များ | ၂။ ပညာရေး ပန်းတိုင်များ |
|---|---|---|
| က။ သုတေသနပြုလေ့လာ | - *အင်တာနက်ပေါ်တွင် သတင်းအချက်အလက်များ ရှာဖွေခြင်း* | |
| ခ။ စစ်တမ်းထုတ် | - *စစ်တမ်းမေးခွန်းလွှာတစ်ခု ပြင်ဆင်* | |
| ဂ။ စစ်တမ်း အကောင်အထည်ဖော် | | |
| ဃ။ တွေ့ရှိချက်များ စုစည်း | | |
| င။ အစီရင်ခံစာ ရေးသား | | |
| စ။ တင်ဆက် ဟောပြောချက်ပေး | | |

## လုပ်ငန်းစဉ်

**၄** မိမိသင်ကြားနေသော စာသင်ခန်းတွင်ဖြစ်စေ၊ မိမိသင်ကြားနေသော ကျောင်းတွင်ဖြစ်စေ၊ နှစ်မျိုးလုံးတွင်ဖြစ်စေ သတ်မှတ်ထားရှိသော ပန်းတိုင်များ ရည်ရွယ်ချက်များကို ခင်းကျင်းတင်ဆက်ပြသော ပိုစတာတစ်ခု ရေးဆွဲပါ။

- မည်သည့် အသိ၊ အတတ်နှင့် စိတ်နေစိတ်ထားတို့မှာ အရေးအကြီးဆုံးဖြစ်ကြသနည်း။
- မည်သည့် လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများ၊ အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများနှင့် လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများမှာ အရေးကြီး ကျွမ်းကျင်မှုများအဖြစ် သတ်မှတ်ထားသနည်း။

## ဆွေးနွေးချက်

**၅** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ ကျောင်းသူ ကျောင်းသားများ၏ လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများ၊ အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများနှင့် လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများကို မြှင့်တင်ပေးရန်မှာ ဆရာ ဆရာမ၏ တာဝန်ဟု ယူဆယုံကြည်ပါသလား။

၂။ သင်ရိုးတစ်ခုတွင်/ ဆရာ ဆရာမတစ်ဦးတွင် အခြားမည်သည့် ပညာရေးပန်းတိုင်များ ထားရှိနိုင်သေးသနည်း။

၃။ ပညာရပ်သီးသန့်သင်ကြားသော ကျောင်းများသည် ကျောင်းသူ ကျောင်းသားများကို အလုပ်ခွင်ပိုင်းတွင် ဝင်ရောက်လုပ်ကိုင်နိုင်အောင် ပြင်ဆင်ပေးသင့်ပါသလား။

## ပြန်လှန်သုံးသပ်ခြင်း

**၆** နေ့စဉ်သုံးသပ်ချက် မှတ်တမ်းတွင် အောက်ပါမေးခွန်းတို့အတွက် အဖြေစဉ်းစားရေးချပါ။

၁။ ဤအခန်းတွင် မိမိသင်ယူရရှိခဲ့သည့် အရာများအနက် မိမိအတွက် အရေးကြီးသည့် အရာတစ်ခု အကြောင်း ရှင်းပြပါ။

၂။ အဘယ့်ကြောင့် ၎င်းက မိမိအတွက် အရေးပါခြင်းဖြစ်သနည်း။

၃။ ဤအခန်းပါ အကြောင်းအရာများကြောင့် မိမိသင်ကြားရေးအပေါ် မိမိထင်မြင်ချက် မည်သို့ ပြောင်းလဲခြင်း ရှိပါသလဲ။

၄။ မိမိသင်ကြားပုံကို မိမိပြောင်းလဲလိုစိတ် ရှိလာအောင် ဤအခန်းပါ အကြောင်းအရာက တိုက်တွန်းပါသလား။ မိမိသင်ကြားပုံကို မည်သို့ မည်ပုံ ပြောင်းလဲမည် ဖြစ်ပါသနည်း။


## အကျဉ်းချုပ် - အခန်း (၂) သင်ယူမှု ရည်ရွယ်ချက်များ

သင်ယူမှု ရည်ရွယ်ချက်များကောင်းစွာ ရေးသားနိုင်ရန် အလေ့အကျင့် လိုအပ်သည်။ စတင်ရေးသားချိန်တွင် ခက်ခဲသည်ဟု ဆရာ ဆရာမ အများစု ထင်တတ်ကြသည်။ သို့ရာတွင် ၎င်းသည် သင်ခန်းစာ ကြိုတင်ပြင်ဆင်ခြင်း၏ အရေးကြီး အစိတ်အပိုင်း တစ်ခုဖြစ်သည်။ သင်ယူမှု ရည်ရွယ်ချက်များရှိနေလျှင် သင်ရိုး/သင်ခန်းစာ အစီအစဉ်ဆွဲခြင်းအတွက် လမ်းညွှန်ချက် အကိုးအကား ရရှိသည်။ မည်သည့်အရာကို မည်သို့ သင်ကြားရမည်ဖြစ်ကြောင်း ရည်ရွယ်ချက်များကို ကိုးကားဆုံးဖြတ်ရမည်။

ကျောင်းသူ ကျောင်းသားများ ရရှိတတ်မြောက်သင့်သည့်အချက်များကို ဖော်ထုတ်သတ်မှတ်ပေးနိုင်သည်။ ထိုအခါ ဆရာ ဆရာမများသည် မိမိတို့ ကိုယ်ပိုင်သင်ကြားမှုကိုလည်းကောင်း၊ ကျောင်းသူ ကျောင်းသားများ၏ သင်ယူမှုကို လည်းကောင်း ဆန်းစစ်အကဲဖြတ်ခြင်း ပြုနိုင်မည်ဖြစ်သည်။ သင်ခန်းစာတစ်ခုချင်းစီ၏ သင်ယူမှု ရည်ရွယ်ချက်များကို အောင်မြင် ပေါက်မြောက်ပါက သင်ရိုးအစီအစဉ်၏ ရည်ရွယ်ချက်များနှင့် ပိုမိုကျယ်ပြန့်စွာ သတ်မှတ်ထားသော ပညာရေး ပန်းတိုင်များကို ရရှိရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

ကျောင်းသူ ကျောင်းသားရရှိပြီး လက်တွေ့အသုံးချနိုင်ရမည်ဟု သတ်မှတ်ထားသော အသိ၊ အတတ်များကို သင်ယူမှု ရည်ရွယ်ချက်များတွင် ဖော်ပြသတ်မှတ်ထားရမည်။ ဘလူးမ်၏ သင်ယူမှုအဆင့်များသည် သင်ယူမှု ရည်ရွယ်ချက်များ ရေးသားရာတွင် လွယ်ကူအောင် ဆရာ ဆရာမများကို အထောက်အကူပြုနိုင်သည်။ အခြေခံနှင့် အဆင့်မြင့် စဉ်းစားခြင်း ကျွမ်းကျင်မှုများ ပါအောင်လည်း အထောက်အကူပြုနိုင်သည်။ (ဘလူးမ်၏ သင်ယူမှုအဆင့်အသီးသီးမှ တစ်ဆင့်ချင်း အတွက် မည်သည့် ကြိယာစကားလုံးရေးသားရန်၊ မည်သည့် လုပ်ငန်းစဉ် လုပ်ဆောင်ရန်ကို ရှင်းပြထားသော သရုပ်ဖော်ပုံကို နောက်ဆက်တွဲ (၃) – ဘလူးမ်၏ သင်ယူမှုအဆင့်များတွင် တွေ့နိုင်သည်။) သင်ယူမှု ရည်ရွယ်ချက်များသည် ရှင်းလင်းတိကျသင့်သည်။ သို့မှသာ သင်ခန်းစာ အစီအစဉ် ရေးဆွဲရာတွင် သုံးနိုင်မည်ဖြစ်ပြီး ကျောင်းသူ ကျောင်းသားများ၏ အဆင့်နှင့် ကိုက်ညီအောင် ထားရှိနိုင်မည်ဖြစ်သည်။

သင်ကြားသည့် အကြောင်းအရာနှင့် လုပ်ငန်းစဉ်များသည် သင်ယူမှု ရည်ရွယ်ချက်များနှင့် ကိုက်ညီဆီလျော်မှုရှိရန် အရေးကြီးသည်။ ကိုက်ညီမှု မရှိပါက ကျောင်းသူ ကျောင်းသားများအနေနှင့် သင်ယူမှု ရည်ရွယ်ချက်ကို မပေါက်မြောက်နိုင်ဘဲ ဖြစ်လိမ့်မည်။ သို့ရာတွင် ကျောင်းသူ ကျောင်းသားအချို့ သင်ယူမှု ရည်ရွယ်ချက်များကို ပေါက်မြောက်ခြင်း မရှိလျှင်လည်း ဆရာ ဆရာမများအနေနှင့် စိတ်ပျက်ခြင်း မရှိသင့်ပါ။ ထိုကျောင်းသားများအတွက် ထပ်မံရှင်းပြခြင်း၊ လေ့ကျင့်ချိန် ထပ်ပေးခြင်း၊ သင်ယူထားသည်တို့ကို ပြန်လှန်သုံးသပ်ချိန် ထပ်ပေးခြင်းတို့ဖြင့် ပေါက်မြောက်မှုရှိအောင် ကြိုးစားနိုင်သည်။ သင်ခန်းစာ အစီအစဉ်ရေးဆွဲရာတွင် ကျောင်း/သင်ရိုးတွင် သတ်မှတ်ထားသော ပညာရေး ပန်းတိုင်ကြီးများကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထိုပန်းတိုင်များတွင် ပါဝင်သည့်အရာများမှာ ကျွမ်းကျင်မှုအမျိုးမျိုး၊ လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများအပြင် လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများနှင့် အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများပါ ဖြစ်နိုင်သည်။ စာသင်ခန်းအတွင်းမှ တကိုယ်ရေဘဝ၊ အလုပ်ခွင် ပညာသည် ဘဝအထိ သယ်ယူသုံးစွဲသွားရမည့် ကျွမ်းကျင်မှုများလည်းဖြစ်ပါသည်။




STORY
CODING
COMPUTATIONAL THINKING
PROBLEM SOLVING
DESIGN TEAM
DECOMPOSITION
FINDING PATTERNS
ABSTRACTION
ALGORITHM
CODE.ORG
-LIGHTBOT
- DANCE PARTY
DANCE PARTY
AUTOMATION
YOUR TEACHIN
STEPS?
WHAT
HOW
WHY?
STEPS
WHAT
HOW
WHY





# ၃ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်း

### ရည်ရွယ်ချက်များ

- ဆရာအတတ်သင် သင်တန်းသားများသည် ငါးဆင့်ရှိ သင်ခန်းစာ အစီအစဉ်များတွင် လုပ်ငန်းစဉ်များကို မည်သို့ ရှေ့နောက် အစီအစဉ် ကျနစွာ ထည့်သွင်းတည်ဆောက်ရကြောင်း ရှာဖွေလေ့လာတတ်သွားမည်။
- ဆရာအတတ်သင် သင်တန်းသားများသည် အဆင့်ငါးဆင့်မှ တစ်ဆင့်ချင်းစီကို ဆန်းစစ်အကဲဖြတ်ခြင်းလုပ်တတ်သွားမည်။
- ဆရာအတတ်သင် သင်တန်းသားများသည် အဆင့်ငါးဆင့်မှ တစ်ဆင့်ချင်းစီအတွက် သင်ခန်းစာ အစီအစဉ်ဆွဲတတ်သွားမည်။
- သင်ယူမှု ရည်ရွယ်ချက်များကို ရရှိပေါက်မြောက်ရန် ထောက်ပံ့နိုင်သော လုပ်ငန်းစဉ်များကို ဆရာအတတ်သင် သင်တန်းသားများက ရွေးချယ်တတ်သွားလိမ့်မည်။

# ၃.၁ အဆင့်ငါးဆင့်ပါ သင်ခန်းစာ အစီအစဉ်

## အကြိုသင်ခန်းစာ



**က** "သင်ခန်းစာ အစီအစဉ်" ဟူသည့် ဝေါဟာရကို အဓိပ္ပာယ် ဖွင့်ဆိုချက် ရေးသားပါ။

**ခ** ကျောင်းသူ ကျောင်းသားအနေနှင့် လည်းကောင်း ဆရာ ဆရာမ အနေနှင့်လည်းကောင်း မိမိ နောက်ဆုံး ကြုံတွေ့ခဲ့သည့် သင်ခန်းစာတစ်ခုအကြောင်း စဉ်းစားပါ။ သင်ခန်းစာ တလျှောက်တွင် မိမိ မည်သည်တို့ လုပ်ဆောင်နေခဲ့သနည်း။ မိမိ လုပ်ဆောင်ချက်များကို အစအဆုံး စာရင်းရေးသားပါ။

သင်ခန်းစာ အစီအစဉ်ဆိုသည်မှာ ဆရာ ဆရာမက မည်သည်တို့သင်ကြားပြီး ကျောင်းသူ ကျောင်းသားများက မည်သည်တို့ သင်ယူရရှိမည်ဖြစ်ကြောင်း ပုံဖော်သတ်မှတ်ထားသည့် အစီအစဉ်တစ်ခုဖြစ်ပါသည်။ သင်ခန်းစာ အစီအစဉ်များကို အတိအကျ လိုက်နာအကောင်အထည်ဖော်ခြင်းလည်း ရှိနိုင်သလို၊ သင်ခန်းစာတလျှောက် အဖြစ်အပျက်များနှင့် လိုက်လျောညီထွေ ပြောင်းလဲအကောင်အထည်ဖော်ခြင်းလည်း ရှိနိုင်သည်။

အသုံးများသည့် သင်ခန်းစာ အစီအစဉ် ပုံစံမှာ အဆင့်ငါးဆင့်ပါ သင်ခန်းစာ အစီအစဉ် ဖြစ်ပါသည်။ ဤသင်ခန်းစာ အစီအစဉ်မျိုးသည် ကျောင်းသူ ကျောင်းသားများ၏ သင်ယူခြင်း လုပ်ဆောင်ချက်များကို ယုတ္တိကျကျ၊ သဘာဝကျကျ အဆင့်ဆင့်နေရာချထားသည့် အစီအစဉ်ဖြစ်သည်။ ထိုသင်ခန်းစာ အစီအစဉ်တွင် ပထမဦးစွာ အကြောင်းအရာကို မိတ်ဆက်ခြင်းပါဝင်သည်။ ကျောင်းသူ ကျောင်းသားများ၏ ရှိနှင့်ပြီး အတွေးအကြံများ၊ အသိဗဟုသုတများကို နှိုးဆွဖော်ထုတ်ပြီး သင်ယူရတော့မည့်အရာအတွက် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ခြင်းအဆင့်နှင့် စတင်သည်။ ထို့နောက် သင်ခန်းစာ ခေါင်းစဉ်နှင့် ပတ်သက်သော သင်ယူစရာ အချက်အလက် အသစ်များကို ခင်းကျင်းတင်ဆက်ခြင်း အဆင့်ပါဝင်သည်။ ထို့နောက် အဆိုပါ သင်ယူလိုက်သည့်အရာများကို လေ့ကျင့်ခွင့်ပေးသည့် လုပ်ငန်းစဉ်များ ဆက်လက်ထားရှိသည်။ သင်ခန်းစာကို ကျောင်းသူ ကျောင်းသားများ နားလည်မှု ရှိမရှိ စစ်ဆေးသော လုပ်ငန်းစဉ်များနှင့် စတင်၍ အခြားလုပ်ငန်းစဉ်များလည်း ထည့်သွင်းဆောင်ရွက်စေသည်။ နောက်ဆုံးတွင် သင်ယူရရှိလိုက်သည့်အရာများကို ပြန်နွှေးခြင်း အကျဉ်းချုပ်ခြင်းဖြင့် အဆုံးသတ်သည်။ ဤသင်ခန်းစာ အစီအစဉ်မျိုးကို အခြားအမည်များလည်း ပေးထားလေ့ရှိသည်။ "အဝင်–စီမံပြုပြင်–အထွက်" (" input-process-output ") ဟုလည်းကောင်း "သင်–လေ့ကျင့်–အသုံးချ" (present-practise-produce) ဟုလည်းကောင်း ခေါ်ဆိုသည်။

ဤသင်ခန်းစာအတွင်း ပါဝင်သော အဆင့်ငါးဆင့်မှာ –

- **မိတ်ဆက်ခြင်း –** သင်ခန်းစာ ခေါင်းစဉ်ကို ကျောင်းသူ ကျောင်းသားများက စတင် လေ့လာရန် ပြင်ဆင်သည့် အဆင့်ဖြစ်သည်။ ခေါင်းစဉ်နှင့် ပတ်သက်၍ ရှိနှင့်ပြီး ဗဟုသုတကို နှိုးဆွပြန်နွှေးသော အဆင့်ဖြစ်သည်။

- **ခင်းကျင်းတင်ဆက်ခြင်း –** သတင်းအချက်အလက်၊ စွမ်းရည်၊ အတွေးအကြံ အသစ်များကို ကျောင်းသူ ကျောင်းသားများ စတင် လက်ခံရရှိသည့် အဆင့်ဖြစ်သည်။

- **ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု –** သတင်းအချက်အလက်၊ ကျွမ်းကျင်မှုနှင့် အယူအဆသစ်များကို နားလည်စေမည့် လုပ်ငန်းစဉ်တို့ကို ကျောင်းသူ ကျောင်းသားများ လုပ်ဆောင်ရသည့်အဆင့်ဖြစ်သည်။

- **ထိန်းကျောင်းကန့်သတ်မှုနည်းသော လေ့ကျင့်မှု –** သင်ကြားလိုက်သော အကြောင်းအရာများကို မိမိတို့ ကိုယ်ပိုင်အယူအဆများ၊ အတွေးများနှင့် ပေါင်းစပ်ပြီး အသုံးချနိုင်အောင် ထောက်ပံ့ပေးနိုင်သော လုပ်ငန်းစဉ်များကို ကျောင်းသူ ကျောင်းသားများ လုပ်ဆောင်ရသည့် အဆင့်ဖြစ်သည်။

- **ပြန်လှန်လေ့လာခြင်း –** ကျောင်းသူ ကျောင်းသားများက မိမိတို့ သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်နွှေး၊ ပြန်သုံးသပ်သည့် အဆင့်ဖြစ်သည်။

အထက်တွင် တင်ပြထားသော ရှေ့နောက်အစီအစဉ်မှာ အသုံးများသော အစီအစဉ်တစ်ရပ်ဖြစ်ပြီး ဆရာ ဆရာမများသည် အဆင့်များကို ရှေ့နောက်ပြောင်းလဲ နေရာချခြင်းလည်း ရှိနိုင်ပါသည်။

အဆင့်တစ်ဆင့်စီအတွက် အနည်းဆုံး လုပ်ငန်းစဉ် တစ်ခုထားရှိ ပြင်ဆင်သင့်ပါသည်။ အဆင့်တစ်ခုတည်းအတွက် လုပ်ငန်းစဉ် တစ်ခုထက်ပိုပြီး ထားရှိခြင်းလည်း ရှိနိုင်သည်။ ဥပမာ ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှုအဆင့်အတွက် လေ့ကျင့်ခန်းနှစ်မျိုးထားခြင်း ဖြစ်သည်။ အဆင့်ငါးဆင့်ပါ သင်ခန်းစာ အစီအစဉ်တွင် အနည်းဆုံး လုပ်ငန်းစဉ် ၅ ခု ပါဝင်နိုင်သည်။ ၅ ခုထက် ပိုသည်က များပါသည်။

သင်ခန်းစာ အဆင့်များ ကြိုတင်ပြင်ဆင်နေချိန်တွင် ဆရာ ဆရာမများသည် တစ်ဆင့်စီအတွက် အချိန်မည်မျှ ကုန်နိုင်ကြောင်း ကြိုစဉ်းစားသင့်သည်။ အချို့အဆင့်များ အတွက် လုပ်ငန်းစဉ်များ ကြိုတင်ပြင်ဆင်နေချိန်တွင် ဆရာ ဆရာမများသည် ညွှန်ကြားချက်ပေးရန် ကုန်မည့် အချိန်၊ လုပ်ငန်းစဉ် ဆောင်ရွက်ရန်၊ အဖြေများ တိုက်စစ်ရန် နှင့် အကြံပြုတုံ့ပြန်ချက်ပေးရန် ကုန်မည့်အချိန်များကိုပါ ထည့်တွက်ထားသင့်သည်။ တစ်ဆင့်စီအတွက် ကုန်နိုင်မည့် အချိန်ကို အမြဲပိုတွက်သင့်ပါသည်။ အထူးသဖြင့် ထိန်းကျောင်းကန့်သတ်မှုနည်းသော လေ့ကျင့်မှုအတွက် ဖြစ်သည်။ ကျောင်းသူ ကျောင်းသားများက လုပ်ငန်းစဉ် ဆောင်ရွက်ရန် အခက်တွေ့သည့်အခါ၊ နှစ်သက် သဘောကျလွန်း၍ အချိန်ပိုယူချင်သည့်အခါ အဆင့်ကြာချိန် ပိုသွားနိုင်ပါသည်။

သင်ခန်းစာတစ်ခု တည်ဆောက်ရန် မဖြစ်မနေ လိုက်နာရန် နည်းလမ်းဟူ၍မရှိပါ။ ဆရာ ဆရာမက သင့်တော်ရာ ပုံစံကို ဆုံးဖြတ်သုံးစွဲနိုင်မည်ဖြစ်သည်။ အဆင့်ငါးဆင့်ပါ သင်ခန်းစာ အစီအစဉ်မဟုတ်ဘဲ အခြား သင်ခန်းစာ အစီအစဉ်ပုံစံများလည်း ရှိပါသည်။ သို့ရာတွင် ဤငါးဆင့်ပါ အစီအစဉ်ကို ဆရာ ဆရာမ များစွာက ပိုမိုနှစ်သက်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ဤအစီအစဉ်က ယုတ္တိကျကျ စဉ်းစားရလွယ်ခြင်း၊ ထိရောက်ခြင်း၊ ပြုပြင်ပြောင်းလဲလွယ်ခြင်း၊ လိုက်လျောညီထွေ ပြောင်းလဲနိုင်စွမ်း အားကောင်းခြင်းတို့ ရှိသောကြောင့်ပင် ဖြစ်ပါသည်။ သင်ခန်းစာ ရှေ့သို့ရောက်လေလေ ကျောင်းသူ ကျောင်းသားများ တတ်မြောက်ရမည့် အသိ နှင့် အတတ်များကို ပိုမိုခိုင်မာစေမည့် အဆင့်များကို ဖြတ်သန်းရလေလေဖြစ်အောင် စီစဉ်ထားသော အစီအစဉ် ပုံစံဖြစ်ပါသည်။



# လေ့ကျင့်ခန်း

၈ သင်ခန်းစာအဆင့်နှင့် ရည်ရွယ်ချက်များကို တွဲစပ်ပါ။ ထို့နောက် လုပ်ငန်းစဉ်များကို အမျိုးအစားခွဲပါ။

### ရည်ရွယ်ချက်များ

၁။ ကျောင်းသူ ကျောင်းသားများက အကြောင်းအရာသစ်ကို နားလည်ခြင်း ရှိမရှိ စစ်ဆေးရန်။

၂။ ကျောင်းသူ ကျောင်းသားများက သင်ခန်းစာ ခေါင်းစဉ် အကြောင်း စတင်စဉ်းစားမိစေရန်။

၃။ သင်ယူခဲ့သည့်အရာများကို ပြန်လှန်သုံးသပ်ခြင်းပြုရန်။

၄။ ကျောင်းသူ ကျောင်းသားများကို အကြောင်းအရာအသစ်များ ပေးရန်။

၅။ ကျောင်းသူ ကျောင်းသားများကို အကြောင်းအရာသစ်များ အသုံးချခွင့်ပေးရန်။

| သင်ခန်းစာအဆင့် | ရည်ရွယ်ချက်များ | လုပ်ငန်းစဉ်များ |
|---|---|---|
| မိတ်ဆက်ခြင်း | | |
| ခင်းကျင်းတင်ဆက်ခြင်း | | |
| ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှု | | |
| ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု | | |
| ပြန်လှန်လေ့လာခြင်း | | |

## လုပ်ငန်းစဉ်များ

(က) ကျောင်းသူ ကျောင်းသားများက မိမိတို့ ဖတ်ရှုလိုက်သည့် စာသားထဲမှ အချက်အလက်များ အသုံးပြုပြီး ဇယားကွက် တစ်ခုကို ဖြည့်ကြသည်။

(ခ) ကျောင်းသူ ကျောင်းသားများက သင်ခန်းစာအတွင်း မိမိတို့ သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်ဆွေးနွေးသည်။

(ဂ) ခေါင်းစဉ်တစ်ခုအကြောင်း မိမိတို့ ဘာသိထားပြီး ဖြစ်သည်နှင့် ဘာထပ် သိလိုကြောင်း ကျောင်းသူ ကျောင်းသားများက ဝိုင်းစဉ်းစားကြသည်။

(ဃ) ခေါင်းစဉ်တစ်ခုနှင့် ပတ်သက်သည့် စာပိုဒ်များကို ကျောင်းသူ ကျောင်းသားများက ရှေ့နောက် နေရာကျအောင် ပြန်စီကြသည်။

(င) အဓိက ဝေါဟာရများကိုကြည့်ပြီး ယနေ့ သင်ခန်းစာသည် မည်သည့် ခေါင်းစဉ် ဖြစ်ကြောင်း ကျောင်းသူ ကျောင်းသားများက မှန်းဆကြသည်။

(စ) ကျောင်းသူ ကျောင်းသားများက နှစ်ဦးတွဲ အလိုက် အလုပ်လုပ်သည်။ တစ်ဦးနှင့် တစ်ဦး မတူသည့် စာသားများ ဖတ်ကြပြီး မိမိဖတ်ထားသည့် အကြောင်းအရာကို တွဲထားသည့် အတန်းဖော်အား အပြန်အလှန် ရှင်းပြကြသည်။

(ဆ) ခေါင်းစဉ်တစ်ခုနှင့် ပတ်သက်သည့် စစ်တမ်း တစ်ခု ဖန်တီးကြသည်။

(ဇ) ကျောင်းသူ ကျောင်းသားများက မိမိတို့ သင်ယူသိရှိထားသည့်အရာကို အကျဉ်းချုပ် ပြန်ရေးသည်။

(ဈ) ကျောင်းသူ ကျောင်းသားများက မိမိတို့ ကြည့်လိုက်သော ဗီဒီယိုတစ်ခုနှင့် ပတ်သက်သည့် မှားမှန်ရွေး မေးခွန်းများ၊ အဖြေသုံးခုမှ အမှန်ရွေး မေးခွန်းများ ဖြေဆိုကြသည်။

(ည) ခေါင်းစဉ်နှင့် ပတ်သက်ပြီး စကားရည်လုပွဲ တစ်ခု ကျင်းပကြသည်။



## လေ့ကျင့်ခန်း

**ဃ** ဤလုပ်ငန်းစဉ်များသည် သင်ခန်းစာ နှစ်ခုမှ လုပ်ငန်းစဉ်များကို ရောမွှေထားခြင်းဖြစ်သည်။

၁။ ၎င်းလုပ်ငန်းစဉ်များကို အဆင့်မှန်ဖြစ်အောင် ပြန်စီစဉ်ပါ။ သက်ဆိုင်ရာ သင်ခန်းစာအလိုက်လည်း နေရာချရန် အောက်ပါဇယားကွက်အတွင်း ဖြည့်ပါ။

၂။ သင်ခန်းစာတစ်ခုစီ၏ ခေါင်းစဉ်မှာ အဘယ်နည်း။

| | | သင်ခန်းစာ အစီအစဉ် (၁) | သင်ခန်းစာ အစီအစဉ် (၂) |
|---|---|---|---|
| ၁။ | ဘာသာရပ် - | နိုင်ငံရေး | အင်္ဂလိပ် |
| | မိတ်ဆက်ခြင်း - | | |
| | ခင်းကျင်းတင်ဆက်ခြင်း - | | |
| | ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု - | | |
| | ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု - | | |
| | ပြန်လှန်လေ့လာခြင်း - | | |
| ၂။ | ခေါင်းစဉ် | | |

**က**

၁။ ကျောင်းသူ ကျောင်းသားများက နှစ်ဦးတွဲအလိုက် အလုပ်လုပ်ရမည်။ ကျောင်းသား (၁) ကို ဆရာ ဆရာမက UK ရွေးကောက်ပွဲအကြောင်း စာသားတစ်ခု ပေးသည်။ ကျောင်းသား (၂) ကို မြန်မာ ရွေးကောက်ပွဲအကြောင်း စာသားတစ်ခု ပေးသည်။

၂။ ကျောင်းသူ ကျောင်းသားများက အသီးသီး ရရှိသည့် စာသားများကို ဖတ်ရမည်။ ထို့နောက် မိမိတွဲဖက်ကို မိမိဖတ်ထားသည့် စာသားအကြောင်း နားလည်သလို မိမိစကားဖြင့် ပြန်ရှင်းပြရမည်။

**ခ** UK နှင့် မြန်မာရွေးကောက်ပွဲစနစ်များတွင် မည်သည်က ပိုမိုတရားမျှတမှုရှိကြောင်း ဆွေးနွေး ရမည်။



**ဂ** အခြားသူများ ပြီးခဲ့သည့် ရက်သတ္တပတ်တွင် မည်သည်တို့ လုပ်ခဲ့ကြောင်း မေးသည့် မေးခွန်းများ ရေးသားရမည်။ ထိုမေးခွန်းများကို အဖွဲ့လိုက် မေးကြ ဖြေကြရမည်။

**ဃ**

၁။ ကျောင်းသူ ကျောင်းသားများက အောက်ပါ စာသားကို ဖတ်ရှုရမည်။

*Last weekend Eh Poe's class went for a picnic in the forest. They left at 7 am and walked for about two hours. Then they stopped for a break. They walked to a waterfall, where they stopped and cooked food. In the afternoon they played caneball. They arrived back home about 4 pm.*

၂။ ထို့နောက် အထက်ပါ စာသားအတွက် ထုတ်ထားသော မေးခွန်းများ ပြည့်စုံသွားအောင် ကွက်လပ်ဖြည့်ရမည်။

a. Where _____ they go? | To the forest.

b. What _______ did _____ leave? | At 7 am.

c. _____ long _____ they _______ for? | About two hours.

၃။ ကျောင်းသူ ကျောင်းသားများက ကွက်လပ်များကို တစ်ဦးချင်း ဖြည့်ကြသည်။

၄။ ထို့နောက် ဆရာ ဆရာမနှင့်အတူ တစ်တန်းလုံး အဖြေတိုက်ကြသည်။

**င**

၁။ အဖွဲ့များက ရွေးကောက်ပွဲစနစ်များ မည်မျှ တရားမျှတမှု ရှိမရှိ မိမိတို့ စဉ်းစားချက်များကို တင်ပြကြရမည်။

၂။ ဆရာ ဆရာမက ကျောင်းသူကျောင်းသားများ၏ ထင်မြင်ချက်များနှင့် ၎င်းတို့ ရွေးကောက်ပွဲစနစ်များကို နားလည်ခြင်း ရှိမရှိ မေးခွန်းများမေး၍ စစ်ဆေးသည်။

**စ**

Past Simple Question မေးခွန်း တည်ဆောက်ပုံကို ဆရာ ဆရာမက ပြန်နွေးပေးသည်။

**ဆ**

ဆရာမက အောက်ပါ စကားလုံးများနှင့် စကားစုများကို သင်ပုန်းပေါ်တွင်ရေးသည်။

***ရွေးကောက်ပွဲ ၊ မဲပေး ၊ လျှို့ဝှက်မဲ ၊ ကိုယ်စားလှယ် ၊ လွတ်လပ်၍မျှတ***

ထို့နောက် ကျောင်းသားများကို ဆရာမက မေးလိုက်သည်။ "ဒီနေ့ သင်ခန်းစာ ခေါင်းစဉ်က ဘာလို့ထင်ကြသလဲ။" ကျောင်းသားများ ဝိုင်းဖြေကြသည့် အဖြေများကို သင်ပုန်းပေါ်တွင် ရေးမှတ်ပေးသည်။

**ဇ**

ဆရာ ဆရာမက အောက်ပါဇယားကွက်ကို သင်ပုန်းပေါ်တွင် ရေးပေးသည်။

| question word | auxiliary | subject pronoun | verb | object pronoun |
|---|---|---|---|---|
| | *Did* | *you* | *go?* | |
| | *Did* | *she* | *like* | *it?* |
| *What* | *did* | *they* | *eat?* | |
| *Where* | *did* | *it* | *go?* | |

ထို့နောက် အောက်ပါ ကွက်လပ်ဖြည့်ရန် စာသားများကို သင်ပုန်းပေါ်တွင် ရေးပေးသည်။

1. _____ you live in Bago in 2005?
2. ____ your mother learn English?
3. Who ____ he meet?
4. Why ____ they go to Thailand?

တစ်တန်းလုံးအဖြေတိုက်၍ ဤလေ့ကျင့်ခန်း မေးခွန်းများကို ဖြေကြသည်။

**ဈ**

ဆရာ ဆရာမက ကျောင်းသူ ကျောင်းသားများကို UK နှင့် မြန်မာမှ ရွေးကောက်ပွဲစနစ်များအကြောင်း "မှားမှန်ရောထွေး အဖြေရွေး" လေ့ကျင့်ခန်းစာရွက်များ ပေးသည်။ ဥပမာ –

UK ***တွင် မဲဆန္ဒရှင် တစ်ဦးစီသည် မဲအရေအတွက် _______ မဲ ပေးရသည်။***

*(က) ၁   (ခ) ၁   (ဂ) ၂   (ဃ) ၅*

ထို့နောက် တစ်တန်းလုံး အဖြေတိုက်ကြသည်။

**ည**

ဆရာမက တစ်တန်းလုံးကို အောက်ပါမေးခွန်းများ မေးလိုက်သည်။

1. What did you do last night?
2. Did you go out?
3. Did you do your homework?
4. What did you have for dinner?

မည်သည့် မေးခွန်းကို ကျောင်းသူ ကျောင်းသားများ ဖြေဆိုနိုင်ကြောင်းနှင့် မည်သည့် မေးခွန်းကို မျက်စိလည် တတ်ကြောင်း ဆရာမက လေ့လာမှတ်သားနေသည်။



## လုပ်ငန်းစဉ်

**င** ၃.၁ (ဃ) မှ သင်ခန်းစာတစ်ခုစီအတွက် သင်ယူမှု ရည်ရွယ်ချက်တစ်ခုစီ ရေးသားပါ။

## ဆွေးနွေးချက်

**စ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ ဤအဆင့်များ ပါဝင်သော သင်ခန်းစာ အစီအစဉ်တစ်ခုခုကို မြင်ဖူးပါသလား။ မည်သည့်အချိန်က မြင်ဖူးသနည်း။ မည်သို့ တွေ့ကြုံခံစားရသနည်း။

၂။ ဤအဆင့်များ ပါဝင်သည့် သင်ခန်းစာအစီအစဉ်ကို အသုံးပြုခြင်း၏ ကောင်းကျိုးများမှာ အဘယ်တို့နည်း။

၃။ အဆင့်ငါးဆင့်ပါ သင်ခန်းစာ အစီအစဉ်တစ်ခုတွင် တွေ့ရသည့် အဆင့်များကို ဤသင်ရိုးစာအုပ်တွင်ရော တွေ့ရပါသလား။

# ၃.၂ မိတ်ဆက်ခြင်းနှင့် ခင်းကျင်းတင်ဆက်ခြင်း

## အကြံပြုသင်ခန်းစာ

**ဏ** ဤရုပ်ပုံများကို ကြည့်ပါ။ ၎င်းပုံများသည် သင်ခန်းစာတစ်ခု၏ မိတ်ဆက်ခြင်းနှင့် ခင်းကျင်းတင်ဆက်ခြင်း အဆင့်များကို မည်သို့ သရုပ်ဖော်နိုင်သနည်း။




သင်ခန်းစာတစ်ခု၏ မိတ်ဆက်ခြင်း အဆင့်သည် ချိတ်တစ်ခုနှင့်တူသည်။ ကျောင်းသားများ၏ စိတ်အာရုံကို ချိတ်ဆွဲမိသွားအောင်၊ စိတ်အားထက်သန်မှုရှိလာအောင်နှင့် သင်ယူမှုပြုရန် အဆင်သင့်ဖြစ်စေခြင်း အဆင့်ဖြစ်သည်။ ဤအဆင့်ကို အချို့ကလည်း သွေးပူလေ့ကျင့်ခန်း၊ စကားဦး၊ လုပ်ငန်းစဉ်မတိုင်မီ လုပ်ဆောင်ချက် စသည်တို့ ခေါ်ဆိုကြသည်။ မိတ်ဆက်ခြင်းလုပ်ငန်းစဉ်များမှာ ရိုးရှင်းတိုတောင်းမှုရှိသည်။ ကျောင်းသူ ကျောင်းသားများက ခေါင်းစဉ်ကို အာရုံစိုက်မိအောင်၊ ခေါင်းစဉ်ကို စိတ်ဝင်စားလာပြီး မိမိတို့ ရှိနှင့်ပြီး ဗဟုသုတများကို ပြန်စဉ်းစားမိအောင် ဆွဲဆောင်သော အဆင့်ဖြစ်သည်။ ဆရာ ဆရာမများသည် ကျောင်းသူ ကျောင်းသားများက သင်ခန်းစာ ခေါင်းစဉ်နှင့် ပတ်သက်သည့် ရှိနှင့်ပြီး ဗဟုသုတများကို စဉ်းစားမိအောင် မိတ်ဆက်ခြင်း လုပ်ငန်းစဉ်များကို သုံးတတ်ကြသည်။ မိတ်ဆက်ခြင်း လုပ်ငန်းစဉ်များတွင် ပြီးခဲ့သည့် သင်ခန်းစာများကို ပြန်လှန်လေ့လာခြင်းပါနိုင်သည်။ ၎င်းက ကျောင်းသူ ကျောင်းသားများ မိမိတို့ သိရှိပြီးသား အသိများနှင့် ရှိဖူးသည့် အတွေ့အကြုံများအကြောင်း ပြန်စဉ်းစားမိစေသည်။

ခင်းကျင်းတင်ဆက်ခြင်းအဆင့်က ကျောင်းသူ ကျောင်းသားများကို သင်ခန်းစာ ခေါင်းစဉ်နှင့် ပတ်သက်သည့် အချက်အလက် အသစ်များ စတင် ခင်းကျင်းပြခြင်းဖြစ်သည်။ အယူအဆ အကြောင်းအရာအသစ်များ၊ ကျွမ်းကျင်မှုအသစ်များ ပါဝင်နိုင် ပါသည်။ ခင်းကျင်းတင်ဆက်ခြင်းများသည် များသောအားဖြင့် ဆရာ ဆရာမကပေးသော ဟောပြောပို့ချချက်များ၊ သရုပ်ပြချက်များကို ကျောင်းသူ ကျောင်းသားများက နားထောင်ကြည့်ရှုရခြင်း၊ သင်ရိုးစာအုပ်ပါ စာပိုဒ်များကို ဖတ်ရှုရခြင်း၊ သင်ပုန်းပေါ်မှစာသားများ၊ စာရွက်များကို ဖတ်ရှုခြင်း၊ ဗီဒီယိုများ ကြည့်ရခြင်းတို့ ရှိကြပါသည်။

## လေ့ကျင့်ခန်း

**၁** အောက်ပါလုပ်ငန်းစဉ်များကို မိတ်ဆက်ခြင်း လုပ်ငန်းစဉ်များနှင့် ခင်းကျင်းတင်ဆက်ခြင်း လုပ်ငန်းစဉ်များအဖြစ် ခွဲခြားပါ။

၁။ ဆရာ ဆရာမက ကျောင်းသူ ကျောင်းသားများ လေ့လာရမည့် သဒ္ဒါ တည်ဆောက်ပုံသုံးထားသည့် စာကြောင်း နမူနာများပြသည်။

၂။ ကျောင်းသူ ကျောင်းသားများက မိမိတို့ သိထားသော ပြန်ပြည့်မြဲစွမ်းအင် အမျိုးအစားများကို ဝိုင်းစဉ်းစားဖော်ထုတ်ကြသည်။

၃။ ကျောင်းသူ ကျောင်းသားများက မွန်ဘာသာ စကားဖြင့် သီချင်းတစ်ပုဒ်ကို သရုပ်ဖော် သရုပ်ဆောင်ကြသည်။

၄။ ကမ္ဘာ့စစ်အေးတိုက်ပွဲအကြောင်း သတင်းအချက်အလက်အသစ်များ ပေးသည့် စာပိုဒ်တစ်ပိုဒ်ကို ဖတ်ရှုသည်။

၅။ ဆရာ ဆရာမက မြေယာဥပဒေနှင့် ပတ်သက်ပြီး ကျောင်းသူ ကျောင်းသားများ မည်မျှသိထားကြောင်း ဖော်ထုတ်ရန် ဉာဏ်စမ်းအနည်းငယ်ပေးသည်။

၆။ ဘက်ထရီတစ်လုံး၏ လုပ်ဆောင်ချက်ကို ဆရာ ဆရာမက လက်တွေ့သရုပ်ပြသည်။

၇။ ဆရာ ဆရာမက သင်ပုန်းပေါ်တွင် အဓိက ဝေါဟာရများကို ရေးသားပြီး ကျောင်းသူ ကျောင်းသားများက ထိုဝေါဟာရများမှတဆင့် မည်သည့် ခေါင်းစဉ်သင်ကြားမည်ဖြစ်ကြောင်း မှန်းဆကြရသည်။

၈။ ကျောင်းသူ ကျောင်းသားများက ဘဲအကြောင်း ရေဒီယို အစီအစဉ်တစ်ခုကို နားထောင်ကြသည်။

၉။ ဆရာ ဆရာမက ပြီးခဲ့သည့် အမေရိက ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မည်သို့ ထင်မြင်ကြောင်း ကျောင်းသူ ကျောင်းသားများကို မေးမြန်းသည်။

၁၀။ စာရင်းအင်းပညာ အသုံးပြုပုံနှင့် ပတ်သက်သည့် မှတ်တမ်းရုပ်ရှင်တစ်ခုကို ကျောင်းသူ ကျောင်းသား များ ကြည့်ရှုကြသည်။

## လုပ်ငန်းစဉ်


**ဂ** ပထဝီသင်ခန်းစာတစ်ခုအတွက် သင်ခန်းစာ အစီအစဉ်တစ်ခုကို ဖတ်ရှုပါ။ ဤသင်ခန်းစာတွင် ထည့်သွင်းနိုင်မည့် မိတ်ဆက်ခြင်း လုပ်ငန်းစဉ် အနည်းဆုံးတစ်ခုနှင့် ခင်းကျင်းတင်ဆက်ခြင်း လုပ်ငန်းစဉ် အနည်းဆုံးတစ်ခု စဉ်းစားပါ။

| ရည်ရွယ်ချက်များ | • ကျောင်းသူ ကျောင်းသားများသည် မြေပုံတစ်ခု၏ အဓိက ပါဝင်အစိတ်အပိုင်းများကို သတ်မှတ်ပြောဆိုတတ် သွားမည်။<br>• ကျောင်းသူ ကျောင်းသားများသည် မြေပုံပေါ်တွင်သုံးသော သင်္ကေတများကို သိရှိခွဲခြားတတ်သွားမည်။<br>• မြေပုံတွင် ပါဝင်ရမည့် အဓိကအချက်များနှင့် သက်ဆိုင်ရာ သင်္ကေတများ ထည့်သွင်းပြီး မိမိတို့၏ ဒေသ ရပ်ရွာကို မြေပုံဆွဲတတ်သွားမည်။ | |
|---|---|---|
| **အဆင့်** | **အချိန်** | **လုပ်ငန်းစဉ်များ** |
| **မိတ်ဆက်အဆင့်** | ၅ မိနစ် | |
| **ခင်းကျင်းတင်ဆက်ခြင်းအဆင့်** | ၁၀ မိနစ် | |
| **ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှု** | ၁၀ မိနစ် | • ဆရာ ဆရာမ၏ သရုပ်ဖော်ပြောပြချက်ကို နားထောင်ပြီး ကျောင်းသူ ကျောင်းသားများက မြေပုံလွတ် တစ်ခုပေါ်တွင် သင်္ကေတများ၊ နေရာအမည်များ နှစ်ဦးတွဲအလိုက် ဖြည့်သွင်းရေးဆွဲကြသည်။ |
| **ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု** | ၂၀ မိနစ် | • လေ့လာသိရှိထားသည့် မြေပုံအစိတ်အပိုင်းများ ထည့်သွင်းပြီး မိမိတို့ဒေသ ရပ်ရွာ မြေပုံများကို ကျောင်းသူ ကျောင်းသားများက အဖွဲ့လိုက် ရေးဆွဲကြရမည်။ |
| | ၅ မိနစ် | • ထို့နောက် မြေပုံများကို သင်ပုန်းပေါ်တွင် ကပ်ထားပြီး ကျောင်းသူ ကျောင်းသားများက ၎င်းတို့ကို နှိုင်းယှဉ်ကြည့်ရှုရမည်။ |
| **ပြန်လှန်လေ့လာခြင်း** | ၁၀ မိနစ် | • သင်ခန်းစာအတွင်း မိမိတို့ သင်ယူရရှိခဲ့သည်တို့ကို ကျောင်းသူ ကျောင်းသားများက စာရင်းချရေးရမည်။ |
| | အိမ်စာ | • သင်ခန်းစာအတွင်း သင်ယူခဲ့သည့် သင်္ကေတများ၊ မြေပုံအစိတ်အပိုင်းများကို အသုံးပြုပြီး မိမိတို့ ရပ်ကွက်ကို မြေပုံထုတ်လာရမည်။ |

## လုပ်ငန်းစဉ်

**ဃ** သင်ခန်းစာအသီးသီး၏ သင်ယူမှု ရည်ရွယ်ချက်များကို ဖတ်ရှုပါ။ သင်ခန်းစာတစ်ခုချင်းစီကို မိတ်ဆက်ခြင်းပြုရန်နှင့် ခင်းကျင်းတင်ဆက်ခြင်းပြုရန် လုပ်ငန်းစဉ် အနည်းဆုံးတစ်ခုစီ အဖွဲ့လိုက် စဉ်းစားဖော်ထုတ်ကြရမည်။ လုပ်ငန်းစဉ် ပိုမိုရှာဖွေသတ်မှတ်နိုင်ပါသည်။







၂ ကျောင်းသူ ကျောင်းသားများသည် သတင်းစာနှင့် မဂ္ဂဇင်းများမှ ကြော်ငြာနမူနာများ ရှာဖွေဖော်ထုတ်ပြနိုင်မည်။

၃ ကျောင်းသူ ကျောင်းသားများသည် ၎င်းတို့၏ အနှစ်သက်ဆုံး စာအုပ်အကြောင်း ဖော်ပြ ပြောဆိုတတ်သွားမည်။




၅ ကျောင်းသူ ကျောင်းသားများသည် ခန္ဓာကိုယ်၏ အဓိက ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများကို သိရှိပြီး အမည်တပ် ခွဲခြားပြတတ်သွားမည်။



## လုပ်ငန်းစဉ်

**င** နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ မိမိတို့ သင်ကြားရနိုင်ခြေရှိသည့် သင်ခန်းစာ တစ်ခုခုကို သတ်မှတ်ဖော်ထုတ်ပါ။

၁။ ထိုသင်ခန်းစာအတွက် သင်ယူမှု ရည်ရွယ်ချက်တစ်ခု ရေးပါ။

၂။ ၎င်းသင်ခန်းစာအတွက် မိတ်ဆက် လုပ်ငန်းစဉ်တစ်ခု၊ ခင်းကျင်းတင်ဆက်ခြင်း လုပ်ငန်းစဉ်တစ်ခု စဉ်းစားပါ။

၃။ ထိုလုပ်ငန်းစဉ်နှစ်ခုကို အတန်းရှေ့တွင် ပြန်သင်ပြပါ။

## ဆွေးနွေးချက်

**စ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ မိတ်ဆက်ခြင်းလုပ်ငန်းစဉ်များသည် ကျောင်းသူ ကျောင်းသားများ၏ ရှိနှင့်ပြီး ဗဟုသုတကို မည်သို့ လှုပ်နှိုး ဖော်ထုတ်နိုင်သနည်း။

၂။ ကျောင်းသူ ကျောင်းသားများအတွက် စိတ်ဝင်စားဖွယ် အကောင်းဆုံးဖြစ်ပြီး ဆရာ ဆရာမများအတွက် အသုံးအဝင်ဆုံးဖြစ်မည့် မိတ်ဆက်ခြင်း လုပ်ငန်းစဉ်များမှာ မည်သည်တို့ ဖြစ်သည်ဟု ထင်ပါသနည်း။

၃။ မည်သို့သော ခင်းကျင်းတင်ဆက်ခြင်း လုပ်ငန်းစဉ်က ကျောင်းသူ ကျောင်းသားများအတွက် စိတ်ဝင်စားဖွယ် ဖြစ်သည်ဟု ထင်ပါသနည်း။

# ၃.၃ ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှုမှ ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု

## အကြိုသင်ခန်းစာ

**က** အောက်ပါမေးခွန်းများကို နှစ်ဦးတွဲအလိုက် ဆွေးနွေးဖြေဆိုပါ။

၁။ ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှုနှင့် ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှုတို့အကြား ခြားနားချက်မှာ အဘယ်နည်း။


၂။ ဤရုပ်ပုံများကို ကြည့်ပါ။ တစ်ပုံစီတွင် သုံး၍ရနိုင်မည့် ထိန်းကျောင်းကန့်သတ်မှု များသော လုပ်ငန်းစဉ်များမှာ အဘယ်နည်း။ ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်ခန်း လုပ်ငန်းစဉ်များ မည်သည်တို့ လုပ်ဆောင်နိုင်မည်နည်း။



ဆရာ ဆရာမများသည် လုပ်ငန်းစဉ်များတွင် ထိန်းကျောင်းကန့်သတ်မှုကို တဖြည်းဖြည်း လျှော့သွားခြင်းအားဖြင့် ကျောင်းသူ ကျောင်းသားများ၏ အသိပညာနှင့် အတတ်ပညာကို ဖြည်းဖြည်းချင်း တည်ဆောက်လာနိုင်ပါသည်။ 'ထိန်းကျောင်းကန့်သတ်မှု' ဆိုသည်မှာ ကျောင်းသူ ကျောင်းသားများအနေနှင့် အဖြေရွေးချယ်ပိုင်ခွင့် မည်မျှများများရှိကြောင်း အတိုင်းအတာကို ဆိုလိုသည်။ ထိန်းကျောင်းကန့်သတ်မှု ပိုပေးခြင်းဆိုသည်မှာ ကျောင်းသူ ကျောင်းသားများအတွက် ရွေးစရာများများ မပေးထားခြင်းကို ဆိုလိုပြီး ထိန်းကျောင်းကန့်သတ်မှု လျှော့ပေးခြင်းဆိုသည်မှာ ကျောင်းသူ ကျောင်းသားများ ရွေးချယ်ဖြေဆိုစရာ ပိုများလာသည်ဟု ဆိုလိုသည်။

ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှုသည် သင်ခန်းစာအစောပိုင်းတွင် သုံးရသော လေ့ကျင့်မှုဖြစ်သည်။ ခင်းကျင်းတင်ဆက်ခြင်းပြီးသည်နှင့် သုံးရသော အဆင့်ဖြစ်သည်။ ကျောင်းသူ ကျောင်းသားများသည် တင်ဆက်လိုက်သော အချက်အလက်အသစ်၊ ကျွမ်းကျင်မှုအသစ်၊ အယူအဆသစ်များကို နားလည်သဘောပေါက်ခြင်း ရှိကြောင်း ပြနိုင်သည့် အခွင့်အလမ်းပေးသော လုပ်ငန်းစဉ်များမှာ ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှု လုပ်ငန်းစဉ်များဖြစ်သည်။ ထိုလေ့ကျင့်ခန်းလုပ်ငန်းစဉ်များတွင် များသောအားဖြင့် အဖြေမှန်တစ်ခုခု သတ်မှတ်ထားပြီးသားဖြစ်သည်။ မှန်အောင်ဖြေရသော လုပ်ငန်းစဉ်များဖြစ်ပြီး ကျောင်းသူ ကျောင်းသားများ အမှားလုပ်ခွင့် သိပ်မရှိသော လုပ်ငန်းစဉ်များဖြစ်သည်။ ဤလုပ်ငန်းစဉ်များက များသောအားဖြင့် ဘလုမ်၏ သင်ယူမှုအဆင့်များမှ ပထမဦးဆုံး အဆင့်နှစ်ခုတွင်သာ ရှိသည်။ အခြေခံစဉ်းစားခြင်း စွမ်းရည်များအနက် မှတ်မိသိရှိခြင်းနှင့် နားလည်သဘောပေါက်ခြင်း အဆင့်တို့ဖြစ်သည်။

ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှုမှာ သင်ခန်းစာတစ်ခုအတွင်း နောက်ပိုင်းအဆင့်များတွင် ဖြစ်ပေါ်သည်။ ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်ခန်းအချို့ လုပ်ပြီးသည့်အခါ လုပ်ရသည့် အဆင့်ဖြစ်ပါသည်။ ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု လုပ်ငန်းစဉ်များမှာ ကျောင်းသူ ကျောင်းသားများ သင်ယူခဲ့ပြီးသည့် သတင်းအချက်အလက်အသစ်၊ အတတ်ပညာ အသစ်များကို အသုံးချနိုင်ကြောင်း ပြနိုင်ခွင့်ပေးသည့် လုပ်ငန်းစဉ်များဖြစ်သည်။ ဤလုပ်ငန်းစဉ်များတွင် အဖြေမှန်များစွာ ရှိနိုင်ပြီး အဖြေမှန်တစ်ခုဟူ၍ သတ်မှတ်ထားခြင်း မရှိပါ။ ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ ကျောင်းသူ ကျောင်းသားများက ၎င်းတို့ သင်ယူနေသည့်အရာကို တကိုယ်ရေ ဘဝနှင့် ချိတ်ဆက် အသုံးချခွင့်ပေးရန်ဖြစ်သည်။ ဥပမာ မိမိတို့ကိုယ်ပိုင် အတွေးအမြင်များကို ဖော်ပြရန်၊ မိမိတို့ သင်ယူခဲ့သည့်အရာများကို လက်တွေ့အသုံးချရန် စသည်တို့ဖြစ်ပါသည်။ ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှုလုပ်ငန်းစဉ်များတွင် ကျောင်းသူ ကျောင်းသားများ




အမှားလုပ်စရာ အခွင့်အလမ်း ပိုများသည်။ ဆရာ ဆရာမများသည်လည်း ကျောင်းသူ ကျောင်းသားများကို ထိုအမှားလုပ်ခွင့်ပေးသင့်ပါသည်။ ဤလုပ်ငန်းစဉ်များက များသောအားဖြင့် ဘလုမ်၏ သင်ယူမှုအဆင့်များအနက် အဆင့်မြင့် စဉ်းစားခြင်း စွမ်းရည်များဖြစ်သည့် အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ဝေဖန်သုံးသပ်ခြင်း၊ တီထွင်ဖန်တီးခြင်းအဆင့်များတွင် ရှိပါသည်။

သင်ယူမှုလုပ်ငန်းစဉ် အများစုတွင် အခြေခံစဉ်းစားခြင်း စွမ်းရည်များကို ဦးစွာဖြတ်သန်းလေ့ကျင့်ပြီးမှ အဆင့်မြင့် စဉ်းစားခြင်း စွမ်းရည်များကို သင်ကြားလေ့ကျင့်မှုပြုရန် အရေးကြီးပါသည်။ ထို့ကြောင့် ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှုများနှင့် စတင်ပြီး တဖြည်းဖြည်း ထိန်းကျောင်းကန့်သတ်မှု နည်းသည့် လုပ်ငန်းစဉ်များကို ပြောင်းလဲလုပ်ဆောင်ခိုင်းသင့်ပါသည်။

## လေ့ကျင့်ခန်း

၁ သင်ယူမှု ရည်ရွယ်ချက်တစ်ခုစီကို အကောင်းဆုံး ထောက်ပံ့အားပေးနိုင်မည့် လုပ်ငန်းစဉ် တစ်ခုစီကို ရွေးပါ။ ၎င်းလုပ်ငန်းစဉ် တစ်ခုစီက ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှုလား များသော လေ့ကျင့်မှု ဖြစ်ပါသလား။

**၁**

ကျောင်းသူ ကျောင်းသားများသည် အချက်အလက်နှင့် ထင်မြင်ယူဆချက်များကို ခွဲခြားတတ်သွားမည်။

(က) ထင်မြင်ချက် ပြောပြရန်သုံးသော စကားလုံး အသုံးအနှုန်းများကို ခွဲခြားဖော်ထုတ်ခြင်း

(ခ) စာသားပါ ခေါင်းစဉ်နှင့် ပတ်သက်သော အချက်အလက်များကို အလွတ်ကျက်မှတ်ခြင်း

**၂**

သင်ယူသူများသည် ကျောရိုးရှိသတ္တဝါ ငါးမျိုးကို စာရင်းပြုတတ်ပြီး တစ်မျိုးစီအတွက် ဥပမာပြတတ်သွားမည်။

(က) ကျား၊ တောက်တဲ့၊ ကြက်၊ ဖားနှင့် ငါးပုံများကို ရောင်စုံခြယ်ခြင်း

(ခ) ကျား၊ တောက်တဲ့၊ ကြက်၊ ဖားနှင့် ငါးတို့၏ ဝိသေသလက္ခဏာများကို ရှင်းပြခြင်း

**၃**

ကျောင်းသူ ကျောင်းသားများသည် စာသားတစ်ခုကို အကျဉ်းချုပ်တတ်သွားမည်။

(က) စာသားအကျဉ်းချုပ်ကို ဆရာ ဆရာမက သင်ပုန်းပေါ်တွင် ရေးပြပြီး ကျောင်းသူ ကျောင်းသားများက လိုက်ကူးခြင်း

(ခ) စာသားအတွင်း အဓိက အယူအဆများကို ဖော်ပြသည့် ဝေါဟာရများ၊ စကားစုများကို အရောင်ခြယ် မျဉ်းသားခြင်း

**၄**

ကျောင်းသူ ကျောင်းသားများသည် ကမ္ဘာမြေကြီး၏ တည်ဆောက်ပုံကို ရှင်းပြတတ်သွားမည်။

(က) ကမ္ဘာတစ်ခြမ်းဖွင့်ပြထားသည့် သရုပ်ဖော်ပုံတွင် တစ်လွှာချင်းစီကို နာမည်တပ်ပြခြင်း

(ခ) ကမ္ဘာ့တိုက်ကြီးများကို နာမည်တပ်ခြင်း

**၅**

ကျောင်းသူ ကျောင်းသားများသည် စနစ်အမျိုးမျိုး၏ ဝိသေသများကို ရှင်းပြတတ်သွားမည်။

(က) စက်မှုကဏ္ဍကြီးစိုးလာခြင်းအကြောင်း စာပိုဒ်တစ်ပိုဒ် ဖတ်ခြင်း

(ခ) အဖွဲ့ငါးဖွဲ့ခွဲပြီး တစ်ဖွဲ့ချင်းစီက စနစ်တစ်ခုစီအတွက် အမျိုးမျိုးကို သရုပ်ဖော်ပြနိုင်သည့် ရုပ်ပုံတစ်ပုံစီ ဆွဲကြခြင်း

## လေ့ကျင့်ခန်း

ဂ လုပ်ငန်းစဉ်များ၏ ဝိသေသအချို့ကို ဖတ်ရှုပါ။ မည်သည့်တို့က သင်ခန်းစာ အစောပိုင်း လုပ်ငန်းစဉ်များနှင့်ဆိုင်ပြီး မည်သည့်တို့က သင်ခန်းစာနှောင်းပိုင်း လုပ်ငန်းစဉ်များနှင့် ဆိုင်ပါသနည်း။

၁။ သင်ယူနေရသည့် အကြောင်းအရာကို သိရှိနားလည်ကြောင်း ကျောင်းသူ ကျောင်းသားများက ပြသနိုင်သည်။

၂။ သင်ယူနေရသည့် အကြောင်းအရာကို အသုံးချနိုင်ကြောင်း၊ မိမိဘဝနှင့် ချိတ်ဆက် အသုံးပြုနိုင်ကြောင်း ကျောင်းသူ ကျောင်းသားများက ပြသနိုင်သည်။

၃။ ကျောင်းသူ ကျောင်းသားများ အမှားလုပ်ရန် အခွင့်အလမ်းများစွာ ပေးထားသည်။

၄။ ကျောင်းသူ ကျောင်းသားများ အမှားလုပ်ရန် အခွင့်အလမ်းသိပ်မရှိပါ။

၅။ အဖြေမှန် တစ်ခုသာဖြစ်စေ၊ အဖြေမှန် အနည်းငယ်သာဖြစ်စေ သတ်မှတ်ထားပြီးဖြစ်သည်။

၆။ အဖြေမှန် တစ်ခုတည်းဟူ၍ သတ်မှတ်ထားခြင်း မရှိ။ အဖြေမှန်များစွာ ရှိနိုင်သည်။

၇။ ကျောင်းသူ ကျောင်းသားများသည် မိမိတို့ ကိုယ်ပိုင်ထင်မြင်ချက်များကို ဖော်ထုတ်ပြသသည်။ မှားကောင်းမှားနေနိုင်သည်။

၈။ မှန်ကန်မှုကို အဓိက အာရုံထားသည်။

၉။ အခြေခံစဉ်းစားခြင်း စွမ်းရည်များ

၁၀။ အဆင့်မြင့်စဉ်းစားခြင်း စွမ်းရည်များ

# လေ့ကျင့်ခန်း

**ဃ** ရာခိုင်နှုန်းအကြောင်း သချင်္ချာ သင်ခန်းစာ တစ်ခု၏ ခင်းကျင်း တင်ဆက်ခြင်း အဆင့်ကို ကြည့်ပါ။

၁။ ရာခိုင်နှုန်း တွက်နည်း ပုံသေနည်းကို ဆရာက ကျောင်းသူ ကျောင်းသားများကို စပြောပြသည်။

(တန်ဖိုး x ကိန်း ) ÷ ၁၀၀

၂။ ဆရာက နမူနာတစ်ခုပြပြီး တွက်နည်းကို သရုပ်ပြသည်။

၃၀ (% တန်ဖိုး) x ၂၀ (ကိန်း) = ၆၀၀

$$\frac{၆၀၀}{၁၀၀} = ၆$$

၃။ ဒါကြောင့် ၂၀ ရဲ့ ၃၀ ရာနှုန်းဟာ ၆ ဖြစ်တယ်။

အောက်ပါတို့မှာ ဤရာခိုင်နှုန်းသင်ခန်းစာအတွင်း လေ့ကျင့်မှုအဆင့်တွင် ထည့်နိုင်သော လုပ်ငန်းစဉ်များဖြစ်သည်။ ၎င်းတို့ကို ထိန်းကျောင်းကန့်သတ်မှု အများ/အနည်း ခွဲခြားသတ်မှတ်ပါ။

## က။ မှား/ မှန် ရွေးပါ။

၁။ နှစ်ဦးတွဲအလိုက် လုပ်ဆောင်ရမည်။ စာရွက်တစ်ပိုင်းတွင် မှန်ဟု ရေးပြီး နောက်တစ်ပိုင်းတွင် မှားဟု ရေးထားရမည်။

၂။ သင်ပုန်းပေါ်တွင် ညီမျှခြင်း တစ်ခု ရေးမည်။ ဥပမာ - ၆၀ ရဲ့ ၃၀% = ၁၈ ကျောင်းသားတွဲများက ၎င်း ညီမျှခြင်း မှန်မမှန် တွက်ရမည်။

၃။ အဖြေမှန်ပါက မှန်ဟု ရေးထားသော ကတ်ပြားကို ထောင်ပြရမည်။ အဖြေမှားနေပါက မှားဟုရေးထားသော ကတ်ပြားကို ထောင်ပြရမည်။

၄။ မှားနေသော ညီမျှခြင်းကို တစ်ဦးဦးက ထွက်ပြီး အမှန်ပြန်ပြင်ရေးပေးရမည်။

## ခ။ စာသင်ခန်းအတွင်း စစ်တမ်းကောက်ခြင်း

၁။ ဆရာ ဆရာမက ကိန်းဂဏန်းအချက်အလက်များကို ဇယားကွက်များနှင့် ဂရပ်များတွင် မည်သို့ ထည့်နိုင်ကြောင်း ဦးစွာသင်ကြားပေးသည်။

၂။ ကျောင်းသားများက စစ်တမ်း မေးခွန်းများ စဉ်းစားရေးသားကြသည်။ ဥပမာ - အသက်ဘယ်လောက်ရှိပြီလဲ ဘယ်ဘာသာစကားတွေ ပြောတတ်လဲ။

၃။ ကျောင်းသူ ကျောင်းသားများက စစ်တမ်းမေးခွန်းများကို ဖြေဆိုပြီး ၎င်းတို့ အဖြေများကို စာသင်ခန်းတွင်း နေရာအနှံ့ဖြန့်ချထားကြသည်။

| လူလူဝင်း | |
|---|---|
| အသက် | ၂၄ |
| ဘာသာစကား | ရှမ်း၊ ဗမာ၊ အင်္ဂလိပ် |

၄။ ကျောင်းသူ ကျောင်းသားများသည် အချက်အလက်များကို အဖွဲ့လိုက် ကောက်ယူစုစည်းပြီး အားလုံးကို ပေါင်းစပ်ကာ ရာခိုင်နှုန်းများ တွက်ချက်ကြရမည်။ ဥပမာ - ကျောင်းသူ ကျောင်းသား ၄၅% သည် အသက် ၂၀ မှ ၂၅ အတွင်းဖြစ်သည်။ ကျောင်းသူ ကျောင်းသား ၇၅ % က ရှမ်းစကားပြောတတ်သည် စသည်ဖြင့် ရေးသားကြရမည်။

၅။ ထို့နောက် မိမိတို့ တွေ့ရှိချက်များကို ဇယားကွက်များ၊ သရုပ်ဖော်ချက်များတွင် ထည့်ပြီး တစ်တန်းလုံးထံ တင်ပြကြရမည်။

| အသက် | | ဘာသာစကား | |
|---|---|---|---|
| > ၂၀ | ၁၃% | ရှမ်းစကား | ၇၅% |
| ၂၀–၂၅ | ၄၅% | ဗမာစကား | ၈၂% |
| ၂၅–၃၀ | ၃၀% | ပအိုဝ်းစကား | ၈% |
| ၃၀ < | ၁၂% | အင်္ဂလိပ်စာ | ၅၆% |

## ဂ။ ရွှေ့ပြောင်း တွဲစပ်ပါ။

၁။ ရာခိုင်နှုန်းများကို စက်ဝိုင်းဂရပ်ပုံဖြင့် မည်သို့ တင်ပြရကြောင်း ဆရာ ဆရာမက ဦးစွာသင်ကြားပေးသည်။

၂။ ကျောင်းသူ ကျောင်းသားများက နှစ်ဦးတွဲအလိုက် စာရွက်တစ်ရွက်စီရမည်။ ထိုစာရွက်ပေါ်တွင် စက်ဝိုင်းဂရပ်ပုံ တစ်ပုံဖြစ်စေ၊ ရာခိုင်နှုန်း ပုစ္ဆာဖြစ်စေ၊ ထိုရာခိုင်နှုန်းပုစ္ဆာ၏ အဖြေဖြစ်စေ ပါနိုင်သည်။ အတွဲတိုင်းက တစ်မျိုးစီ ရကြမည်ဖြစ်ပြီး တစ်တွဲနှင့် တစ်တွဲ မတူကြပါ။




၃။ နှစ်မိနစ်ခန့်အချိန်အတွင်းတွင် ကျောင်းသားတွဲများက အခန်းတွင်း သွားလာကာ စာရွက်များ နှိုင်းယှဉ်တွက်ချက်ကြပြီး မည်သည့် စာရွက် သုံးရွက်က တစ်စုတည်းဖြစ်ကြောင်း ရှာဖွေကြရမည်။

## ဃ။ မှား မှန် ရောထွေး အမှန်ရွေး

ကျောင်းသူ ကျောင်းသားများက အဖြေမှန်ကို စက်ဝိုင်းဝိုင်းပေးရမည်။

| | ၁၀% | ၁၅% | ၂၅% | ၅၀% |
|---|---|---|---|---|
| ၁။ ၁၆၀ | ၁၅ | ၂၀ | ၄၀ | ၇၀ |
| | ၁၆ | ၂၄ | ၄၂ | ၇၅ |
| | ၂၂ | ၂၆ | ၄၅ | ၈၀ |

| | | | | |
|---|---|---|---|---|
| ၂။ ၇၀၀ | ၇၀ | ၉၀ | ၁၂၅ | ၃၂၅ |
| | ၇၂ | ၉၅ | ၁၇၀ | ၃၅၀ |
| | ၇၅ | ၁၀၅ | ၁၇၅ | ၃၆၅ |

## င။ အဖွဲ့လိုက် ဉာဏ်စမ်းပြိုင်ပွဲ

၁။ ကျောင်းသူ ကျောင်းသားများသည် ရာခိုင်နှုန်းဆိုင်ရာ ပုစ္ဆာ ငါးပုဒ်၊ ၎င်းတို့ကို တွက်ချက်ပုံများနှင့် အဖြေများကို အဖွဲ့လိုက် စဉ်းစားချရေးထားရမည်။

၂။ ထို့နောက် မိမိတို့ အဖွဲ့မှ ရေးထားသော မေးခွန်းများကို အခြား အဖွဲ့များထံ ဖတ်ပြရမည်။ အခြားအဖွဲ့များက ထိုမေးခွန်းများကို တွက်ချက်ဖြေဆိုရမည်။

၃။ မူလ အဖွဲ့က အဖြေများကို နားထောင်ပြီး မှန်သော အဖွဲ့ကို အမှတ်ပေးထားရမည်။ ထို့နောက် အလှည့်ကျ ဆက်မေးဖြေသွားရမည်။

၄။ ရမှတ်များ အားလုံးကို ပေါင်းရမည်။ အမှတ်အများဆုံး ရသော အဖွဲ့က အနိုင်ရမည်။

## စ။ နံပါတ်ရွေး ဘင်ဂိုကစားနည်း

၁။ ငါးတိုင် ငါးတန်းရှိသော ဇယားကွက်တွင်း ဆယ်ဂဏန်းများ ရေးထားသော ဇယားအမျိုးမျိုးကို ကျောင်းသူ ကျောင်းသားများကို ပေးပါ။ ဇယားတစ်ခုနှင့် တစ်ခု ဂဏန်းချင်း မတူရပါ။

၂။ ထို့နောက် ပုစ္ဆာတစ်ပုဒ် ဖတ်ပြပါ။ ဥပမာ - ၁၅၂၀ ရဲ့ ၅ %

၃။ ကျောင်းသူ ကျောင်းသားများက ပုစ္ဆာအဖြေကို တွက်ချက်ပြီး မိမိတို့ ဇယားကွက်ပေါ်တွင် အဖြေဂဏန်းပါလာပါက ထိုဂဏန်းကို စက်ဝိုင်းဝိုင်းလိုက်ရမည်။

၄။ ကျောင်းသူ ကျောင်းသား တစ်ဦးဦး၏ ဇယားကွက်တွင် ကိန်းငါးလုံးကို အတန်းလိုက် စက်ဝိုင်းဝိုင်းလိုက်မိသည်အထိ ပုစ္ဆာများ ဆက်ပေးပါ။ အတန်းလိုက်ရသွားသည့် ကျောင်းသားက “ဘင်ဂို” ဟု အော်လိုက်ရမည်။

| | | | | |
|---|---|---|---|---|
| ၃၆ | ၄၄ | ၄ | ၅၅ | ၄၀၀ |
| ၂၂၅ | ၁၀ | ၁၆၅ | ၁၈ | ၂၄၇ |
| ၁၈၀ | ၆၃ | ၂၁၆ | ၃ | ၆၀ |
| ၅၀ | ၁၄၃ | ၅ | ၁၀၀ | ၇၆ |
| ၁၅ | ၈ | ၁၅၀ | ၁၆ | ၆၄ |

## လုပ်ငန်းစဉ်

၄ အောက်ပါ လုပ်ငန်းစဉ် စာရင်းနှင့် ဇယားကွက်ကို ကြည့်ပါ။

၁။ လုပ်ငန်းစဉ်များကို သင်ခန်းစာ တစ်ခုစီ အတွက် သင့်လျော်သော အဆင့်တွင် ထည့်ပါ။ တစ်ပိုင်းစီတွင် လုပ်ငန်းစဉ် နှစ်ခုစီ ရှိပါလိမ့်မည်။

၂။ အတန်းတစ်ခုစီအတွက် သင်ယူမှု ရည်ရွယ်ချက် တစ်ခုစီရေးပါ။



က ဆရာ ဆရာမက နမူနာ ရွတ်ဖတ်ပြသည့် သံနေ သံထားအတိုင်း ကျောင်းသူ ကျောင်းသားများက အတုခိုး ရွတ်ဆိုကြရသည်။

ခ ကျောင်းသူ ကျောင်းသားများက မိမိတို့ နှစ်သက်ရာ သမိုင်းဖြစ်ရပ်တစ်ခု ရွေးချယ်ပြီး ၎င်းအကြောင်း သုတေသန လုပ်ဆောင်ရမည်။

ဂ ကျောင်းသူ ကျောင်းသားများက အပင်တစ်ပင်ကို ခွဲစိတ်ဖြတ်တောက်ပြီး တစ်ပိုင်းစီကို အမည်တပ် ရမည်။

ဃ တင်ဆက်ဟောပြောချက်တစ်ခုကို အပိုင်းအမျိုးမျိုး ခွဲပြထားသည်ကို ကျောင်းသူ ကျောင်းသားများက အဆင့်မှန်အောင် ပြန်စီရမည်။

င မိမိတို့၏ အနာဂတ် အစီအစဉ်များအကြောင်း ကျောင်းသူ ကျောင်းသားများက ပြဇာတ်ပြင်ဆင် သရုပ်ဆောင်ပြသည်။

စ ဆရာ ဆရာမပေးသော အမည်ကတ်ပြားများကို သရုပ်ဖော်ပုံတွင် မှန်ကန်စွာ နေရာချ အမည်တပ် ရမည်။

ဆ အပင်တစ်ပင်၏ အစိတ်အပိုင်းများကို မည်သို့ အသုံးပြုရကြောင်း ပြသထားသည့် ပိုစတာ တစ်ခုကို ကျောင်းသူ ကျောင်းသားများက ဖန်တီးကြသည်။

ဇ စီးပွားရေးပညာအကြောင်း စာသားတစ်ခုထဲမှ အယူအဆများကို ဖတ်ရှုပြီး ကျောင်းသူ ကျောင်းသားများက ခန့်မှန်းချက်များ ထုတ်ကြရသည်။

ဈ ကျောင်းသူ ကျောင်းသားများသည် သင်ယူထားသော သဒ္ဒါတည်ဆောက်ပုံများ အသုံးပြုပြီး ဝါကျများ ရေးသားကြသည်။

ည ကျောင်းသူ ကျောင်းသားများက အပင်နှစ်မျိုး၏ အစိတ်အပိုင်းများကို တူညီ/ကွဲပြားချက်များ နှိုင်းယှဉ်ကြသည်။

ဋ ကျောင်းသူ ကျောင်းသားများက အနာဂတ် အစီအစဉ်များနှင့် ပတ်သက်သော ဝါကျများ၏ တည်ဆောက်ပုံများကို ခွဲခြားဖော်ထုတ်ကြသည်။





ဌ အချိန်စီမံခန့်ခွဲမှုအကြောင်း ကျောင်းသူ ကျောင်းသားများက ဟောပြောတင်ဆက်ချက်တစ်ခု ပြုလုပ်ကြသည်။

ဍ စီးပွားရေးအကြောင်း ရေးသားထားသည့် စာတစ်ပုဒ်ပါ အကြောင်းအရာများသည် ၎င်းတို့ ဘဝ၊ ၎င်းတို့ ရပ်ရွာများနှင့် မည်သို့ ချိတ်ဆက်မှုရှိကြောင်း ကျောင်းသူ ကျောင်းသားများက အကျဉ်းစဉ်းစားဖော်ထုတ်ကြသည်။

ဎ ကျောင်းသူ ကျောင်းသားများက ဟောပြောတင်ဆက်ချက်တစ်ခုကို ကြည့်ပြီး တင်ဆက်သူသုံးသွားသော ဟောပြောခြင်း နည်းလမ်းများကို စာရင်းပြုကြသည်။

ဏ စီးပွားရေးအကြောင်း ရေးသားထားသည့် စာတစ်ပုဒ်ကို ဖတ်ရှုပြီး ၎င်းအကြောင်းအရာများနှင့် ပတ်သက်သည့် မှားမှန်ရွေးခြင်း၊ အဖြေမှန်ရွေးလေ့ကျင့်ခန်းများ လုပ်ဆောင်ကြသည်။

တ မည်သည့် သမိုင်းဖြစ်ရပ်က သက်ရောက်မှု အကြီးမားဆုံး ဖြစ်ကြောင်း ကျောင်းသူ ကျောင်းသားများက စကားရည်လု ဆွေးနွေးရသည်။

ထ ကျောင်းသူ ကျောင်းသားများက ဟောပြောတင်ဆက်ချက်များ ပြုလုပ်ကြပြီး အချင်းချင်း အားနည်းအားသာချက်များကို ဆန်းစစ် အကဲဖြတ်ကြသည်။

ဒ သမိုင်းဖြစ်ရပ်များအကြား ကြောင်းကျိုးဆက်စပ်မှုများကို ကျောင်းသူ ကျောင်းသားများက ဖော်ထုတ်ကြသည်။

ဓ စီးပွားရေးအကြောင်း စာပိုဒ်တစ်ပိုဒ်ကို အပိုင်းပိုင်းဖြတ်ထားပြီး ထိုဖြတ်စများကို စာပိုဒ်ပုံစံပြန်ရအောင် ကျောင်းသူ ကျောင်းသား များက ပြန်စီရသည်။

န ကျောင်းသူ ကျောင်းသားများက သမိုင်းဖြစ်ရပ် စာရင်းတစ်ခုကို ကြည့်ပြီး ထိုဖြစ်ရပ်များ ဖြစ်ပွားခဲ့သည့် ခုနှစ်များကို ဖော်ထုတ် ရေးသားရသည်။

| | သိပ္ပံဘာသာရပ် စာသင်ခန်း | သမိုင်းဘာသာရပ် စာသင်ခန်း | ဘာသာစကား စာသင်ခန်း | စီးပွားရေးဘာသာရပ် စာသင်ခန်း | အဆင့်မြင့်ပညာရေး ပြင်ဆင်မှု စာသင်ခန်း |
|---|---|---|---|---|---|
| သင်ခန်းစာ အစောပိုင်း လုပ်ငန်းစဉ်များ ထိန်းကျောင်း ကန့်သတ်မှုများ၊ လွတ်လပ်မှုနည်း | i. | iii. | v. | vii. | ix. |
| သင်ခန်းစာ နှောင်းပိုင်း လုပ်ငန်းစဉ်များ ထိန်းကျောင်း ကန့်သတ်မှုနည်း လွတ်လပ်မှုများ | ii. | iv. | vi. | viii. | x. |

# လုပ်ငန်းစဉ်

● အောက်ပါသင်ယူမှု ရည်ရွယ်ချက်များမှ တစ်ခုနှင့် အထက်ကို အဖွဲ့လိုက်ရွေးပါ။ မိမိတို့ ရွေးချယ်လိုက်သော သင်ယူမှု ရည်ရွယ်ချက်အတွက် ပို့ချသော သင်ခန်းစာအတွင်း ထည့်သွင်းအသုံးပြုနိုင်မည့် ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု လုပ်ငန်းစဉ်တစ်ခုနှင့် ထိန်းကျောင်းကန့်သတ်မှုနည်းသော လုပ်ငန်းစဉ်တစ်ခု ရွေးချယ်သတ်မှတ်ပါ။

၁။ “ကျောင်းသူ ကျောင်းသားများသည် လိပ်ပြာတစ်ကောင်၏ ဘဝစက်ဝန်းအကြောင်း ရှင်းပြတတ်သွားလိမ့်မည်။”

၂။ “ကျောင်းသူ ကျောင်းသားများသည် သတင်းစာနှင့် မဂ္ဂဇင်းများမှ ကြော်ငြာနမူနာများ ရှာဖွေဖော်ထုတ်ပြနိုင်မည်။”

၃။ “ကျောင်းသူ ကျောင်းသားများသည် ၎င်းတို့၏ အနှစ်သက်ဆုံး စာအုပ်အကြောင်း ဖော်ပြ ပြောဆိုတတ်သွားမည်။”

၄။ ကျောင်းသူ ကျောင်းသားများသည် ရာသီဥတု ပြောင်းလဲမှု၏ အဓိက သက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာပြတတ်သွားမည်။

၅။ ကျောင်းသူ ကျောင်းသားများသည် ခန္ဓာကိုယ်၏ အဓိက ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများကို သိရှိပြီး အမည်တပ်ခွဲခြားပြတတ်သွားမည်။



## လုပ်ငန်းစဉ်

**ဿ** နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ မိမိတို့ သင်ကြားရနိုင်ခြေရှိသည့် သင်ခန်းစာ တစ်ခုခုကို သတ်မှတ်ဖော်ထုတ်ပါ။

၁။ ထိုသင်ခန်းစာအတွက် သင်ယူမှု ရည်ရွယ်ချက်တစ်ခုရေးပါ။

၂။ ထိန်းကျောင်းကန့်သတ်မှုများသော လုပ်ငန်းစဉ်များနှင့် နည်းသော လုပ်ငန်းစဉ်များကို ဖန်တီးသတ်မှတ်ပါ။

၃။ ထို့နောက် ထိန်းကျောင်းမှုများရာမှ နည်းရာသို့ စီစဉ်ထားသော လုပ်ငန်းစဉ်များကို အတန်းရှေ့တွင် သရုပ်ပြ သင်ကြားပါ။



## ဆွေးနွေးချက်

**ဍ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှုအတွင်း ကျောင်းသူ ကျောင်းသားများ ကောင်းစွာ လိုက်နိုင်ခြင်းမရှိပါက ဆရာ ဆရာမက မည်သို့ဆောင်ရွက်နိုင်မည်နည်း။

၂။ သင်ခန်းစာအတွင်း ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု လုပ်ဆောင်ရန် အချိန်မရှိတော့ပါက ဆရာ ဆရာမက မည်သို့ ဆောင်ရွက်နိုင်မည်နည်း။

၃။ ထိန်းကျောင်းကန့်သတ်မှု များသော လုပ်ငန်းစဉ်များကို ကျော်လိုက်ပြီး ထိန်းကျောင်းကန့်သတ်မှု နည်းသော လုပ်ငန်းစဉ်များကို တိုက်ရိုက်သွား၍ ရသည်ဟု ထင်ပါသလား။ အဘယ့်ကြောင့် ရမရ ရှင်းပြပါ။

၄။ ဆရာ ဆရာမအဖြစ်သော်လည်းကောင်း၊ ကျောင်းသူ ကျောင်းသား အဖြစ်သော်လည်းကောင်း မိမိတွေ့ကြုံဖူးသည့်အနက် ဆရာ ဆရာမများက ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှုပေးခြင်းကို အတွေ့ရများပါသလား။

# ၃.၄ ပြန်လှန်လေ့လာခြင်းနှင့် အိမ်စာ

## အကြိုသင်ခန်းစာ

**က** အောက်ပါ စိတ်ကူးမြေပုံများတွင် မိမိအတွေးအမြင်များ ဖြည့်စွက်ပါ။ သင်ခန်းစာ အစီအစဉ်တစ်ခု၏ အစိတ်အပိုင်းနှစ်ခုဖြစ်သော (ပြန်လှန်လေ့လာခြင်းနှင့် အိမ်စာ) တို့ကို သင်ခန်းစာတွင် မည်သည့်အချိန်၊ မည်သည့် အပိုင်းတွင် အဘယ့်ကြောင့် ထည့်သွင်းသင့်ကြောင်း ရှင်းပြပါ။







သင်ခန်းစာအတွင်း သင်ကြားခဲ့သည့်အရာများကို သင်ခန်းစာမပြီးခင် ပြန်လှန်လေ့လာခြင်း လုပ်ဆောင်နိုင်ရန် အချိန်ချန်ထားရမည်။ ပြန်လှန်လေ့လာခြင်းအဆင့်တွင် ကျောင်းသူ ကျောင်းသားများက မိမိတို့ လေ့လာသင်ယူခဲ့သော အသိပညာ၊ အတတ်ပညာများကို ပြန်နွှေးနိုင်၊ ပြန်သုံးသပ်ခွင့် ရစေသည်။ ကျောင်းသူ ကျောင်းသားများ၏ သင်ယူမှုကိုလည်း ဆရာ ဆရာမများက အကဲဖြတ်နိုင်ခွင့် ရစေသည်။ ထိုသို့အကဲဖြတ်ခြင်းမှတဆင့် ဆရာ ဆရာမများသည် နောက်သင်ခန်းစာတွင် မည်သည်တို့ သင်ကြားရမည်ကို စဉ်းစားဆုံးဖြတ်နိုင်မည်ဖြစ်သည်။

ပြန်လှန်လေ့လာခြင်း အဆင့်ကို နည်းလမ်းအမျိုးမျိုးနှင့် လုပ်ဆောင်နိုင်ပါသည်။ ဥပမာ –

- သင်ခန်းစာမှ အဓိကအဆင့်များကို ကျောင်းသူ ကျောင်းသားများ ချရေးကြရမည်။
- ဆရာ ဆရာမက တစ်တန်းလုံးကို သင်ခန်းစာ၏ အဓိကအချက်များ ပြန်သတိပေးရမည်။






- သင်ခန်းစာပါ အကြောင်းအရာများကို ကျောင်းသူ ကျောင်းသားများ နားလည်မှု ရှိမရှိ ဆန်းစစ်နိုင်မည့် မေးခွန်းများကို ဆရာ ဆရာမက မေးနိုင်သည်။
- ကျောင်းသူ ကျောင်းသားများက မိမိတို့ အသေအချာ နားမလည်သည့် အကြောင်းအရာများကို ပြန်မေးရမည်။

အိမ်စာကိုလည်း ရည်ရွယ်ချက် အမျိုးမျိုးနှင့် သုံးနိုင်သည်။ သုံးနိုင်မည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ကြသည်။

- သင်ခန်းစာအတွင်း ကျောင်းသူ ကျောင်းသားများ သင်ယူရရှိခဲ့သည်တို့ကို ပြန်နွှေးရန်နှင့် နားလည်မှု မြဲမြံသွားစေရန်။
- သင်ခန်းစာကို ကျောင်းသူ ကျောင်းသားများ နားလည်မှု ရှိမရှိ ဆရာ ဆရာမက စစ်ဆေးနိုင်စေရန်။
- လာမည့် ခေါင်းစဉ်များနှင့် သင်ခန်းစာများအတွက် ကျောင်းသူ ကျောင်းသားများကို ကြိုတင်ပြင်ဆင်ပေးရန်။ ရရှိပြီး သင်ယူမှုအပေါ် ဆက်လက် ချဲ့ထွင်နိုင်ရန်၊ သုတေသန ပရောဂျက်များ၊ လက်တွေ့လုပ်ငန်းစဉ်များမှတဆင့် သဘောတရားကို လက်တွေ့လုပ်ဆောင်နိုင်စေရန်။

အိမ်စာများ ထိရောက်မှု ရှိစေရန် အောက်ပါ အရည်အသွေးတို့ ရှိရမည်။

- စိတ်ဝင်စားဖွယ်ဖြစ်ခြင်း၊
- ကျောင်းသူ ကျောင်းသားနှင့် ကိုက်ညီခြင်း၊
- လက်ရှိသင်ခန်းစာနှင့်ဖြစ်စေ၊ ဆက်လက် သင်ကြားမည့် သင်ခန်းစာနှင့်ဖြစ်စေ ချိတ်ဆက်မှုရှိခြင်း၊
- အောင်မြင်ပေါက်မြောက်နိုင်ဖွယ်ရှိခြင်း။

# လေ့ကျင့်ခန်း

၁ အိမ်စာအဖြစ် သုံးနိုင်သော လုပ်ငန်းစဉ်အမျိုးအစား အချို့ကို အောက်တွင် ဖော်ပြထားပါသည်။ လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းစဉ်များ တွဲစပ်ပေးရမည်။

- **ပြန်လှန်လေ့လာခြင်း လေ့ကျင့်ခန်းများ** – သင်ခန်းစာပါ အဓိက အကြောင်းအရာများကို ပြန်လှန်လေ့လာခြင်းနှင့် လေ့ကျင့်ခြင်း လုပ်ငန်းစဉ်များဖြစ်သည်။
- **ကြိုတင်ပြင်ဆင်ခြင်း လေ့ကျင့်ခန်းများ** – မိမိတို့ သင်ယူမှုအပေါ် မိမိတာဝန်ယူမှုရှိစေရန်နှင့် အကြောင်းအရာများကို စာသင်ခန်းအတွင်း မလေ့လာမီ ကိုယ့်အားကိုယ်ကိုး လေ့လာရှာဖွေမှုများ ရှိစေသည့် လုပ်ငန်းစဉ်များဖြစ်သည်။
- **လက်တွေ့အသုံးချခြင်း လေ့ကျင့်ခန်းများ** – ကျောင်းသူ ကျောင်းသားများ လေ့လာနေသည့် အကြောင်းအရာများနှင့် ၎င်းတို့၏ လက်တွေ့ဘဝ၊ ရပ်ရွာအခြေအနေ ဖြစ်ရပ်များနှင့် ချိတ်ဆက် နားလည်စေသည့် လုပ်ငန်းစဉ်များဖြစ်သည်။
- **သုတေသန ပရောဂျက်များ** – ခေါင်းစဉ်အကြောင်းအရာကို ပိုမိုသိရှိနားလည်စေရေးအတွက် ရပ်ရွာ၊ စာအုပ်စာတမ်းများ၊ အင်တာနက်စသည့် ရင်းမြစ် အမျိုးမျိုးကို ကျောင်းသူ ကျောင်းသားများ အသုံးပြုစေသည့် လုပ်ငန်းစဉ်များဖြစ်သည်။












## လုပ်ငန်းစဉ်

**ဂ** အောက်ပါ ရာခိုင်နှုန်းအကြောင်း သင်ကြားထားသည့် သချာ သင်ခန်းစာကို ကြည့်ပါ။

၁။ ဤသင်ခန်းစာတွင် ပြန်လှန်လေ့လာခြင်း လုပ်ငန်းစဉ်ကို မည်သို့ ထည့်သွင်းမည်နည်း။

၂။ ဤသင်ခန်းစာအတွက် မည်သည့် အိမ်စာပေးမည်နည်း။

**၁။** **ရာခိုင်နှုန်း တွက်နည်း ပုံသေနည်းကို ဆရာက ကျောင်းသူ ကျောင်းသား များကို စပြောပြသည်။**

(တန်ဖိုး x ကိန်း ) ÷ ၁၀၀

**၂။** **ဆရာက နမူနာ တစ်ခုပြပြီး တွက်နည်းကို သရုပ်ပြသည်။**

(တန်ဖိုး) x ၂၀ (ကိန်း) = ၆၀၀

၆၀၀ / ၁၀၀ = ၆

**၃။** **ဒါကြောင့် ၂၀ ရဲ့ ၃၀ ရာနှုန်းဟာ ၆ ဖြစ်တယ်။**



## လုပ်ငန်းစဉ်

**ဃ** အထက်ပါ ရာခိုင်နှုန်းသင်ခန်းစာအတွက် အိမ်စာ လေ့ကျင့်ခန်းများကို ဖတ်ပါ။

၁။ ထို့နောက် ထိုလေ့ကျင့်ခန်းများကို ပြန်လှန် လေ့လာခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ လက်တွေ့အသုံးချခြင်း၊ သုတေသနဟူသည့် အမျိုးအစား လေးမျိုးအားဖြင့် ပြန်ခွဲခြားပါ။

၂။ မည်သည့် လေ့ကျင့်ခန်းတို့မှာ စိတ်ဝင်စားဖွယ်မရှိခြင်း၊ သင်ခန်းစာနှင့် မဆီလျော်ခြင်း၊ အောင်မြင်နိုင်ဖွယ်မရှိခြင်းတို့ ဖြစ်နေသနည်း။



### နောက်တစ်နေ့အတွက်အိမ်စာ –

**က။** ဘရာဇီးနိုင်ငံမှ ခံတွင်း ကျန်းမာရေး အလေ့အထများအကြောင်း ဆောင်းပါးကို ဖတ်ပါ။ အိပ်ရာ မဝင်ခင် သွားတိုက်သော ဘရာဇီးလူဦးရေ ရာခိုင်နှုန်းကို တွက်ချက်ပါ။

**ခ။** ယနေ့ သင်ကြားချက် မှတ်စုများကို ပြန်ကြည့်ပါ။ အဓိကအချက်များကို စာတစ်ပိုဒ်အတွင်း အကျဉ်းချုပ်ပါ။ ရာခိုင်နှုန်းနှင့် ပတ်သက်သည့် မေးခွန်း ၃ ခုရေးပါ။ လေ့ကျင့်ခန်း ပုစ္ဆာအခု ၃၀ ပါသော လေ့ကျင့်ခန်းစာရွက်ကို ဖြေဆိုပါ။

**ဂ။** အက္ခရာသင်္ချာ ပျော်စရာ စာအုပ်မှ မိတ်ဆက်အခန်းကို ဖတ်လာခဲ့ပါ။

**ဃ။** မိမိတို့ နေ့စဉ်ဘဝများတွင် ရာခိုင်နှုန်းကို မည်သို့ အသုံးပြုကြောင်း အဖွဲ့လိုက် ဆွေးနွေးပါ။

## လုပ်ငန်းစဉ်

**င** သင်ခန်းစာတစ်ခုစီအတွက် သင်ယူမှု ရည်ရွယ်ချက်များကို ဖတ်ရှုပါ။ သင်ခန်းစာတစ်ခုစီအတွက် အိမ်စာ လုပ်ငန်းစဉ်တစ်ခုစီကို အဖွဲ့လိုက် ဖန်တီးကြရမည်။

၁။ ကျောင်းသူ ကျောင်းသားများသည် လိပ်ပြာ၏ ဘဝစက်ဝန်းကို ရှင်းပြတတ်သွားမည်။

၂။ ကျောင်းသူ ကျောင်းသားများသည် သတင်းစာနှင့် မဂ္ဂဇင်းများမှ ကြော်ငြာနမူနာများ ရှာဖွေဖော်ထုတ်ပြနိုင်မည်။

၃။ ကျောင်းသူ ကျောင်းသားများသည် ၎င်းတို့၏ အနှစ်သက်ဆုံး စာအုပ်အကြောင်း ဖော်ပြ ပြောဆိုတတ်သွားမည်။

၄။ ကျောင်းသူ ကျောင်းသားများသည် ရာသီဥတု ပြောင်းလဲမှု၏ အဓိက သက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာ ပြတတ်သွားမည်။

၅။ ကျောင်းသူ ကျောင်းသားများသည် ခန္ဓာကိုယ်၏ အဓိက ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများကို သိရှိပြီး အမည်တပ် ခွဲခြားပြတတ်သွားမည်။

## လုပ်ငန်းစဉ်

**၁** နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မိမိတို့ သင်ရနိုင်ခြေရှိသည့် သင်ခန်းစာတစ်ခုကို ရွေးချယ်ပါ။

၁။ ထိုသင်ခန်းစာအတွက် သင်ယူမှု ရည်ရွယ်ချက်တစ်ခုရေးပါ။

၂။ ထိုသင်ခန်းစာအတွက် ပြန်လှန်လေ့လာခြင်းနှင့် အိမ်စာ လေ့ကျင့်ခန်းများ ဖန်တီးပါ။

၃။ ပြန်လှန်လေ့လာခြင်းလုပ်ငန်းစဉ်ကို အတန်းရှေ့တွင် သင်ကြားပြပါ။ ထို့နောက် အိမ်စာမည်သို့ လုပ်ရမည်ကို ရှင်းပြညွှန်ကြားပါ။

## လေ့ကျင့်ခန်း

**သ** အောက်ပါ စာရင်းမှ အချက်အလက်များ (က–ဃ) ကို သင်ခန်းစာ အစီအစဉ် ၁ နှင့် ၂ တွင် လစ်လပ်နေသော ကွက်လပ်များ (၁–၁၄) တွင် ဆီလျော်စွာ ဖြည့်သွင်းပါ။

(က) ဝေါဟာရများ – sunny, cloudy, windy, rainy, stormy, snowy

(ခ) မိမိတို့ ပါဝင်နေသော ရပ်ရွာအသိုင်းအဝိုင်း အမျိုးမျိုးကို ကျောင်းသူ ကျောင်းသားက တစ်ဦးချင်း စာရင်းပြုကြသည်။

(ဂ) လေ့ကျင့်ခန်းစာရွက်

(ဃ) ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု

(င) ရပ်ရွာများတွင် ဘုံတူညီစွာ ရှိကြသော ဝိသေသလက္ခဏာများကို ရှင်းပြ

(စ) ၁၅ မိနစ်

(ဆ) ကျောင်းသူ ကျောင်းသားများ၏ အသံထွက် မှားနှင့် စာလုံးပေါင်းမှားများကို မမေ့မလျော့ ပြင်ပေးရန်။

(ဇ) ရပ်ရွာတစ်ခု၏ ဘုံဝိသေသလက္ခဏာများ၊ ဥပမာ – ပထဝီအနေအထား၊ စံတန်ဖိုးများနှင့် အယူအဆများ၊ အကျိုးစီးပွားများ၊ ယဉ်ကျေးမှု၊ ဦးတည်ချက်နှင့် ပန်းတိုင်များ၊ စည်းမျဉ်း ဥပဒေများ၊ သမိုင်းကြောင်းများ၊ အတွေ့အကြုံနှင့် ရိုးရာများ။

(ဈ) ကျောင်းသူ ကျောင်းသားများက ဆရာ ဆရာမ ရွတ်ဖတ်ပြသည့် ဝေါဟာရများကို နားထောင်ပြီး သုံးကြိမ်လိုက်ဆိုကြသည်။

(ည) နိုင်ငံသားဖြစ်မှုနှင့် ရပ်ရွာများ

(ဋ) မြန်မာနိုင်ငံ၏ ရာသီဥတုများ

(ဌ) ကျောင်းသူ ကျောင်းသားများသည် မိမိတို့ ဖတ်ရှုလိုက်သော ရပ်ရွာများအကြောင်း အချင်းချင်း ပြန်ရှင်းလင်းပြောပြကြသည်။

(ဍ) ကျောင်းသူ ကျောင်းသားများသည် သင်္ကေတများ ဆွဲသားခြင်း၊ ရာသီဥတု အခြေအနေများအကြောင်း ရေးသားခြင်း အားဖြင့် မိမိတို့ကိုယ်ပိုင် မိုးလေဝသ ခန့်မှန်းချက်များကို ဖန်တီးကြရမည်။

(ဎ) သင်ပုန်းပေါ်တွင် ရပ်ရွာတစ်ခု၏ ဘုံဝိသေသ လက္ခဏာနမူနာ အချို့ကို ရေးပြပါ။



၁

ခေါင်းစဉ် ____________________ (၁။)

**ရည်ရွယ်ချက်များ** – ကျောင်းသူ ကျောင်းသားများသည် အောက်ပါတို့ ဆောင်ရွက်တတ်သွားလိမ့်မည်။

- မိမိတို့ ပါဝင်နေသည့် ရပ်ရွာများကို ဖော်ထုတ်သတ်မှတ်တတ်ရန်။
- အချို့ အသိုင်းအဝိုင်းတွင် ပါဝင်မှုသည် မိမိအတွက် အဘယ့်ကြောင့် အခြားရပ်ရွာတွင် ပါဝင်မှုထက် ပိုမိုအရေးကြီးကြောင်း အကြောင်းပြ ရပ်တည်ပြောဆိုတတ်ရန်။
- ____________________ (၂။)
- မြို့ပြ၊ ကျေးလက်၊ အွန်လိုင်း၊ နိုင်ငံတကာနှင့် ပြည်ပရောက် ရပ်ရွာအသိုင်းအဝိုင်းများကို တူညီကွဲပြားမှုများ နှိုင်းယှဉ်ပြတတ်ရန်။

**သင်ခန်းစာအကြောင်း အသေးစိတ်** –

- ရပ်ရွာအသိုင်းအဝိုင်း (community) ဟူသည့် စကားလုံးသည် (cum အတူတကွ) နှင့် (munnus လက်ဆောင်) ဖြစ်သောကြောင့် အတူတကွ ခံစားရရှိသည့် လက်ဆောင်တစ်ခုဟူသည့် ဖွင့်ဆိုချက်ကို အသုံးပြုပါ။
- ရပ်ရွာအသိုင်းအဝိုင်းဟုဆိုရာတွင် – မိသားစု၊ မြို့နယ်၊ အလုပ်ခွင်၊ ပညာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဝါသနာ၊ လူမျိုး၊ စေတနာ့ဝန်ထမ်း အလုပ်များ စသည်တို့ ပါဝင်ပတ်သက်နိုင်သည်။
- ____________________ (၃။)

| သင်ခန်းစာ အဆင့်နှင့် အချိန်သတ်မှတ်ချက် | လုပ်ငန်းစဉ်များ | အရင်းအမြစ်များ |
|---|---|---|
| **မိတ်ဆက်အဆင့်**<br>၅ မိနစ် | • ကျောင်းသူ ကျောင်းသားများသည် ဓာတ်ပုံငါးပုံကို နှစ်ဦးတွဲအလိုက် ကြည့်ရှုပြီး ပုံပါ ရပ်ရွာအုပ်စုဝင်များတွင် မည်သည့် ဘုံတူညီချက်များ ရှိကြနိုင်ကြောင်း ဖော်ထုတ်ကြရမည်။ | • ရပ်ရွာအသိုင်းအဝိုင်းအမျိုးမျိုး ဓာတ်ပုံများ |
| **ခင်းကျင်းတင်ဆက်ခြင်း အဆင့်**<br>၅ မိနစ် | • ဆရာ ဆရာမသည် ရပ်ရွာအသိုင်းအဝိုင်း community ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တင်ပြပြီး ရပ်ရွာနှင့် နိုင်ငံသားဖြစ်မှုတို့ အကြား ဆက်စပ်မှုကို ရှင်းပြရမည်။ | • ရပ်ရွာအသိုင်းအဝိုင်း community ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်၊ ဆက်စပ်ပတ်သက်ပုံ အမျိုးမျိုးပါသော ပိုစတာတစ်ခု |
| **ထိန်းကျောင်း ကန့်သတ်မှု နည်းသော လေ့ကျင့်မှု**<br>၁၀ မိနစ် | • ____________________ (၄။)<br>• ကျောင်းသူ ကျောင်းသားများက ၎င်းတို့ စာရင်းများကို နှစ်ဦးတွဲ အလိုက် နှိုင်းယှဉ်ကြသည်။ | • ဗလာစာအုပ်<br>• ခဲတံ၊ ဘောပင်များ |
| **ခင်းကျင်းတင်ဆက်ခြင်း အဆင့်**<br>၁၀ မိနစ် | • ဆရာ ဆရာမက ရပ်ရွာအသိုင်းအဝိုင်း အမျိုးမျိုးနှင့် ၎င်းတို့၏ ဘုံဝိသေသလက္ခဏာများအကြောင်း နမူနာများနှင့် ရှင်းပြသည်။ | • သင်ပုန်း<br>• သင်ပုန်း မာကာများ |
| **ထိန်းကျောင်း ကန့်သတ်မှု များသော လေ့ကျင့်မှု**<br>၁၅ မိနစ် | • ကျောင်းသူ ကျောင်းသားများက ဖြစ်ရပ်လေ့လာချက်များကို ဖတ်ရှုပြီး ရပ်ရွာအသိုင်းအဝိုင်းများ၏ ဘုံဝိသေသလက္ခဏာများကို ဖော်ထုတ် သတ်မှတ်ကြသည်။ | • တက်ကြွလှုပ်ရှားနိုင်ငံသား စာမျက်နှာ ၂၅ |

၁

| | | |
|---|---|---|
| **ထိန်းကျောင်း ကန့်သတ်မှု နည်းသော လေ့ကျင့်မှု**<br>__________ (၅။) | • မိမိတို့ ပါဝင်နေသော ရပ်ရွာအသိုင်းအဝိုင်းများအနက် မိမိတို့ တန်ဖိုးအထားဆုံး အသိုင်းအဝိုင်းများကို ထိပ်ဆုံးထားပြီး အရေးပါမှု/တန်ဖိုးထားမှု ကြီးစဉ်ငယ်လိုက်စီပါ။ ထိပ်ဆုံး ရပ်ရွာအသိုင်းအဝိုင်း ၃ ခု အတွင်းမှ ဘုံဝိသေသလက္ခဏာများကို ဖော်ထုတ်သတ်မှတ်ရမည်။<br>• ကျောင်းသူ ကျောင်းသားများက ဤမေးခွန်းများကို အဖွဲ့လိုက် ဆွေးနွေးမှုဝေကြသည်။ "ဤရပ်ရွာအသိုင်းအဝိုင်းတွင် ပါသည့် အတွက် မည်သည့် တာဝန်ဝတ္တရားများ ယူရသနည်း။ ဤရပ်ရွာ အသိုင်းအဝိုင်းတွင် ပါသည့်အတွက် မည်သည့် အကျိုးကျေးဇူး ရရှိသနည်း။" | • ပြီးခဲ့သည့် ထိန်းကျောင်း ကန့်သတ်မှု နည်းသော လေ့ကျင့်မှုမှ စာရင်းများ |
| **ထိန်းကျောင်း ကန့်သတ်မှုများသော လေ့ကျင့်မှု**<br>၁၅ မိနစ် | • ရပ်ရွာအသိုင်းအဝိုင်းတစ်ခုအကြောင်း စာတစ်ပုဒ်ကို ကျောင်းသူ ကျောင်းသားများ ရရှိကြသည်။ (မြို့ပြ၊ ကျေးလက်၊ အွန်လိုင်း၊ နိုင်ငံတကာ၊ ပြည်ပရောက်)<br>• ကျောင်းသူ ကျောင်းသားများက စာကို ဖတ်ရမည်။ လုပ်ငန်းစဉ် ဆောင်ရွက်ဖြေဆိုပြီး အဖြေများကို အဖွဲ့လိုက်တိုက်စစ်ခြင်း ဆရာနှင့် တိုက်စစ်ခြင်း ဆောင်ရွက်ရမည်။ | • တက်ကြွလှုပ်ရှားနိုင်ငံသား စာမျက်နှာ ၂၆–၂၈ |
| **ခင်းကျင်း တင်ဆက်ခြင်းအဆင့်**<br>၂၀ မိနစ် | • ပြီးခဲ့သည့် အဖွဲ့လေးဖွဲ့လုံးမှ အဖွဲ့ဝင်ဟောင်း အနည်းဆုံး တစ်ဦးကျ ပါဝင်ပေါင်းစပ်ထားသည့် အဖွဲ့အသစ်များ ဖွဲ့ရမည်။ (အဖွဲ့တိုင်းတွင် ပြီးခဲ့သည့် အဖွဲ့လေးဖွဲ့လုံးမှ အနည်းဆုံး တစ်ယောက်စီ ပြန်ပါရမည်။)<br>• ________________ (၆။)။ | |
| **ထိန်းကျောင်း ကန့်သတ်မှု နည်းသော လေ့ကျင့်မှု**<br>၁၀ မိနစ် | • အဖွဲ့အတိုင်းဆက်နေပြီး မိမိတို့ ဖတ်ရှုခဲ့သော ရပ်ရွာများ၏ တူညီကွဲပြားမှုများကို နှိုင်းယှဉ်ပြသော ပိုစတာတစ်ခု ဒီဇိုင်းထုတ် ရေးဆွဲကြရမည်။ | • ပိုစတာ စက္ကူကြီး<br>• မာကာများ |
| **ပြန်လှန်လေ့လာခြင်း**<br>၅ မိနစ် | • မိမိဖြစ်စေ၊ မိမိတို့၏ မိသားစုဝင်များဖြစ်စေ ပါဝင်နေသည့် မြို့ပြ၊ ကျေးလက်၊ အွန်လိုင်း၊ နိုင်ငံတကာ၊ ပြည်ပရောက် ရပ်ရွာအသိုင်းအဝိုင်းများအကြောင်းကို ကျောင်းသူ ကျောင်းသားများက ဆွေးနွေးကြရမည်။ | |
| **မှတ်ချက်**<br>• ________________ (၇။)<br>• သင်ရိုးစာအုပ်မှ စာမျက်နှာများကို မိတ္တူဆွဲပြီး ကျောင်းသူ ကျောင်းသားများကို ဝေပေးရမည်။ | | |

၂

၂

ခေါင်းစဉ် ____________________ (၈။)

**ရည်ရွယ်ချက်များ** – ကျောင်းသူ ကျောင်းသားများသည် အောက်ပါတို့ ဆောင်ရွက်တတ်သွားလိမ့်မည်။

- မိုးလေဝသအခြေအနေ အမျိုးအစား ၆ မျိုးကို သိရှိ၊ အမည်ခေါ်ပြီး စာလုံးပေါင်းတတ်သွားမည်။
- မိုးလေဝသ ခန့်မှန်းချက်တစ်ခု မိမိဘာသာထုတ်ပြီး အခြားသူများထံ တင်ဆက်တတ်သွားမည်။

**သင်ခန်းစာအကြောင်း အသေးစိတ်** –

- ____________________ (၉။)
- သုံးရမည့် ဘာသာစကား အသုံးအနှုန်းများ What's the weather like today? It's ______ today. Is it _____? Yes, it is./No, it isn't. On [day of the week] it will be [weather].

| သင်ခန်းစာ အဆင့်နှင့် အချိန်သတ်မှတ်ချက် | လုပ်ငန်းစဉ်များ | အရင်းအမြစ်များ |
|---|---|---|
| **မိတ်ဆက်အဆင့်**<br>၅ မိနစ် | • မိုးလေဝသနှင့် ပတ်သက်သည့် စကားလုံးများကို ကျောင်းသူ ကျောင်းသားများက မြန်မာလိုရသမျှ စဉ်းစားကြသည်။ | • သင်ပုန်း<br>• မြေဖြူ |
| **ခင်းကျင်း တင်ဆက်ခြင်းအဆင့်**<br>၁၀ မိနစ် | • ဆရာ ဆရာမက ရုပ်ပုံကတ်များပြပြီး ဝေါဟာရများကို အလွတ်ရအောင် အကြိမ်ကြိမ်ဆိုခိုင်းသည်။<br>• ____________________ (၁၀။)။<br>• ဆရာ ဆရာမနှင့် ကျောင်းသူ ကျောင်းသားများက သင်ပုန်းပေါ်တွင် ဝေါဟာရများ စာလုံးပေါင်းရေးသားပြီး အင်္ဂလိပ်လိုဆိုလျှင် မည်သို့ခေါ်ကြောင်း ကျောင်းသားများကို စဉ်းစားခိုင်းသည်။ | • ရုပ်ပုံကတ်များ<br>• သင်ပုန်း<br>• မြေဖြူ |
| **ထိန်းကျောင်း ကန့်သတ်မှု များသော လေ့ကျင့်မှု**<br>၁၀ မိနစ် | • ဆရာ ဆရာမက ဦးတည်ဘာသာစကား အသုံးအနှုန်းများကို သင်ပုန်းပေါ်တွင် ရေးပြပြီး အသံထွက်တိုင်ပေးပြီး အကြိမ်ကြိမ် ဆိုခိုင်းသည်။<br>• ကျောင်းသူ ကျောင်းသားများက နှစ်ဦးတွဲအလိုက် မိုးလေဝသ အခြေအနေ မေးကြဖြေကြ လေ့ကျင့်သည်။ ဆရာ ဆရာမက ရုပ်ပုံကတ်များကိုင်ပြီး အစဖော်ပေးနေသည်။ | • သင်ပုန်း<br>• မြေဖြူ<br>• ရုပ်ပုံကတ်များ |
| **ထိန်းကျောင်း ကန့်သတ်မှု များသော လေ့ကျင့်မှု**<br>၅ မိနစ် | • ဆရာ ဆရာမက ရုပ်ပုံကတ်များကို သင်ပုန်းပေါ်တွင် ကပ်လိုက်ပြီး နံပါတ်လိုက်တပ်လိုက်သည်။<br>• ကျောင်းသူ ကျောင်းသားများက ရုပ်ပုံကတ်တစ်ခုစီပေါ်က မိုးလေဝသ အခြေအနေကို စာဖြင့် ရေးသားပေးရသည်။ | • တိပ်ခွေ<br>• သင်ပုန်း<br>• မြေဖြူ |
| **ထိန်းကျောင်း ကန့်သတ်မှု များသော လေ့ကျင့်မှု**<br>၁၀ မိနစ် | • မိုးလေဝသအမျိုးအစားတစ်ခုစီအတွက် သင်္ကေတ တစ်ခုစီ ရေးဆွဲရမည်။<br>• ထို့နောက် အခန်းတွင်းလျှောက်သွား၍ ဟုတ်/မဟုတ် ဖြေဆိုရမည့် မေးခွန်းများ အချင်းချင်း မေးမြန်းရမည်။ | • စာရွက်<br>• ခဲတံ၊ ဘောပင်များ |

၁

| | | |
|---|---|---|
| __________ (၁၁။)<br>၁၀ မိနစ် | • ဆရာ ဆရာမက ၇ ရက်စာ မိုးလေဝသ ခန့်မှန်းချက်ကို ဖတ်ပြသည်ကို ကျောင်းသူ ကျောင်းသားများက နားထောင်ပြီး တစ်ရက်ချင်းစီအတွက် မိုးလေဝသ အခြေအနေပြ သင်္ကေတများကို လိုက်ဆွဲကြရမည်။<br>• ကျောင်းသူ ကျောင်းသားများက တစ်ရက်ချင်းစီအတွက် ခန့်မှန်းချက် ဝါကျများကို ပြည့်စုံအောင် ဖြည့်ရေးကြရမည်။ | • ဗလာစာအုပ်<br>• ခဲတံ၊ ဘောပင်များ |
| **ထိန်းကျောင်း ကန့်သတ်မှု နည်းသော လေ့ကျင့်မှု**<br>၁၀ မိနစ် | • __________ (၁၂။)။<br>• ကျောင်းသူ ကျောင်းသားများက နှစ်ဦးတွဲအလိုက် မိမိတို့ မိုးလေဝသ ခန့်မှန်းချက်များကို အပြန်အလှန် ပြောပြကြသည်။ | • ဗလာစာအုပ်<br>• ခဲတံ၊ ဘောပင်များ |
| **ပြန်လည်လေ့လာခြင်း**<br>၅ မိနစ် | • ဆရာ ဆရာမက ရုပ်ပုံကတ်များကိုပြပြီး ကျောင်းသူ ကျောင်းသားများက မိုးလေဝသ စကားလုံးများကို အင်္ဂလိပ်လို လိုက်ရွတ်ကြသည်။<br>• ကျောင်းသူ ကျောင်းသားများက အသံထွက်နှင့် စာလုံးပေါင်း လေ့ကျင့်ကြသည်။ | • ရုပ်ပုံကတ်များ |
| **အိမ်စာ** | • ကျောင်းသူ ကျောင်းသားများက ရန်ကုန်နှင့် ဟားခါးအတွက် မိုးလေဝသ ခန့်မှန်းချက်များကို ဖတ်ရှုပြီး ဇယားကွက်ကို ဖြည့်ကြသည်။ | • __________ (၁၃။) |
| **မှတ်ချက်**<br>• __________ (၁၄။)။<br>• ကျောင်းသူ ကျောင်းသားများကို မြန်မာစကားနှင့် အခြားစကားများကို ခွင့်ပြုထားခြင်းမရှိဘဲ မသုံးရန်နှင့် အင်္ဂလိပ်လိုသာ ပြောဆိုရန် သတိပေးပါ။ | | |

၂



## လုပ်ငန်းစဉ်

၉ သင်ခန်းစာ၏ တစ်ဆင့်စီကို ကြိုတင်ပြင်ဆင်ရာတွင် သတိထားသင့်သည့် အကြံပြုချက်စာရင်းကို နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ရေးသားပြုစုရမည်။ ဤအခန်းမှ တင်ပြထားသော အကြောင်းအရာများကို အသုံးပြုနိုင်သလို မိမိကိုယ်ပိုင် အတွေးအကြံများလည်း ထပ်ထည့်နိုင်ပါသည်။


| မိတ်ဆက်အဆင့် | ခင်းကျင်းတင်ဆက်ခြင်းအဆင့် | ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှု | ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု | ပြန်လှန်လေ့လာခြင်း |
|---|---|---|---|---|
| • သင်ခန်းစာခေါင်းစဉ်နှင့် ပတ်သက်သည့် ကျောင်းသူကျောင်းသားများ၏ ရှိနှင့်ပြီး ဗဟုသုတကို ပြန်နွှေးရန်။<br>• | • အကြောင်းအချက်များ ခင်းကျင်းတင်ဆက်ခြင်းကို ကျောင်းသူကျောင်းသားများ စိတ်ဝင်စားပါဝင်မှုရှိအောင် တင်ဆက်ရန်။<br>• | • ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှုနှင့် အစပြုပြီး ထိန်းကျောင်းကန့်သတ်မှုကို တဖြည်းဖြည်း လျှော့သွားခြင်းက ပုံမှန်ဖြစ်သည်။<br>• | • ထိန်းကျောင်းကန့်သတ်မှုနည်းသော လေ့ကျင့်မှုတွင် အဆင့်မြင့် စဉ်းစားခြင်းစွမ်းရည်များကို အသုံးပြုသည်။<br>• | • အချိန်မရှိတော့ပါက ပြန်လှန်လေ့လာခြင်းအဆင့်ကို အိမ်စာအဖြစ် ပေးလိုက်နိုင်သည်။<br>• |

## ဆွေးနွေးချက်

၁၀ အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။ **အိမ်စာဘယ်နှစ်ကြိမ် ပေးသင့်သနည်း။**

## ပြန်လှန်သုံးသပ်ခြင်း

၁၁ နေ့စဉ်သုံးသပ်ချက်မှတ်တမ်းတွင် အောက်ပါမေးခွန်းတို့အတွက် အဖြေစဉ်းစားရေးချပါ။



## အကျဉ်းချုပ် - အခန်း (၃) သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်း

ဆရာ ဆရာမများအတွက် အဆင့်ငါးဆင့်ပါ သင်ခန်းစာ အစီအစဉ်သည် အားကိုးအားထားပြုနိုင်သော အစီအစဉ်ဖြစ်သည်။ သင်ယူမှု ရည်ရွယ်ချက်များကို အဆင့်လိုက်အောင်မြင်ပေါက်မြောက်အောင် အာရုံစိုက်ထားပြီး၊ မိတ်ဆက်ခြင်း၊ ခင်းကျင်းတင်ဆက်ခြင်း၊ ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှုမှသည် ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု၊ ပြန်လှန်လေ့လာခြင်းဟူသည့် အဆင့်များအလိုက် သင်ကြား၍ ကျောင်းသူ ကျောင်းသားများ၏ အသိနှင့် စွမ်းရည်များကို မြှင့်တင်ရန် ဦးတည်ဆောင်ရွက်သည်။ အဆင့်များကို အထက်ပါအတိုင်း နေရာချသည်က အတွေ့ရအများဆုံးဖြစ်သော်လည်း အချို့ ဆရာ ဆရာမများက ၎င်းတို့ကို အစီအစဉ်ပြောင်းလဲ နေရာချခြင်းလည်း ရှိနိုင်ပါသည်။ သင်ခန်းစာ၏ အဆင့်တစ်ဆင့်တိုင်းတွင်း လုပ်ငန်းစဉ်အရေအတွက် အမျိုးမျိုးထည့်သွင်းဆောင်ရွက်နိုင်သည်။ သင်ခန်းစာ အဆင့်များကို ကြိုတင်ပြင်ဆင်ရာတွင် ခေါင်းစဉ်နှင့်သော်လည်းကောင်း၊ သင်ခန်းစာ၏ သင်ယူမှု ရည်ရွယ်ချက်များနှင့်သော်လည်းကောင်း ဆက်စပ်မှုရှိသော လုပ်ငန်းစဉ်များကို သေချာစွာ သတ်မှတ်ထားရှိရပါမည်။

ကျောင်းသူ ကျောင်းသားများ သင်ခန်းစာအတွက် အဆင်သင့်ဖြစ်စေရန်နှင့် အာရုံစူးစိုက်မှု ရှိသွားစေရန် မိတ်ဆက်ခြင်း လုပ်ငန်းစဉ်နှင့် စတင်နိုင်သည်။ ထို့နောက် သတင်းအချက်အလက်အသစ်များ ခင်းကျင်းတင်ဆက်ခြင်းကို စတင်နိုင်ပြီး တင်ဆက်ပြထားသော အသိအတတ်များကို ကျောင်းသူ ကျောင်းသားများက ဘလူးမ်၏ သင်ယူမှုအဆင့်များအနက် အခြေခံစဉ်းစားခြင်း စွမ်းရည်များမှစပြီး အဆင့်မြင့် စဉ်းစားခြင်း စွမ်းရည်များရောက်အောင် တဆင့်ချင်း လေ့ကျင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။ သင်ခန်းစာ အဆုံးသတ်တိုင်းတွင် ကျောင်းသူ ကျောင်းသားများ သင်ယူတတ်မြောက်မှုကို ပြန်လှန်သုံးသပ်လေ့လာခြင်း ပြုနိုင်ရန် အချိန်ချန်သင့်သည်။ သို့မှသာ ကျောင်းသူ ကျောင်းသားများ နားလည်သဘောပေါက်ခြင်းရှိမရှိနှင့် သင်ယူမှု ရည်ရွယ်ချက်များကို အောင်မြင်ပေါက်မြောက်ခြင်း ရှိမရှိ သုံးသပ်နိုင်မည်ဖြစ်ပါသည်။ မိမိတို့ သင်ယူတတ်မြောက်မှု ခိုင်မာအားကောင်းသွားစေရန် အပိုဆောင်း လေ့ကျင့်မှုပိုမိုရရှိအောင် ကျောင်းသူ ကျောင်းသားများကို အိမ်စာပေးခြင်းလည်း ပြုနိုင်သည်။


သင်ခန်းစာ၏ အစောပိုင်းအဆင့်များအတွက် အချိန်ပိုသုံးမှသာ ကျောင်းသူ ကျောင်းသားအားလုံး တညီတည်း နားလည်မည်ဟု ယူဆ၍ အချိန်ကြာသွားပါကလည်း အဆင်ပြေပါသည်။ သင်ခန်းစာအချိန်အတွင်း အဆင့်အားလုံးမပြီးပါကလည်း နောက်သင်ခန်းစာတွင် ဆက်လုပ်နိုင်ပါသည်။ ထို့ပြင် မပြီးလိုက်သော အဆင့်များကို အိမ်စာအဖြစ်လည်း ပေးလိုက်နိုင်ပါသေးသည်။

အဆင့်ငါးဆင့်ပါ သင်ခန်းစာ အစီအစဉ်ကို သင်ခန်းစာ အစီအစဉ်ပုံစံ အများစုတွင် အံဝင်ခွင်ကျ ထည့်သွင်းရေးသားနိုင်ပါသည်။ (နောက်ဆက်တွဲ ၁ – သင်ခန်းစာ အစီအစဉ်ပုံစံများကို ရှုပါ။)

နောက်လာမည့် သင်ခန်းစာကို ပထမသင်ခန်းစာ ပြီးပြီးချင်း ပြင်ဆင်ခြင်းက ပိုကောင်းပါသည်။ ပထမသင်ခန်းစာတွင် တွေ့ကြုံရသည်တို့အပေါ် မူတည်ပြီး နောက်လာမည့် သင်ခန်းစာ အစီအစဉ်ကို ရေးဆွဲရမည်ဖြစ်သည်။ ဥပမာ ဆရာ ဆရာမသည် ပြီးခဲ့သည့် သင်ခန်းစာမှ အဓိကအချက်များကို နောက်လာမည့် သင်ခန်းစာတွင် ပိုမိုရှင်းလင်းအောင် လေ့ကျင့်ခန်း ထပ်တိုးပေးခြင်း၊ ထပ်ရှင်းပြခြင်းတို့ လုပ်ဆောင်ရန် လိုအပ်ကြောင်း သိသွားခြင်းမျိုးဖြစ်ပါသည်။







# ၄ သင်ရိုးအစီအစဉ်ရေးဆွဲခြင်း

**ရည်ရွယ်ချက်များ**

- ဆရာအတတ်သင် သင်တန်းသားများသည် သက်ဆိုင်ရာ အစိတ်အပိုင်းများ ပါဝင်သော သင်ရိုးအစီအစဉ်များ ရေးဆွဲတတ်သွားမည်။
- ဆရာအတတ်သင် သင်တန်းသားများသည် သင်ရိုးအစီအစဉ်တစ်ခုအတွက် အချိန်ဇယားများ ရေးဆွဲတတ်သွားမည်။

# ၄.၁ သင်ရိုးအစီအစဉ်တစ်ခု ဖန်တီးခြင်း

## အကြံပြုသင်ခန်းစာ

**က** မိမိ ကျောင်းသားအနေနှင့်သော်လည်းကောင်း ဆရာအနေနှင့်သော်လည်းကောင်း ကြုံဖူးသော သင်ရိုးများတွင် သင်ရိုးအစီအစဉ် ပါဝင်လေ့ရှိပါသလား။ ပါပါက ထိုအစီအစဉ်တွင် မည်သည့် အကြောင်းအရာများ ပါသနည်း။



ရံဖန်ရံခါ သင်ရိုးညွှန်းတမ်းဟု ခေါ်ဆိုလေ့ရှိသည့် သင်ရိုးအစီအစဉ်တစ်ရပ်သည် သင်ရိုးတစ်ခု၏ ကျောရိုးအစီအစဉ်ဖြစ်သည်။ ကျောင်းသူ ကျောင်းသားများက သင်ရိုးအကြောင်း မသိမဖြစ် သိရမည့်အချက်များကို ထည့်သွင်းဖော်ပြသည်။

သင်ရိုးအစီအစဉ်သည် သင်ရိုးညွှန်းတမ်း၏ မျက်နှာစာအမျိုးမျိုးအကြောင်းကို ရှင်းလင်းတင်ပြပါသည်။ ဥပမာအားဖြင့် –

- သင်ရိုးခေါင်းစဉ်
- လုပ်ငန်းပိုင်း အသေးစိတ်များ (နေ့စွဲ၊ အချိန်၊ တည်နေရာ)
- ပြဋ္ဌာန်းစာအုပ်များနှင့် အခြားသင်ထောက်ကူများ
- သင်ရိုး၏ သင်ယူမှု ရည်ရွယ်ချက်များ
- သင်ရိုးအတွင်း သင်ကြားမည့် ခေါင်းစဉ်များ
- သင်ရိုးအတွက် သင်ယူမှု အကဲဖြတ်ခြင်းစနစ်နှင့် အမှတ်ပေးစည်းမျဉ်းမူဝါဒများ
- ဆရာ ဆရာမကို ဆက်သွယ်နိုင်မည့် လိပ်စာ
- ကျောင်းသူ ကျောင်းသားများ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ

သင်ရိုးအစီအစဉ်တွင် ဆရာ ဆရာမများအတွက် စာသင်နည်းများ ပါလေ့ပါထ မရှိပါ။ သို့ရာတွင် သင်ယူမှုရည်ရွယ်ချက်များ၊ သင်ယူမှု အကဲဖြတ်ခြင်းနည်းလမ်းများ သတ်မှတ်ထားခြင်းက ဆရာ ဆရာမများ သင်ကြားပုံကို တနည်းတဖုံ လွှမ်းမိုးသက်ရောက်မှု ရှိနိုင်ပါသည်။ ဆရာ ဆရာမများသည် ကျောင်းသူ ကျောင်းသားများ သင်ရိုးအစီအစဉ်တလျှောက် လိုက်နာသင်ယူနိုင်စေရေး သင်ခန်းစာများ ပြင်ဆင်ပို့ချရမည်ဖြစ်သည်။ သင်ရိုးပါ သင်ယူမှု ရည်ရွယ်ချက်များနှင့် မိမိတို့၏ ပညာရေး အဖွဲ့အစည်း၏ ပန်းတိုင်များကို ပြည့်မီရရှိအောင်လည်း ဖြည့်ဆည်းသင်ကြားရမည်ဖြစ်သည်။

သင်ရိုးအစီအစဉ်တစ်ခု ပြင်ဆင်ရာတွင် ဆရာ ဆရာမများသည် သင်ရိုးပါ အကြောင်းအရာများကို မည်သို့ ရှေ့နောက်စီစဉ်နေရာချမည်ကို သုံးသပ်စဉ်းစားရမည်ဖြစ်သည်။ အချို့ သင်ရိုးများတွင် သင်ရိုးအပြီး သင်ခန်းစာများကို သင်ကြားရန် သင်ရိုး အစောပိုင်းက သင်ခန်းစာများကို ကြေညက်စွာ နားလည်ထားရန် လိုခြင်းရှိနိုင်သည်။ ထို့ကြောင့် သင်ရိုးအများစုတွင် သင်ရိုးအစောပိုင်း၌ လွယ်ကူသော အကြောင်းအရာများနှင့် စတင်ပြီး သင်ရိုးပြီးခါနီးလေလေ အကြောင်းအရာများ ပိုမို အဆင့်မြင့်ခက်ခဲလာလေလေ ဖြစ်ခြင်းကို မြင်နိုင်ပါသည်။



ဆရာ ဆရာမများသည် မိမိတို့ သင်ကြားသော ဘာသာရပ်တစ်ခုစီအတွက် သင်ရိုးအစီအစဉ်ကို ဆွဲသားနိုင်ပါသည်။ အနိမ့်ဆုံးအနေနှင့် ကျောင်းသူ ကျောင်းသားများသည် သင်ရိုး သင်ယူမှု ရည်ရွယ်ချက်များ၊ လေ့လာသင်ယူရမည့် ခေါင်းစဉ်များ၊ သင်ယူမှု အကဲဖြတ်ခြင်းနည်းလမ်းများ စသည်တို့ကို သိနားလည်ထားသင့်ပါသည်။ သို့ရာတွင် အချို့ကျောင်းများ၌ သင်ရိုးအစီအစဉ်ရေးဆွဲရန် အချိန် သိပ်မပေးကြခြင်းလည်း ဖြစ်နိုင်သည်။ သင်ရိုးတစ်ခုတွင် သင်ရိုးစာအုပ် သတ်မှတ်ပြဋ္ဌာန်းထားခြင်း ရှိပါက ၎င်းစာအုပ်မှတဆင့် သင်ရိုးအစီအစဉ်အတွက် သတင်းအချက်အလက် မျိုးစုံရနိုင်ပါသည်။

## လေ့ကျင့်ခန်း

**၁** အောက်ပါ ဖော်ပြချက်များကို မှား/မှန် ရွေးပါ။ မှားပါက အဘယ့်ကြောင့် မှားကြောင်း ရှင်းပါ။

၁။ သင်ရိုးအစီအစဉ်များတွင် သင်ခန်းစာအတွက် အသေးစိတ်များ ထည့်သွင်း သတ်မှတ်ရသည်။

၂။ သင်ရိုးအစီအစဉ်များသည် သင်ရိုးနှင့် ပတ်သက်သော မသိမဖြစ် အချက်အလက်များကို ပေးသည်။

၃။ သင်ရိုးအစီအစဉ်များတွင် သင်ခန်းစာ တစ်ခုချင်းစီ၏ သင်ယူမှု ရည်ရွယ်ချက်များ ထည့်သွင်းထားသင့်သည်။

၄။ သင်ရိုးအစီအစဉ် အတွင်းတွင် သင်ယူမှု အကဲဖြတ်ခြင်း နည်းလမ်းများကို ထည့်သွင်းဖော်ပြထားသင့်သည်။



## လေ့ကျင့်ခန်း

၇ ဤစကားလုံးများကို အောက်ပါ သင်ရိုးအစီအစဉ် အတွင်းမှ ကွက်လပ်များတွင် မှန်ကန်စွာဖြည့်ပါ။

| | | | | |
|---|---|---|---|---|
| Responsible | Marking | Participation | Teacher | Online |
| Policies | Topics | Discussion | Certificate | Objectives |

**Introduction to Professional English, ______(1.) Course**

______(2.): Naw Wah Paw

**Course Description:**

In this course, you will use professional English to engage with themes relating to global and national current events, the workplace and your local community. You will develop your English for use in different everyday and professional situations by developing your reading, writing, speaking and listening skills and by engaging with new vocabulary and grammar. You will be ______(3.) for daily interactions with your classmates on the e-learning platform and will also be required to attend one video session each week with your teacher and classmates.

**Course Learning ______(4.):**

- Express ideas and opinions in detail by presenting and responding to complex arguments convincingly.and supporting your opinions with relevant evidence.
- Participate effectively in conversations on a wide range of topics.
- **Skim** and **scan** texts to identify main ideas and specific information.
- Connect information from texts to other texts (written or spoken), your own experiences and the world around you.
- Write with clear and detailed descriptions of events and experiences.
- Write formal emails and other professional correspondences.
- Deliver a professional presentation that follows a logical sequence and clearly links significant information.
- Respond to questions raised by others during discussions and presentations.

**______(5.) Covered:**

- Assessing and tackling global and local challenges: can we do it together?
- How has business changed over the last 4,000 years?
- Work, social issues and work/life balance.
- Education and the workforce: past, present and future.
- Sustainability and technology in everyday life.
- Companies and organisations: culture, missions, goals and targets.
- Working in teams: what makes a good team player?
- Your personal and professional growth.

**______(6.) Scheme:**

| | | | |
|---|---|---|---|
| ______(7.) Forum Posts – 30% | Tests – 20% | Assignments – 40% | Session ______(8.) – 10% |

Students who achieve a score of 70% or higher will receive a course ______(9).

**Course ______(10.):**

- Please contact your teacher by email.
- If you have issues accessing the e-learning platform and/or video session, please contact your teacher.
- **Plagiarism** is unacceptable and any plagiarised work will receive a zero.
- Be respectful when interacting in discussion forums and video sessions.

# လုပ်ငန်းစဉ်

**ဃ** မုခ်ဦးပညာရေး၏ "Histories of Burma" စာအုပ်ကို ဖတ်ရှုပြီး အောက်ပါ မေးခွန်းများကို ဖြေပါ။

၁။ 'လေ့လာမှုနယ်ပယ် ၀' အဘယ့်ကြောင့် ထည့်ထားသည်ဟု ထင်ပါသနည်း။

၂။ လေ့လာမှုနယ်ပယ် ၁–၅ နှင့် လေ့လာမှုနယ်ပယ် ၆–၉ တို့ မည်သို့ ကွဲပြားခြားနားကြပါသနည်း။

၃။ သင်ကြားရာတွင် လေ့လာမှုနယ်ပယ် ၀ ကို ချန်လှပ်ခြင်း၊ ပြောင်းလဲသင်ကြားခြင်းပြု၍ရသည်ဟု ထင်ပါသလား။ အဘယ့်ကြောင့် ရမရ ရှင်းပြပါ။

၄။ လေ့လာမှုနယ်ပယ် ၁–၅ ပေးထားသည့် အစီအစဉ်အလိုက်မဟုတ်ဘဲ ပြောင်းလဲသင်ကြားနိုင်သည်ဟု ထင်ပါသလား။ အဘယ့်ကြောင့် ရမရ ရှင်းပြပါ။

၅။ လေ့လာမှုနယ်ပယ် ၆–၉ ကို ပေးထားသည့် အစီအစဉ်အလိုက်မဟုတ်ဘဲ ပြောင်းလဲသင်ကြားနိုင်သည်ဟု ထင်ပါသလား။ အဘယ့်ကြောင့် ရမရ ရှင်းပြပါ။

၆။ လေ့လာမှုနယ်ပယ် ၁–၅ မသင်မီ လေ့လာမှုနယ်ပယ် ၆–၉ ကို သင်ကြားလျှင် သင့်တော်သည်ဟု ထင်ပါသလား။ အဘယ့်ကြောင့် ရမရ ရှင်းပြပါ။

၇။ လေ့လာမှုနယ်ပယ် ၁၀ သည် ပြီးခဲ့သည့် အစောပိုင်းလေ့လာမှုနယ်ပယ်များနှင့် မည်သို့ ခြားနားပါသနည်း။ အခြားလေ့လာမှုနယ်ပယ်များကို မသင်မီ ၎င်းနှင့် စတင်သင်ကြားခြင်းမှာ သင့်လျော်မှု ရှိနိုင်ပါသလား။

## မြန်မာ့သမိုင်း – ရင်းမြစ်လေ့လာမှု အခြေပြု မြန်မာ့သမိုင်း လေ့လာခြင်း

မြန်မာ့သမိုင်းစာအုပ်သည် သမိုင်းသမားများ သိရှိနားလည်ရမည့် စွမ်းရည်များကို မိတ်ဆက်ခြင်းနှင့် စတင်ပြီး မြန်မာနိုင်ငံ သမိုင်းမျက်နှာစာများကို ဝေဖန်ပိုင်းခြားသုံးသပ်မှု အားကောင်းကောင်းနှင့် လေ့လာစေရန် အားပေးသော စာအုပ်ဖြစ်သည်။ ဤသင်ရိုးသည် မြန်မာသမိုင်းဝင် မူလရင်းမြစ် စာရွက်စာတမ်း အထောက်အထားများကို လေ့လာဖော်ထုတ်ခြင်းပြုထားပါသည်။

ဤသင်ရိုးစာအုပ်ကို လေ့လာမှုနယ်ပယ် ၁၁ ခု ခွဲ၍ တင်ပြထားသည်။ ပထမဆုံး လေ့လာမှုနယ်ပယ်သည် ဤသင်ရိုးစာအုပ်ကို မည်သို့ အကောင်းဆုံး အသုံးပြုနိုင်ကြောင်းနှင့် သမိုင်းသမားဖြစ်ရန် လိုအပ်သော အဓိက စွမ်းရည်များကို တင်ပြထားသည်။ လေ့လာမှုနယ်ပယ် ၁–၅ သည် မြန်မာသမိုင်းအတွင်း လေ့လာစရာ မျက်နှာစာ အမျိုးမျိုး အစိတ်အပိုင်း အမျိုးမျိုးကို ဖော်ထုတ်လေ့လာသည်။ လေ့လာမှုနယ်ပယ် ၆–၉ သည် မြန်မာ့သမိုင်းကို ဗြိတိသျှခေတ်မှ မကြာသေးမီက ပြုပြင်ပြောင်းလဲမှု ခေတ်များအထိ အချိန်ပိုင်းအလိုက် ခွဲခြားလေ့လာပါသည်။ နောက်ဆုံး လေ့လာမှုနယ်ပယ်က မြန်မာနိုင်ငံ နိုင်ငံတကာအလယ် ရပ်တည်ပုံကို ဖော်ထုတ်လေ့လာပါသည်။

| မာတိကာ | |
|---|---|
| လေ့လာမှုနယ်ပယ် နံပါတ် | လေ့လာမှုနယ်ပယ် အမည် |
| ၀ | သမိုင်းသမား စွမ်းရည်များ မိတ်ဆက် |
| ၁ | အစိုးရနှင့် နိုင်ငံသားများ၏ တာဝန်ဝတ္တရားများ |
| ၂ | သမိုင်းအတွင်းမှ ကျားနှင့် မ |
| ၃ | မျိုးဆက်အလိုက် ကွာဟချက်များ |
| ၄ | လူတန်းစား ကွာဟချက်များ၊ စီးပွားရေး အယူဝါဒများ၊ ကျေးလက်မြို့ပြ ကွာဟချက်များ |
| ၅ | ဘာသာရေးနှင့် နိုင်ငံရေး |
| ၆ | ဗြိတိသျှ အင်ပိုင်ယာအတွင်းမှ ဗမာပြည် |
| ၇ | ဗမာပြည်စည်းလုံးရေးနှင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် |
| ၈ | စစ်တပ်နိုင်ငံရေး |
| ၉ | ဖိဆန်ခုခံမှု၊ တော်လှန်ရေးနှင့် ပြုပြင်ပြောင်းလဲရေး |
| ၁၀ | ကမ္ဘာ့အလယ်က ဗမာပြည် |

# လုပ်ငန်းစဉ်

**င** ဖော်ပြပါ ဇယားမှ သင်ရိုး ၆ ခု အနက် တစ်ခုကိုဖြစ်စေ မိမိသင်ကြားဖူးသော သင်ရိုးတစ်ခုကိုဖြစ်စေ အဖွဲ့လိုက် ရွေးချယ်သတ်မှတ်ပါ။ ၎င်းသင်ရိုးကို ရက်သတ္တပတ် ၂၀ ပတ်၊ တစ်ပတ်လျှင် ၂ နာရီ သင်ခန်းစာ ၃ ခုနှင့် သင်ကြားမည်ဟု ယူဆပါ။ ထိုသင်ရိုးတွင် တစ်ဦးချင်းအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရသော ပရောဂျက် တစ်ခု၊ ရေးသားဖြေဆိုရမည့် သင်ယူမှု အကဲဖြတ်ခြင်းတစ်ခုနှင့် နောက်ဆုံးစာမေးပွဲတစ်ခု ပါဝင်ရမည်။ အခြား သင်ယူမှု အကဲဖြတ်ခြင်းပုံစံများလည်း ဆန္ဒရှိသလို ထည့်နိုင်ပါသည်။ မိမိတွင်ရှိသော သတင်းအချက်အလက်ပေါ်မူတည်ပြီး သင်ရိုးအတွက် သင်ယူမှု ရည်ရွယ်ချက်များလည်း ဖန်တီးရေးသားရမည်။

၁။ သင်ရိုးအစီအစဉ်တစ်ခု ဖန်တီးပါ။ (မိမိကိုယ်ပိုင် ပုံစံတစ်ခု ဖန်တီးနိုင်သည်။ အခန်း ၁ တွင် ပြခဲ့သော ပုံစံကို လည်းကောင်း၊ နောက်ဆက်တွဲ ၄ တွင် ပြထားသော ပုံစံကိုလည်းကောင်း ယူသုံးနိုင်သည်။

၂။ အခြားအဖွဲ့များ၏ သင်ရိုးအစီအစဉ်နှင့် မိမိတို့ သင်ရိုးအစီအစဉ်ကို နှိုင်းယှဉ်ကြည့်ပါ။

၃။ ၎င်းတို့အကြား တူညီချက်၊ ကွာခြားချက်များကိုရှာပါ။ မိမိ သင်ရိုးအစီအစဉ်ကို မည်သို့ ပိုမိုကောင်းမွန်အောင် ပြုပြင်နိုင်သနည်း။

| ၁။ သုတေသန နည်းလမ်းများ | ၂။ သဘာဝပတ်ဝန်းကျင်သိပ္ပံ | ၃။ ဓါတ်ပုံပညာ |
|---|---|---|
| **အခန်း ၁။ သုတေသန မိတ်ဆက်**<br>• သုတေသနလုပ်ဆောင်ခြင်း ဖြစ်စဉ် အဆင့်ဆင့်<br>• သုတေသန မေးခွန်းများ<br>• သုတေသန လုပ်ဆောင်ပုံ နည်းလမ်းများ<br>• သုတေသနဆိုင်ရာ ကျင့်ဝတ်<br><br>**အခန်း ၂။ သုတေသနတစ်ခုကို ပုံစံထုတ် တည်ဆောက်ခြင်း**<br>• တိုက်ရိုက်/တဆင့်ခံ သုတေသန<br>• အရေအတွက်ဆိုင်ရာ၊ အရည်အသွေး ဆိုင်ရာ နည်းလမ်းများနှင့် အရော နည်းလမ်းများ<br>• စစ်တမ်းများ<br>• လူတွေ့မေးမြန်းခြင်း<br>• သီးသန့်အုပ်စုလိုက် မေးမြန်းခြင်း<br>• လေ့လာစောင့်ကြည့်ခြင်း<br><br>**အခန်း ၃။ သုတေသနကို အသုံးပြုခြင်း**<br>• ကိန်းဂဏန်းအရနှင့် အရည်အသွေး အရ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း<br>• သုတေသန တွေ့ရှိချက်များကို တင်ဆက်ခြင်း | **အခန်း ၁။ သဘာဝပတ်ဝန်းကျင် ဆိုသည်မှာ အဘယ်နည်း။**<br>• ဂေဟစနစ်များ၊ ကျက်စားနေထိုင်ရာ ဒေသနှင့် ဇီဝမျိုးကွဲစုံလင်မှု<br>• ရေနှင့် သစ်တောများ<br>• အစာကွင်းဆက်များ၊ အစာကွင်းဆက် ဂေဟစနစ်များ<br><br>**အခန်း ၂။ ကမ္ဘာမြေ**<br>• ဒြပ်၊ အက်တမ်၊ မော်လီကျူး<br>• ကမ္ဘာ၏ စက်ဝန်းများ<br>• သဘာဝအရင်းအမြစ်များ<br>• စွမ်းအင်<br><br>**အခန်း ၃။ ကျန်းမာအားကောင်းသော ဂေဟစနစ်များ**<br>• စွန့်ပစ်ပစ္စည်း<br>• ကမ္ဘာကြီး ပူနွေးလာမှု<br>• ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသား<br><br>**အခန်း ၄။ မြန်မာ့သဘာဝ ပတ်ဝန်းကျင်**<br>• ရာသီဥတု<br>• ဇီဝမျိုးကွဲစုံလင်မှု<br>• အဏ္ဏဝါ ဂေဟစနစ်များနှင့် အပူပိုင်းဇုံ<br>• သစ်တောများနှင့် ရေချို | **အခန်း ၁။ ဓါတ်ပုံ ပညာမိတ်ဆက်**<br>• ကင်မရာကို စတင်အသုံးပြုခြင်း<br>• ရိုက်ကူးရမည့် အဓိက အကြောင်းအရာ ရွေးခြင်း<br>• ဓါတ်ပုံသမား ကျင့်ဝတ်<br><br>**အခန်း ၂။ အထားအသိုဆိုင်ရာ ပါဝင်မှုများ**<br>• နောက်ခံ၊ အနီးမြင်ကွင်း၊ အနီးအဝေး ကြည်လင်ပြတ်သားမှု<br>• သဏ္ဍာန်၊ မျဉ်း၊ ထောင့်ချိုး<br>• အရောင်၊ အနုအရင့်၊ အဆင်အကွက်<br><br>**အခန်း ၃။ ဓါတ်ပုံ အမျိုးအစားများ**<br>• အိမ်ပြင်ဓါတ်ပုံများ<br>• အိမ်တွင်း ဓါတ်ပုံများ<br>• တိရစ္ဆာန် ဓါတ်ပုံရိုက်ကူးခြင်း<br>• လူပုံ ရိုက်ကူးခြင်း<br><br>**အခန်း ၄။ ဓါတ်ပုံအသုံးပြုခြင်း**<br>• ဓါတ်ပုံများ စီမံထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း<br>• ဓါတ်ပုံ ချိတ်ဆွဲပြသခြင်း |

**၄။ ဒီမိုကရေစီ**

**အခန်း ၁။ ဒီမိုကရေစီ၏ အစိတ်အပိုင်း အမျိုးမျိုး**
- ဆုံးဖြတ်ချက် ချမှတ်ခြင်း
- တန်းတူညီမျှခြင်းနှင့် ရွေးကောက်ပွဲများ
- တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းပါဝင်မှု
- နားလည်လက်ခံမှု၊ အပေးအယူ အလျှော့အတင်းနှင့် တရားဥပဒေ စိုးမိုးမှု

**အခန်း ၂။ ဒီမိုကရေစီအတွင်း အခွင့်အရေးများ**
- အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ
- လူ့အခွင့်အရေး

**အခန်း ၃။ ဒီမိုကရေစီနည်းကျ အစိုးရ**
- ဒီမိုကရေစီနည်းကျ အစိုးရနှင့် အာဏာရှင်အစိုးရ
- ဒီမိုကရေစီ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများ
- အစိုးရများနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေများ
- အစိုးရမဏ္ဍိုင်သုံးရပ်
- နိုင်ငံရေးပါတီများ
- ဒီမိုကရေစီတစ်ရပ်အတွင်း အရပ်ဘက်အဖွဲ့အစည်းနှင့် မီဒီယာ

**၅။ အငယ်တန်း အင်္ဂလိပ်စာသင်ရိုး**

**အခန်း ၁။** My Friends
- ABCs
- Greetings
- Asking Permission

**အခန်း ၂။** Things Around Us
- Classroom Objects
- Household Objects
- Classroom Commands

**အခန်း ၃။** Describing Things
- Colours
- Adjectives about Size
- Feelings

**အခန်း ၄။** Parts of the Body
- The Face
- The Upper Body
- The Lower Body

**အခန်း ၅။** Food and Drink
- Food
- Drinks
- Counting 1–10
- Likes and Dislikes

**၆။ သင်္ချာ**

**အခန်း ၁။ နေရာအလိုက်တန်ဖိုး**
- နေရာအလိုက်တန်ဖိုးသတ်မှတ်ပုံ
- ထပ်ညွှန်းသုံးခြင်း
- နေရာအလိုက် တန်ဖိုးသုံး၍ ဒသမကိန်းများ နှိုင်းယှဉ်ခြင်း
- ဒသမကိန်းကို အနီးဆုံး တန်ဖိုးယူခြင်း
- ပြဿနာဖြေရှင်းခြင်း – ယုတ္တိနည်းကျ အကြောင်းပြခြင်း

**အခန်း ၂။ ပေါင်းခြင်းနှင့် နုတ်ခြင်း**
- အပေါင်းဂုဏ်သတ္တိများ
- အပေါင်းနှင့် အနုတ် ဆက်စပ်ပုံများ
- ကိန်းပြည့်များ နုတ်ခြင်း
- ဒသမကိန်းများ ပေါင်းခြင်း
- ဒသမကိန်းများ နုတ်ခြင်း
- ပြဿနာဖြေရှင်းခြင်း – အဆင့်ဆင့်ပါသော ပုစ္ဆာများ

**အခန်း ၃။ အမြှောက်နှင့် အစား**
- အမြှောက် ဂုဏ်သတ္တိ
- အမြှောက်နှင့် အစား ဆက်စပ်ပုံ
- ကိန်းပြည့်များ မြှောက်ခြင်း
- ၁၀ဆတိုးကိန်းများနှင့် မြှောက်ခြင်း စားခြင်း
- ခုဂဏန်း ကိန်းပြည့်များဖြင့် စားခြင်း
- စားလဒ်ရှာခြင်း

## ဆွေးနွေးချက်

**⓿** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ သင်ရိုးအစီအစဉ်တစ်ခု ထားရှိခြင်းမှာ အဘယ့်ကြောင့် အသုံးဝင်သနည်း။

၂။ သင်ရိုးအစီအစဉ်တွင်း ထည့်သွင်းရမည့် သတင်းအချက်အလက်များ၊ ဥပမာ သင်ယူမှု ရည်ရွယ်ချက်များ စသည်တို့ကို မည်သည့်နေရာတွင် ရှာဖွေနိုင်သနည်း။

၃။ သင်ရိုးအစီအစဉ်တစ်ခု ဖန်တီးရာတွင် အခက်ခဲဆုံးအရာမှာ မည်သည့်အရာဖြစ်သနည်း။ ထိုအခက်အခဲကို ဖြေရှင်းရန် မည်သည်တို့ ဆောင်ရွက်မည်နည်း။



# ၄.၂ အချိန်ဇယားဆွဲခြင်း


## အကြိုသင်ခန်းစာ

**က** လအလိုက်၊ ရက်သတ္တပတ်အလိုက်၊ သင်ခန်းစာအလိုက် မည်သည်တို့ သင်ကြားမည်ကို မည်သို့ ဆုံးဖြတ်ပါသနည်း။

သင်ရိုးအစီအစဉ်ရေးဆွဲခြင်းတွင် လစဉ်၊ အပတ်စဉ်နှင့် စာသင်နှစ်ဝက်အလိုက် အချိန်ဇယားများ ပါဝင်နိုင်သည်။ ၎င်းရှိခြင်းအားဖြင့် ဆရာ ဆရာမများသည် ၎င်း၏ သင်ခန်းစာသည် သင်ရိုးအတွင်း မည်သို့ အံဝင်ခွင်ကျ ရှိသွားမည်ကို သိရှိလာနိုင်စေပါသည်။ ထိုအခါ ဆရာ ဆရာမများသည် သင်ခန်းစာအမျိုးမျိုးကို ရှေ့နောက် အစီအစဉ် နေရာကျအောင် ချမှတ်ခြင်း စီစဉ်ခြင်း လုပ်ဆောင်နိုင်သွားပါမည်။

အချိန်ဇယားများတွင် သင်ကြားမည့် ခေါင်းစဉ်အကြောင်း သတင်းအချက်အလက်များ ပါဝင်လိမ့်မည်။ အရေးကြီးသော သင်ယူမှု ရည်ရွယ်ချက်များ၊ သင်ယူမှု အကဲဖြတ်ခြင်းအတွက် အသုံးပြုမည့် လုပ်ငန်းဆောင်တာများ ကိုလည်း ဖော်ပြခြင်းရှိမည်။ အချိန်ဇယားများကို ကျောင်းသူ ကျောင်းသား များကို ပေးသင့်သည်။ သို့မှသာ မည်သည့် ခေါင်းစဉ်များကို သင်ယူရမည် ဖြစ်ကြောင်း သိရှိကြမည် ဖြစ်သည်။

ကျောင်းသူ ကျောင်းသားများ အတွက် အကောင်းဆုံး ဖြစ်အောင် သင်ခန်းစာများကို ရှေ့နောက် နေရာချရေးအတွက် အချိန်ဇယားများက အထောက်အကူပြုနိုင်သည်။ ဥပမာ ပိုလွယ်သည့် အကြောင်းအရာ ခေါင်းစဉ်များ ပါသည့် သင်ခန်းစာများကို ဦးစွာသင်ကြားပြီး ပိုမို ခက်ခဲသော ခေါင်းစဉ်များပါသည့် သင်ခန်းစာများ နောက်မှ လာအောင် စီမံထားနိုင်သည်။ သင်ရိုးအစီအစဉ်များနှင့် အချိန်ဇယားများရှိလျှင် ဆရာ ဆရာမများအနေနှင့် မိမိ သင်ရိုးအကြောင်း ပိုမို ခြုံငုံသိရှိနိုင်မည်။ ထို့နောက် သင်ခန်းစာများကို မည်သည့် ရှေ့နောက် အစီအစဉ်မျိုးဖြင့် သင်ကြားပါက ကျောင်းသူ ကျောင်းသားများ၏ လိုအပ်ချက်ရော၊ ကျောင်း၏ သတ်မှတ်ချက်များကိုပါ ပြည့်မီနိုင်မည်ဖြစ်ကြောင်း စဉ်းစားဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။



SPRING 2018 COURSE SCHEDULE

| Day/Time January 30 – June 2 | Course# Credit hours | Course Title | Faculty |
|---|---|---|---|
| *Short course (8 weeks) March 15 – May 17* | CST318 (1) | Compassionate Communication and Buddhism (Level 2) | LaShelle Lowe-Charde |
| | | | |
| Monday, 3 - 5pm and longer session(s) tbd | THL418 (2) | Arts of Buddhist Ministry: Preparing for Chaplaincy, Spiritual Care, and Teaching | Leigh Miller, with Guests and Faculty |
| | | | |
| Tuesday, 4:30-6:30pm | PHL304 (2) | Madhyamaka Philosophy: A Dose of Emptiness | Yangsi Rinpoche |
| Tuesday, 7 - 9pm | PHL302 (2) | Foundations of Buddhist Thought: The Medium and Great Scope | Yangsi Rinpoche |
| | | | |
| Wednesday, 3 - 5pm | PHL450 (2) | Theories and Methods in Buddhist Studies | Leigh Miller |
| Wednesday, 5:30 - 6:30 pm | CS004 (1) | Ethics for the New Millennium: Basic Goodness and Service on the Path to Enlightenment | Namdrol Adams |
| Wednesday, 7 - 9 pm | MDT304 (2) | Madhyamaka Meditation: Preparation for Vajrayana | Yangsi Rinpoche |
| | | | |
| Thursday, 4 - 6pm *March 15 – May 17* | CST318 (1) | Compassionate Communication and Buddhism – (Level 2) | LaShelle Lowe-Charde |
| | | | |
| Friday, 9:30 - 10:30am | CS002 (1) | Compassionate Service: Building Bridges | Namdrol Adams |
| Friday, 11am - 1pm | MDT302 (2) | Techniques of Buddhist Meditation: The Medium & Great Scope | Yangsi Rinpoche TA: Sunitha |
| Friday, 3 - 5pm | PHL325 (2) | The Good Heart Mind Training for Community Engagement: An East-West Exploration | Yangsi Rinpoche |
| | | | |
| By appointment | PHL500 (4) | Thesis/Comprehensive Exam | Academic Advisor |
| By appointment | PHL501 (1) | Thesis/Comprehensive Exam | Academic Advisor |
| By appointment | THL500 (4) | Master of Divinity Final Comprehensive Paper | Academic Advisor |
| By appointment | THL501 (1) | Master of Divinity Final Comprehensive Paper | Academic Advisor |

## လေ့ကျင့်ခန်း



၆ အောက်ပါ ဖော်ပြချက်များကို မှား/မှန် ရွေးပါ။ မှားပါက အဘယ့်ကြောင့် မှားကြောင်း ရှင်းပါ။

၁။ ဆရာ ဆရာမများသည် အပတ်စဉ်၊ လစဉ်၊ စာသင်နှစ်အလိုက် အစီအစဉ်များ မဖြစ်မနေ ရေးဆွဲရမည်။

၂။ ၎င်းအစီအစဉ်များကို ကျောင်းသူ ကျောင်းသားများအား ပေးအပ် နိုင်သည်။

၃။ ထိုအစီအစဉ်များတွင် မည်သည့် သင်ယူမှု အကဲဖြတ်ခြင်းလုပ်ငန်းများ ရှိမည်ဖြစ်ကြောင်း ဖော်ပြထားရမည်။

၄။ ထိုအစီအစဉ်များတွင် သင်ခန်းစာများ မည်သို့ ဆက်စပ်မှုရှိကြောင်း ဖော်ပြထားရမည်။

## လေ့ကျင့်ခန်း

၇ အောက်ပါ ခေါင်းစဉ်များကို အချိန်ဇယားတွင် သင့်လျော်သည့် နေရာများတွင် ထည့်ပါ။

နေ့စွဲ လုပ်ငန်းဆောင်တာများ လ

သင်ကြားမည့် ခေါင်းစဉ် သင်ရိုးခေါင်းစဉ် ရည်ရွယ်ချက်များ

| ________ (၁။) ပထဝီ | | ________ (၂။) ဇူလိုင်လ | |
|---|---|---|---|
| ________ (၃။) | ________ (၄။) | ________ (၅။) ကျောင်းသူ ကျောင်းသားများသည် . . . . တတ်သွားလိမ့်မည်။ | ________ (၆။) |
| ပထမပတ် | **အခန်း ၁။ ကမ္ဘာ့ရှေ့ခြမ်း** – တိုက်ကြီးများနှင့် နိုင်ငံများ | • ကမ္ဘာ့ရှေ့ခြမ်းမှ တိုက်ကြီးများနှင့် နိုင်ငံများကို အမည်တပ်ပါ။ | • မြေပုံ ပြန်လည်ခင်းကျင်း တင်ဆက်ခြင်း |
| ဒုတိယပတ် | **အခန်း ၁။ ကမ္ဘာ့အရှေ့ခြမ်း** – လူဦးရေ၊ အကျယ်အဝန်း၊ လူဦးရေ ထူထပ်မှု | • လူဦးရေ၊ အကျယ်အဝန်း၊ လူဦးရေထူထပ်မှုတို့ကို အဓိပ္ပာယ်ဖွင့်ဆို<br>• နိုင်ငံအမျိုးမျိုး၏ လူဦးရေ ထူထပ်မှုကို တွက်ချက် နှိုင်းယှဉ် | • နိုင်ငံအလိုက် အချက်အလက်ပြ သရုပ်ဖော်ပုံ |
| တတိယပတ် | **အခန်း ၁။ ကမ္ဘာ့အရှေ့ခြမ်း** – ဥရောပ၊ အာရှ၊ အာဖရိကနှင့် ဩစတြေးလျတိုက်တို့၏ ရုပ်ပိုင်းဆိုင်ရာ ဝိသေသများ | • တိုက်ကြီး ၄ တိုက်၏ ရုပ်ပိုင်းဝိသေသများကို ဖော်ပြ | • တိုက်ကြီးများ ပုံစံငယ်<br>• အခန်း ၁ ဉာဏ်စမ်း မေးခွန်းများ |
| စတုတ္ထပတ် | **အခန်း ၂။ ကမ္ဘာ့နောက်ခြမ်း** – တိုက်ကြီးများနှင့် နိုင်ငံများ | • ကမ္ဘာ့နောက်ခြမ်းမှ တိုက်ကြီးများနှင့် နိုင်ငံများကို အမည်တပ်ပါ။ | • မြေပုံဖြင့် တင်ဆက် ဟောပြောချက် |

## လုပ်ငန်းစဉ်

ဃ Grade 6 English Textbook နှင့် ပတ်သက်သည့် အောက်ပါအကျဉ်းချုပ်နှင့် သင်ရိုးဆိုင်ရာ အချက်အလက်များကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ အခန်း ၁–၃ အတွင်းပါသည့် အကြောင်းအရာများအားလုံးကို သင်ကြားရန် သင်တန်းချိန် မည်မျှလိုအပ်မည် ထင်ပါသနည်း။ ပြန်လှန်လေ့လာခြင်း၊ ပရောဂျက်နှင့် ကဗျာအပါအဝင် အချိန်စုစုပေါင်း မည်မျှလိုမည်နည်း။

၂။ အခန်း ၁–၃ ကို ပေးထားသည့် ရှေ့နောက်အစီအစဉ်တိုင်း သင်ကြားမည်လား၊ ပြောင်းလဲသင်ကြားမည်လား။ အဘယ့်ကြောင့်နည်း။

၃။ အချိန်ဇယားအတွင်း မည်သည့် သတင်းအချက်အလက် ထည့်သွင်းမည်ဖြစ်သနည်း။ သင်ရိုးအစီအစဉ်အတွင်းတွင် မည်သည့် သတင်းအချက်အလက်လည်း ထည့်သင့်ပါသနည်း။

၄။ အကြောင်းအရာအချို့ကို ချန်လှပ်ခဲ့၍ ရသည်ဆိုပါက မည်သည့် အကြောင်းအရာကို ချန်လှပ်ခဲ့မည်နည်း။

### Grade 6 အင်္ဂလိပ်ဘာသာရပ်ပြဌာန်းစာအုပ်

- Grade 6 ပြဌာန်းစာအုပ်သည် အင်္ဂလိပ်စာ နားလည်မှုနှင့် လက်တွေ့ဘဝတွင် အသုံးချနိုင်မှု မြင့်တက်လာအောင် လိုအပ်သည့် စွမ်းရည်နှင့် အသိပညာများ တိုးမြှင့်တပ်ဆင်ပေးရန် ရည်ရွယ်ပါသည်။
- သင်ရိုးစာအုပ်တွင် အခန်း ၁၂ ခန်းပါသည်။ အပိုင်းကြီး လေးပိုင်း ပိုင်းထားသည်။ တစ်ပိုင်းလျှင် အခန်း ၃ ခန်း ပါသည်။ တစ်ခန်းလျှင် သင်ခန်းစာ ၄ ခုစီပါသည်။ ပြန်လှန်လေ့လာခြင်းအပိုင်း၊ ပရောဂျက်တစ်ခုနှင့် အပိုင်းတစ်ခုဆုံးတိုင်း ကဗျာတစ်ပုဒ်ထည့်ထားသည်။



<table>
<tr><th colspan="6">Myanmar Grade 6 English Textbook: Scope and Sequence, Section 1</th></tr>
<tr><th>Unit Number and Soft Skills</th><th>Listening and Speaking</th><th>Reading</th><th>Vocabulary, Grammar & Syntax</th><th>Writing</th><th>Functional Language</th></tr>
<tr><td>Unit 1<br>Communication<br>Collaboration</td><td>• Greeting people<br>• Introducing oneself<br>• Leave-taking</td><td>• Holiday greetings<br>• Talking about places</td><td>• Season's greetings<br>• Describing weather and places</td><td>• Writing a postcard</td><td>• Greetings</td></tr>
<tr><td>Unit 2<br>Communication<br>Collaboration</td><td>• Hobbies and ambitions<br>• Asking for and giving personal information</td><td>• Talking about personal details</td><td>• Present simple<br>• Talking about a friend</td><td>• Writing about your daily life</td><td>• Asking for and giving personal information</td></tr>
<tr><td>Unit 3<br>Communication<br>Collaboration<br>Critical Thinking</td><td>• Places in a city<br>• Asking and answering questions</td><td>• Shops in a market<br>• Different kinds of food<br>• Going shopping</td><td>• Prepositions of place</td><td>• Things in a room<br>• Describing a room</td><td>• Giving directions</td></tr>
<tr><td>Review 1</td><td colspan="2">• To help students revise selected knowledge and skills from Units 1, 2 and 3.</td><td colspan="3">• To provide summative assessment of student learning</td></tr>
<tr><td>Project 1<br>Communication<br>Collaboration<br>Creativity</td><td colspan="2">• To use a simple holiday postcard<br>• To write a holiday postcard</td><td colspan="3" rowspan="2">• To successfully complete the project by working collaboratively in small groups</td></tr>
<tr><td>Poem 1</td><td colspan="2">• The Owl by Edward H. Richards</td></tr>
</table>

**Myanmar Grade 6 English Textbook: Units and Lessons, Section 1**

| Unit | Title | Unit | Title |
|---|---|---|---|
| Unit 1 | | Unit 3 | |
| Lesson 1 | Greeting, introducing and leave-taking | Lesson 1 | Talking about your city |
| Lesson 2 | Greetings from postcards | Lesson 2 | At the market |
| Lesson 3 | Greetings for special events | Lesson 3 | Where is it? |
| Lesson 4 | Let's send a postcard | Lesson 4 | My favourite room |
| Unit 2 | | Review 1 | |
| Lesson 1 | Tell me about you! | Project 1 | |
| Lesson 2 | Talking about families | Poem 1 | The Owl |
| Lesson 3 | My best friend | | |
| Lesson 4 | Daily routine | | |

## လေ့ကျင့်ခန်း

**င** ၄.၁ (င) မှ သင်ရိုးတစ်ခုခုကိုဖြစ်စေ၊ မိမိသင်ကြားနေသော သင်ရိုးတစ်ခုခုကိုဖြစ်စေ ရွေးပါ။ သင်ကြားချိန် အနည်းဆုံး ၄ ပတ် ပါဝင်သော ရက်သတ္တပတ်အလိုက် သင်ရိုးအစီအစဉ်ရေးဆွဲပါ။

၁။ ဤသင်ရိုးစာအုပ်အတွက် ရက်သတ္တပတ်အလိုက် သင်ရိုးအစီအစဉ်တစ်ခု ဖန်တီးပါ။ မိမိကိုယ်ပိုင် သင်ရိုးအစီအစဉ် ပုံစံကိုလည်း သုံးနိုင်သလို နောက်ဆက်တွဲ ၅ တွင် ပေးထားသော ရက်သတ္တပတ်အလိုက် အစီအစဉ်ပုံစံကိုလည်း သုံးနိုင်ပါသည်။

၂။ အခြားအဖွဲ့များ၏ သင်ရိုးအစီအစဉ်နှင့် မိမိတို့ သင်ရိုးအစီအစဉ်ကို နှိုင်းယှဉ်ကြည့်ပါ။

၃။ ၎င်းတို့အကြား တူညီချက်၊ ကွာခြားချက်များကို ရှာပါ။ မိမိ သင်ရိုးအစီအစဉ်ကို မည်သို့ ပိုမို ကောင်းမွန်အောင် ပြုပြင်နိုင်သနည်း။



## ဆွေးနွေးချက်

**၈** အောက်ပါမေးခွန်းကို ဆွေးနွေးဖြေဆိုပါ။
သင်ရိုးအစီအစဉ်ရေးဆွဲခြင်း၊ အချိန်ဇယားထုတ်ခြင်းတို့အတွက် အချိန်မလုံလောက်ပါက မည်သို့ လုပ်ဆောင်မည်နည်း။

## ပြန်လှန်သုံးသပ်ခြင်း

**ဃ** နေ့စဉ်သုံးသပ်ချက် မှတ်တမ်းတွင် အောက်ပါမေးခွန်းတို့အတွက် အဖြေစဉ်းစားရေးချပါ။

၁။ ဤအခန်းတွင် မိမိသင်ယူရရှိခဲ့သည့် အရာများအနက် မိမိအတွက် အရေးကြီးသည့် အရာတစ်ခုအကြောင်း ရှင်းပြပါ။

၂။ အဘယ့်ကြောင့် ၎င်းက မိမိအတွက် အရေးပါခြင်း ဖြစ်သနည်း။

၃။ ဤအခန်းပါ အကြောင်းအရာများကြောင့် မိမိသင်ကြားရေးအပေါ် မိမိထင်မြင်ချက် မည်သို့ ပြောင်းလဲခြင်း ရှိပါသလဲ။

၄။ မိမိသင်ကြားပုံကို မိမိပြောင်းလဲလိုစိတ် ရှိလာအောင် ဤအခန်းပါ အကြောင်းအရာက တိုက်တွန်းပါသလား။ မိမိသင်ကြားပုံကို မည်သို့ မည်ပုံ ပြောင်းလဲမည် ဖြစ်ပါသနည်း။

### အကျဉ်းချုပ် - အခန်း (၄) သင်ရိုးအစီအစဉ်ရေးဆွဲခြင်း

ဆရာ ဆရာမများသည် သင်ရိုးအစီအစဉ်ရေးဆွဲရန် အချိန်ပေး၍ သီးသန့်ဆောင်ရွက်သင့်သည်။ သင်ရိုးတစ်ခု၏ မရှိမဖြစ် အစိတ်အပိုင်းများကို သတ်မှတ်ဖော်ထုတ်ထားသင့်ပါသည်။ ဆရာ ဆရာမများ သင်ခန်းစာ အစီအစဉ်ရေးဆွဲရာတွင်လည်း အထောက်အပံ့ပေးသည်။ သင်ရိုးအစီအစဉ်များသည် ကျောင်းသူ ကျောင်းသားများကို သင်ရိုးမစခင် သိသင့်သည်များ အားလုံး သိရှိအောင် ကူညီထောက်ပံ့ပေးနိုင်ပါသည်။ အကောင်းဆုံးအခြေအနေဆိုလျှင် ကျောင်းသူ ကျောင်းသားများသည် သင်ရိုးမစမီ သင်ရိုးတွင် ထည့်သွင်းသတ်မှတ်ထားသော သင်ယူမှု ရည်ရွယ်ချက်များနှင့် သင်ယူမှု အကဲဖြတ်ခြင်းနည်းလမ်းများကို ကြိုတင် သိရှိထားသင့်ပါသည်။

အချိန်ဇယားများ ရှိပါက ဆရာ ဆရာမများသည် သင်ခန်းစာများအတွင်း သင်ရိုးခေါင်းစဉ်များကို ရှေ့နောက် အစီအစဉ်ချ သင်ကြားရန် ပိုမို လွယ်ကူစေပါမည်။ အချိန်ဇယားများက ဆရာ ဆရာမနှင့် ကျောင်းသူ ကျောင်းသားများအတွက် သင်ရိုးဆိုင်ရာ မြေပုံများကဲ့သို့ပင်ဖြစ်သည်။







# ၅ လုပ်ငန်းစဉ်များနှင့် အရင်းအမြစ်များ

## ရည်ရွယ်ချက်များ

- ဆရာအတတ်သင် သင်တန်းသားများသည် သင်ခန်းစာအတွင်း အသုံးပြုရမည့် သင်ကြားသင်ယူမှု အရင်းအမြစ်များကို ရွေးချယ်တတ်၊ ဖန်တီးတတ်သွားမည်။
- ဆရာအတတ်သင် သင်တန်းသားများသည် သင်ခန်းစာများအတွက် လုပ်ငန်းစဉ် အမျိုးမျိုးကို မည်သည့်အချိန်တွင် အကောင်းဆုံး အသုံးချနိုင်ကြောင်း စဉ်းစား ဆုံးဖြတ်တတ်သွားမည်။
- ဆရာအတတ်သင် သင်တန်းသားများသည် သင်ရိုးစာအုပ် တစ်အုပ်အတွင်းပါသော အကြောင်းအရာများကို လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲ အသုံးချတတ်သွားမည်။

# ၅.၁ သင်ကြားသင်ယူမှု အရင်းအမြစ်များ

## အကြိုသင်ခန်းစာ

**က** မိမိစာသင်ကြားသည့်အခါ မည်သည့် အရင်းအမြစ်များကို သုံးစွဲပါသနည်း။ မည်သို့ အသုံးပြုသနည်း။

သင်ခန်းစာ အစီအစဉ်ရေးဆွဲနေသည့်အခါ သင်ခန်းစာ အဆင့် တစ်ခုစီအတွက် လိုအပ်သော အရင်းအမြစ်များကို သတ်မှတ်ဖော်ထုတ်သင့်သည်။ အချို့သော အရင်းအမြစ်များကို စာသင်ခန်းအတွင်း ရရှိနိုင်သည်။ ဥပမာ သင်ပုန်း၊ စာအုပ်နှင့် စာရေးကိရိယာများဖြစ်သည်။ အချို့သော အရင်းအမြစ်များမှာမူ ဆရာ ဆရာမများက ထုတ်ပေးရမည် ဖြစ်သည်။ ဥပမာ လေ့ကျင့်ခန်းစာရွက်များ၊ ရုပ်ပုံကတ်များ၊ နမူနာ ပုံစံငယ်များ စသည်တို့ဖြစ်သည်။ အချို့ ဆရာ ဆရာမများက သတင်းအချက်အလက် နည်းပညာ (ICT) ကို စာသင်ခန်းအတွင်း အသုံးပြုတတ်ကြသည်။ ဥပမာ ကွန်ပျူတာ၊ ပရိုဂျက်တာ၊ အသံစနစ်များ၊ အီလက်ထရွန်းနစ် သင်ပုန်းများ စသည်တို့ ဖြစ်သည်။ အွန်လိုင်းမှ စာသင်ကြားခြင်းအတွက်မူ အခြားသော ICT အထောက်အပံ့များ စက်ပစ္စည်းများ၊ ဆော့ဖ်ဝဲများ လိုအပ်နိုင်သည်။



ကျောင်းသူ ကျောင်းသားများ၏ စိတ်ဝင်စားမှု ရရှိအောင် ဆောင်ရွက်နိုင်ရန် သင်ကြားသင်ယူမှု အရင်းအမြစ်များကို အသုံးပြုနိုင်သည်။ ၎င်းတို့သည် သင်ခန်းစာခေါင်းစဉ်၊ သင်ယူမှု ရည်ရွယ်ချက်များနှင့် ချိတ်ဆက်ပတ်သက်မှု ရှိသင့်သည်။ အချို့ ဆရာ ဆရာမများက ၎င်းတို့ ကွန်ပျူတာပေါ်တွင် သင်ထောက်ကူ အရင်းအမြစ်များ ဖန်တီးကြသလို အချို့က အင်တာနက်ပေါ်မှ ရာကြသည်။ အရင်းအမြစ်များ အများစုကို သိမ်းထားပြီး ပြန်သုံးခြင်းလည်း ပြုနိုင်ပါသည်။ သင်ခန်းစာ အစီအစဉ်ရေးဆွဲချိန်တွင် ဆရာ ဆရာမများသည် မည်သည့် အရင်းအမြစ်များ ဖန်တီးပြင်ဆင်ရန် လိုအပ်ကြောင်း ဆုံးဖြတ်နိုင်သည်။

ပစ္စည်းအစစ်သင်ထောက်ကူများ (realia) ဆိုသည်မှာ နေ့စဉ်ဘဝတွင် တွေ့မြင်နိုင်သော ပစ္စည်းများကို စာသင်ကြားရန်အတွက် အထောက်အကူအဖြစ် ရယူအသုံးပြုခြင်းကိုခေါ်သည်။ ၎င်းတို့က ပစ္စည်းအစစ်အမှန်များဖြစ်ပြီး စာသင်ခန်းအတွင်း / အပြင်မှ ရရှိနိုင်သည်။ အမြင်ပိုင်း realia ဆိုပါက သတင်းစာ၊ မဂ္ဂဇင်း၊ ဓါတ်ပုံ၊ မြေပုံ၊ ပိုစတာများဆီမှ သတင်းဆောင်းပါးများ ပါဝင်နိုင်သည်။ Realia မှာ အိမ်သုံးပစ္စည်းများ၊ အဝတ်အစား၊ အစားအစာ၊ သဘာဝအလျောက် တွေ့ရသည့်အရာများ၊ ကိရိယာများ၊ စက်များ၊ နည်းပညာဆိုင်ရာ ပစ္စည်းများ စသည်တို့လည်း ပါဝင်နိုင်သည်။

ပြန်သုံးအရင်းအမြစ်များ ဆိုရာဝယ် ပုံစံအသစ်ဖြင့် အသုံးပြုသော realia များလည်းဖြစ်နိုင်သည်။ ပြန်သုံးပစ္စည်းများနှင့် သင်ကြားသင်ယူမှု အရင်းအမြစ်များ ဖန်တီးခြင်းမှာ ဆန်းသစ်တီထွင်မှုနှင့် စိတ်ကူးဉာဏ် ကွန့်မြူးမှုအားဖြင့် လုပ်ဆောင်ရသည့်အရာဖြစ်သည်။ ဥပမာ ကျောင်းသူ ကျောင်းသားများအနေနှင့် ပလတ်စတစ်ဘူးဟောင်းများ၊ သစ်ရွက်အကြွေများ၊ တုတ်ချောင်းများ၊ ပုလင်းဖုံးများ စသည်တို့ကို သုံးပြီး အဆောက်အအုံ ပုံစံငယ် တစ်ခု တည်ဆောက်ခြင်း၊ ရုပ်ရှာမြေပုံ ရေးဆွဲခြင်းတို့ လုပ်နိုင်သည်။

သင်ကြားသင်ယူမှု အရင်းအမြစ်များ ဖန်တီးခြင်းကို ဆရာ ဆရာမက သော်လည်းကောင်း ကျောင်းသူ ကျောင်းသားများကသော်လည်းကောင်း ပြုလုပ်နိုင်သည်။ သင်ထောက်ကူပစ္စည်းကို ကျောင်းသူ ကျောင်းသားများကိုယ်တိုင် ဖန်တီးရခြင်း၏ ကောင်းကျိုးမှာ သင်ယူနေချိန် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် သင်ယူမှုဖြစ်စဉ် ပိုမိုအားကောင်းစေခြင်းဖြစ်သည်။ တစ်ဦးချင်းဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေ၊ ပိုစတာ ဖန်တီးခြင်း၊ ကာတွန်းဆွဲခြင်း၊ မြေပုံဆွဲခြင်း၊ သရုပ်ဖော်ပုံဆွဲခြင်း၊ ပုံစံငယ် တည်ဆောက်ခြင်း၊ လေ့ကျင့်ခန်းစာရွက်များ ရေးသားခြင်း၊ ဇာတ်ညွှန်းများ ရေးသားခြင်းတို့ ဆောင်ရွက်နိုင်သည်။ ၎င်းတို့ကို ပြန်အသုံးပြုခြင်းလည်း ပြုနိုင်သည်။ ဥပမာ ဆရာ ဆရာမက သစ်ပင်တစ်ပင်၏ ဘဝသံသရာအကြောင်း ပိုစတာတစ်ခု လိုအပ်သည်ဆိုပါက စာသင်ခန်း လုပ်ငန်းစဉ် တစ်ခုအနေနှင့် ကျောင်းသူ ကျောင်းသားများကို အဆိုပါ သင်ထောက်ကူ ဖန်တီးခိုင်းနိုင်သည်။

သင်ခန်းစာအဆင့်တစ်ခုစီအတွက် မည်သည့် သင်ကြားသင်ယူမှု အရင်းအမြစ်များလိုအပ်ကြောင်းနှင့် ၎င်းတို့ မည်သို့ ရယူနိုင်ကြောင်း ဆရာ ဆရာမများက သင်ခန်းစာ ပြင်ဆင်ချိန်တွင် စဉ်းစားရမည်ဖြစ်သည်။

## လုပ်ငန်းစဉ်

**၁** အောက်ပါ သင်ကြားသင်ယူမှု အရင်းအမြစ်နမူနာများကို အမျိုးအစားခွဲပါ။

| စာရေးကိရိယာ | ပစ္စည်းအစစ်များ (Realia) | ICT | ပြန်သုံးပစ္စည်း |
|---|---|---|---|
| | | | |

၁။ လူ့အခွင့်အရေးများဟူသည့် ခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်ပြီး မဂ္ဂဇင်းဟောင်းများ၊ သတင်းစာဟောင်းများ သုံးကာ ဖြတ်ညှပ်ကပ်ပုံများ ဖန်တီးပုံဖော်ခြင်း။

၂။ ပိုစတာ စက္ကူကြီးပေါ်တွင် မိမိတို့ ရပ်ရွာ၏ စီးပွားရေးစနစ် လည်ပတ်နေပုံကို ရောင်စုံ မာကာများဖြင့် သရုပ်ဖော် ရေးဆွဲခြင်း။

၃။ ကျောင်းဘေး စမ်းချောင်းထဲမှ ကျောက်ခဲများ အသုံးပြုပြီး အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား သင်ကြားခြင်း။

၄။ နေ့စဉ် သတင်းစာတွင်ပါသော အကြောင်းအရာများကို ဖတ်ရှုပြီး ခေါင်းဆောင်မှု အကြောင်း လေ့လာခြင်း။

၅။ အင်္ဂလိပ်စကားပြော လေ့ကျင့်ခန်းများကို မိမိဖုန်းတွင် အသံသွင်းပြီး ဆရာ ဆရာမထံ ပေးပို့ခြင်း။

၆။ ဆရာ ဆရာမ၏ မျက်မှန်ကို အသုံးပြုပြီး မျက်နှာပြင်အခုံးနှင့် အခွက်အကြောင်း ရှင်းပြခြင်း။

၇။ သစ်ကိုင်း၊ သစ်ရွက်နှင့်၊ သစ်စေ့များ အသုံးပြုပြီး မိသားစုဆက်စပ်မှုပြပုံများ ဖန်တီးခြင်း။

၈။ ဖားသေတစ်ကောင်ကို ခွဲစိတ်ပြီး ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ရှင်းပြခြင်း။

၉။ စာအုပ်၊ ဘောပင်ဖြင့် မှတ်စုလိုက်မှတ်ခြင်း။

၁၀။ စာသင်ခန်းတွင်းတွင် အစားအစာ အမျိုးမျိုးကို အိတ်များအတွင်းထည့်ပြီး ပုပ်သိုးဆွေးမြည့်မှု ဖြစ်စဉ်ကို လေ့လာခြင်း။

၁၁။ ရပ်ကွက်တစ်ခုအတွင်း တွေ့ရသည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာ အမျိုးအစား အမျိုးမျိုးကို ဓါတ်ပုံရိုက်ကူးပြီး တင်ပြခြင်း။

၁၂။ သစ်ချောင်းများဖြင့် ဖန်တီးထားသော တြိဂံ၊ စတုဂံ၊ ပဉ္စဂံတို့၏ အကျယ်အဝန်း ဧရိယာ တွက်ချက်ခြင်း။

၁၃။ ပါဝါပွိုင့် တင်ဆက်ချက် တစ်ခုဖြင့် ဟောပြောပို့ချခြင်း။

၁၄။ ရပ်ကွက်ဈေးကို သွားရောက် ကြည့်ရှုပြီး အစားအသောက်နှင့် ပတ်သက်သည့် ဝေါဟာရများ သင်ကြားခြင်း။

၁၅။ ပိုစတာ စက္ကူကြီးပေါ်တွင် သရုပ်ဖော်ပုံများဆွဲပြပြီး ဟောပြောပို့ချခြင်း။

၁၆။ ဝေါဟာရအလိုက် ရုပ်ပုံကတ်များသုံးကာ နားလည်သဘောပေါက်မှု ရှိမရှိ စစ်ဆေးခြင်း။

၁၇။ ပြက္ခဒိန်၊ နာရီတို့ အသုံးပြုပြီး နေ့စွဲနှင့် အချိန်အကြောင်း သင်ကြားခြင်း။

၁၈။ အစေ့စိုက်ပျိုးပြီး အညှောက်ပေါက်ခြင်း ဖြစ်စဉ်ကို လေ့လာခြင်း။

၁၉။ တိရစ္ဆာန်နှင့် အပင်ဆဲလ်များ၏ တည်ဆောက်ပုံ ပုံစံကို ပလတ်စတစ်ဘူး၊ စက္ကူဘူး၊ အိတ်များသုံးကာ ပုံဖော်ခြင်း။

၂၀။ ကျောင်းဝင်းအတွင်းမှ သန့်ရှင်းသော ရေနှင့် မသန့်ရှင်းသောရေတို့ကို ခွဲခြားရယူလာပြီး နှိုင်းယှဉ်ကြည့်ခြင်း။

၂၁။ ဂိမ်းကစားသည့်အခါ အဖြေများနှင့် ရမှတ်များကို သင်ပုန်းပေါ်တွင် မြေဖြူဖြင့် ရေးသားလိုက်မှတ်ခြင်း။

၂၂။ စာသင်ခန်းအတွင်း တွေ့ရသည့် ဝတ္ထုပစ္စည်းအမျိုးမျိုးကို တိုင်းတာခြင်း။

၂၃။ အစေ့များကို ဆယ်စေ့တစ်စု စုစည်းပြီး ၁၀၀ အထိ ရေတွက်ခြင်း။

၂၄။ မြန်မာနိုင်ငံ မြေပုံကို ပိုစတာ စက္ကူကြီးပေါ်တွင် ရေးဆွဲပြီး နာမည်ရေးထိုးခြင်း။

## လုပ်ငန်းစဉ်

**ဂ** စာသင်ခန်းသို့ ယူလာပြီး လုပ်ငန်းစဉ်များအတွက် သုံးနိုင်သော သင်ကြားသင်ယူမှု အရင်းအမြစ်နမူနာများအတွက် အကြံဉာဏ်အချို့ ပေးထားပါသည်။ သင်ခန်းစာတစ်ခုကို နှစ်ဦးတွဲအလိုက် ရွေးချယ်ပါ။

၁။ လုပ်ငန်းစဉ်များအတွက် ကျောင်းသား အသက်အရွယ်ကို သတ်မှတ်ပါ။

၂။ သင်ခန်းစာအတွက် သင်ယူမှု ရည်ရွယ်ချက်ရေးသားပါ။

၃။ ထို့နောက် သင်ကြားသင်ယူမှု အရင်းအမြစ်ကို မည်သို့ မိမိဖန်တီးမည် ပြင်ဆင်မည်ကို ရှင်းပြပါ။

၄။ အလားတူ အရင်းအမြစ်ကို အသုံးပြုပြီး လုပ်ဆောင်နိုင်မည့် နောက်ထပ် လုပ်ငန်းစဉ် တစ်ခုကိုလည်း စဉ်းစားပါ။

| ဘာသာရပ် | ခေါင်းစဉ် | လုပ်ငန်းစဉ် | အရင်းအမြစ် |
|---|---|---|---|
| အင်္ဂလိပ် | တိရစ္ဆာန် အကြောင်း ဝေါဟာရ | • ဆရာ ဆရာမက တိရစ္ဆာန်တစ်ကောင်ချင်း၏ အမည်ကို တင်ဆက်သည်။<br>• ဆရာ ဆရာမက ရုပ်ပုံကတ်ကိုပြပြီး ကျောင်းသူ ကျောင်းသားများက တိရစ္ဆာန်အမည်ကို မှန်အောင် အော်ပြောရမည်။ | တိရစ္ဆာန်ပုံပါသော ရုပ်ပုံကတ်များ |
| ဂျန်ဒါ | မီဒီယာက ပြသော ကျားနှင့် မ | • မဂ္ဂဇင်းများ၊ သတင်းစာများကိုကြည့်ပြီး အမျိုးသမီးပုံ အမျိုးသားပုံများကို ကျောင်းသူ ကျောင်းသားများက လိုက်ကြည့်ရှုမှတ်သားရမည်။<br>• ထို့နောက် ဓါတ်ပုံများတွင် ၎င်းတို့ ဘာလုပ်နေသည်ကို စာရင်းပြုရမည်။ နိုင်ငံရေး/ ခေါင်းဆောင်မှု/ ဖက်ရှင်/ အားကစား/ ကျော်ကြားသူများအကြောင်း အတင်းအဖျင်းစကား။ | သတင်းစာနှင့် မဂ္ဂဇင်း |
| သင်္ချာ | ဖြစ်နိုင်ခြေ | • ကျောင်းသူ ကျောင်းသားများက အံစာတုံး နှစ်တုံးကို အကြိမ် ၅၀ ပစ်ရမည်။<br>• ဖြစ်နိုင်ခြေရှိသော ပေါင်းလဒ်အားလုံး (၂ မှ ၁၂ အထိ) မှ မည်သည့် ပေါင်းလဒ် ဘယ်နှစ်ခါ ထွက်သည်ကို မှတ်သားရမည်။ | ကတ်ထူစက္ကူဖြင့် လုပ်ထားသော အံစာတုံးများ |

## လုပ်ငန်းစဉ်

**ဃ** ဤဇယားကွက်ထဲမှ ကွက်လပ်များကို ဖြည့်ပါ။

| ဘာသာရပ် | ခေါင်းစဉ် | အရင်းအမြစ် | လုပ်ငန်းစဉ် |
|---|---|---|---|
| ဇီဝဗေဒ | ပန်းတစ်ပွင့်၏ အစိတ်အပိုင်းများ | ________________ (၁။) | • ပန်းတစ်ပွင့်ကို ဖြတ်တောက်စိတ်ပိုင်းပြီး အစိတ်အပိုင်းအမျိုးမျိုးကို သတ်မှတ်ပြောဆိုကြသည်။ |
| ________________ (၂။) | ကဗျာပါ ကာရံညီ စကားလုံးများ | ကာရံတူသော စကားလုံးများပါသည့် ရုပ်ပုံကတ်များ | • ကတ်ပြားများကို သက်ဆိုင်သည့် အတွဲအလိုက် မှတ်သားပြီး လှန်ရသည့် ကစားနည်းကို အဖွဲ့လိုက် ကစားကြရမည်။<br>• လှန်လိုက်သည့် ကတ်ပြားမှ စကားလုံး နှစ်လုံး ကာရံတူပါက နှစ်ကြောင်းကဗျာတစ်ပုဒ် စပ်ရမည်။ |
| ပထဝီ | ________________ (၃။) | ကမ္ဘာ့မြေပုံ | • ကျောင်းသူ ကျောင်းသားများက ကမ္ဘာ့တိုက်ကြီးများကို အမည်တပ်ပြောပြရမည်။ |
| နိုင်ငံရေး | ဖွဲ့စည်းပုံအခြေခံဥပဒေ | မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ စာအုပ် တစ်အုပ် | • ________________ (၄။) |
| ကယားဘာသာစကား အရေးအဖတ် | အက္ခရာများ | ဗျည်းနှင့် သရများ အတွက် ရုပ်ပုံကတ်များ | • ________________ (၅။) |

## လုပ်ငန်းစဉ်

**င** ဘာသာရပ်နှင့် သင်ခန်းစာ ခေါင်းစဉ်များကို ဖတ်ပါ။

၁။ သင်ခန်းစာတစ်ခုစီကို သင်ကြားရာတွင် အသုံးဝင်နိုင်မည့် အရင်းအမြစ်တို့မှာ အဘယ်တို့နည်း။

၂။ ဘာသာရပ်/ခေါင်းစဉ်တစ်ခုကို အဖွဲ့လိုက် ရွေးချယ်ပါ။ လုပ်ငန်းစဉ်တစ်ခုနှင့် အရင်းအမြစ် သင်ထောက်ကူတစ်ခု ပြင်ဆင်ပါ။

၃။ ထို့နောက် ထိုသင်ခန်းစာကို အတန်းရှေ့တွင် သရုပ်ဖော်သင်ကြားပြပါ။

### က။ သဘာဝပတ်ဝန်းကျင်

ကမ္ဘာပေါ်မှ စွန့်ပစ်ပစ္စည်းအမျိုးမျိုး

### ခ။ အင်္ဂလိပ်စာ

အဘိဓာန်တွင် ဝေါဟာရများကို ဖွင့်ဆိုရန်သုံးသည့် စကားလုံးများ (pronunciation, part of speech, collocation, စသည်ဖြင့်)

### ဂ။ စီးပွားရေး ဘာသာရပ်

ဝယ်လိုအားနှင့် ရောင်းလိုအားဆိုင်ရာ အခြေခံ နိယာမများ

### ဃ။ သင်္ချာ

ထုရှိသော ဝတ္ထုပစ္စည်းပုံစံအမည်များ (ကုဗတုံး၊ ပိရမစ်၊ ဆလင်ဒါ၊ ကတော့ချွန်တုံး စသည်ဖြင့်) နှင့် ၎င်းပုံ တစ်ခုစီတွင်ရှိသော မျက်နှာစာ အရေအတွက်

### င။ ဓါတုဗေဒ

လူလုပ် အမျှင်များ၏ဂုဏ်သတ္တိများ



## လုပ်ငန်းစဉ်

**၈** သင်ကြားသင်ယူမှု အရင်းအမြစ်များ ဖန်တီးပြုလုပ်ခြင်းအတွက် အကြံပြုချက်ကို ဖတ်ပါ။ အရေးအကြီးဆုံးဟု မိမိထင်သည့် အကြံပြုချက် ၅ ခုကို ရွေးချယ်ပါ။

- ✓ သင်ထောက်ကူများကို လှပအောင် ဖန်တီးသည်ထက် နားလည်လွယ်အောင် ဖန်တီးရန် ပိုအရေးကြီးပါသည်။
- ✓ ၎င်းတို့ကို ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် ရပ်ရွာမှ ကူညီလိုသူများက ဖန်တီးပေးနိုင်သည်။
- ✓ အတန်းအများအတွက်ဖြစ်စေ၊ ဘာသာရပ်အများအတွက်ဖြစ်စေ၊ နှစ်မျိုးလုံးအတွက် ဖြစ်စေ အသုံးဝင်မှသာ ဈေးကြီးသော သင်ထောက်ကူများကို ဝယ်ယူသင့်ပါသည်။
- ✓ အရင်းအမြစ်များသည် သင်ခန်းစာ၏ သင်ယူမှု ရည်ရွယ်ချက်များနှင့် ဆက်စပ်မှုရှိသင့်သည်။
- ✓ သုံးရလွယ်ကူသင့်သည်။ ပြန်သုံးရန်အတွက် သိမ်းဆည်းရာတွင်လည်း လွယ်ကူသင့်သည်။
- ✓ ပြုပြင်ရလွယ်သင့်သည်။ ပျက်စီးသွားလျှင်လည်း အစားထိုးရ လွယ်ကူသင့်သည်။
- ✓ ကျောင်းသူ ကျောင်းသားများ၏ အသက်အရွယ်၊ ပညာရေးအဆင့်တို့နှင့် ဆီလျော်အပ်စပ်မှု ရှိသင့်သည်။
- ✓ အရင်းအမြစ်များကို ကျောင်းသူ ကျောင်းသားများ အားလုံးက တန်းတူညီမျှမှုရှိစွာ လက်လှမ်းမီ အသုံးပြုနိုင်မှု ရှိသင့်သည်။
- ✓ ထိရောက်မှု သိပ်မရှိနိုင်သည့် သင်ထောက်ကူများအတွက် အချိန်၊ ငွေ၊ အင်အားများစွာ စိုက်ထုတ်မှု မလုပ်ပါနှင့်။
- ✓ ၎င်းတို့သည် သင်ယူမှုကို ထောက်ကူနိုင်ရမည်။ စိတ်ဝင်စားဖွယ်ကောင်းရမည်။ ဆွဲဆောင်မှု ရှိရမည်။
- ✓ ကျောင်းသူ ကျောင်းသားအားလုံးတွင် ရင်းမြစ်များ ဖန်တီးရန် လိုအပ်သော ပစ္စည်း အစုံအလင်ရှိအောင် စီမံပါ။
- ✓ အရင်းအမြစ်များနှင့် ၎င်းတို့ကို ဖန်တီးရသည့် လုပ်ငန်းအဆင့်ဆင့်သည် ကျောင်းသူ ကျောင်းသားများအတွက် ဘေးကင်းမှုရှိရမည်။

## ဆွေးနွေးချက်

**၉** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ မိမိအမြင်အရ နည်းပညာပစ္စည်းများ (ကွန်ပျူတာ၊ စမတ်ဖုန်း၊ အင်တာနက်၊ စပီကာ စသည်တို့သည်) စာသင်ခန်းအတွင်း အသုံးဝင် အထောက်အကူပြုသလား၊ အနှောင့်အယှက်ပြုသနာ ပေးသလား။

၂။ မိမိစာသင်ခန်းအတွင်း မည်သည့် realia ပစ္စည်းအစစ်များ အသုံးပြုနိုင်ခြင်း ရှိသနည်း။

၃။ မည်သည့် အချိန်တွင် မိမိ ကျောင်းသူ ကျောင်းသားများအား သင်ထောက်ကူများ ကိုယ်တိုင် ဖန်တီးခိုင်းမည်နည်း။



# ၅.၂ လုပ်ငန်းစဉ် အမျိုးမျိုး အသုံးပြုခြင်း

## အကြိုသင်ခန်းစာ

**က** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ Stir အလှုပ်နှင့် Settle အငြိမ်တို့၏ ဆိုလိုရင်းမှာ အဘယ်နည်း။ အလှုပ် လုပ်ငန်းစဉ်များနှင့် အငြိမ် လုပ်ငန်းစဉ်များ၏ ခြားနားချက်မှာ အဘယ်နည်း။

၂။ လုပ်ငန်းစဉ် တစ်မျိုးစီကို မည်သို့ ခွဲခြားအသုံးပြုမည်နည်း။

၃။ မိမိအတန်းဖော်များနှင့် ထိပ်တိုက်ယှဉ်ပြိုင်သည့်အချိန်နှင့် ပူးပေါင်းဆောင်ရွက်ပြီး အချင်းချင်းကူညီရချိန်တို့အနက် မည်သည့်အချိန်တွင် အကောင်းဆုံး သင်ယူမှု ဖြစ်ပွားပါသနည်း။

သင်ခန်းစာများတွင် လုပ်ငန်းစဉ် အမျိုးမျိုး လိုအပ်သည်။ လုပ်ငန်းစဉ်များသည် အမျိုးမျိုး ကွဲပြားခြားနားနိုင်သည်။ နမူနာအားဖြင့် –

- အလှုပ်နှင့် အငြိမ်
- အပြိုင်အဆိုင်နှင့် အပြန်အလှန် ကူညီပူးပေါင်းမှု
- အဖွဲ့ဖွဲ့ပုံ (တစ်ဦးတည်း၊ နှစ်ဦးတွဲ၊ အဖွဲ့ငယ်၊ စသည်ဖြင့်)
- စဉ်းစားခြင်း စွမ်းရည်များ (ဘလူးမ်၏ သင်ယူမှုအဆင့်များ)
- ဘာသာစကား စွမ်းရည် (အဖတ်၊ အရေး၊ နားထောင်၊ စကားပြော)
- တည်နေရာ (စာသင်ခန်း အတွင်း/အပြင်)
- ကြာချိန်

ရံဖန်ရံခါတွင် ဆရာ ဆရာမများက ကျောင်းသားများ လှုပ်ရှားသွားလာတက်ကြွအောင် စီမံလိုမည်ဖြစ်သည်။ ရံဖန်ရံခါ တနေရာတည်း ငြိမ်သက်စွာနေခြင်းကိုလည်း လိုအပ်နိုင်မည်။ အလှုပ် လုပ်ငန်းစဉ်များသည် လှုပ်ရှားတက်ကြွမှုရှိသော လုပ်ငန်းစဉ်များဖြစ်ပြီး ကျောင်းသားများက လှုပ်ရှားသွားလာ ဆူညံနေခြင်းရှိသည်။ အငြိမ် လုပ်ငန်းစဉ်များသည် တည်ငြိမ်အေးဆေးမှုရှိသော လုပ်ငန်းစဉ်များဖြစ်ပြီး ကျောင်းသားများက လှုပ်ရှားသွားလာမှုမရှိဘဲ ငြိမ်ငြိမ်တိတ်တိတ် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်ဖြစ်သည်။ အလှုပ် လုပ်ငန်းစဉ်များကို တစ်ဦးချင်း၊ နှစ်ဦးတွဲအလိုက်၊ အဖွဲ့လိုက်၊ တစ်တန်းလုံး လုပ်ဆောင်ရခြင်း ရှိနိုင်သည်။ အငြိမ် လုပ်ငန်းစဉ်များကိုမူ များသောအားဖြင့် တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက် ဖြစ်စေ လုပ်ဆောင်ရလေ့ရှိသည်။ လုပ်ငန်းစဉ် နှစ်မျိုးလုံးကို စာသင်ခန်း အတွင်း/အပြင်တွင် လုပ်ဆောင်နိုင်သည်။

အပြိုင်အဆိုင် လုပ်ငန်းစဉ်များနှင့် ပူးပေါင်းကူညီရသော လုပ်ငန်းစဉ်များ၏ အောင်မြင် အဆင်ပြေနိုင်မှုမှာ ကျောင်းသူ ကျောင်းသားများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်နေစိတ်ထားပေါ်တွင် မူတည်နိုင်သည်။ အပြိုင်အဆိုင် လုပ်ငန်းစဉ်များသည် ပြိုင်ဆိုင်ရင်း ရန်လိုလာခြင်း၊ မနိုင်လျှင် စိတ်အားငယ်ခြင်း မရှိမှသာ ပျော်စရာကောင်းပြီး စိတ်အားတက်ကြွစေမည်။ ပူးပေါင်းကူညီရသော လုပ်ငန်းစဉ်များက ကျောင်းသားများအတွက် လုပ်ဆောင်ရကျိုးနပ်စေသော လုပ်ငန်းစဉ်များဖြစ်နိုင်သည်။ တက်ကြွစွာ နားထောင်ခြင်း၊ ညှိနှိုင်းခြင်းစသည့် လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ ရရှိသောကြောင့်ပင် ဖြစ်သည်။ သို့ရာတွင် ကျောင်းသူ ကျောင်းသားများ အနေနှင့် အတူပူးပေါင်းလိုစိတ်ရှိပြီး၊ အချင်းချင်း သက်သောင့်သက်သာဖြစ်မည့် လူများအလိုက်သာ အဖွဲ့များ ဖွဲ့ပေးရန် လိုအပ်သည်။ အပြိုင်အဆိုင်လုပ်ငန်းနှင့် ပူးပေါင်းကူညီရသည့် လုပ်ငန်းနှစ်မျိုးလုံးတွင် ဆရာ ဆရာမ အနေနှင့် စည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်နှင့် နည်းလမ်းများကို လုပ်ငန်းစဉ် မစတင်မီ အားလုံးသေချာအောင် ရှင်းပြထားရမည်။

ပြိုင်ဆိုင်မှုရော၊ ပူးပေါင်းကူညီမှုပါ မရှိသည့် လုပ်ငန်းစဉ် များလည်း လုပ်ဆောင်နိုင်သည်။ ဥပမာ ကျောင်းသူ ကျောင်းသားများက လေ့ကျင့်ခန်းကို တစ်ဦးချင်းအလိုက် အချင်းချင်း ပြိုင်ဆိုင်ရခြင်း မရှိဘဲ လုပ်ဆောင်ရသည့် အခါများတွင်ဖြစ်သည်။

လုပ်ငန်းစဉ်များသည် သင်ခန်းစာ ခေါင်းစဉ်၊ သင်ယူမှု ရည်ရွယ်ချက်များနှင့် အပ်စပ်ဆီလျော်မှု ရှိရမည်။

ဤသင်ရိုးတလျှောက်တွင် လုပ်ငန်းစဉ် နမူနာ အမျိုးမျိုး အမြောက်အမြား ပါဝင်ပါသည်။ ထိုလုပ်ငန်းစဉ်များကို မိမိကိုယ်ပိုင် သင်ခန်းစာများ၏ မည်သည့် သင်ခန်းစာ အဆင့်တွင်မဆို ဆီလျော်အောင် ထည့်သွင်း အသုံးပြုနိုင် ပါသည်။ လုပ်ငန်းစဉ်များအတွက် ထပ်မံအကြံပြုချက်များ ကို နောက်ဆက်တွဲ ဖ တွင် ဆက်လက်လေ့လာနိုင်ပါသည်။

## လေ့ကျင့်ခန်း


၁ အောက်ပါ သင်ခန်းစာ အစီအစဉ်နှစ်ခုကို ကြည့်ရှုပါ။ မည်သည့် လုပ်ငန်းစဉ်များသည် အလှူပ်လုပ်ငန်းစဉ်ဖြစ်ပြီး မည်သည်က အငြိမ်ဖြစ်ပါသလဲ။

| **ဘာသာရပ် –** | သင်္ချာ | **အဆင့် –** | Grade 1 / KG A |
|---|---|---|---|
| **ရည်ရွယ်ချက်** | ကိန်းဂဏန်း ၁ မှ ၁၀ အထိကို ကလေးများ ရေတွက်ပြီး ရေးချတတ်သွားမည်။ | | |
| **အဆင့်** | **အဖွဲ့ဖွဲ့ခြင်း** | **လုပ်ငန်းစဉ်** | **အငြိမ်/အလှုပ်** |
| **မိတ်ဆက်အဆင့်** | တစ်တန်းလုံး | ရေတွက်ရအောင် သီချင်းဆိုခြင်း | ၁။ ____________ |
| **ခင်းကျင်းတင်ဆက်ခြင်းအဆင့်** | တစ်တန်းလုံး | ရေးထားသည့် ကိန်းဂဏန်းများကိုပြ၊ လိုက်ဆိုပြီး ရုပ်ပုံနှင့် တွဲစပ်ခြင်း | ၂။ ____________ |
| **ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု** | နှစ်ဦးတွဲ | ရေးထားသည့် ဂဏန်းများကို ပုံနှင့် တွဲစပ်ခြင်း | ၃။ ____________ |
| | တစ်ဦးချင်း | ဂဏန်းများ အရေးလေ့ကျင့်ခြင်း | ၄။ ____________ |
| | တစ်ဦးချင်း | ပုံတွင်ပါသော ပစ္စည်းအရေအတွက်အလိုက် ရုပ်ပုံတွင် ဂဏန်းကို မှန်ကန်စွာရေးခြင်း | ၅။ ____________ |
| **ပြန်လှန်လေ့လာခြင်း** | တစ်တန်းလုံး | ရေတွက်ရအောင် သီချင်းဆိုပြီး ကိန်းဂဏန်းများကို မှန်ကန်စွာ ဖြောက်ပြခြင်း | ၆။ ____________ |



၂

| ဘာသာရပ် – ဂျန်ဒါ | | အဆင့် – | လူကြီး |
|---|---|---|---|
| **ရည်ရွယ်ချက်** | မီဒီယာတွင် အမျိုးသမီးနှင့် အမျိုးသားများကို မည်သို့ ပုံဖော်ကြကြောင်း စဉ်းစားတတ်သွားမည်။ | | |
| **အဆင့် –** | **အဖွဲ့ဖွဲ့ပုံ** | **လုပ်ငန်းစဉ်** | **အငြိမ်/အလှုပ်** |
| **မိတ်ဆက်ခြင်း –** | နှစ်ဦးတွဲ | ကျောင်းသူ ကျောင်းသားများက ဝေါဟာရ စာရင်းတစ်ခုကို ကြည့်ပြီး မည်သည့်စကားလုံးက မည်သူအတွက်သုံးကြောင်း (ကျား/ မ/ နှစ်မျိုးလုံး/ နှစ်မျိုးလုံး မဟုတ်) စကားလုံး အမျိုးအစားခွဲရန်။ | ၇။ ________ |
| | တစ်တန်းလုံး | အမျိုးသားများနှင့် အမျိုးသမီးများကို မီဒီယာက မည်သို့ ပုံဖော်တင်ဆက်သည်ဟု ၎င်းတို့ ထင်မြင်ကြောင်း ထင်မြင်ချက် မေးခွန်းများကို ကျောင်းသူ ကျောင်းသားများက ဖြေဆိုရမည်။ | ၈။ ________ |
| **ခင်းကျင်း တင်ဆက်ခြင်း –** | နှစ်ဦးတွဲ | (ကျောင်းသား A နှင့် ကျောင်းသား B) တို့သည် တစ်ဦးကို စာသားတစ်ပိုဒ်ရပြီး ၎င်းကို ဖတ်ရှုရမည်။ ထို့နောက် မိမိ တွဲဖက်၏ စာသားတွင်ပါသော အကြောင်းအရာများနှင့် ပတ်သက်ပြီး နှစ်ဦးသား အပြန်အလှန် မေးခွန်းမေးရမည်။ | ၉။ ________ |
| **ထိန်းကျောင်း ကန့်သတ်မှု နည်းသော လေ့ကျင့်မှု –** | တစ်ဦးချင်း | ကျောင်းသူ ကျောင်းသားများက စာသင်ခန်းပတ်လည်တွင် ကပ်ထားသော မီဒီယာပါ ဓာတ်ပုံများကို သွားလာကြည့်ရှုရမည်။ ထိုပုံများနှင့် စာသားပါ အကြောင်းအရာများ မည်သို့ တူညီကွဲပြားမှုရှိကြောင်း စဉ်းစားရမည်။ | ၁၀။ ________ |
| **ပြန်လှန် လေ့လာခြင်း –** | တစ်တန်းလုံး | မီဒီယာတွင် အမျိုးသားများနှင့် အမျိုးသမီးများကို မည်သို့ ပုံဖော်တင်ဆက်ကြကြောင်း ဆွေးနွေးရမည်။ | ၁၁။ ________ |



# လုပ်ငန်းစဉ်

၈ သင်ခန်းစာ ခေါင်းစဉ်တစ်ခုစီအတွက် အလှုပ် လုပ်ငန်းစဉ်တစ်ခု၊ အငြိမ် လုပ်ငန်းစဉ်တစ်ခု စဉ်းစားသတ်မှတ်ပါ။

**၁ အမှိုက်/စွန့်ပစ်ပစ္စည်းများ – ၎င်းပြဿနာကို ဖြေရှင်းပုံ**




**၂ မနစ်သက်ဖွယ် ဝန်ဆောင်မှုနှင့် ပတ်သက်ပြီး တိုင်ကြားစာရေးခြင်း**




**၃ ဘော်လီဘောကစားနည်း ကျွမ်းကျင်မှု**



## လုပ်ငန်းစဉ်

**ဃ** အောက်ပါ ဇယားကွက်က အပြိုင်အဆိုင် လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ၏ ကောင်းကျိုးများနှင့် အားနည်းချက်များကို နှိုင်းယှဉ်တင်ဆက်ထားပါသည်။

၁။ ဤစာရင်းတွင် အကြောင်းအရာများ ထပ်မံပေါင်းထည့်ပါ။

| | **အပြိုင်အဆိုင် လုပ်ငန်းစဉ်များ** | **ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ** |
|---|---|---|
| **အားသာချက်များ** | • အကောင်းဆုံးကြိုးစားဖြစ်အောင် တွန်းအားပေးသည်။<br>• | • ကျောင်းသူ ကျောင်းသားများ၏ လူမှုဆက်ဆံရေး စွမ်းရည်များကို မြှင့်တင်ပေးသည်။<br>• |
| **အားနည်းချက်များ** | • မိမိလုပ်ဆောင်ချက် အားနည်းပါက ကျောင်းသူ ကျောင်းသားများက စိတ်ပျက်အားငယ်သွားနိုင်သည်။<br>• | • ဆရာ ဆရာမအနေနှင့် ကျောင်းသူ ကျောင်းသားတစ်ဦးချင်းစီ၏ တိုးတက်မှုကို အကဲဖြတ်သုံးသပ်ရန် ခက်ခဲနိုင်သည်။<br>• |

၂။ အားနည်းချက်များကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။

(က) အပြိုင်အဆိုင် လုပ်ငန်းစဉ်များအတွက် ဖြေရှင်းနည်း။

(ခ) ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအတွက် ဖြေရှင်းနည်း။

## ဆွေးနွေးချက်

**င** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ သင်ခန်းစာအတွက် လုပ်ငန်းစဉ်များ ပြင်ဆင်ရာတွင် မည်သည်တို့ကို စဉ်းစားရန် လိုအပ်သနည်း။

၂။ အငြိမ်လုပ်ငန်းစဉ်နှင့် အလှုပ် လုပ်ငန်းစဉ်တို့ကို မည်သို့ ရွေးချယ်လုပ်ဆောင်သနည်း။

၃။ အပြိုင်အဆိုင်နှင့် ပူးပေါင်းကူညီဆောင်ရွက်မှု လုပ်ငန်းစဉ်တို့ကို မည်သို့ ရွေးချယ်လုပ်ဆောင်သနည်း။

# ၅.၃ သင်ရိုးစာအုပ် အသုံးပြုခြင်း

## အကြိုသင်ခန်းစာ

**ဂ** စာသင်ကြားရာတွင် သင်ရိုးစာအုပ် အသုံးပြုပါသလား။ သင်ရိုးစာအုပ်များနှင့် ပတ်သက်၍ မိမိမည်သို့ ထင်မြင်ချက်ရှိသနည်း။ အသုံးဝင် မဝင်မည်သို့ ထင်ပါသနည်း။

အချို့ သင်ရိုးညွှန်းတမ်းများတွင် သင်ရိုးစာအုပ်များသည် အရေးပါသော အပိုင်းတွင် ပါဝင်နိုင်သည်။ ပညာရေးစနစ်အများစုတွင် သင်ရိုးစာအုပ်ကို မဖြစ်မနေ အသုံးပြုရသည်။ သို့ရာတွင် ပြဋ္ဌာန်းထားသော သင်ရိုးစာအုပ်ဟူ၍ သတ်သတ်မှတ်မှတ် မထားသည့် စာသင်ခန်းများလည်းရှိသည်။ တစ်ခါတစ်ရံ ဆရာကသာ သင်ရိုးစာအုပ်ကိုင်ပြီး ကျောင်းသူ ကျောင်းသားများက သင်ရိုးစာအုပ် မရှိကြချေ။

သင်ရိုးစာအုပ်များသည် အသုံးဝင်သည်မှန်သော်လည်း မည်သည့်စာအုပ်မှ ရာနှုန်းပြည့် ကောင်းမွန်သည်ဟု မရှိနိုင်ပါ။ ဆရာ ဆရာမများက ရလာသည့် သင်ရိုးစာအုပ်ကို အကောင်းဆုံး သင်ယူမှုဖြစ်အောင် လိုက်လျောညီထွေ ပြုပြင်အသုံးပြုရမည်သာဖြစ်သည်။ သင်ရိုးစာအုပ် အသုံးပြုရာတွင် ဆရာ ဆရာမများသည် အောက်ပါတို့ကို ဆုံးဖြတ်ရန်လိုအပ်သည်။

- သင်ရိုးစာအုပ်အတွင်း ပါဝင်သည့် အကြောင်းအရာများကို အသုံးပြုပုံ
- ခေါင်းစဉ်များကို သင်ကြားရမည့် ရှေ့နောက်အစီအစဉ်
- စာအုပ်ပါ အကြောင်းအရာကို ထပ်မံအားဖြည့်နိုင်မည့် အခြားအကြောင်းအရာများ
- မည်သည့် ခေါင်းစဉ်ကို ချန်လှပ်သင်ကြားရန်

သင်ရိုးစာအုပ်များကို ပြုပြင်ပြောင်းလဲနည်းပေါင်းစုံရှိနိုင်သည်။ သင်ရိုးစာအုပ်ကို လိုက်လျောညီထွေ ပြုပြင်သင်ကြားခြင်း ဆိုသည်မှာ ဆရာ/ ကျောင်းသားတို့နှင့် ပိုမို အပ်စပ်ဆီလျော်မှုရှိအောင် အကြောင်းအရာကို ပြုပြင်သင်ကြားခြင်းကိုဆိုလိုသည်။ ကျောင်းသူ ကျောင်းသားများအတွက် အသုံးဝင်မှု သိပ်မရှိသော ခေါင်းစဉ်ကို ဆရာဆရာမများက ချန်လှပ်သင်ကြားနိုင်သည်။ ကျောင်းသူကျောင်းသားများအတွက် အပ်စပ်ဆီလျော်မှုမရှိခြင်း၊ စိတ်ဝင်စားဖွယ်မရှိခြင်း ဖြစ်နေပါက ဆရာ ဆရာမက ၎င်းအကြောင်းအရာကို အခြားအကြောင်းအရာတစ်ခုခုနှင့် အစားထိုး သင်ကြားနိုင်သည်။ ဥပမာအားဖြင့် သင်ရိုးစာအုပ်တစ်ခုက ဩစတြေးလျနိုင်ငံ ပထဝီအကြောင်း သင်ကြားထားပါက ဆရာ ဆရာမက ဒေသတွင်း ပထဝီဝင်အကြောင်းအရာများ အစားထိုးသင်ကြားနိုင်သည်။ ဆရာဆရာမများသည် သင်ရိုးစာအုပ်ပါ အကြောင်းအရာများနှင့် ချိတ်ဆက်မှုရှိပြီး ထပ်မံအားဖြည့်နိုင်မည့် အကြောင်းအရာများကိုလည်း ပေါင်းစပ်သင်ကြားနိုင်သည်။ ဥပမာ ကျောင်းသူကျောင်းသားများ၏ ဂြိုဟ်များအကြောင်း သင်ယူမှုကို အားဖြည့်ရန်အတွက် အင်္ဂါဂြိုဟ်အကြောင်း ဗွီဒီယိုတစ်ခု ယူလာပြသခြင်းဖြစ်သည်။

လုပ်ငန်းစဉ်များ ကျောင်းသူ ကျောင်းသားများအတွက် ပိုမိုဆီလျော်မှုရှိရန်၊ စိတ်ဝင်စားဖွယ်ဖြစ်ရန်နှင့် သင့်တင့် ကိုက်ညီမှုရှိရန် ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်သည်။ သင်ရိုးစာအုပ်ပါ လုပ်ငန်းစဉ်များကို အားဖြည့်နိုင်ရန် လုပ်ငန်းစဉ်အသစ်များကို ပေါင်းစပ်သင်ကြားနိုင်သည်။ ဥပမာအားဖြင့် သင်ရိုးစာအုပ်တွင် ဘလူးမ်၏ သင်ယူမှုအဆင့်များအနက် အခြေခံစဉ်းစားခြင်း စွမ်းရည်များ လေ့ကျင့်သည့် လုပ်ငန်းစဉ်များသာ ထည့်သွင်းထားပါက ဆရာ ဆရာမအနေနှင့် အဆင့်မြင့် စဉ်းစားခြင်းစွမ်းရည်များ လေ့ကျင့်နိုင်သော လုပ်ငန်းစဉ်အသစ်များ ဖန်တီးသင်ကြားခြင်းမျိုး ဖြစ်ပါသည်။

သင်ရိုးစာအုပ်အသုံးပြုရာတွင် လုပ်ဆောင်ရမည့် အကြောင်းအရာများကို အတိုကောက်မှတ်ရန် ရွေး–ပြောင်း–ပယ်–ဖြည့်ဟု မှတ်နိုင်ပါသည်။ ဆိုလိုသည်မှာ

- ရွေး – သင်ရိုး အကြောင်းအရာကို ရွေးချယ်ခြင်း
- ပြောင်း – လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲခြင်း
- ပယ် – သင်ရိုး အကြောင်းအရာကို ချန်လှပ်ပယ်ထုတ်ခြင်း
- ဖြည့် – ပေါင်းစပ်အားဖြည့် သင်ကြားရမည့် အကြောင်းအရာများ ထပ်ထည့်ခြင်းတို့ ဖြစ်ပါသည်။

သင်ရိုးစာအုပ်များကို အများအားဖြင့် အခန်းအလိုက် ခွဲခြားထားသည်။ ဆရာ ဆရာမများက အဆိုပါ အခန်းများအတိုင်း အခန်း ၁ – ၂ – ၃ စသည်ဖြင့် အစဉ်လိုက် သင်ကြားရတတ်သည်။ အကြောင်းမှာ သင်ရိုးစာအုပ်များကို ယုတ္တိနည်းကျ အစီအစဉ်ကျနအောင် ရေးသားထားသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် အပိုင်းများ အခန်းများအတွင်း ပါဝင်သော အကြောင်းအရာများကို ဆရာ ဆရာမများက လိုသလို ပြုပြင်ပြောင်းလဲသင်ကြားခြင်း ရှိနိုင်ပါသည်။ ကျောင်းသူ ကျောင်းသားများကိုပင် မည်သည့်အပိုင်းကို သင်ယူလိုကြောင်း ရွေးချယ်ခွင့်ပြုနိုင်သည်။ အချို့ ဆရာဆရာမများကမူ သင်ရိုးစာအုပ်အတွင်းပါသော ခေါင်းစဉ်အကြောင်းအရာများကို ကိုးကားစဉ်းစားဖွယ်ရာအဖြစ်သာ သုံး၍ ၎င်းတို့ကို အခြေခံပြီး မိမိတို့ ကိုယ်ပိုင်သင်ခန်းစာများနှင့် လုပ်ငန်းစဉ်များ ဖန်တီးသင်ကြားတတ်ကြသည်။

## လေ့ကျင့်ခန်း

**၁** လုပ်ဆောင်ချက် တစ်ခုချင်းစီကို ရှင်းလင်းချက်၊ မေးခွန်း၊ နမူနာများနှင့် တွဲစပ်ပါ။

| လုပ်ဆောင်ချက် | ရှင်းလင်းချက် | မေးခွန်း | နမူနာ |
|---|---|---|---|
| **၁။ ရွေးချယ်ခြင်း** | (က) မိမိက လုပ်ငန်းစဉ်တစ်ခုကို သဘောကျသည်။ သို့ရာတွင် ကျောင်းသူ ကျောင်းသားများအတွက် လွယ်လွန်း ခက်လွန်းခြင်း ရှိသည်ဟု ထင်သည်။ ထို့ကြောင့် အနည်းငယ် ပိုလွယ်အောင်/ပိုခက်အောင် ပြင်လိုက်သည်။ | ၁။ သင်ရိုးစာအုပ်ထဲတွင် မိမိ ကျောင်းသူ ကျောင်းသားများ အတွက် မဆီလျော်၊ မသင့်တော်၊ အသုံးမဝင် သည့် အရာများ ရှိပါသလား။ | (က) ကိုယ်ဝန်ဆောင်မှု မည်သို့ ဖြစ်လာသည်ကို ကျောင်းသူ ကျောင်းသား များက သိပြီးသား ဖြစ်သည်။ ထို့ကြောင့် သားဆက်ခြားမှု၊ ကိုယ်ဝန်တားဆီး ကာကွယ်မှုအကြောင်းကို ကျော်သင်လိုက်သည်။ |
| **၂။ ပြုပြင် ပြောင်းလဲခြင်း** | (ခ) မိမိ ကျောင်းသူ ကျောင်းသားများက သင်ရိုးစာအုပ်ပါ လုပ်ငန်းစဉ်များအပြင် အခြားလုပ်ငန်းစဉ်များပါ ထပ်လုပ်ဆောင်ရန် လိုအပ် သည်ဟု ထင်ပါက အခြား စာအုပ်မှ လုပ်ငန်းစဉ် ထပ်ထည့်ခြင်း၊ မိမိဘာသာ လုပ်ငန်းစဉ်တစ်ခုခု ဖန်တီးထည့်သွင်းခြင်း လုပ်လိုက်သည်။ | ၂။ ဤသင်ရိုးစာအုပ်မှ မည်သည့် အကြောင်းအရာနှင့် လုပ်ငန်းစဉ်များက မိမိ ကျောင်းသူ ကျောင်းသားများ အတွက် အသုံးဝင်ပါ သနည်း။ | (ခ) အခန်း ၃၊ ခေါင်းစဉ် ၁၊ ၂၊ ၄ တို့က ကျောင်းသူ ကျောင်းသားများအတွက် အရေးသိပ်မကြီးသော ကြောင့် ခေါင်းစဉ် ၃ နှင့် ၅ ကိုသာ ဦးစားပေး သင်ကြားလိုက်သည်။ |
| **၃။ ချန်လုပ် ပယ်ထုတ်ခြင်း** | (ဂ) သင်ရိုးစာအုပ်အတွင်းမှ လုပ်ငန်းစဉ်များကိုကြည့်ပြီး မိမိနှစ်သက်ပါက သင်ခန်းစာအတွင်း ထည့်သွင်းသင်ကြားသည်။ | ၃။ အခြားစာအုပ်များမှ အကြောင်းအရာ လုပ်ငန်းစဉ်များ ထပ်မံပေါင်းထည့်ဖို့ လိုပါသလား။ | (ဂ) အတန်းတွင် လူများလွန်း၍ ကျောင်းသူ ကျောင်းသား အားလုံး ဟောပြော တင်ဆက်ခြင်း မလုပ်နိုင်။ ထို့ကြောင့် အဖွဲ့ခွဲပြီး အဖွဲ့တွင်း ဟောပြော တင်ဆက်ခြင်းသာ လုပ်လိုက်သည်။ |
| **၄။ ပေါင်းစပ် အားဖြည့်ခြင်း** | (ဃ) သင်ရိုးစာအုပ်မှ လုပ်ငန်းစဉ် တစ်ခုခုကို ကျောင်းသူ ကျောင်းသားများ လုပ်ဆောင်ရန် မလိုအပ်ဟု ထင်သောကြောင့် သင်ခန်းစာတွင် ထိုလုပ်ငန်းစဉ်ကို မလုပ်ဘဲ ချန်ခဲ့သည်။ | ၄။ မည်သည့် အကြောင်းအရာနှင့် လုပ်ငန်းစဉ်များမှာ ကောင်းမွန်သော်လည်း အနည်းငယ် ပြောင်းလဲစရာ လိုသနည်း။ | (ဃ) သင်ရိုးစာအုပ်ပါ အကြောင်းအရာကို ပိုမို ရှင်းလင်းသရုပ်ဖော် နိုင်မည့် ဗီဒီယိုတစ်ခုကို ဆရာက ပြလိုက်သည်။ |

# လေ့ကျင့်ခန်း

**ဂ** အောက်ပါ သင်ခန်းစာ အစီအစဉ်နှင့် သင်ရိုးစာအုပ်ပါ အကြောင်းအရာတို့ကို နှိုင်းယှဉ်ပါ။

၁။ ဆရာ ဆရာမက ဘာကို ရွေးချယ်ထားသနည်း။

၂။ ဆရာ ဆရာမက ဘာကို ပြုပြင်ပြောင်းလဲထားသနည်း။

၃။ ဆရာ ဆရာမက ဘာကို ပယ်ထုတ်ခဲ့သနည်း။

၄။ ဆရာ ဆရာမက ဘာကို ထပ်မံ ပေါင်းစပ်အားဖြည့်ထားသနည်း။

**သင်ယူမှု ရည်ရွယ်ချက်များ**

- စစ်အေးတိုက်ပွဲကာလကို ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒတို့က မည်သို့ သက်ရောက်မှုရှိခဲ့ကြောင်း ကျောင်းသူ ကျောင်းသားများက ရှင်းလင်းဖော်ပြတတ်သွားမည်။
- ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒတို့၏ ကောင်းကျိုးဆိုးပြစ်များကို စကားရည်လုပွဲပုံစံနှင့် ဆွေးနွေးငြင်းခုံတတ်သွားမည်။

**ခေါင်းစဉ် – စစ်အေးတိုက်ပွဲကာလတွင်း ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒ**

| **အဆင့်** | **လုပ်ငန်းစဉ်များ** | **အရင်းအမြစ်များ** |
|---|---|---|
| မိတ်ဆက်အဆင့် | ကျောင်းသူ ကျောင်းသားများသည် ကွန်မြူနစ်ဝါဒ ဆိုသည်မှာ ဟုလည်းကောင်း၊ အရင်းရှင်ဝါဒ ဆိုသည်မှာဟုလည်းကောင်း ခေါင်းစဉ်အသီးသီး တပ်ထားသော ပိုစတာနှစ်ခုစီ အဖွဲ့လိုက် ဖန်တီးရမည်။ ထို့နောက် ပိုစတာများတွင် ထိုဝါဒနှစ်ခုအကြောင်း မိမိတို့သိသမျှအရာများ ထည့်သွင်းဖော်ပြရမည်။ | ပိုစတာ စက္ကူကြီး၊ မာကာ |
| | ပိုစတာများကို နံရံတွင် ချိတ်ထားပြီး ပြခန်းကြည့်ရှုခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ပါ။ | တိပ်ခွေ |
| | ရေးသားထားကြသော အတွေးများကို ပြန်လုန်လေ့လာပြီး တစ်တန်းလုံး၏ အတွေးများ ပေါင်းထားသည့် စာရင်းတစ်ခု ဖန်တီးပါ။ | သင်ပုန်း၊ မာကာ |
| ခင်းကျင်းတင်ဆက်ခြင်း အဆင့် | ကျောင်းသူ ကျောင်းသားများက ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒအကြောင်း ရှင်းပြထားသည့် စာပိုဒ်ကို ဖတ်ရှုပြီး မရင်းနှီးသည့် စကားလုံးများကို အဘိဓာန်တွင် ရှာဖွေကြည့်ရှုရမည်။ | သင်ရိုးစာအုပ်၊ အဘိဓာန် |
| | ကျောင်းသူ ကျောင်းသားများက မိမိတို့ အဘိဓာန်တွင် ကြည့်လိုက်သည့် စကားလုံးများကို တစ်တန်းလုံးဆီ ပြန်ပြောပြရမည်။ | |
| | အပိုဆောင်း ရှင်းလင်းချက်များ နမူနာများ ပြပေးသည့် ဗီဒီယိုတစ်ခုကို ကျောင်းသူ ကျောင်းသားများ ကြည့်ရမည်။ | ပရိုဂျက်တာ၊ ကွန်ပျူတာ |
| ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှု | ဖြစ်ရပ်များကို ဖတ်ရှုပြီး ၎င်းတို့သည် ကွန်မြူနစ်ဝါဒလား၊ အရင်းရှင်ဝါဒလားဆိုသည်ကို ခွဲခြားဆုံးဖြတ်ရမည်။ | သင်ရိုးစာအုပ် |
| ခင်းကျင်းတင်ဆက်ခြင်း အဆင့် | ကျောင်းသူ ကျောင်းသားများက စာသား ၁.၅.၂ ကို ဖတ်ပြီး မရင်းနှီးသည့် စကားလုံးများကို အဘိဓာန်တွင် ရှာကြည့်ကြသည်။ | သင်ရိုးစာအုပ်၊ အဘိဓာန် |
| | ကျောင်းသူ ကျောင်းသားများက မိမိတို့ အဘိဓာန်တွင် ကြည့်လိုက်သည့် စကားလုံးများကို တစ်တန်းလုံးဆီ ပြန်ပြောပြရမည်။ | |
| ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှု | စာသား ၁.၅.၂ အတွက် လေ့ကျင့်ခန်း မေးခွန်းများကို ကျောင်းသူ ကျောင်းသားများက ဖြေဆိုကြသည်။ | သင်ရိုးစာအုပ် |
| ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု | အရင်းရှင်စနစ် ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံတွင် နေထိုင်ခြင်း၏ ကောင်းကျိုး ဆိုးပြစ်များ အကြောင်းကို ကျောင်းသူ ကျောင်းသားများက ငြင်းခုံဆွေးနွေးရမည့် စကားရည်လုပွဲ အတွက် အဖွဲ့လိုက် ပြင်ဆင်ကြရမည်။ | စာကြည့်တိုက်၊ အင်တာနက် |
| ပြန်လှန်လေ့လာခြင်း | ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒတို့သည် စစ်အေးတိုက်ပွဲကို မည်သို့ သက်ရောက်မှု ရှိခဲ့ကြောင်း သရုပ်ဖော်ပုံ ရေးဆွဲရန် ကျောင်းသူ ကျောင်းသားများက အတွဲလိုက် ဆောင်ရွက်ရမည်။ | |
| | ထို့နောက် မိမိတို့ ရေးဆွဲထားသော သရုပ်ဖော်ပုံများကို အဖွဲ့အတွင်း ပြသပြီး မည်သည့် စနစ်ကို မိမိတို့ ပိုနှစ်သက်ကြောင်း တင်ဆက်ဆွေးနွေးရမည်။ | ပိုစတာ စက္ကူကြီး၊ မာကာ |
| အိမ်စာ | ကျောင်းသူ ကျောင်းသားများက ဗမာပြည်ကွန်မြူနစ်ပါတီအကြောင်း သမိုင်းကြောင်း ရေးသားထားသော ဝက်ဆိုက်တစ်ခုကို ရှာဖွေလေ့လာကြရမည်။ | အင်တာနက်၊ www.cp-burma.org/ |

## 1.5.2 The Post-War World

After the Second World War, the two most powerful countries in the world were communist Russia and the capitalist USA. Russia controlled communist governments in Eastern European countries. The USA supported capitalist countries in Western Europe. A new war of ideas began between capitalist and communist countries. It was called the Cold War.

**preview**

1. What is communism?
2. What is capitalism?

**Communism and Capitalism – Two Ideas about Society**

Communism is a political system. It calls for the redistribution of land – from the rich to the poor – and shared ownership of property, farms and factories. To do this, the government has a lot of control over how people live and work.

The capitalist system believes in private ownership of land, businesses and goods. Capitalism also believes in a **free market**. This means that the government has little control over business.



**exercise**

Read the scenarios. Do they describe a communist or capitalist system?

1. The government takes away land from a rich man.
2. The government gives free milk to each family, each month.
3. A woman chooses to start her own noodle shop with some money she saved.
4. A group of people own a paper factory with the government.
5. One person from the town hires ten employees from the village to harvest a rice paddy and pays them **minimum wage**.
6. People go to the market to buy shoes and find many different kinds of shoes to choose from, at different prices.

In Southeast Asia most people in former colonies were still very poor. To some people, communism seemed better than the old system of kings, empires or colonial **rulers**.

However, communism scared the governments of Western Europe and the USA. They did not want change because their economic systems were capitalist. The leaders of European countries were worried that communism would spread to their former colonies, where they had made a lot of money from trade.

Soviet Russia and the USA were very powerful, but they did not want to directly fight each other. Instead, they gave weapons and money to other countries and armies who fought for them.

Communist forces were usually supported by Soviet Russia or communist China and anti-communist forces were usually supported by the USA and Britain.

These **conflicts** began in the late 1940s in Southeast Asia and continued until the 1980s.

**exercise**

1. What was the Cold War?
2. What did communism offer the people of poorer countries?
3. Why did communism scare western European countries?
4. How did Russia and the USA fight each other?

**discussion**

1. Which system do you prefer, communism or capitalism? Why?
2. Which idea has worked better in the past? why?

## လုပ်ငန်းစဉ်

**ဃ** မိမိအသုံးပြုဖူးသော၊ နောင်တွင် အသုံးပြုမည်ဖြစ်သော သင်ရိုးစာအုပ်တစ်အုပ်ကို ကြည့်ပါ။ သင်ရိုးစာအုပ်အတွင်း အပိုင်း/အခန်းတစ်ခုခုကို ရွေးလိုက်ပါ။

၁။ ထိုအပိုင်း/အခန်း၏ ကောင်းကွက်မှာ အဘယ်နည်း။ အဘယ့်ကြောင့်နည်း။

၂။ ထိုအပိုင်း/အခန်း၏ သိပ်မကောင်းသောအချက်မှာ အဘယ်နည်း။ အဘယ့်ကြောင့်နည်း။

၃။ သင်ရိုးစာအုပ်၏ ဤအပိုင်းမှ အကြောင်းအရာကို မည်သို့ လိုက်လျောညီထွေ ပြုပြင်နိုင်မည်နည်း။

၄။ ဤသင်ရိုးစာအုပ်ကို အားဖြည့်ရန်။ လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်သတ်မှတ်ပါ။

## ဆွေးနွေးချက်

**င** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ သင်ရိုးစာအုပ်တစ်ခုခုသုံးပြီး သင်ကြားရာတွင် စာအုပ်ပါ အကြောင်းအရာများအတိုင်း တသဝေမတိမ်း သင်ကြားပါသလား။ အဘယ့်ကြောင့်နည်း။

၂။ မိမိအသုံးပြုသော သင်ရိုးစာအုပ်များသည် ကျောင်းသူ ကျောင်းသားများ၏ အဆင့်နှင့် အပ်စပ်လျော်ညီသော စာအုပ်များ ဖြစ်သလား။ ကျောင်းသူ ကျောင်းသားများက သင်ရိုးစာအုပ်ကို စိတ်ဝင်စားမှု ရှိပါသလား။ အဘယ့်ကြောင့် ရမရ ရှင်းပြပါ။

## ပြန်လှန်သုံးသပ်ခြင်း

**စ** နေ့စဉ်သုံးသပ်ချက် မှတ်တမ်းတွင် အောက်ပါမေးခွန်းတို့အတွက် အဖြေစဉ်းစားရေးချပါ။

၁။ ဤအခန်းတွင် မိမိသင်ယူရရှိခဲ့သည့် အရာများအနက် မိမိအတွက် အရေးကြီးသည့် အရာတစ်ခုအကြောင်း ရှင်းပြပါ။

၂။ အဘယ့်ကြောင့် ၎င်းက မိမိအတွက် အရေးပါခြင်း ဖြစ်သနည်း။

၃။ ဤအခန်းပါ အကြောင်းအရာများကြောင့် မိမိသင်ကြားရေးအပေါ် မိမိထင်မြင်ချက် မည်သို့ ပြောင်းလဲခြင်း ရှိပါသလဲ။

၄။ မိမိသင်ကြားပုံကို မိမိပြောင်းလဲလိုစိတ် ရှိလာအောင် ဤအခန်းပါ အကြောင်းအရာက တိုက်တွန်းပါသလား။ မိမိ သင်ကြားပုံကို မည်သို့ မည်ပုံ ပြောင်းလဲမည် ဖြစ်ပါသနည်း။

## အကျဉ်းချုပ် - အခန်း (၅) လုပ်ငန်းစဉ်များနှင့် အရင်းအမြစ်များ

ကောင်းစွာပြင်ဆင်ထားမှုရှိသော သင်ခန်းစာများတွင် လုပ်ငန်းစဉ် အမျိုးအစား စုံလင်စွာပါရှိလိမ့်မည်။ လုပ်ငန်းစဉ် အမျိုးအစား စုံလင်စွာ ပါရှိပါက သင်ယူသူများသည် စိတ်ဝင်တစားရှိပြီး တက်ကြွနေလိမ့်မည်။ လုပ်ငန်းစဉ် အမျိုးအစား ခွဲခြားပုံများစွာရှိသည်။ အငြိမ်၊ အလှုပ်၊ အပြိုင်အဆိုင်နှင့် ပူးပေါင်းဆောင်ရွက်မှုရှိသော လုပ်ငန်းစဉ်များ၊ အဖွဲ့ဖွဲ့ပုံအမျိုးမျိုးနှင့် ကြာချိန်အမျိုးမျိုးတို့ ရှိနိုင်ပါသည်။ သင်ခန်းစာ ပြင်ဆင်နေသည့်အခါတွင် မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် လုပ်ငန်းစဉ်အမျိုးအစား စုံလင်စွာ ထည့်မည်ဖြစ်ကြောင်း စဉ်းစားဆုံးဖြတ်ရမည်။

ကောင်းစွာ အစီအစဉ် ရေးဆွဲထားသော သင်ခန်းစာများတွင် သင်ကြားသင်ယူမှု အရင်းအမြစ်များကိုသုံးပြီး သင်ခန်းစာကို ပိုစိတ်ဝင်စားစရာကောင်းအောင် ပိုမိုမှတ်မိလွယ်အောင် လုပ်နိုင်သည်။ ဆီလျော်သည့် အရင်းအမြစ်များသုံးစွဲပါက သင်ယူသူများ သည် မိမိတို့ သင်ယူနေသည့်အရာကို ပိုမို မှတ်မိနားလည်ခြင်း ရှိလာနိုင်ပါသည်။ အချို့သော အရင်းအမြစ်များကို စာသင်ခန်း အတွင်းတွင် ရရှိနိုင်သည်။ အချို့ကိုမူ စာသင်ခန်းပြင်ပတွင် ဖန်တီးခြင်း ရှာဖွေခြင်း ပြင်ဆင်ခြင်း လုပ်ဆောင်ရမည်။ ကျောင်းသူ ကျောင်းသားများသည် မိမိတို့ ကိုယ်ပိုင်အရင်းအမြစ်များကိုလည်း ဖန်တီးနိုင်သည်။ အရင်းအမြစ်များ သင်ထောက်ကူများကို အဖန်ဖန်ပြန်သုံး၍ရအောင် ဆရာ ဆရာမများက စဉ်းစားရမည်။

သင်ရိုးစာအုပ်များသည် သင်ရိုးများစွာတွင် ပါဝင်သော အရာများဖြစ်သည်။ သင်ရိုးစာအုပ်အများစုတွင် ယုတ္တိကျစွာ စီမံနေရာချ ထည့်သွင်းထားသော ခေါင်းစဉ်အကြောင်းအရာများ ပါနှင့်ပြီးဖြစ်၍ ၎င်းတို့ကို ဆရာ ဆရာမများက သင်ရိုးနှင့် သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်းတွင် အလွယ်တကူ ကူးယူအသုံးပြုနိုင်သည်။ သို့ရာတွင် သင်ရိုးစာအုပ်များတွင်လည်း ပြစ်ချက်များ ပါနိုင်သည်။ သင်ရိုးစာအုပ်များကို မည်သို့ ထိရောက်စွာ အသုံးပြုမည်ကို ဆရာ ဆရာမများက ကြိုတင်ပြင်ဆင်ရမည်။ သင်ရိုးစာအုပ်၏ အားသာချက်များနှင့် အားနည်းချက်များကို အကဲဖြတ်သုံးသပ်ခြင်း၊ အားနည်းချက်များကို မည်သို့ ဖြေရှင်း သင်ကြားမည်ကို ကြိုတင်ပြင်ဆင် စဉ်းစားသင့်သည်။

သင်ရိုးနှင့် သင်ခန်းစာများ ကြိုတင်အစီအစဉ်ရေးဆွဲခြင်းနှင့် ပတ်သက်ပြီး များများရေးဆွဲလေလေ ဆရာ ဆရာမများ ပိုမို ကျွမ်းကျင်ယုံကြည်မှု ရှိလေလေ ဖြစ်နိုင်ပါသည်။ အစီအစဉ်ရေးဆွဲရာတွင် အမှားမကင်းနိုင်သည်မှာ သဘာဝဖြစ်သည်။ ထိုသို့ မှားပြီးလျှင် နောင်လာမည့် အစီအစဉ်များတွင် ထပ်မမှားအောင် ပြုပြင်စီစဉ်ခြင်း လုပ်ဆောင်ရမည်။ ဆရာကောင်းတစ်ဦး၏ အမူအကျင့်ကောင်းတစ်ခုမှာ ၎င်း၏ စာသင်ကြားခြင်း အတွေ့အကြုံများကို ပြန်သုံးသပ်အကဲဖြတ်ပြီး မည်သည့်အပိုင်းမှာ အားကောင်းပြီး မည်သည့်အပိုင်းမှာ ပြုပြင်သင့်ကြောင်း သတိပြုလုပ်ဆောင်ခြင်းပင်ဖြစ်သည်။ မည်သည့် ဆရာ ဆရာမ မဆို ရာနှုန်းပြည့် အပြစ်ကင်းသည်ဟု မရှိပါ။ မိမိပြင်ထားသော သင်ရိုးနှင့် သင်ခန်းစာများသည် အစီအစဉ်တိုင်း မဖြစ်ဘဲ အံချော်ခြင်း ဆရာတိုင်း ကြုံဖူးမည်သာဖြစ်သည်။ စဉ်းစားတွေးခေါ်ခြင်း အားထုတ်ခြင်းအားဖြင့် ဆရာ ဆရာမများသည် မိမိတို့၏ ကြိုတင်ပြင်ဆင်ခြင်းနှင့် သင်ကြားခြင်း ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။



# အတန်းဆုံး ပရောဂျက် - သင်ခန်းစာအစီအစဉ် ရေးဆွဲခြင်း လေ့ကျင့်ခန်း

**လုပ်ငန်းဆောင်တာ ၁ –** သင်ခန်းစာ အစီအစဉ်တစ်ခု ရေးဆွဲပါ။ ခေါင်းစဉ်တစ်ခုနှင့် ကျောင်းသူ ကျောင်းသား အဆင့်တစ်ခုရွေးပါ။ မိမိသင်ခန်းစာ အစီအစဉ်သည် မိမိသင်ကြားနေကျ စာသင်ချိန်တစ်ခုစာ ဖြစ်ရမည်။ သင်ရိုးစာအုပ်အပေါ် အခြေခံရေးဆွဲခြင်း၊ သင်ရိုးစာအုပ်ကို ဆီလျော်အောင် ပြုပြင်ပြောင်းလဲရေးဆွဲခြင်း ဖြစ်နိုင်သည်။ သင်ခန်းစာ အဆင့် ၅ ဆင့်လုံးပါရမည်။ မိမိ၏ ကိုယ်ပိုင်သင်ခန်းစာ အစီအစဉ်ပုံစံဖြစ်စေ၊ နောက်ဆက်တွဲ ၁ တွင် ပေးထားသော ပုံစံဖြစ်စေကို သုံးနိုင်သည်။

ပုံစံတွင် မပါသေးသော အပိုဆောင်း သတင်းအချက်အလက်များကိုလည်း ဆန္ဒအလျောက် ထည့်နိုင်သည်။ ဥပမာ –

- ကျောင်းသူ ကျောင်းသားများ၏ နောက်ခံအချက်အလက်များ
- သင်ရိုး/သင်တန်း၏ နောက်ခံအချက်အလက်များ
- သင်တန်း၏ ဘာသာရပ်နှင့် အဆင့်
- သင်ခန်းစာ ကြာချိန်
- သင်ခန်းစာအတွင်း တွေ့ကြုံရနိုင်ခြေရှိသော ပြဿနာများနှင့် ဖြေရှင်းနည်းများ

ဤအပိုဆောင်း အချက်အလက်များကို ထည့်ခြင်းမထည့်ခြင်းက မိမိဆန္ဒအလျောက်သာ ဖြစ်ပါသည်။ အချို့ဆရာ ဆရာမများက မိမိတို့ တွေးချက်အားလုံးကို ချရေးလိုသည်။ အချို့က သင်ခန်းစာအစီအစဉ်၏ မရှိမဖြစ်အပိုင်းများကိုသာ အတိုချုံး ရေးသားတတ်ကြသည်။

မှတ်စုများကို အစီအစဉ်တွင် ထည့်သွင်းပါ။ မိမိစာသင်ချိန်တွင် စာသင်နေရင်း ပြန်ကြည့်၍ရအောင် ပြင်ရမည်။

**လုပ်ငန်းဆောင်တာ ၂ –** မိမိ၏ သင်ခန်းစာ အစီအစဉ်များကို အဖွဲ့အတွင်း အပြန်အလှန် မျှဝေပြသပါ။ ပြင်ဆင်နေသည့် အချိန်အတွင်း မည်သည်တို့ ဖြစ်ပျက်ခဲ့ကြောင်း ပြန်စဉ်းစားပါ။ မိမိမည်သို့ ခံစားရကြောင်း အပါအဝင် မည်သည်က ခက်ခဲကြောင်း၊ လွယ်ကူကြောင်း စသည်တို့ စဉ်းစားပါ။

အချင်းချင်း၏ အစီအစဉ်များကို အပြန်အလှန် မှတ်ချက်ပေးကြရမည်။ စဉ်းစားရမည့် မေးခွန်းများတွင် အောက်ပါတို့လည်း ပါဝင်နိုင်သည်။

- သင်ခန်းစာ အစီအစဉ်တွင် ခေါင်းစဉ်အကြောင်း၊ သင်ယူမှု ရည်ရွယ်ချက်များနှင့် အဆင့်များ စုံလင်စွာ ပါဝင်ပါသလား။
- သင်ယူမှု ရည်ရွယ်ချက်များကို ကောင်းစွာ ရေးသားထားပါသလား။
- သင်ခန်းစာ အဆင့်များကို ယုတ္တိကျကျ စီစဉ်ထားပါသလား။ လုပ်ငန်းစဉ် အမျိုးအစား အမျိုးမျိုး ပါဝင်ပါသလား။
- လုပ်ငန်းစဉ်များသည် ကျောင်းသူ ကျောင်းသားများ၏ အဆင့်/အသက်အရွယ်နှင့် အပ်စပ်ဆီလျော်မှု ရှိပါသလား။
- သင်ယူမှု ရည်ရွယ်ချက်များကို ပေါက်မြောက်ရန် လုပ်ငန်းစဉ်များက ဆီလျော်ကိုက်ညီမှု ရှိပါသလား။
- လိုအပ်မည့် အရင်းအမြစ်များ သင်ထောက်ကူများကို အစီအစဉ်တွင် သေချာဖော်ပြထားခြင်း ရှိပါသလား။

နောက်ဆက်တွဲ ၂ တွင် ပါသော စစ်ဆေးရန် စာရင်းကို ကြည့်ပြီး တုံ့ပြန်အကြံပြုချက်ပေးနိုင်သည်။

**လုပ်ငန်းဆောင်တာ ၃ –** ဖြစ်နိုင်ပါက မိမိအဖွဲ့ဝင်များက အစီအစဉ်အတိုင်း သင်ကြားပို့ချသည့် ပုံကိုလည်း လေ့လာသင့်ပါသည်။ ထို့နောက် မည်သည်တို့ ကောင်းစွာ ဖြစ်ပွားခဲ့ပြီး၊ မည်သည်တို့ကို ပြုပြင်သင့်ကြောင်း၊ မည်သို့ ပြုပြင်နိုင်ကြောင်း အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးကြရမည်။ နောက်တကြိမ် ပြန်သင်ရမည်ဆိုပါက သင်ခန်းစာ အစီအစဉ်ကို မည်သို့ ပြောင်းလဲမည်နည်း။

# နောက်ဆက်တွဲ ၁ - သင်ခန်းစာ အစီအစဉ် ပုံစံ


| | | | |
|---|---|---|---|
| ခေါင်းစဉ် - | | | |
| ရည်ရွယ်ချက် - | | | |
| သင်ခန်းစာအကြောင်း အသေးစိတ် - | | | |
| သင်ခန်းစာ အဆင့် | အချိန် | လုပ်ငန်းစဉ်များ | အရင်းအမြစ်များ |
| | | | |
| မှတ်ချက်များ - | | | |

# နောက်ဆက်တွဲ ၂ - သင်ခန်းစာ အစီအစဉ် စစ်ဆေးရန်စာရင်း

| | | |
|---|---|---|
| **ဆရာ ဆရာမ -** | | **နေ့စွဲ -** |
| **သင်ခန်းစာ ခေါင်းစဉ် -** | | |
| **စံနှုန်းသတ်မှတ်ချက်** | | **မှတ်ချက်** |
| ဆရာက သင်ခန်းစာ အဆင့်များကို ယုတ္တိကျကျထည့်သွင်းထားသည်။ | **မှန်/မမှန်/တစ်စိတ်တစ်ပိုင်းမှန်** | |
| ဆီလျော်သော သင်ယူမှု ရည်ရွယ်ချက်များ ရေးသားထားသည်။ | **မှန်/မမှန်/တစ်စိတ်တစ်ပိုင်းမှန်** | |
| သင်ယူမှု ရည်ရွယ်ချက်များကို အောင်မြင် ပေါက်မြောက်ရန် လုပ်ဆောင်သင့်သည့် လုပ်ငန်းစဉ်များကို ထည့်သွင်းထားသည်။ | **မှန်/မမှန်/တစ်စိတ်တစ်ပိုင်းမှန်** | |
| လုပ်ငန်းစဉ်အမျိုးအစား အမျိုးမျိုးကို ဆရာ ဆရာမက ထည့်သွင်းထားသည်။ | **မှန်/မမှန်/တစ်စိတ်တစ်ပိုင်းမှန်** | |
| ဆရာ ဆရာမက လိုအပ်သော အရင်းအမြစ်များကို ပြင်ဆင်ထားသည်။ | **မှန်/မမှန်/တစ်စိတ်တစ်ပိုင်းမှန်** | |
| သင်ရိုးစာအုပ်ကို ဆရာ ဆရာမက လိုအပ်သလို အသုံးပြုခြင်း ပြုပြင် ပြောင်းလဲခြင်းရှိသည်။ | **မှန်/မမှန်/တစ်စိတ်တစ်ပိုင်းမှန်** | |
| ပြင်ဆင်ထားသော လုပ်ငန်းစဉ်များနှင့် အရင်းအမြစ်များသည် သင်ယူမှု ရည်ရွယ်ချက်များကို ထောက်ကူမှုရှိသည်။ | **မှန်/မမှန်/တစ်စိတ်တစ်ပိုင်းမှန်** | |

# နောက်ဆက်တွဲ ၃ - ဘလူးမ်၏ သင်ယူမှုအဆင့်များပြ စက်ဝန်း

စက်ဝိုင်းအတွင်းပိုင်းက ဘလူးမ်၏ သင်ယူမှုအဆင့်များမှ စဉ်းစားခြင်း စွမ်းရည် ၆ ခုကိုပြသည်။ အလယ်ပိုင်းအဝိုင်းက စွမ်းရည်တစ်ခုချင်းစီကို ထင်ဟပ်သော လုပ်ဆောင်ချက် ကြိယာများကို ပြသထားသည်။ အပြင်ဘက်ဆုံး စက်ဝိုင်းတွင် လုပ်ငန်းစဉ်များပါဝင်ပြီး သက်ဆိုင်ရာ စွမ်းရည်အဆင့်နှင့် လုပ်ဆောင်ချက် ကြိယာများကို အသုံးပြုရသော လုပ်ငန်းစဉ်များကို အကြံပြုထားခြင်းဖြစ်သည်။



# နောက်ဆက်တွဲ ၄ - သင်ရိုးအစီအစဉ်ပုံစံ

| | |
|---|---|
| ဘာသာရပ် -<br>အဆင့် -<br>ဆရာ ဆရာမ - | သင်ရိုး ကြာချိန် -<br>နေ့စွဲ -<br>သင်ခန်းစာ အချိန်များ - |
| သင်ရိုး၏ သင်ယူမှု ရည်ရွယ်ချက်များ - | |
| သင်ရိုးအကြောင်း ရှင်းလင်းချက် - | |
| သင်ရိုးအကြောင်း သင်ယူမှု အကဲဖြတ်ခြင်း - | |
| လိုအပ်သော သင်ထောက်ကူများ - | |
| အခြားအရေးကြီး သတင်းအချက်အလက်များ - | |

# နောက်ဆက်တွဲ ၅ - အချိန်ဇယား ပုံစံ

| သင်ရိုး - | | | |
|---|---|---|---|
| နေ့စွဲ | သင်ကြားမည့် ခေါင်းစဉ်များ | ရည်ရွယ်ချက်များ | လုပ်ငန်းဆောင်တာများ |
| ပထမပတ် | | | |
| ဒုတိယပတ် | | | |
| တတိယပတ် | | | |
| စတုတ္ထပတ် | | | |
| ပဉ္စမပတ် | | | |
| ဆဋ္ဌမပတ် | | | |
| သတ္တမပတ် | | | |
| အဋ္ဌမပတ် | | | |
| နဝမပတ် | | | |
| ဒသမပတ် | | | |

# နောက်ဆက်တွဲ ၆ - အသုံးများသည့် လုပ်ငန်းစဉ်များ

ဤလုပ်ငန်းစဉ်များသည် ဘာသာရပ်မရွေး၊ အဆင့်မရွေး၊ ဆရာမရွေး အသုံးပြုနိုင်သော လုပ်ငန်းစဉ်များဖြစ်ပါသည်။

| | |
|---|---|
| ၃-၂-၁ | (သင်ခန်းစာ တစ်ခုအပြီး၊ အခန်း တစ်ခန်းအပြီး၊ အပိုင်း တစ်ပိုင်းအပြီး) စသည်ဖြင့် အသစ်တစ်စုံတစ်ရာ သင်ယူပြီးသည့်နောက်တွင် ကျောင်းသူ ကျောင်းသားများက ခေါင်းစဉ်နှင့် ပတ်သက်သည့် အရာများကို အောက်ပါအတိုင်း ချရေးရမည်ဖြစ်သည်။<br>• ခေါင်းစဉ်နှင့် ပတ်သက်ပြီး အသစ်သိရှိလိုက်သည့်အရာ ၃ ခု<br>• ခေါင်းစဉ်အကြောင်း သိလိုသော မေးခွန်း ၂ ခု<br>• ခေါင်းစဉ်နှင့် ပတ်သက်ပြီး မိမိတို့၏ ထင်မြင်ချက် ၁ ခု |
| **ကောင်းကျိုးများနှင့် ဆိုးကျိုးများ** | ကျောင်းသူ ကျောင်းသားများကို ခေါင်းစဉ်တစ်ခုပေးရမည်။ ခေါင်းစဉ်နှင့် ပတ်သက်သည့် ကောင်းကွက်များ (အားသာချက်များ၊ ကောင်းကျိုးများ) နှင့် ဆိုးကွက်များ (အားနည်းချက်များ၊ အန္တရာယ်များ၊ ဆိုးကျိုးများ) ကို စဉ်းစားကြရမည်။ ထို့နောက် မိမိတို့ အတွေးများကို အတန်းဖော်များနှင့် မျှဝေရမည်။ |
| **သင်ပုန်းကျောခိုင်း မှန်းဆခြင်း** | ကျောင်းသူ ကျောင်းသားများကို အဖွဲ့ခွဲပေးရမည်။ တစ်ဖွဲ့စီမှ ကျောင်းသားတစ်ဦးစီက သင်ပုန်းကို ကျောခိုင်းထိုင်ပြီး ကျန်သည့် အဖွဲ့သားများက သင်ပုန်းကို မျက်နှာမူပြီး ထိုင်ကြရမည်။ ဆရာ ဆရာမက သင်ပုန်းပေါ်တွင် ဝေါဟာရတစ်လုံး၊ စကားစု၊ အတွေးတစ်ခုခုကို ရေးလိုက်ရမည်။ ထိုရေးလိုက်သည့် စကားလုံးက ကျောခိုင်း ထိုင်နေသည့် ကျောင်းသား မှန်းဆရေရွတ်မိအောင် ကျန်သည့် အဖွဲ့သားများက မေးမြန်း ဖော်ထုတ်ရမည်ဖြစ်သည်။ |
| **ဆက်စပ်မှုများကို စဉ်းစားဖော်ထုတ်ခြင်း** | သင်ခန်းစာ ခေါင်းစဉ်နှင့် ပတ်သက်မှု ရှိနိုင်သော အတွေးများကို ကျောင်းသူ ကျောင်းသားများက ချရေးကြရမည်။ ထို့နောက် ထိုအတွေးများအကြားမှ ဆက်စပ်မှုများကို ခွဲခြမ်းစိတ်ဖြာ ရှာဖွေကြပြီး အခြားသူများနှင့် ဆွေးနွေးမျှဝေရမည်။ |
| **အမျိုးအစားခွဲခြား၊ မျိုးတူစု** | ကျောင်းသူ ကျောင်းသားများက သတင်းအချက်အလက်များကို အမျိုးအစားအလိုက် ခေါင်းစဉ်ခွဲပြီး မှန်ကန်သည့် အမျိုးအစားများအောက် ခွဲခြားစုစည်းပေးရမည်။ |
| **တူညီကွဲပြားမှုများကို နှိုင်းယှဉ်ခြင်း** | အကြောင်းအရာ တစ်ခုနှင့်တစ်ခု မည်သို့ တူညီသည် ခြားနားသည်ကို ကျောင်းသူ ကျောင်းသားများက ခွဲခြမ်းစိတ်ဖြာဖော်ထုတ်ကြသည်။ |
| **ဆွေးနွေးချက်** | ကျောင်းသူ ကျောင်းသားများကို ခေါင်းစဉ်၊ မေးခွန်း၊ ပုစ္ဆာတစ်ခုခုပေးပြီး အဖွဲ့လိုက် ဆွေးနွေးစေသည်။ |
| **ပုံဆွဲ ခန့်မှန်း၊ အမူအရာပြ ခန့်မှန်း** | အကြောင်းအရာတစ်ခုခုကို ပုံဖော်ပြသနိုင်အောင် ပုံဆွဲခြင်း၊ ခန္ဓာကိုယ်ဖြင့် အမူအရာ လုပ်ပြခြင်းအားဖြင့် အခြားသူများ မှန်းဆနိုင်အောင် ကျောင်းသူ ကျောင်းသားများက လုပ်ဆောင်ခြင်းဖြစ်သည်။ ကျောင်းသူ ကျောင်းသားများက ထိုသို့ လုပ်ဆောင်ပြီး အတန်းဖော်များက မည်သည့် အကြောင်းအရာဖြစ်ကြောင်း မှန်းဆကြရမည်။ |
| **ကွင်းဆင်းလေ့လာရေး ခရီးများ** | ကျောင်းသူ ကျောင်းသားများကို စာသင်ခန်းပြင်ပ 'လက်တွေ့ဘဝ' တွင်းသို့ ခေါ်ဆောင်ပြီး ၎င်းတို့ လေ့လာနေသည့် ခေါင်းစဉ်အကြောင်းကို စာသင်ခန်း ပြင်ပတွင် လေ့လာရခြင်းဖြစ်သည်။<br>ကွင်းဆင်းလေ့လာနေစဉ်တွင် ဆောင်ရွက်/ဖြေဆိုရန် လုပ်ငန်းစဉ်များ လေ့ကျင့်ခန်းများ မေးခွန်းများ ပေးထားနိုင်သည်။ |

| | |
|---|---|
| **အတွေးကို မှန်းဆခြင်း** | ပုံစံ ၁ – မိမိအတန်းဖော် ပြောထွက်လာအောင် သဲလွန်စပေးပြီး မေးမြန်းဖော်ထုတ်ရမည့် စကားလုံးများကို သတ်မှတ်ပေးရမည်။ ထို့ပြင် ထိုသို့ မေးမြန်းဖော်ထုတ်ရာတွင် သုံးခွင့်မရှိသည့် ဆက်စပ်စကားလုံးများကိုလည်း သတ်မှတ်ပေးရမည်။<br>ပုံစံ ၂ – မိမိအတန်းဖော် ပြောထွက်လာအောင် သဲလွန်စပေးပြီး မေးမြန်းဖော်ထုတ်ရမည့် စကားလုံးများကို သတ်မှတ်ပေးရမည်။ ထို့ပြင် ထိုသို့ မေးမြန်းဖော်ထုတ်ရာတွင် မဖြစ်မနေ သုံးရမည့် ဆက်စပ်စကားလုံးများကိုလည်း သတ်မှတ်ပေးရမည်။ |
| **လူတွေ့မေးမြန်းခြင်း** | မိမိတို့ သင်ယူနေသည့် အကြောင်းအရာနှင့် ပတ်သက်ပြီး မေးခွန်းများကို ကျောင်းသူ ကျောင်းသားများက ဖန်တီးရမည်။ သို့တည်းမဟုတ် ဆရာ ဆရာမက ကျောင်းသူ ကျောင်းသားများကို မေးခွန်းများ သတ်မှတ်ပေးနိုင်သည်။ ထို့နောက် ကျောင်းသူ ကျောင်းသားများက ထိုမေးခွန်းများကို သုံးပြီး အချင်းချင်း မေးမြန်းနိုင်သည်။<br>ဆရာ ဆရာမက ဤမေးမြန်းခြင်းတွင် ကျောင်းသူ ကျောင်းသားများကို ဇာတ်ကောင် အမျိုးမျိုး သတ်မှတ်ပေးပြီး လူတွေ့မေးမြန်းခြင်းအတွက် ဇာတ်ကောင်သီးသန့် သရုပ်ဆောင်ခိုင်းခြင်းလည်း လုပ်ဆောင်နိုင်ပါသည်။ |
| **တွဲစပ်ခြင်း** | တစ်ခုနှင့် တစ်ခု ဆက်စပ်မှု တစ်စုံတစ်ရာရှိသော အချက်အလက်များကို တွဲစပ်ပေးရမည်။ |
| **ထင်မြင်ယူဆချက်** | မိမိတို့ သင်ယူနေသည့်အရာနှင့် ပတ်သက်ပြီး မည်သည့် ထင်မြင်ယူဆချက်ရှိကြောင်း ကျောင်းသူ ကျောင်းသားများက စဉ်းစားဖော်ထုတ်ရမည်။ ထိုထင်မြင်ယူဆချက်ကို ထောက်ပံ့အားပေးသော အထောက်အထားများကိုလည်း ရှာဖွေရမည်။ ထို့နောက် မိမိတို့ တွေ့ရှိချက်များကို အတန်းဖော်များနှင့် မျှဝေရမည်။ |
| **အစီအစဉ်ပြန်စီခြင်း** | သရုပ်ဖော်ပုံဖြင့်သော်လည်းကောင်း၊ ဖြစ်စဉ်အဆင့်ဆင့်ပြပုံများဖြင့်သော်လည်းကောင်း အစီအစဉ်တကျဖြစ်အောင် ပြန်စီရမည့် အချက်အလက်များကို မွှေနှောက်လျက် ကျောင်းသူ ကျောင်းသားများကို ပေးရမည်။<br>အခြားနည်းလမ်းတစ်ခုအနေနှင့် စာပိုဒ်တစ်ခုခုကို အစိတ်စိတ်ပိုင်းပြီး ကျောင်းသူ ကျောင်းသားများကို တစ်ယောက် တစ်စိတ်ပေးပါ။ ထို့နောက် ကျောင်းသူ ကျောင်းသားများက ၎င်းအစိတ်အပိုင်းများကို တလုံးတစည်းတည်းဖြစ်အောင် ပြန်စီကြ ရမည်။ |
| **ရုပ်ပုံသဲလွန်စ** | ကျောင်းသူ ကျောင်းသားများက ရုပ်ပုံများ၊ ဓါတ်ပုံများကိုကြည့်ပြီး ၎င်းတို့ကို မြင်သည်နှင့် မိမိတို့ တွေးမိ ခံစားမိသည်တို့ကို ချရေးရမည်။ ထို့နောက် မိမိတို့ အတွေးများကို အတန်းဖော်များနှင့် မျှဝေရမည်။ |
| **ပိုစတာနှင့် အမြင်ပိုင်း အထောက်အကူများ** | မိမိတို့သင်ယူနေသည့် အကြောင်းအရာနှင့် ပတ်သက်သည့် အချက်အလက်များ ပါဝင်သော (သရုပ်ဖော်ပုံ၊ လုပ်ငန်းစဉ် အဆင့်ဆင့်ပြပုံ၊ စာသား၊ ဓာတ်ပုံစသည်ဖြင့်) အမြင်ပိုင်း အထောက်အကူများကို ကျောင်းသူ ကျောင်းသားများက ဖန်တီးကြရမည်။ |
| **ခင်းကျင်းတင်ဆက်ခြင်း** | မိမိတို့သင်ယူနေသည့် ခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်သော ဟောပြော တင်ဆက်ချက်တစ်ခု ဖန်တီးရမည်။ ထို့နောက် ၎င်းကို အတန်းရှေ့တွင် ဟောပြော တင်ဆက်ရမည်။ |
| **ပရောဂျက်များ** | ကျောင်းသူ ကျောင်းသားများ လက်ရှိသင်ယူနေသည့်အရာနှင့် ပတ်သက်ချိတ်ဆက်မှု ရှိသည့် လုပ်ငန်းများ ဆောင်ရွက်ရသည့် ပရောဂျက်များကို ကျောင်းသူ ကျောင်းသားများအား တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ခိုင်းခြင်းဖြစ်သည်။ (ပရောဂျက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော အရင်းအမြစ်များ၊ သင်ထောက်ကူများ၊ စွမ်းရည်များရှိအောင် စီမံပေးထားရမည်။) |

| | |
|---|---|
| **စံအလိုက် အဆင့်သတ်မှတ်ခြင်း** | ဆရာ ဆရာမက ပေးသော စံနှုန်းသတ်မှတ်ချက်များအလိုက် သတင်းအချက်အလက် အချို့ကို ရှေ့နောက် အစီအစဉ် ပြန်ချပေးခြင်းဖြစ်သည်။ |
| **သရုပ်မှန် ပြဇာတ်** | ကျောင်းသူ ကျောင်းသားများကို ဖြစ်ရပ်တစ်ခုပေးပြီး ထိုဖြစ်ရပ်တွင် တွေ့ကြုံရပါက မိမိမည်သို့ အမှန်တကယ် တုံ့ပြန်မည်ကို သရုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောဆို ပြင်ဆင်ခိုင်းရမည်။ ထို့နောက် နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ ထို သရုပ်မှန် ပြဇာတ်ကို အတန်းရှေ့တွင် သရုပ်ဆောင်ပြရမည်။ |
| **ဆက်စပ်မှုများကို တွဲစပ်ခြင်း** | ကျောင်းသူ ကျောင်းသားများကို သတင်းအချက်အလက် အမျိုးမျိုး အသီးသီး ပါဝင်သည့် ကတ်ပြားများပေးရမည်။ ထို့နောက် မိမိကိုင်ထားသော ကတ်ပြားနှင့် အကြောင်းအရာ ဆက်စပ်မှု တစ်စုံတစ်ရာရှိသော အခြားကတ်ပြားတစ်ခု ကိုင်ထားသူကို လိုက်ရှာရမည်။ (ဥပမာ – ကြောင်းတူသံကွဲများ၊ ဆန့်ကျင်ဘက်များ၊ ကြောင်းကျိုး ဆက်စပ်မှုများ၊ ဖွင့်ဆိုချက်များ၊ နမူနာများ၊ ပြဿနာနှင့် ဖြေရှင်းနည်းများ၊ တူညီသော ထင်မြင်ယူဆချက်များ စသည်တို့ကို ကတ်ပြားများပေါ် ရေးထားနိုင်သည်။) |
| **သုတေသန** | ကျောင်းသူ ကျောင်းသားများကို ခေါင်းစဉ်တစ်ခု၊ မေးခွန်း၊ ပုစ္ဆာတစ်ခုကို ပေးပြီး တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ၎င်းနှင့် ပတ်သက်သည့် အရာများကို သုတေသနပြုရှာဖွေခိုင်းရမည်။ ထို့နောက် မိမိတို့ တွေ့ရှိချက်များကို အတန်းဖော်များထံ ပြန်လည်တင်ပြခိုင်းရမည်။ |
| **ပြဇာတ်များ** | ကျောင်းသူ ကျောင်းသားများကို မိမိတို့ ရယူသရုပ်ဆောင်ရမည့် ဇာတ်ရုပ်များ သတ်မှတ်ပေးရမည်။ ထို့နောက် အခြေအနေတစ်ရပ်ပေးပြီး ထိုဖြစ်ရပ်အတွင်း ကျရာဇာတ်ရုပ်များ အတိုင်း မည်သို့ တုံ့ပြန်ဆောင်ရွက်မည်ဖြစ်ကြောင်း စဉ်းစားရမည်။ ထို့နောက် အတန်းရှေ့တွင် ပြဇာတ်ပုံစံ သရုပ်ဆောင်ပြရမည်။ |
| **ကျောင်းသူ ကျောင်းသားများ၏ ဉာဏ်စမ်း** | ကျောင်းသူ ကျောင်းသားတစ်ဦးစီက မေးခွန်းတစ်ခုစီရေးရမည်။ ထိုမေးခွန်းများကို စုစည်းပြီး ဉာဏ်စမ်း မေးခွန်းလွှာတစ်ခု ပြင်ဆင်ပါ။ ကျောင်းသူ ကျောင်းသားအားလုံးကို ထိုမေးခွန်းလွှာတစ်ခုလုံး ဖြေခိုင်းပါ။ |
| **အကျဉ်းချုပ်ခြင်း** | ကျောင်းသူ ကျောင်းသားများက မိမိတို့ သင်ယူနေခဲ့သည့် အကြောင်းအရာကို အကျဉ်းချုပ် တင်ပြချက်တစ်ခု ရေးသားဖန်တီးကြရမည်။ |
| **စစ်တမ်းများ** | မိမိတို့ သင်ယူနေသည့် အကြောင်းအရာနှင့် ပတ်သက်ပြီး မေးခွန်းများကို ကျောင်းသူ ကျောင်းသားများက ဖန်တီးရမည်။ သို့တည်းမဟုတ် ဆရာ ဆရာမက ကျောင်းသူ ကျောင်းသားများကို မေးခွန်းများ သတ်မှတ်ပေးနိုင်သည်။ ထို့နောက် အတန်းတွင်း လျှောက်သွားကြပြီး ထိုမေးခွန်းများကို စစ်တမ်းပုံစံအချင်းချင်း မေးမြန်းပြီး အဖြေများ မှတ်သားကြရမည်။ |
| **အချင်းချင်း သင်ကြားခြင်း** | ကျောင်းသူ ကျောင်းသားများကို အဖွဲ့ခွဲပေးရမည်။ တစ်ဖွဲ့ကို စာသားတစ်ခုစီ ကွဲပြားစွာ ရရှိမည်။ မိမိတို့ ရရှိသည့် စာသားကို ဖတ်ရှုကြရမည်။ အဖွဲ့ဝင်အချင်းချင်း မိမိတို့ နားလည်ပုံ တူညီမှု ရှိမရှိ စစ်ဆေးအတည်ပြုကြရမည်။ အဖွဲ့အသစ် ပြန်ဖွဲ့ရမည်။ အဖွဲ့အသစ်တွင် အဖွဲ့ဝင် တစ်ဦးစီက ပြီးခဲ့သည့် အဖွဲ့တွင် မိမိတို့ သိရှိသင်ယူခဲ့သော အကြောင်းအရာများကို ယခုအဖွဲ့အတွင်း ပြန်လည်ရှင်းပြကြရမည်။ |
| **တွေး-ပုံဆွဲ-မျှဝေ** | မိမိတို့ အတွေးအမြင်များ၊ အဖြေများကို ထင်ဟပ်နိုင်သော အမြင်ပိုင်း အထောက်အကူများကို ဆွဲသားရမည်။ ထို့နောက် ထိုအဖြေရုပ်ပုံများကို နှစ်ဦးတွဲအလိုက် ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အပြန်အလှန် မျှဝေနိုင်သည်။ သို့တည်းမဟုတ် အဖြေများကို နံရံတွင် ဖြန့်ကျက်ကပ်ထားပြီး ပြခန်းလမ်းလျှောက်ကြည့်သကဲ့သို့ အားလုံးက လျှောက်ကြည့်ပြီး အဖြေအမျိုးမျိုးကို လေ့လာနိုင်သည်။ |

| | |
|---|---|
| **တွေး-တွဲ-မျှဝေ** | ကျောင်းသူ ကျောင်းသားများက မိမိတို့ အတွေးများ/ အဖြေများကို ချရေးရမည်။ ထို့နောက် ထိုအဖြေများကို မျှဝေခြင်း၊ နှိုင်းယှဉ်ခြင်း၊ ဆွေးနွေးခြင်းကို တွဲဖက်နှင့် လုပ်ဆောင်ရမည်။ |
| **မှားမှန်ခွဲခြင်း** | မိမိသင်ကြားနေသော ခေါင်းစဉ်နှင့် ပတ်သက်ပြီး ဖော်ပြချက်များကို ဖတ်ပြခြင်း ရေးသားခြင်းပြုပါ။ ကျောင်းသူ ကျောင်းသားများက ထိုဖော်ပြချက်များကို ဖတ်ရှုပြီး မှန်မှား ခွဲခြားရမည်။ မှားနေပါက ထိုဖော်ပြချက်ကို မှန်အောင် ပြန်ပြင်ပေးရမည်။ |
| **ဘာမှားနေလဲ** | ကျောင်းသူ ကျောင်းသားများကို အမှားတစ်ခုခု အနည်းဆုံး မြုပ်ထားသော အရာတစ်ခု ပေးရမည်။ ၎င်းတို့က မည်သည့်အမှားပါနေကြောင်း ရှာဖွေဖော်ထုတ်ရမည်။ |

အခြား လုပ်ငန်းစဉ် နမူနာများကို အောက်ပါအရင်းအမြစ်များတွင် တွေ့ရှိနိုင်ပါသည်။

မုခ်ဦးပညာရေးမှ 'လူမှုသိပ္ပံသင်ကြားရေး လုပ်ငန်းစဉ်များ' (https://moteoo.org/en/teacher-education တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။)

Teacher Focus မှ လွှင့်တင်ထားသော Learn-Choose-Use (https://www.teacherfocusmyanmar.org/learn-choose-use) တွင် ရရှိနိုင်ပါသည်။

Educasia မှ အောက်ပါ စာအုပ်များကို https://educasia.org/publications/teaching-resources တွင် ရရှိနိုင်သည်။

# အဖြေများ

## ၁။ အစီအစဉ်ရေးဆွဲခြင်း မိတ်ဆက်

### ၁.၁ အစီအစဉ်ရေးဆွဲခြင်း ဆိုသည်မှာ

**(ခ) နမူနာ အဖြေများ**

အစီအစဉ်ရေးဆွဲခြင်းက အလွန်အရေးကြီးသည်။ သေချာစွာ အစီအစဉ်ရေးဆွဲခြင်း မရှိပါက ကျရှုံးနိုင်ခြေပိုများမည်။

**(ဂ) နမူနာ အဖြေများ**

**(က)** အလုပ်မြတ်နိုးသော၊ ကြိုးစား၊ အတွေ့အကြုံနှ၊ အလုပ်များ၊ အတွေးများ။

**(ခ)** အတွေ့အကြုံရင့်၊ ပြုပြင်ပြောင်းလဲလွယ်၊ စိတ်ကူးကောင်း။

**(ဂ)** ပြုပြင်ပြောင်းလဲလွယ်၊ အတွေးများ၊ အတွေ့အကြုံရင့်။

**(ဃ)** ပျင်း၊ အလုပ်သံယောဇဉ်မရှိ။

**(င)** အလုပ်မြတ်နိုး၊ အတွေးများ၊ ကြိုးစား။

**(ဃ) နမူနာ အဖြေများ**

၁။ **(က)** ဆရာမက လိုအပ်လျှင် သုံးရအောင် ဓာတ်ညွှန်းစာသား ကြိုဆောင်ထားခြင်းမရှိပါ။

**(ခ)** စာသင်ခန်းဝင်ခါနီးတွင် မိမိလိုအပ်သည့် အရင်းအမြစ်များနှင့် သင်ထောက်ကူများကို ကြိုတင်ပြင်ဆင် စုစည်းထားခြင်း မရှိပါ။

၂။ **(က)** ကျောင်းသားအားလုံးအတွက် လေ့ကျင့်ခန်းစာရွက် လုံလောက်အောင် ပြင်ဆင်ထားခြင်း မရှိပါ။

**(ခ)** စာသင်ခန်းဝင်ခါနီးတွင် မိမိလိုအပ်သည့် အရင်းအမြစ်များနှင့် သင်ထောက်ကူများကို ကြိုတင်ပြင်ဆင် စုစည်းထားခြင်း မရှိပါ။

၃။ **(က)** ဆရာမသည် အတန်းချိန် တစ်ချိန်လုံး သဒ္ဒါအမှား လိုက်ပြင်ရင်း အချိန်ကုန်သွားသည်။ သင်ခန်းစာ ခေါင်းစဉ်ဖြစ်သော နေ့စဉ်လုပ်ငန်းဆောင်တာများ အကြောင်း မသင်လိုက်ရပါ။

**(ခ)** မိမိ၏ အချိန်အား လူအားကို မည်သည့်အပိုင်းတွင် အာရုံစိုက်သင်ကြားမည်ဖြစ်ကြောင်း ကြိုတင်ပြင်ဆင်ထားသင့်သည်။ သင်ခန်းစာ ခေါင်းစဉ်နှင့် ချိတ်ဆက်မှုရှိသော သင်ခန်းစာ လုပ်ငန်းစဉ်များ ကြိုတင်ပြင်ဆင်ထားသင့်သည်။

၄။ **(က)** ကျောင်းသူ ကျောင်းသားများက အိမ်စာဘာလဲ မသိလိုက်ကြပါ။

**(ခ)** ဆရာမက စာသင်ချိန်အဆုံးတွင် အိမ်စာရှင်းပြရန် အချိန်သီးသန့်ချန်မထားနိုင်ခဲ့ပါ။

**(င) အဖြေများ**

၁။ ဃ၊ ၃

၂။ င၊ ၁

၃။ က၊ ၅

၄။ ဂ၊ ၂

၅။ ခ၊ ၄

**(စ) နမူနာ အဖြေများ**

**၁။** ဆရာအနေနှင့် ကျောင်းသူ ကျောင်းသားများ မည်သည့်နေရာ၊ မည်သူနှင့် တွဲထိုင်ရမည်ဟု သတ်မှတ်ပေးနိုင်သည်။

**၂။** ကျောင်းသူ ကျောင်းသား အများစု ပျက်ကွက်ပါက အသစ်မသင်သေးဟု ဆရာ ဆရာမက ဆုံးဖြတ်နိုင်သည်။ ပြုပြင်ပြောင်းလဲလွယ်သော လုပ်ငန်းစဉ်များ ကြိုတင်ပြင်ဆင်ထားနိုင်သည်။

**၃။** ဆရာ ဆရာမက ဗီဒီယိုပါ အကြောင်းအရာကို ဗီဒီယို ဖွင့်မရလျှင်လည်း တနည်းနည်းဖြင့် ရှင်းပြတင်ဆက်နိုင်အောင် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားသင့်သည်။ ဥပမာ – ဟောပြောပို့ချချက်တစ်ခု ဖတ်ပြခြင်းဖြစ်သည်။

**၄။** ဆရာ ဆရာမသည် လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ရန်၊ ချန်လုပ်ခဲ့ရန်၊ သင်ခန်းစာ နောက်တစ်ဆင့်ကို အချိန်ဆွဲထားရန် အမျိုးမျိုး ကြိုတင်ပြင်ဆင်နိုင်ပါသည်။

**၅။** ကျောင်းသားသစ်ဝင်လာလျှင် အဆင်သင့်ဖြစ်ရန် သင်ထောက်ကူ ပိုဆောင်ထားသင့်သည်။

**၆။** ကျောင်းသူ ကျောင်းသားအားလုံး သိချင်မှ သိနိုင်မည့် အရေးကြီး အခြေခံဗဟုသုတ ရှိမရှိ ပြန်လှန်လေ့လာခြင်းပြုနိုင်မည့် အဆင့်တဆင့် ကြိုပြင်ဆင်ထားနိုင်သည်။

**၇။** အင်တာနက် မကောင်းသော ကျောင်းသူ ကျောင်းသားများအနေနှင့် သင်ခန်းစာပါ အကြောင်းအရာများအတိုင်း စကားပြောထားသည့် မိမိတို့ အသံဖိုင်ကို ဆရာထံပို့ပြီး အကြံပြုချက် ရယူနိုင်ခြင်းရှိအောင် ပြင်ဆင်ထားနိုင်သည်။

### ၁.၂ အစီအစဉ် ရေးဆွဲခြင်းအတွက် စဉ်းစားဖွယ် အချက်များ

**(က) အဖြေများ**

**၁။** နမူနာ က သည် သင်ရိုးအစီအစဉ်ဖြစ်ပြီး နမူနာ ခ သည် သင်ခန်းစာ အစီအစဉ်ဖြစ်သည်။

**၂။** သင်ခန်းစာ အစီအစဉ်မှာ အခန်း ၂ အတွက် (စတုတ္ထပတ်) အတွက် ဖြစ်နိုင်သည်။

**နမူနာ အဖြေများ**

၃။ နှစ်ခုလုံးတွင် အချိန်၊ ကာလကြာချိန်၊ ခေါင်းစဉ်များနှင့် သင်ထောက်ကူ အရင်းအမြစ်များကို ထည့်သွင်းဖော်ပြထားသည်။

၄။ သင်ခန်းစာအစီအစဉ်တွင် သင်ယူမှု ရည်ရွယ်ချက်များ ပါပြီး သင်ရိုးအစီအစဉ်တွင်မူ ကျောင်းသူ ကျောင်းသားများ ရရှိသွားမည့် စွမ်းရည်များကို စာရင်းပြု ဖော်ပြထားသည်။ သင်ရိုးအစီအစဉ်တွင် သင်ယူမှု အကဲဖြတ်ခြင်းဖြစ်စဉ်များနှင့် သင်ရိုးအကြောင်း ဖော်ပြချက် အကျဉ်း ပါဝင်သည်။ သင်ခန်းစာ အစီအစဉ်တွင် လုပ်ငန်းစဉ်စာရင်းပါသည်။

## (ခ) နမူနာ အဖြေများ

## (ဂ) အဖြေများ

| သင်ရိုးအစီအစဉ် ရေးဆွဲခြင်းအတွက် | သင်ခန်းစာ အစီအစဉ် ရေးဆွဲခြင်းအတွက် |
|---|---|
| • အချိန်ဇယား ရှိပါက ပြရန်<br>• ကျောင်းသူ ကျောင်းသားများက ဤသင်ရိုးကို လေ့လာရခြင်း အကြောင်းပြချက်<br>• ကျောင်းသူ ကျောင်းသားများ၏ အဆင့်<br>• လိုအပ်သော သင်ယူမှု အကဲဖြတ်ခြင်း<br>• ရနိုင်သည့် အရင်းအမြစ်များ<br>• ပတ်သက်ဆက်နွှယ်သူ မျှော်လင့်ချက်များ | • သင်ရိုးညွှန်းတမ်း<br>• ကျောင်းသူ ကျောင်းသားများ၏ လိုလားချက်များနှင့် ကျွမ်းကျင်မှုများ<br>• ဆရာ ဆရာမများ၏ အားသန်ပုံဟန်များနှင့် စွမ်းရည်များ<br>• ဖြစ်နိုင်လျှင် သင်ယူမှု အကဲဖြတ်ခြင်းလည်း ထည့်ကြသည်။<br>• ရနိုင်သည့် အရင်းအမြစ်များနှင့် သင်ထောက်ကူများ |

၁။ ည
၂။ င
၃။ ဈ
၄။ ဠ
၅။ ဂ (သို့) ဇ
၆။ ခ
၇။ က
၈။ ဋ
၉။ က (သို့) ဃ
၁၀။ စ
၁၁။ ဂ
၁၂။ ဆ

## (ဃ) နမူနာ အဖြေများ

၁။ ကလေးငယ်များသည် ဘယ်တော့မှ ကြာကြာငြိမ်ငြိမ် ထိုင်နိုင်မည် မဟုတ်သည်ကို လက်ခံရမည်။ သင်ခန်းစာတလျှောက်တွင် ခုံမှ ထထွက် လျှောက်သွားခွင့်ပေးထားရမည်။ ကလေးငယ်များအနေနှင့် အဖွဲ့အသစ်များ ခွဲရခြင်း၊ လုပ်ဆောင်ချက် အမျိုးမျိုး ပြောင်းလဲဆောင်ရွက်ရခြင်းများပါသည့် လုပ်ငန်းစဉ်များပါအောင် ထည့်သွင်းသင်ကြားသင့်သည်။

၂။ ကျောင်းသူ ကျောင်းသားများ စိတ်ဝင်စားသည့် ခေါင်းစဉ်များကို ဖော်ထုတ်သတ်မှတ်သင့်သည်။ ထို့နောက် သင်ရိုးအတွင်း ထိုခေါင်းစဉ်များကို ထည့်သွင်းသင်ကြားနိုင်အောင် ကြိုးပမ်းသင့်ပါသည်။ သင်ရိုးစာအုပ်အတွင်းမှ လုပ်ငန်းစဉ်များကို လေ့လာပြီး ပိုမိုစိတ်ဝင်စားစရာကောင်းသွားအောင် မည်သို့ ပြုပြင်နိုင်ကြောင်း စဉ်းစားပါ။

၃။ သင်ခန်းစာ အစီအစဉ်အတိုင်း အပြီးသတ်စရာ မဖြစ်မနေ မလိုအပ်ပါ။ သင်ခန်းစာပြီးသော်လည်း ကျောင်းသူ ကျောင်းသားအချို့ နားမလည်ဘဲ နောက်ကျန်နေခဲ့ခြင်းမှာ မကောင်းပါ။ သင်ခန်းစာပြီးသည့်အထိ တစ်စုံတစ်ရာ နားမလည်ဘဲဖြစ်နေပါက သင်ယူမှု ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်နိုင်မည် မဟုတ်ပါ။ ကျောင်းသူ ကျောင်းသားများ အနေနှင့် သင်ခန်းစာကို နားလည်သဘောပေါက်ခြင်း ကောင်းစွာရှိရေး အချိန်ယူနိုင်ရန် မိမိသင်ခန်းစာ အစီအစဉ်အတွင်းမှ လုပ်ငန်းစဉ် အရေအတွက်ကို လျှော့ချရန် လိုကောင်းလိုနိုင်သည်။

၄။ ကျောင်းသူ ကျောင်းသားများ တစ်စုံတစ်ရာကို နားလည်ခြင်း ရှိမရှိ စစ်ဆေးနိုင်သည့် အကောင်းဆုံး နည်းလမ်းမှာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်ပင် ဖြစ်သည်။ ထိုအခါ သင်ကြားထားသည့် အကြောင်းအရာများကို ၎င်းတို့ လက်တွေ့ အသုံးချနိုင်စွမ်း ရှိမရှိ မြင်ရမည်ဖြစ်သည်။ မိမိ၏ ကျောင်းသူ ကျောင်းသားများကို သင်ယူမှုအကဲဖြတ်ခြင်းပြုရန် စာမေးပွဲစစ်နိုင်သည့် အချိန်အထိစောင့်ရန် မလိုပါ။ ၎င်းအစား သင်ခန်းစာတလျှောက်တွင် လုပ်ငန်းစဉ်များ သုံးပြီး သင်ယူမှုအကဲဖြတ်ပါ။ လုပ်ငန်းစဉ်တလျှောက် ကျောင်းသူ ကျောင်းသားများ မည်သို့ ဆောင်ရွက်ကြသည်ကိုကြည့်ပြီး မိမိသင်ကြားမှုကို ၎င်းတို့ မည်မျှ နားလည်ကြောင်း သိနိုင်သည်။

၅။ မည်သည့် စာသင်ခန်းတွင်မဆို ကျောင်းသူ ကျောင်းသားများအကြား စွမ်းရည်ကွာဟချက် ရှိနိုင်သည်။ ကျောင်းသူ ကျောင်းသားအားလုံးသည် သင်ယူမှုနှင့် လုပ်ငန်းဆောင်ရွက်မှု နှုန်းအတူတူဖြစ်လိမ့်မည်ဟု မျှော်လင့်၍ မရပါ။ စောစောပြီးသွားသော ကျောင်းသူ ကျောင်းသားများကို လုပ်စရာ ပေးထားနိုင်ရန် လုပ်ငန်းစဉ် အပို အမြဲဆောင်ထားသင့်ပါသည်။ အချို့ကျောင်းသူ ကျောင်းသားများက အခြားသူများထက် နှေးလျှင်လည်း စိတ်မပူသင့်ပါ။ အရေးကြီးသည်က ကျောင်းသူ ကျောင်းသားတိုင်းသည် မိမိတို့ အစွမ်းရှိသမျှ ကြိုးပမ်းလုပ်ဆောင်နေဖို့သာဖြစ်သည်။

၆။ အရေးကြီးသောကြောင့် ဤခေါင်းစဉ်ကို ပြန်လှန်လေ့လာခြင်း လုပ်ဆောင်သင့်သည်။ ဤခေါင်းစဉ်မှ မည်သည့် အပိုင်းက ခက်ခဲသွားကြောင်း ဖော်ထုတ်လေ့လာပြီး ထိုအပိုင်းကို ပြန်လှန်လေ့လာခြင်း လုပ်ပါ။ ပုံစံပြောင်းပြီး ထပ်ရှင်းပြခြင်း လုပ်ကြည့်ပါ။ ခေါင်းစဉ်နှင့် ပတ်သက်ပြီး ထပ်ဆောင်းလေ့ကျင့်ခန်း အနေနှင့် လုပ်ငန်းစဉ်အသစ်များ ထပ်ပေးနိုင်သည်။

၇။ အတန်းတွင်း ပရိဘောဂများကို မရွှေ့နိုင်လျှင်လည်း ကျောင်းသူ ကျောင်းသားများကို ရွှေ့နိုင်ပါသည်။ စာသင်ခန်းအတွင်းတွင် ကျောင်းသူ ကျောင်းသားများကို မည်သို့ နေရာရွှေ့ပြောင်းပြီး ထိုင်ခိုင်း၍ရကြောင်း စဉ်းစားပါ။ ထို့ပြင် စာသင်ခန်းအပြင်သို့ ထွက်ပြီး လုပ်ငန်း လုပ်ဆောင်နိုင်မှု ရှိမရှိကိုလည်း စဉ်းစားသင့်ပါသည်။ အဖွဲ့ဖွဲ့သည့်ပုံစံကို ဆန်းသစ်မှုရှိအောင် ဖန်တီးသင့်သည်။

၈။ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် ဆောင်ရွက်ပြီး ကျောင်းသူ ကျောင်းသားများ စိတ်ဝင်စားသည့်အရာကို ဖော်ထုတ်ပါ။ ကျောင်းသူ ကျောင်းသားများက မည်သည့် ခေါင်းစဉ်များကို စိတ်အဝင်စားဆုံး ဖြစ်ကြောင်း ဖော်ထုတ်သတ်မှတ်ပါ။ ထို့နောက် ၎င်းခေါင်းစဉ်များကို ယုတ္တိကျကျရှေ့နောက်စီပါ။ အလွယ်ဆုံး ခေါင်းစဉ်မှ စတင်သင်ကြားပါ။ သင်ရိုး တလျှောက်လုံးတွင် မိမိသုံးစွဲသင်ကြားရမည့် သင်ရိုး အစီအစဉ်တစ်ခု ရေးဆွဲပါ။

(င) အဖြေများ

၁။ က
၂။ က၊ င
၃။ ဂ၊ ဆ
၄။ င၊ စ
၅။ ဂ၊ ဃ၊ ဆ
၆။ ဂ၊ ဃ၊ ဆ
၇။ ဂ၊ ဃ၊ ဆ
၈။ က၊ ခ
၉။ င၊ စ
၁၀။ က၊ ခ
၁၁။ ဂ၊ ဃ၊ စ
၁၂။ င၊ စ

## ၁.၃ အစီအစဉ်များတွင် ပါဝင်သော အစိတ်အပိုင်းများ

(က) နမူနာ အဖြေများ

| | သင်ရိုးအစီအစဉ် | သင်ခန်းစာ အစီအစဉ် |
|---|---|---|
| ၁။ နောက်ခံအချက်အလက်များ | မရှိမဖြစ်မဟုတ် | မရှိမဖြစ်မဟုတ် |
| ၂။ သင်ရိုးကာလ | မရှိမဖြစ် | မရှိမဖြစ် |
| ၃။ အတန်း၊ အမှတ်/အဆင့် | မရှိမဖြစ် | မရှိမဖြစ် |
| ၄။ သင်ယူမှု ရည်ရွယ်ချက်များ | မရှိမဖြစ် | မရှိမဖြစ် |
| ၅။ သင်ယူမှု အကဲဖြတ်ခြင်း နည်းလမ်းများ | မရှိမဖြစ် | မရှိမဖြစ်မဟုတ် |
| ၆။ လုပ်ငန်းစဉ်များ | မရှိမဖြစ်မဟုတ် | မရှိမဖြစ် |
| ၇။ ကျောင်းသူ ကျောင်းသား များကို အဖွဲ့ခွဲခြင်း | မရှိမဖြစ်မဟုတ် | မရှိမဖြစ် |
| ၈။ အချိန်သတ်မှတ်ချက်/ အချိန်ဇယား | မရှိမဖြစ် | မရှိမဖြစ် |
| ၉။ ဆရာ ဆရာမ၏ မှတ်စုများ | မရှိမဖြစ်မဟုတ် | မရှိမဖြစ် |
| ၁၀။ လိုအပ်သော အရင်းအမြစ်များ | မရှိမဖြစ် | မရှိမဖြစ် |

(ခ) နမူနာ အဖြေများ

၁။ **သင်ခန်းစာ အစီအစဉ် (က)** တွင် လုပ်ငန်းစဉ်များကို သရုပ်ဖော် တင်ဆက်ချက်များပါသည်။ လုပ်ငန်းစဉ် တစ်ခုစီ၏ ရည်ရွယ်ချက်အကြောင်း မှတ်စုများပါသည်။ ၎င်းတို့ကို ဆရာ ဆရာမအတွက် မှတ်စုအဖြစ် သုံးနိုင်သည်။

**သင်ခန်းစာ အစီအစဉ် (ခ)** တွင် သင်ခန်းစာ ခေါင်းစဉ်ပါသည်။ အဆင့်များ၊ ကြာချိန်၊ သင်ယူမှု ရည်ရွယ်ချက်များ၊ အရင်းအမြစ်များ၊ အဖွဲ့ဖွဲ့ပုံ မှတ်ချက်များ၊ ကျောင်းသူ ကျောင်းသားဦးရေ၊ သင်ခန်းစာ ခေါင်းစဉ်နှင့် လုပ်ငန်းစဉ်များအကြောင်း ဖော်ပြချက်များပါသည်။ ၎င်းတို့ကိုလည်း ဆရာ ဆရာမ အတွက် မှတ်စု/လမ်းညွှန်အနေနှင့်သုံးနိုင်သည်။

၂။ **သင်ခန်းစာ အစီအစဉ် (က)** သည် သင်ခန်းစာ အစီအစဉ်၏ ခေါင်းစဉ်နှင့် သင်ယူမှု ရည်ရွယ်ချက်များ မပါ။ ကျောင်းသူ ကျောင်းသား အုပ်စုခွဲပုံ၊ အရင်းအမြစ်များ သင်ထောက်ကူများအကြောင်း မပါဝင်

**သင်ခန်းစာ အစီအစဉ် (ခ)** တွင် ကျောင်းသူ ကျောင်းသား အကြောင်း အချက်အလက်များမှာ ထည့်စရာ မလိုပါ။ သင်ခန်းစာကြာချိန်နှင့် သင်ရိုးတွင်း မည်သို့ အံဝင်ခွင်ကျဖြစ်ပုံများ မလိုပါ။ (အချို့ ဆရာ ဆရာမများက ဤအချက်ကို အသုံးဝင်သည် ထင်သည့်အခါ ထည့်လိုက ထည့်နိုင်သည်။)

**(ဂ) အဖြေများ**

မဟုတ်ပါ။ ဤသင်ရိုးအစီအစဉ်တွင် သင်ယူမှု ရည်ရွယ်ချက်များ မပါဝင်။

## ၂။ သင်ယူမှု ရည်ရွယ်ချက်များ

### ၂.၁ သင်ယူမှု ရည်ရွယ်ချက်များ ရေးသားခြင်း

**(က) နမူနာ အဖြေများ**

အစမှ အဆုံးထိ – ဃ၊ က၊ ဂ၊ င၊ ခ၊ ဆ၊ ဈ၊ ဇ၊ စ

**(ခ) အဖြေများ**

**၁။** (က) စာရင်း ၂

(ခ) စာရင်း ၁

(ဂ) စာရင်း ၃

(ဃ) စာရင်း ၃

**၂။** စာရင်း ၃

**(ဂ) အဖြေများ**

| | | | |
|---|---|---|---|
| **၁။** | (က) ၃ | (ခ) ၁ | (ဂ) ၂ |
| **၂။** | (က) ၂ | (ခ) ၃ | (ဂ) ၁ |

**(ဃ) အဖြေများ**

**၁။ (ခ)** သင်ယူမှု ရည်ရွယ်ချက် မဟုတ်ပါ။ ဆရာ ဆရာမ၏ လုပ်ဆောင်ချက်များကိုသာ ဖော်ပြထားခြင်း ဖြစ်သည်။

**(ဃ)** သင်ယူမှု ရည်ရွယ်ချက် မဟုတ်ပါ။ ဆရာ ဆရာမ၏ လုပ်ဆောင်ချက်များကိုသာ ဖော်ပြထားခြင်းဖြစ်သည်။

**(စ)** သင်ယူမှု ရည်ရွယ်ချက် မဟုတ်ပါ။ ကျောင်းသူ ကျောင်းသား ဘာကို သင်ယူတတ်မြောက်မည်ဟု မရေးထားသောကြောင့်ဖြစ်သည်။

**(ဈ)** ကျောင်းသူ ကျောင်းသားများအတွက် သင်ယူမှု ရည်ရွယ်ချက် မဟုတ်ပါ။ ဆရာ ဆရာမ၏ ဆရာ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအကြောင်းသာ ဖြစ်သည်။

**၂။** က ၊ ဂ ၊ င ၊ ဇ

**နမူနာ အဖြေများ**

**၃။ (ခ)** 'ကျောင်းသူ ကျောင်းသားများသည် ငွေကြေး ဖောင်းပွမှုကို တိုင်းတာတတ်ပြီး ၎င်း၏ သက်ရောက်မှုများကို မြန်မာ့လက်ရှိအခြေအနေနှင့် ၁၉၉၃ ယူဂိုဆလားဗီးယားအခြေအနေတို့တွင် နှိုင်းယှဉ်ပြတတ်သွားမည်' ဟု ပြင်ရေးနိုင်ပါသည်။

**(ဃ)** 'ကျောင်းသူ ကျောင်းသားများသည် ဒြပ်စင်အမျိုးမျိုး အတွက် ဓာတုသင်္ကေတများကို နာမည်တပ် တတ်သွားမည်' ဟု ပြင်ရေးနိုင်သည်။

**(ဆ)** 'ကျောင်းသူ ကျောင်းသားများသည် present perfect tense သုံးပြီး စာသားများ ရေးတတ် ခွဲခြမ်းစိတ်ဖြာတတ်သွားမည်' ဟု ပြင်ရေးနိုင် ပါသည်။

**(င) အဖြေများ**

| | | | |
|---|---|---|---|
| **၁။** | ခ | **၉။** | စ |
| **၂။** | င | **၁၀။** | ဋ |
| **၃။** | ဇ | **၁၁။** | ဎ |
| **၄။** | ဃ | **၁၂။** | ဍ |
| **၅။** | ဆ | **၁၃။** | ဏ |
| **၆။** | က | **၁၄။** | ဌ |
| **၇။** | ဈ | **၁၅။** | ည |
| **၈။** | ဂ | | |

**(စ) နမူနာ အဖြေများ**

တိရစ္ဆာန်များကို ခွဲခြားသိရှိပြီး မျိုးတူစု အုပ်စု ၅ မျိုးအတွင်း ခွဲခြားထည့်သွင်းတတ်သွားမည်။ (နို့တိုက်သတ္တဝါ၊ တွားသွား သတ္တဝါ၊ ကုန်းနေရေနေ၊ ငှက်နှင့် အင်းဆက်များ)

**(ဆ) အဖြေများ**

| | | | |
|---|---|---|---|
| **၁။** | က | **၅။** | ခ |
| **၂။** | ခ | **၆။** | က |
| **၃။** | က | **၇။** | က |
| **၄။** | ခ | | |

**(ဈ) အဖြေများ**

**၁။**

**(က)** အင်္ဂလိပ်စာ

**(ခ)** အင်္ဂလိပ်စာ

**(ဂ)** သမိုင်း

**(ဃ)** ရုပ်ရှာဖွံ့ဖြိုးတိုးတက်မှုဘာသာ

**(င)** ရုပ်ရှာဖွံ့ဖြိုးတိုးတက်မှုဘာသာ

**(စ)** သင်္ချာ

**(ဆ)** အင်္ဂလိပ်စာ

**(ဇ)** သင်္ချာ

**(ဈ)** သင်္ချာ

**(ည)** သမိုင်း

**(ဋ)** ရုပ်ရှာဖွံ့ဖြိုးတိုးတက်မှုဘာသာ

**(ဌ)** သမိုင်း

၂။

(က) သင်ခန်းစာ ရည်ရွယ်ချက်

(ခ) သင်ရိုး ရည်ရွယ်ချက်

(ဂ) သင်ရိုး ရည်ရွယ်ချက်

(ဃ) သင်ခန်းစာ ရည်ရွယ်ချက်

(င) သင်ခန်းစာ ရည်ရွယ်ချက်

(စ) သင်ရိုး ရည်ရွယ်ချက်

(ဆ) သင်ခန်းစာ ရည်ရွယ်ချက်

(ဇ) သင်ခန်းစာ ရည်ရွယ်ချက်

(ဈ) သင်ခန်းစာ ရည်ရွယ်ချက်

(ည) သင်ခန်းစာ ရည်ရွယ်ချက်

(ဋ) သင်ရိုး ရည်ရွယ်ချက်

(ဌ) သင်ခန်းစာ ရည်ရွယ်ချက်

## ၂.၂ အခြေခံနှင့် အဆင့်မြင့် စဉ်းစားတွေးခေါ်ပုံ

### (က) နမူနာ အဖြေများ

၁။

(က) ကျောင်းသူ ကျောင်းသားများသည် လိုအပ်မည့် ဆန်ပမာဏကို တွက်ရမည်။

(ခ) ကျောင်းသူ ကျောင်းသားများသည် အိမ်အမျိုးအစား တစ်ခုခုကို အကဲဖြတ်ဆန်းစစ်ရမည်။

(ဂ) ကျောင်းသူ ကျောင်းသားများသည် နားလည်မှု စစ်ဆေးသော မေးခွန်းတစ်ခုကို ဖြေရမည်။

(ဃ) ကျောင်းသူ ကျောင်းသားများသည် ပြဇာတ်တစ်ခု လက်တွေ့တင်ဆက်ရမည်။

(င) ကျောင်းသူ ကျောင်းသားများသည် အမြွောက်အလီ ဇယားကို ရွတ်ဆိုပြရမည်။

(စ) ကျောင်းသူ ကျောင်းသားများသည် နေထိုင်စရာ နေရာအမျိုးမျိုးကို နှိုင်းယှဉ်ပြရမည်။

### (ခ) အဖြေများ

| | | | |
|---|---|---|---|
| ၁။ | စ | ၄။ | ဂ |
| ၂။ | ဃ | ၅။ | င |
| ၃။ | ခ | ၆။ | က |

### (ဂ) အဖြေများ

(က) အသုံးချခြင်း

(ခ) ဝေဖန်သုံးသပ်ခြင်း

(ဂ) နားလည်သဘောပေါက်ခြင်း

(ဃ) တီထွင်ဖန်တီးခြင်း

(င) မှတ်မိသိရှိခြင်း

(စ) ခွဲခြမ်းစိတ်ဖြာခြင်း

### (ဃ) နမူနာ အဖြေများ

၁။

(က) အသုံးချခြင်း

(ခ) ခွဲခြမ်းစိတ်ဖြာခြင်း

(ဂ) မှတ်မိသိရှိခြင်း

(ဃ) တီထွင်ဖန်တီးခြင်း

(င) နားလည်သဘောပေါက်ခြင်း

(စ) ဝေဖန်သုံးသပ်ခြင်း

၂။

i စာရင်း – င (နားလည်သဘောပေါက်ခြင်း)

ii စာရင်း – ခ (ခွဲခြမ်းစိတ်ဖြာခြင်း)

iii စာရင်း – ဂ (မှတ်မိသိရှိခြင်း)

iv စာရင်း – က (အသုံးချခြင်း)

v စာရင်း – စ (ဝေဖန်သုံးသပ်ခြင်း)

vi စာရင်း – ဃ (တီထွင်ဖန်တီးခြင်း)

၄။ ခ

### (င) အဖြေများ

၁။ နားလည်သဘောပေါက်ခြင်း

၂။ ဝေဖန်သုံးသပ်ခြင်း

၃။ ခွဲခြမ်းစိတ်ဖြာခြင်း

၄။ မှတ်မိသိရှိခြင်း

၅။ တီထွင်ဖန်တီးခြင်း

၆။ အသုံးချခြင်း

### (စ) အဖြေများ

၁။ မှတ်မိသိရှိခြင်း

၂။ အသုံးချခြင်း

၃။ နားလည်သဘောပေါက်ခြင်း

၄။ ဝေဖန်သုံးသပ်ခြင်း

၅။ ခွဲခြမ်းစိတ်ဖြာခြင်း

၆။ တီထွင်ဖန်တီးခြင်း

### (ဆ) နမူနာ အဖြေများ

မှတ်မိသိရှိခြင်း – အပူပိုင်းဒေသ အိမ်ထောင်စု ရာခိုင်နှုန်း မည်မျှက စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ရင်ဆိုင်ရသနည်း။
နားလည်သဘောပေါက်ခြင်း – ချင်းတောင်တန်းများက

အပူပိုင်းဇုံအပေါ် မည်သည့်သက်ရောက်မှု ကျရောက်စေသနည်း။
အသုံးချခြင်း – မိမိရပ်ရွာတွင် အပူပိုင်းဇုံနှင့် ဆင်တူသည့် စိန်ခေါ်မှုများ ရင်ဆိုင်ရခြင်း ရှိပါသလား။
ခွဲခြမ်းစိတ်ဖြာခြင်း – မိုးကွယ် လေကွယ်အရပ်ကြောင့် အပူပိုင်းဇုံဆီ မိုးလေ မရောက်ရှိရပုံကို ရှင်းပါ။
ဆန်းစစ်ဝေဖန်ခြင်း – အကြံပေးထားသော ဖြေရှင်းနည်းများ အနက် မည်သည့် နည်းလမ်းက အကောင်အထည်ဖော်ရန် အလွယ်ဆုံးဖြစ်နည်း။
တီထွင်ဖန်တီးခြင်း – ရေရှားသည့်ဒေသတွင် မြေဆီလွှာကို မည်သို့ ပြုပြင်ခြင်းဖြင့် မြေဩဇာကောင်းလာအောင် ဆောင်ရွက်နိုင်မည်နည်း။

(ဈ) **နမူနာ အဖြေများ**

၂။ ဘလူးမ်၏ သင်ယူမှုအဆင့်များကို တဆင့်ချင်း ဖြတ်သန်းသွားသည့် သင်ရိုးအစီအစဉ်များ သင်ခန်းစာများ ရေးဆွဲပြီး၊ အချိန်အလိုက် စဉ်းစားခြင်း အဆင့်တစ်ဆင့်ကို လေ့ကျင့်ဖြစ်အောင် စီမံနိုင်ပါသည်။

၃။ မိမိ ကျောင်းသူ ကျောင်းသားများကို လေ့ကျင့်စေလိုသည့် စဉ်းစားခြင်းအဆင့်ကို ဖော်ထုတ်နိုင်သည်။ ထိုအဆင့်နှင့် လျော်ညီသည့် သင်ယူမှု ရည်ရွယ်ချက်များကို ရေးသားနိုင်သည်။ ထို့နောက် ထိုအဆင့်များကို ကျင့်သုံးသည့် လုပ်ငန်းစဉ်များကို အသုံးပြုနိုင်သည်။ ဘလူးမ်၏ သင်ယူမှုအဆင့်များအလိုက် စဉ်းစားခြင်း အဆင့် တဆင့်ချင်းစီအတွက် လုပ်ငန်းစဉ်များအကြောင်း ရေးထားသော ကြိယာစကားလုံးများကိုသုံးပြီး သင်ယူမှု ရည်ရွယ်ချက်များ ရေးသားနိုင်သည်။

## ၂.၃ ပညာရေး ပန်းတိုင်များ

(က) **အဖြေများ**

၁။ ခ

၂။ ဂ

၃။ က

(ခ) **နမူနာ အဖြေများ**

၁။ သင်ကြားသော အကြောင်းအရာ အသိအမြင်များ၊ လေ့ကျင့်လုပ်ဆောင်ရသော လုပ်ငန်းစဉ်များ စသည်တို့သည် သင်ယူသူများ အသိတိုးပွားအောင်၊ အတတ်နှင့် စိတ်နေသဘောထားများ အားကောင်းခိုင်မာလာအောင် ထောက်ပံ့ကူညီပေးနိုင်ပါသည်။

၂။ ကျောင်းသူ ကျောင်းသားများသည် သင်ယူမှုပိုင်းဆိုင်ရာ၊ လူမှုပိုင်းဆိုင်ရာနှင့် အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများ ရရှိလာနိုင်ပါသည်။

(ဂ) **နမူနာ အဖြေများ**

| ဘာသာရပ်ပိုင်း အသိပညာ | လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများ | အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများ | လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ |
|---|---|---|---|
| ၃၊ ၆၊ ၁၃ | ၂၊ ၄၊ ၇၊ ၈၊ ၁၁၊ ၁၄၊ ၁၅ | ၁၊ ၄၊ ၅၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၂၊ ၁၅ | ၈၊ ၉၊ ၁၄ |

(ဃ) **နမူနာ အဖြေများ**

၁။

**(က)** – စာအုပ်များအတွင်း သတင်းအချက်အလက် ရှာဖွေပါ။
– သုတေသန မေးခွန်းများ ရေးသားပါ။

**(ခ)** – စစ်တမ်းမေးခွန်းလွှာတစ်ခု ပြင်ဆင်ပါ။
– မေးခွန်းပုံစံ သတ်မှတ်ပါ။
– မည်သည့် စစ်တမ်း မေးခွန်းများမှာ အဆီလျော်ဆုံးဖြစ်ကြောင်း ဆန်းစစ် အကဲဖြတ်ပါ။
– စစ်တမ်းအတွက် ပရိသတ် သတ်မှတ် ဖော်ထုတ်ပါ။

**(ဂ)** – အဖွဲ့လိုက် လုပ်ငန်းတာဝန်များ ဆွေးနွေး သတ်မှတ်ပါ။
– စစ်တမ်းပါဝင်သူများကို လူတွေ့မေးမြန်းခြင်း ပြုပါ။
– မှတ်တမ်းတင်ပါ။

**(ဃ)** – လူအမျိုးမျိုးဆီမှ ရရှိသည့် သတင်း အချက်အလက်များကို ပေါင်းစပ်ပါ။
– သတင်းအချက်အလက်များကို ခွဲခြမ်း စိတ်ဖြာပါ။
– တွေ့ရှိချက်များကို နှိုင်းယှဉ်ပါ။
– တွေ့ရှိချက်များကို အကျဉ်းချုပ်ပါ။

**(င)** – အစီရင်ခံစာ ပုံစံကို ပြုစုပြင်ဆင်ပါ။
– အစီရင်ခံစာတွင်သုံးမည့် စကားအသုံးအနှုန်း များ သတ်မှတ်ရွေးချယ်ပါ။
– အစီရင်ခံစာကို မူကြမ်းရေး၊ ပြန်လှန်သုံးသပ်၊ တည်းဖြတ်ပါ။
– ဇယားကွက်များ၊ ဂရပ်ဖ်ပုံများ၊ သရုပ်ဖော်ပုံများ ဖန်တီးပါ။

**(စ)** – တင်ဆက်ချက်တွင် ပြောဆိုသင့်သည့် အကြောင်းအရာများကို ရေးသားပါ။
– အမြင်ပိုင်း အထောက်အကူများ၊ ဆလိုက် ပြကွက်များ ဖန်တီးပါ။

– ဟောပြောပို့ချမှုကို လေ့ကျင့်ပါ။
– ဟောပြောပို့ချခြင်း စွမ်းရည်များကို အသုံးပြုပါ။

၂။

**(က)** လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများ

**(ခ)** လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ၊ အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများ

**(ဂ)** လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ၊ အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများ

**(ဃ)** လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများ၊ လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ၊ အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများ

**(င)** လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများ၊ အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများ

**(စ)** လေ့လာသင်ယူခြင်း ကျွမ်းကျင်မှုများ၊ အလုပ်ခွင်ပိုင်း ကျွမ်းကျင်မှုများ

## ၃။ သင်ခန်းစာ အစီအစဉ် ရေးဆွဲခြင်း

### ၃.၁ အဆင့်ငါးဆင့်ပါ သင်ခန်းစာ အစီအစဉ်

(ဂ) **အဖြေများ**

| သင်ခန်းစာ အဆင့်များ | ရည်ရွယ်ချက် | လုပ်ငန်းစဉ်များ |
|---|---|---|
| မိတ်ဆက်အဆင့် | ၂ | ဂ၊ င |
| ခင်းကျင်းတင်ဆက်ခြင်းအဆင့် | ၄ | ဃ၊ စ |
| ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု | ၁ | က၊ ဈ |
| ထိန်းကျောင်းကန့်သတ်မှုနည်းသော လေ့ကျင့်မှု | ၅ | ဆ၊ ည |
| ပြန်လှန်လေ့လာခြင်း | ၃ | ခ၊ ဇ |

(ဃ) **အဖြေများ**

| | | သင်ခန်းစာ အစီအစဉ် (၁) | သင်ခန်းစာ အစီအစဉ် (၂) |
|---|---|---|---|
| ၁ | ဘာသာရပ် | နိုင်ငံရေး | အင်္ဂလိပ်စာ |
| | မိတ်ဆက်ခြင်း | ဇ | ည |
| | ခင်းကျင်းတင်ဆက်ခြင်း | က | ဆ |
| | ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှု | ဈ | ဃ |
| | ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု | ခ | ဂ |
| | ပြန်လှန်လေ့လာခြင်း | င | စ |
| ၂ | ခေါင်းစဉ် | ရွေးကောက်ပွဲ စနစ်များ | Past tense သုံးသော မေးခွန်းများ |

(င) **နမူနာ အဖြေများ**

**သင်ခန်းစာ အစီအစဉ် က -**

- 'ကျောင်းသူ ကျောင်းသားများသည် ယူကေနှင့် မြန်မာတို့၏ ရွေးကောက်ပွဲစနစ်များကို တူညီကွဲပြားချက်များ စဉ်းစားတတ်သွားမည်။'
- 'ကျောင်းသားများသည် ရွေးကောက်ပွဲစနစ်နှစ်မျိုးကို အကဲဖြတ်ပြီး ၎င်းတို့၏ အတွေးများကို တင်ပြတတ်သွားမည်။'
- 'ကျောင်းသူ ကျောင်းသားများသည် ရွေးကောက်ပွဲစနစ်နှစ်မျိုးအကြားမှ ကွဲပြားခြားနားချက်များကို ရှင်းပြတတ်သွားမည်။'

**သင်ခန်းစာ အစီအစဉ် ခ -**

- 'Past simple သုံးပြီး အမေးအဖြေများ လုပ်တတ်သွားမည်။'
- 'Past Simple သုံးထားသော ဝါကျအပိုင်းအစများကို အဆုံးသတ်တတ်သွားမည်။'
- 'Past simple သုံးပြီး မေးခွန်းများ ရေးတတ်သွားမည်။'

(စ) **နမူနာ အဖြေများ**

၂။ အဆင့် ငါးဆင့် ခွဲခြားထားခြင်းသည် သင်ခန်းစာကို ယုတ္တိကျကျ အစီအစဉ်ချနိုင်အောင် ကူညီပေးနိုင်သည်။ ကျောင်းသူ ကျောင်းသားများသည် တဖြည်းဖြည်း ပိုခက်လာသော လုပ်ငန်းစဉ်များတွက် တာဝန်ပို၍ ပို၍ ယူလာရသည့် ပုံစံဖြစ်သည်။

၃။ မှန်ပါသည်။ ဤသင်ရိုးတွင် မိတ်ဆက် (အကြိုသင်ခန်းစာဟုခေါ်) အပိုင်းပါသည်။ ခင်းကျင်း

တင်ဆက်ခြင်းပါသည်။ (လေ့ကျင့်ခန်းဟုခေါ်သည့်) ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှုပါသည်။ (လုပ်ငန်းစဉ်များဟုခေါ်သည့်) ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှုလည်းပါပြီး၊ ပြန်လှန်လေ့လာခြင်း အတွက် (ဆွေးနွေးချက်များနှင့် ပြန်လှန်သုံးသပ်ခြင်း လုပ်ငန်းဆောင်တာများ) ထည့်သွင်းထားပါသည်။

## ၃.၂ မိတ်ဆက်ခြင်းနှင့် ခင်းကျင်းတင်ဆက်ခြင်း

### (က) နမူနာ အဖြေများ

သင်ခန်းစာ၏ အစပိုင်းသည် ကျောင်းသူ ကျောင်းသားများ၏ စိတ်ဝင်စားမှုကို 'ဖမ်းချိတ်' လိုက်သည်။ ငါးကို ငါးမျှားချိတ်က ဖမ်းချိတ်ထားသည့် ပုံစံနှင့် နမူနာပြု၍လည်း ချိတ်ဟုခေါ်ကြသည်။ သင်ခန်းစာတစ်ခုတွင် ပုံမှန်အားဖြင့် ဆရာ ဆရာမက ကျောင်းသူ ကျောင်းသားများအတွက် သတင်းအချက်အလက်များ ခင်းကျင်းတင်ဆက်ခြင်းရှိသည်။ ရုပ်ရှင်ရုံ ပြဇာတ်ရုံတွင် ဇာတ်ထုပ်ကို ခင်းကျင်းတင်ဆက်ခြင်း ပြသကဲ့သို့ပင်ဖြစ်သည်။

### (ခ) အဖြေများ

၁။ ခင်းကျင်းတင်ဆက်ခြင်း
၂။ မိတ်ဆက်ခြင်း
၃။ မိတ်ဆက်ခြင်း
၄။ ခင်းကျင်းတင်ဆက်ခြင်း
၅။ မိတ်ဆက်ခြင်း
၆။ ခင်းကျင်းတင်ဆက်ခြင်း
၇။ မိတ်ဆက်ခြင်း
၈။ ခင်းကျင်းတင်ဆက်ခြင်း
၉။ မိတ်ဆက်ခြင်း
၁၀။ ခင်းကျင်းတင်ဆက်ခြင်း

### (ဂ) နမူနာ အဖြေများ

**မိတ်ဆက်ခြင်း**

- ကျောင်းသူ ကျောင်းသားများကို မြေပုံတစ်ခုပြပြီး မြေပုံပါ ဝိသေသ အစိတ်အပိုင်းများမှာ မည်သည်တို့ဖြစ်ကြောင်း စဉ်းစားခိုင်းပါ။
- ကျောင်းသူ ကျောင်းသားများကို မြေပုံ သုံးဖူး/မသုံးဖူး၊ ဘာအတွက်သုံးစွဲကြောင်းနှင့် ဘယ်အပိုင်းက သုံးရ ခက်ခဲကြောင်း မေးမြန်းပါ။

**ခင်းကျင်းတင်ဆက်ခြင်း**

- ကျောင်းသူ ကျောင်းသားများက မြေပုံကိုကြည့်ကြပြီး မိတ်ဆက်ခြင်းအဆင့်တွင် စဉ်းစားခဲ့သော တည်နေရာများနှင့် ဝိသေသများကို သတ်မှတ်ဖော်ထုတ်ကြရသည်။
- မြေပုံပါ အကြောင်းအရာအမျိုးမျိုးကို ပုံဖော်နိုင်မည့် သင်္ကေတများကို သတ်မှတ်ဖော်ထုတ်ခြင်း။

### (ဃ) နမူနာ အဖြေများ

၁။ **မိတ်ဆက်ခြင်း** – သင်ပုန်းပေါ်တွင် လိပ်ပြာတစ်ကောင်ပုံကို ဖြည်းဖြည်းရေးဆွဲပြပါ။ ဆွဲနေစဉ် ကျောင်းသူ ကျောင်းသားများက ဘာပုံဆွဲနေခြင်းဖြစ်ကြောင်း ဝိုင်းမှန်းဆကြရမည်။

**ခင်းကျင်းတင်ဆက်ခြင်း** – လိပ်ပြာ၏ ဘဝသံသရာကို ပြနိုင်သော ရုပ်ပုံတစ်ပုံကို ကျောင်းသူ ကျောင်းသားများကိုပေးပါ။ (ဥ၊ ဘောက်ဖတ်၊ ပိုးအိမ်၊ လိပ်ပြာ)။ ထို့နောက် ကျောင်းသားများက ဘဝသံသရာ တဆင့်စီကို ထောက်ပြရမည်။

၂။ **မိတ်ဆက်ခြင်း** – ကျောင်းသူ ကျောင်းသားများ အားလုံးက စာသင်ခန်းဆီ ကြော်ငြာတစ်ခု ယူလာရမည်။ (ဓာတ်ပုံ၊ မဂ္ဂဇင်း ညှပ်စ၊ အင်တာနက်မှ စာသား ဆောင်းပါး တစ်ခုခု)

**ခင်းကျင်းတင်ဆက်ခြင်း** – ကျောင်းသူ ကျောင်းသား များက ကြော်ငြာ၏ သမိုင်းကြောင်းအကြောင်း ဆောင်းပါးဖတ်ရှုရမည်။

၃။ **မိတ်ဆက်ခြင်း** – ကျောင်းသူ ကျောင်းသားများကို ဤလအတွင်း မည်သည့် စာအုပ်များ ဖတ်ထားကြောင်း မေးပါ။

**ခင်းကျင်းတင်ဆက်ခြင်း** – မိမိအနှစ်သက်ဆုံး စာအုပ်၏ စာညွှန်းကိုပြပါ။

၄။ **မိတ်ဆက်ခြင်း** – မှတ်တမ်းရုပ်ရှင်တစ်ခု ကြည့်ရမည် ဖြစ်ကြောင်း ကျောင်းသူ ကျောင်းသားများကို အသိပေးပါ။ အဓိက ဝေါဟာရများနှင့် စာစုများကို သင်ပုန်း ပေါ်တွင် ရေးပါ။ 'ကမ္ဘာကြီး ပူနွေးလာခြင်း'၊ 'ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာခြင်း'၊ 'ဇီဝမျိုးစိတ်များ မျိုးသုဉ်းခြင်း'၊ 'အလွန်အကျူး ပြင်းထန်သောရာသီဥတု အခြေအနေများ'။ ကျောင်းသူ ကျောင်းသားများက မှတ်တမ်းရုပ်ရှင်အတွင်း မည်သည့် သတင်း အချက်အလက်များ ပါလာနိုင်ကြောင်း မှန်းဆကြသည်။

**ခင်းကျင်းတင်ဆက်ခြင်း** – ကျောင်းသူ ကျောင်းသား များက ရာသီဥတု ပြောင်းလဲမှုနှင့်ဆိုင်သော မှတ်တမ်း ရုပ်ရှင်တစ်ခုကို ကြည့်ကြသည်။

၅။ **မိတ်ဆက်ခြင်း** – ကျောင်းသူ ကျောင်းသားအားလုံး မတ်တပ်ရပ်ရမည်။ ၎င်းတို့က မိမိ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများကို ညွှန်ပြရမည်။ ဥပမာ – 'အစာအိမ်ကို ထိပါ။' 'အဆုတ်နေရာကို ပြပါ'။

**ခင်းကျင်းတင်ဆက်ခြင်း** – အဖွဲ့လိုက် ခွဲထိုင်နေကြသည့် ကျောင်းသူ ကျောင်းသားတစ်ဦးချင်းစီသည် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုစီရကြသည်။ အဖွဲ့ အတွင်း ခန္ဓာကိုယ်တစ်ခုပုံပေါ်လာအောင် ပေါင်းစပ် ပေးကြရမည်။ ပထမဆုံး အမှန်ကန်ဆုံး တွဲစပ်နိုင်သည့် အုပ်စုက အနိုင်ရရှိသူဖြစ်သည်။

(စ) နမူနာ အဖြေများ

၆။ မိတ်ဆက်ခြင်း လုပ်ငန်းစဉ်များသည် ကျောင်းသူ ကျောင်းသားများကို သင်ခန်းစာခေါင်းစဉ်ကို စဉ်းစားမိစေပြီး ရှိနှင့်ပြီး အသိကို ပြန်ဖော်စေမည့် လုပ်ငန်းစဉ်များဖြစ်သည်။

## ၃.၃ ထိန်းကျောင်းကန့်သတ်မှု များသော လေ့ကျင့်မှုမှ ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု

(က) နမူနာ အဖြေများ

၁။ ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှုသည် ကျောင်းသူ ကျောင်းသားများ အမှားလုပ်စရာ အခွင့်အလမ်း မရှိအောင် ထိန်းပေးထားသော လုပ်ငန်းစဉ်များဖြစ်သည်။ ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှုများသည် အတွေးနှင့် ထင်မြင်ချက်များကို အဓိကအာရုံစိုက်သည်။ ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှုများက အချက်အလက်များကို အာရုံစိုက်သည်။

၂။

(က) ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု လေ့ကျင့်ခန်းများတွင် နားလည်မှု စစ်ဆေးသော မေးခွန်းများဖြေခြင်း၊ ဝေါဟာရများ ဖျောက်ထားသော စာပိုဒ်တွင် ကွက်လပ်ဖြည့်ခြင်းတို့ ပါဝင်နိုင်သည်။ ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှုတွင် အက်ဆေးရေးရခြင်း၊ လူတွေ့ မေးမြန်းခြင်း မေးခွန်းများ ရေးရခြင်းတို့ ပါနိုင်သည်။

(ခ) ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှုတွင် ဘာသာစကား ကျွမ်းကျင်မှု တစ်စုံတစ်ရာနှင့် ပတ်သက်သည့် မေးခွန်းများ ဖြေဆိုခြင်း၊ အချက်အလက်ဆိုရာ မှား/မှန် မေးခွန်းများ ဖြေဆိုခြင်းတို့ ပါဝင်နိုင်ပါသည်။ ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှုတွင် အဖွင့် မေးခွန်းများသုံးပြီး သတင်းအချက်အလက်နှင့် အတွေး ထင်မြင်ချက်များ ရှာဖွေခြင်းတို့ ပါဝင်နိုင်သည်။

(ခ) အဖြေများ

၁။ က (ထိန်းကျောင်းကန့်သတ်မှုများ)

၂။ ခ (ထိန်းကျောင်းကန့်သတ်မှုများ)

၃။ ခ (ထိန်းကျောင်းကန့်သတ်မှုနည်း)

၄။ က (ထိန်းကျောင်းကန့်သတ်မှုများ)

၅။ ခ (ထိန်းကျောင်းကန့်သတ်မှုနည်း)

(ဂ) အဖြေများ

၁။ အစောပိုင်း

၂။ နှောင်းပိုင်း

၃။ နှောင်းပိုင်း

၄။ အစောပိုင်း

၅။ အစောပိုင်း

၆။ နှောင်းပိုင်း

၇။ နှောင်းပိုင်း

၈။ အစောပိုင်း

၉။ အစောပိုင်း

၁၀။ နှောင်းပိုင်း

(ဃ) အဖြေများ

ထိန်းကျောင်းကန့်သတ်မှုများ က၊ ဂ၊ ဃ၊ စ
ထိန်းကျောင်းကန့်သတ်မှုနည်း ခ၊ င

(င) အဖြေများ

၁။ အဖြေများ

i ဂ၊ စ
ii ဆ၊ ည
iii ဒ၊ န
iv ခ၊ တ
v က၊ ဋ
vi င၊ ဈ
vii ဏ၊ ဓ
viii ဇ၊ ဍ
ix ဃ၊ ပ
x ဌ၊ ထ

၂။ နမူနာ အဖြေများ

### သိပ္ပံစာသင်ခန်း

- အပင် အစိတ်အပိုင်းများ အသုံးပြုပုံအမျိုးမျိုးကို ကျောင်းသူ ကျောင်းသားများ ရှင်းပြတတ်သွားလိမ့်မည်။
- အပင်အမျိုးမျိုး၏ အစိတ်အပိုင်းများကို ကျောင်းသူ ကျောင်းသားများ ခွဲခြမ်းပြတတ်သွားမည်။
- ကျောင်းသူ ကျောင်းသားများသည် အပင်အစိတ်အပိုင်း အမျိုးမျိုး၏ ဆောင်ရွက်ချက်များကို ရှင်းပြတတ်သွားလိမ့်မည်။

### သမိုင်းဘာသာရပ် စာသင်ခန်း

- ကျောင်းသူ ကျောင်းသားများသည် သမိုင်းဖြစ်ရပ်များ၏ အရေးပါပုံကို အကဲဖြတ်တတ်သွားမည်။

- ကျောင်းသူ ကျောင်းသားများသည် သမိုင်းဖြစ်ရပ်များ အကြောင်း မိမိတို့အမြင်များကို တိုက်ရိုက်နှင့် တဆင့်ခံ ရင်းမြစ်များကိုသုံးပြီး စဉ်းစားတတ်သွားလိမ့်မည်။
- ကျောင်းသူ ကျောင်းသားများသည် သမိုင်းဖြစ်ရပ် အမျိုးမျိုး အကြားမှ ဆက်နွှယ်မှုများကို ဖော်ထုတ်တတ်သွားလိမ့်မည်။

**ဘာသာစကား သင်တန်း**

- ကျောင်းသူ ကျောင်းသားများသည် Future Plans များ အကြောင်း မေးခွန်း မေးတတ် ဖြေတတ်သွားလိမ့်မည်။
- ကျောင်းသူ ကျောင်းသားများသည် Future plans အကြောင်း ပြောရန် မှန်ကန်သည့် ဝါကျတည်ဆောက်ပုံ များ သုံးတတ်သွားလိမ့်မည်။

**စီးပွားရေးပညာ သင်တန်း**

- ကျောင်းသူ ကျောင်းသားများသည် မိမိတို့ နေ့စဉ်ဘဝများထဲမှ စီးပွားရေး ဆက်နွှယ်မှုများကို ဖော်ထုတ်သိရှိသွားလိမ့်မည်။
- ကျောင်းသူ ကျောင်းသားများသည် စီးပွားရေး ပညာအကြောင်း စာသားတစ်ခုမှ သတင်းအချက်အလက်များကို မိမိတို့ ပတ်ဝန်းကျင်နှင့် ချိတ်ဆက်စဉ်းစားတတ်သွားမည်။
- ကျောင်းသူ ကျောင်းသားများသည် ရှေ့ဆက်ဖြစ်နိုင်ခြေ ရှိသည့် အဖြစ်များကို စီးပွားရေး သီအိုရီများသုံးပြီး ခန့်မှန်းချက် ထုတ်နိုင်သွားမည်။

**အဆင့်မြင့်ပညာရေး အခြေခံသင်တန်း**

- ကျောင်းသူ ကျောင်းသားများသည် တင်ဆက် ဟောပြောချက် အကျဉ်းတင်ဆက်တတ်သွားမည်။
- ကျောင်းသူ ကျောင်းသားများသည် တင်ဆက်ချက် တစ်ခု၏ ထိရောက်မှုကို အကဲဖြတ်တတ်သွားမည်။
- ကျောင်းသူ ကျောင်းသားများသည် တင်ဆက်ချက် တစ်ခုတွင် ပါဝင်သော အဆင့်များနှင့် သုံးရမည့် နည်းလမ်းများကို ဖော်ထုတ်သတ်မှတ်တတ်သွားမည်။

**(စ) နမူနာ အဖြေများ**

၁။ **ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု** – လိပ်ပြာ ဘဝသံသရာအကြောင်းပြထားသော ဓာတ်ပုံများကို ကျောင်းသူ ကျောင်းသားများက မှန်ကန်စွာ နာမည်တပ်ကြရမည်။

**ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု** – လိပ်ပြာဘဝသံသရာအကြောင်း သရုပ်ဖော်ရန် အဖွဲ့လိုက် အကဖြင့် ကပြတင်ဆက်ကြသည်။

၂။ **ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု** – ကျောင်းသူ ကျောင်းသားများက ကြော်ငြာများနှင့် ၎င်းတို့တွင်ပါသည့် လူဝယ်ချင်အောင် ဆွဲဆောင်သည့် စိတ်ပညာနည်းလမ်းကို တွဲစပ်ပေးရမည်။

**ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု** – အတန်းကို ထုတ်ကုန်တစ်ခုပေးလိုက်ပြီး ထိုထုတ်ကုန်ကို ရောင်းချမည့် ကြော်ငြာလုပ်ငန်းစဉ်တစ်ခု စီစဉ်ရေးဆွဲကြရမည်။

၃။ **ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု** – စာအုပ်တစ်အုပ်အကြောင်း စာညွှန်း သုံးပုဒ်ကို အပိုင်းပိုင်း ဖြတ်ပြီး ရောမွှေကာ ကျောင်းသူ ကျောင်းသားများကို ပေးရမည်။ အဖွဲ့လိုက် အဖွဲ့တိုင်း ရကြမည်။ အဖွဲ့တိုင်းက ထိုစာညွှန်းသုံးပုဒ် ဖြတ်စများကို မူလအတိုင်းရအောင် ပြန်စီကြရမည်။

**ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု** – ကျောင်းသူ ကျောင်းသားများက ၎င်းတို့ဘာသာ စာညွှန်းတစ်ပုဒ် ရေးရမည်။

၄။ **ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု** – ကျောင်းသူ ကျောင်းသားများက ရာသီဥတု ပြောင်းလဲမှု အကြောင်း မှား/မှန်ရွေး မေးခွန်းများ ဖြေကြရမည်။

**ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု** – ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများကို ဖြေရှင်းရန် ဖြေရှင်းနည်းများကို ကျောင်းသူ ကျောင်းသားများက အဖွဲ့လိုက် စာရင်းပြုရမည်။ ထို့နောက် ဖြေရှင်းနည်းများကို အကောင်အထည်ဖော်ရန် လွယ်ခြင်းမှ ခက်ခြင်းအလိုက် အစီအစဉ်ချရမည်။

၅။ **ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု** – ကျောင်းသူ ကျောင်းသားများက ခန္ဓာကိုယ်အတွင်း အင်္ဂါအစိတ်အပိုင်းများ ပြထားသည် ရုပ်ပုံတွင် အင်္ဂါများကို နာမည်တပ်ကြရမည်။

**ထိန်းကျောင်းကန့်သတ်မှုနည်းသော လေ့ကျင့်မှု** – ကိုယ်အင်္ဂါ အစိတ်အပိုင်းများနှင့် ပတ်သက်ပြီး ကျောင်းသူ ကျောင်းသားများက ဉာဏ်စမ်းမေးခွန်းများ ရေးကာ အခြားအဖွဲ့ကို ပေးပြီး ဖြေခိုင်းကြရမည်။

**(ဇ) နမူနာ အဖြေများ**

၁။ ခင်းကျင်းတင်ဆက်ခြင်းအဆင့်ပါ ကိစ္စရပ်များကို ပြန်လှန်လေ့လာခိုင်းပါ။ ထို့နောက် ကျောင်းသူ ကျောင်းသားများကို အပိုဆောင်း ထိန်းကျောင်း ကန့်သတ်မှုများသော လေ့ကျင့်ခန်းများ ထပ်ပေးပါ။

၂။ ထိန်းကျောင်းကန့်သတ်မှုနည်းသော လေ့ကျင့်ခန်းများကို အိမ်စာအဖြစ်သော်လည်းကောင်း၊ နောက်လာမည့် အတန်းအတွက် လေ့ကျင့်ခန်းအဖြစ်သော်လည်းကောင်း ပေးပါ။

၃။ ကျောင်းသူ ကျောင်းသားများက ၎င်းတို့သင်ယူခဲ့ရသည့် အရာများကို ကောင်းစွာနားလည်ကြောင်း ပြသပါက ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှုကို ချန်လှပ်ခဲ့နိုင်သည်။

## ၃.၄ ပြန်လှန်လေ့လာခြင်းနှင့် အိမ်စာ

### (ခ) အဖြေများ

၁။ သုတေသန

၂။ ကြိုတင်ပြင်ဆင်ခြင်း

၃။ လက်တွေ့အသုံးချခြင်း

၄။ ပြန်လှန်လေ့လာခြင်း

### (ဂ) နမူနာ အဖြေများ

၁။ ရာခိုင်နှုန်းတွက်သည့် တွက်ချက်ပုံကို ပြန်လှန်လေ့လာခြင်းပြုရန် ဤသို့မေးနိုင်သည်။ 'v_____ x n______ = ? မှာ ကွက်လပ်တွေ ဖြည့်ပေးပါ။'

ယခင် မှတ်စုများကို ပြန်မကြည့်ဘဲ ရာခိုင်နှုန်းတွက်ပုံ နမူနာ တွက်ပြပါဟု ဆရာက ကျောင်းသူ ကျောင်းသားများကို မေးနိုင်သည်။

၂။ ဆရာ ဆရာမက ကျောင်းသူ ကျောင်းသားများကို ရာခိုင်နှုန်း တစ်ခုခု တွက်ပြပါဟု ခိုင်းနိုင်သည်။ ဥပမာ မိသားစု ဆွေမျိုးများတွင် အမျိုးသမီး ပါဝင်မှု ရာခိုင်နှုန်းဖြစ်စေ၊ ထိုနေ့တွင် လက်ဘက်ရည်ဆိုင်လာ ထိုင်သူများအနက် လုံချည်ဝတ်ထားသူ ရာခိုင်နှုန်း စသည်တို့ကို တွက်ခိုင်းနိုင်သည်။

### (ဃ) နမူနာ အဖြေများ

၁။

**(က)** သုတေသန

**(ခ)** ပြန်လှန်လေ့လာခြင်း

**(ဂ)** ကြိုတင်ပြင်ဆင်ခြင်း

**(ဃ)** လက်တွေ့အသုံးချခြင်း

၂။

**(က)** ကျောင်းသူ ကျောင်းသားများအတွက် စိတ်ဝင်စားစရာမကောင်း၊ မဆီလျော်။ (ဘရာဇီးတွင် နေထိုင်သော ကျောင်းသူ ကျောင်းသားများအတွက် ဆီလျော်နိုင်သည်။

**(ခ)** ကျောင်းသူ ကျောင်းသားများ လုပ်ရမည့်အရာများလွန်းနေသောကြောင့် လက်တွေ့ရရှိနိုင်ခြင်းလည်း မရှိနိုင်ပါ။

### (င) နမူနာ အဖြေများ

၁။ ဘောက်ဖတ်ပိုးကောင်ဖြစ်စေ၊ လိပ်ပြာဖြစ်စေ တစ်ကောင်ရှာပြီး ၎င်းကို လေ့လာစောင့်ကြည့်ပါ။ ၎င်း၏ လှုပ်ရှားပြုမူပုံကို ရေးပါ။ ၎င်းပုံဆွဲပါ။

၂။ ကျောင်းမှ အိမ်ပြန်သော လမ်းတွင် တွေ့ရသမျှ ကြော်ငြာများကို ရေတွက်ပါ။

၃။ မိမိ နှစ်သက်ရာ စာအုပ်တစ်အုပ်/ စာအုပ်တစ်အုပ်၏ အစိတ်အပိုင်း တစ်ခုခုကို ဖတ်ရှုပါ။

၄။ မိမိ အိမ်ပတ်ဝန်းကျင်ကို လေ့လာပါ။ ရာသီဥတု ပြောင်းလဲမှုသည် မိမိပတ်ဝန်းကျင်ကို မည်သို့ သက်ရောက်ထိခိုက်မှု ရှိနိုင်ကြောင်း အကဲဖြတ်ပါ။

၅။ ပုံတွင် အစိတ်အပိုင်းအမည်များ တပ်ထားသော လူ့ကိုယ်ခန္ဓာပုံတွင် အင်္ဂါအစိတ်အပိုင်း တစ်ခုစီကို အရောင်တစ်မျိုး ခြယ်ပါ။

### (ဆ) နမူနာ အဖြေများ

| | | | |
|---|---|---|---|
| ၁။ | ည | ၈။ | ဋ |
| ၂။ | င | ၉။ | က |
| ၃။ | ဇ | ၁၀။ | ဈ |
| ၄။ | ခ | ၁၁။ | ဃ |
| ၅။ | စ | ၁၂။ | ဥ |
| ၆။ | ဠ | ၁၃။ | ဂ |
| ၇။ | ဗ | ၁၄။ | ဆ |

### (ဇ) နမူနာ အဖြေများ

#### မိတ်ဆက်ခြင်း

- မိတ်ဆက်ခြင်း လုပ်ငန်းစဉ်ကို ကျောင်းသူ ကျောင်းသားများ စိတ်ဝင်စားအောင် စီမံပါ။
- ကျောင်းသူ ကျောင်းသားများအတွက် သွေးပူလေ့ကျင့်ခန်းအနေနှင့် ဂိမ်းကစားခြင်း၊ အဖွဲ့လိုက် ယှဉ်ပြိုင်ခြင်းတို့ပြုနိုင်သည်။
- မိတ်ဆက်ခြင်းကို ခပ်တိုတိုလုပ်နိုင်သည်။ သို့ရာတွင် ချန်လုပ်ထားခဲ့ခြင်းတော့ မရှိသင့်ပါ။

#### ခင်းကျင်းတင်ဆက်ခြင်း

- ခင်းကျင်းတင်ဆက်ခြင်းအဆင့်တွင် ကျောင်းသူ ကျောင်းသားများကို မေးခွန်းများ မေးသင့်သည်။
- အမြင်ပိုင်း အထောက်အကူများမှာ အသုံးဝင်သည်။
- ကျောင်းသူ ကျောင်းသားများ၏ သိနှင့်ပြီး အသိသုတနှင့် သတင်းအချက်အလက် အသစ်များကို ချိတ်ဆက်ပေးနိုင်သည်။

#### ထိန်းကျောင်းကန့်သတ်မှုများသော လေ့ကျင့်မှု

- ခင်းကျင်းတင်ဆက်ခြင်းအဆင့်တွင် ပေးခဲ့သော သတင်းအချက်အလက်များနှင့် သက်ဆိုင်မှု ရှိသင့်သည်။
- ဆရာ ဆရာမသည် သင်ခန်းစာ အစောပိုင်းတွင် ထိန်းကျောင်းကန့်သတ်မှု ပိုပေးသင့်သည်။
- များသောအားဖြင့် အခြေခံစဉ်းစားခြင်း စွမ်းရည်များကိုသာ သုံးဖြစ်ရန် ကန့်သတ်ပေးခြင်းအားဖြင့်ပင်။

**ထိန်းကျောင်းကန့်သတ်မှု နည်းသော လေ့ကျင့်မှု**

- လုပ်ငန်းစဉ်များသည် သင်ခန်းစာ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှု ရှိသင့်သည်။
- လုပ်ငန်းစဉ်များကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်နိုင်သည်။
- လုပ်ငန်းစဉ်ဆောင်ရွက်ရန် ကျောင်းသူ ကျောင်းသားများကို အချိန်ပိုပေးရကောင်း ပေးရနိုင်သည်။

**ပြန်လှန်လေ့လာခြင်း**

- အမြန်ဆောင်ရွက်နိုင်သည်။ သင်ခန်းစာ၏ အဓိက အချက်များကိုသာ ပြန်စစ်ဆေးခြင်း ဖြစ်နိုင်သည်။
- ကျောင်းသူ ကျောင်းသားများ ကောင်းစွာ မရလိုက်သော အဓိကအချက်များကို နောက်လာမည့် သင်ခန်းစာတွင် ပြန်လှန်လေ့လာခြင်းပြုနိုင်သည်။
- ကျောင်းသူ ကျောင်းသားများက ၎င်းတို့ သေချာ နားမလည်သည့် အချက်များကို ပြန်ရှင်းလင်း မေးမြန်းရန် အခွင့်အလမ်းကောင်းပင်ဖြစ်သည်။

# ၄။ သင်ရိုးအစီအစဉ် ရေးဆွဲခြင်း

## ၄.၁ သင်ရိုးအစီအစဉ်တစ်ခု ဖန်တီးခြင်း

**(ခ) အဖြေများ**

၁။ မှားသည်။ ၎င်းတို့က သင်ရိုးအစီအစဉ်၏ အကျဉ်းချုပ်ကိုသာ ပြထားခြင်းဖြစ်သည်။ သင်ခန်းစာ မဟုတ်ပါ။

၂။ မှန်

၃။ မှားသည်။ သင်ရိုး တစ်ခုလုံး၏ အဓိက သင်ယူမှု ရည်ရွယ်ချက်များသာ ပါသင့်သည်။

၄။ မှန်

**(ဂ) အဖြေများ**

၁။ online

၂။ teacher

၃။ responsible

၄။ objectives

၅။ topics

၆။ marking

၇။ discussion

၈။ participation

၉။ certificate

၁၀။ policies

**(ဃ) နမူနာ အဖြေများ**

၁။ လေ့လာမှုနယ်ပယ် ၀ တွင် ဤသင်ရိုးစာအုပ်ကို ထိရောက်စွာ သုံးတတ်အောင် လိုအပ်သည့် အရေးကြီး စွမ်းရည်များကို မိတ်ဆက်သင်ကြားပေးသည်။

၂။ လေ့လာမှုနယ်ပယ် ၁–၅ က မြန်မာ့သမိုင်းကို ခေါင်းစဉ် အမျိုးမျိုး နယ်ပယ်အမျိုးမျိုးမှ လေ့လာထားသော အရာများဖြစ်ပြီး လေ့လာမှုနယ်ပယ် ၆–၉ က မြန်မာ့ သမိုင်းကို အချိန်ပိုင်းအလိုက် ပိုင်းဖြတ်လေ့လာသော အခန်းများဖြစ်သည်။

၃။ လေ့လာမှုနယ်ပယ် ၀ ကို ချန်လှပ်ခြင်းမှာ ကျောင်းသူ ကျောင်းသားများက ထိုအပိုင်းပါ စွမ်းရည်များကို ရရှိတတ်မြောက်ထားပြီးသား ဖြစ်မှသာ သင့်လျော် ပါမည်။ အခြေခံအုတ်မြစ်စွမ်းရည်များ ပါဝင်နေသည့် အတွက် အခြားအပိုင်းများ မသင်မီ လေ့လာမှုနယ်ပယ် အမှတ် ၀ ကို ဦးစွာသင်ကြားသင့်ပါသည်။

၄။ အပိုင်း ၁–၅ မှာမူ သမိုင်းတလျှောက် ဆက်စပ်မှုရှိသော ခေါင်းစဉ်ကြီးများကို သင်ကြားခြင်းဖြစ်သောကြောင့် ရှေ့နောက်အစီအစဉ်များ ပြောင်းလဲသင်ကြားနိုင် ပါသည်။

၅။ သို့ရာတွင် လေ့လာမှုနယ်ပယ် ၆–၉ မှာ အချိန်အလိုက် ခွဲခြားထားခြင်း ဖြစ်သောကြောင့် ရှေ့နောက် အစီအစဉ် မပြောင်းသင့်ပါ။

၆။ လေ့လာမှုနယ်ပယ် ၆–၉ ကို ၁–၅ မတိုင်မီ သင်ကြားရန် မသင့်ပါ။ အပိုင်း ၁–၅ မှာ အခြေခံခေါင်းစဉ်ကြီးများကို နားလည်မှုအပိုင်း ဖြစ်သောကြောင့် ၆–၉ မတိုင်မီ နားလည်မှု တည်ဆောက်ရမည်ဖြစ်သည်။

၇။ လေ့လာမှုနယ်ပယ် ၁၀ မှာ မြန်မာနိုင်ငံနှင့် တကမ္ဘာလုံးကို ခြုံငုံလေ့လာခြင်းဖြစ်ပြီး ရှေ့ပိုင်း အခန်းများမှာ မြန်မာနိုင်ငံ တစ်ခုတည်းအတွက်သာ အာရုံစိုက်လေ့လာခြင်းဖြစ်သည်။ ထို့ကြောင့် အပိုင်း ၁၀ ကို မြန်မာ့သမိုင်းသီးသန့် အသေးစိတ် လေ့လာပြီးမှသာ သင်ကြားသင့်ပါသည်။

**(စ) နမူနာ အဖြေများ**

၁။ သင်ရိုးအစီအစဉ်များသည် ကျောင်းသူ ကျောင်းသားများ ကို သင်ရိုးအကြောင်း မသိမဖြစ် အခြေခံအချက်များ (ခေါင်းစဉ်များ၊ ရည်ရွယ်ချက် ပန်းတိုင်များ၊ သင်ယူမှု အကဲဖြတ်ခြင်းနည်းလမ်းများ စသည်ဖြင့်) သင်တန်း အစကတည်းက အသိပေးနိုင်ပါသည်။ ဆရာ ဆရာမများအနေနှင့် သင်ရိုးတစ်ခုလုံး မည်သို့ ရှေ့ဆက် သင်ကြားနိုင်မည်ဖြစ်ကြောင်း အသေးစိတ် ပါဝင်သော အစီအစဉ်တစ်ခု ရေးဆွဲနိုင်အောင် သင်ရိုးအစီအစဉ်က အထောက်အပံ့ပြုနိုင်သည်။

၂။ အချို့သော အချက်အလက်များမှာ ကျောင်း/ အဖွဲ့အစည်းမှ ရနိုင်သော အချက်အလက်များဖြစ်ပြီး

အချို့က (သင်ရိုးစာအုပ် သုံးပါက) သင်ရိုးစာအုပ်မှ ရနိုင်မည်။ အချို့ အချက်အလက်များကို ဆရာ ဆရာမများထံမှ ရရှိနိုင်သည်။

## ၄.၂ အချိန်ဇယားဆွဲခြင်း

(ခ) အဖြေများ

၁။ မှားသည်။ ဆရာ ဆရာမများသည် ဤအစီအစဉ် အားလုံးကို ရေးဆွဲစရာ မလိုပါ။ အသုံးအဝင်ဆုံး၊ ဆီလျော်ကိုက်ညီမှု အရှိဆုံးအရာများကိုသာ ရေးဆွဲရန် လိုအပ်သည်။

၂။ မှန်

၃။ မှန်

၄။ မှန်

(ဂ) အဖြေများ

၁။ သင်ရိုးခေါင်းစဉ်

၂။ လ

၃။ နေ့စွဲ

၄။ သင်ကြားသော ခေါင်းစဉ်များ

၅။ ရည်ရွယ်ချက်

၆။ လုပ်ငန်းဆောင်တာများ

(ဃ) နမူနာ အဖြေများ

၁။ သင်ခန်းစာတစ်ခုစီ၊ ပြန်လှန်လေ့လာခြင်းတစ်ခုစီ၊ စီမံကိန်းနှင့် ကဗျာတစ်ခုစီကို သင်ကြားရန် သင်ခန်းစာ တစ်ချိန်စီ လိုအပ်မည်ဆိုပါက အားလုံးပေါင်း သင်တန်းချိန် ၁၅ ချိန် လိုအပ်မည်ဖြစ်ပါသည်။

၂။ ပေးထားသည့် အစီအစဉ်အတိုင်း သင်ကြားခြင်းမှာ အသင့်တော်ဆုံး ဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့် ဆိုသော် သင်ရိုးစာအုပ်တွင် သင်ခန်းစာများကို ယုတ္တိကျနသော အစီအစဉ်အားဖြင့် ရေးဆွဲထားခြင်း ဖြစ်သောကြောင့်ပင်ဖြစ်သည်။

၃။ သင်ခန်းစာခေါင်းစဉ်များကို အချိန်ဇယားအတွင်း ဆက်ထည့်ထားသင့်ပါသည်။ သင်ရိုးအစီအစဉ် အတွင်းတွင် သင်ရိုးတစ်ခန်းစီတွင်ပါသည့် အကြောင်းအရာများကို ဖော်ပြထားနိုင်သည်။ (ဥပမာ နားထောင်စွမ်းရည်နှင့် အပြောစွမ်းရည်၊ စာဖတ်ခြင်း၊ ဝေါဟာရ၊ သဒ္ဒါနှင့် တည်ဆောက်ပုံ၊ အရေးနှင့် လုပ်ဆောင်ချက် ဦးတည်သည့် ဘာသာစကား စသည်ဖြင့် ဖြစ်ပါသည်။)

၄။ ကျောင်းသူ ကျောင်းသားများကို စကားပြောဆို ဆွေးနွေးပြီး ၎င်းတို့ စိတ်အဝင်စားဆုံး သင်ခန်းစာများကို ဖော်ထုတ်နိုင်သည်။ သင်ခန်းစာများကို လေ့လာပြီး မိမိကျောင်းသားများအတွက် မည်သည့် သင်ခန်းစာ များက အသင့်တော်ဆုံးဖြစ်ကြောင်း မိမိဘာသာ ဆုံးဖြတ်နိုင်သည်။ သင်ရိုးအတွက် သင်ယူမှု အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များကိုကြည့်ပြီး မည်သည့် သင်ခန်းစာများကို ချန်လှပ်ခဲ့၍ ရနိုင်ကြောင်း ဆုံးဖြတ် နိုင်သည်။ ကျောင်းအုပ်နှင့် စီမံခန့်ခွဲသူများကို မေးပြီး လည်း မည်သည့် သင်ခန်းစာများကို ချန်ခဲ့ခွင့်ရှိကြောင်း ဆုံးဖြတ်ခိုင်းနိုင်သည်။

(စ) နမူနာ အဖြေများ

သင်ရိုးအစီအစဉ်ဖြစ်စေ၊ အချိန်ဇယားဖြစ်စေကို ရိုးရှင်း သပ်ရပ်စွာ အကျဉ်းချုပ်ထားသည့် ပုံစံများလည်း ရေးဆွဲထားနိုင်ပါသည်။

# ၅။ လုပ်ငန်းစဉ်များနှင့် အရင်းအမြစ်များ

## ၅.၁ သင်ကြားသင်ယူမှု အရင်းအမြစ်များ

(ခ) အဖြေများ

| စာရေးကိရိယာ | ပစ္စည်းအစစ်များ (Realia) | ICT | ပြန်သုံးပစ္စည်း |
|---|---|---|---|
| ၂၊ ၉၊ ၁၅၊ ၁၆၊ ၂၁၊ ၂၄ | ၄၊ ၆၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၈၊ ၂၀၊ ၂၂ | ၅၊ ၁၁၊ ၁၃ | ၁၊ ၃၊ ၇၊ ၁၂၊ ၁၉၊ ၂၃ |

(ဂ) နမူနာ အဖြေများ

အင်္ဂလိပ်

၁။ မူလတန်း (သို့မဟုတ်) အလယ်တန်း

၂။ 'ကျောင်းသူ ကျောင်းသားများသည် တိရစ္ဆာန်အမည်အခု ၂၀ ကို သိရှိခွဲခြားတတ်သွားလိမ့်မည်။'

၃။ တိရစ္ဆာန်ရုပ်ပုံများ အကြမ်းရေးဆွဲခြင်း၊ မဂ္ဂဇင်းမှ ဖြတ်ညှပ်ခြင်း၊ အင်တာနက်မှ ရယူပြီး ပုံထုတ်ခြင်းပြုပါ။

၄။ ထို့နောက် ထိုတိရစ္ဆာန်များ၏ အမည်များကို ကတ်ပြား တစ်ကတ်စီတွင် ရေးသားပါ။ တိရစ္ဆာန် အမည်ကတ်နှင့် ရုပ်ပုံများ တွဲစပ်ပါ။

ဂျန်ဒါ

၁။ အရွယ်ရောက်သူ ပညာရေး (သို့မဟုတ်) အထက်တန်းလွန် ပညာရေး

၂။ 'အမျိုးသမီးနှင့် အမျိုးသားများကို မီဒီယာတွင် မည်သို့ ကွဲပြားစွာ ပုံဖော်ကြကြောင်း ကျောင်းသူ ကျောင်းသား များက ဆွေးနွေးကြလိမ့်မည်။'

၃။ ဆိုင်၊ အင်တာနက်၊ နေထိုင်ရာ အိမ်များအနီး၊ စာကြည့်တိုက်များ။

၄။ အမျိုးသမီးနှင့် အမျိုးသားများ သမားရိုးကျမဟုတ်သော လုပ်ငန်းဆောင်တာများ ဆောင်ရွက်နေသည့် သရုပ်ဖော်ပုံများကို ကျောင်းသူ ကျောင်းသားများက ရှာဖွေကြရမည်။

**သချ်ာ**

၁။ အလယ်တန်းမှ တက္ကသိုလ်အဆင့်အထိ အဆင့်အမျိုးမျိုးဖြစ်နိုင်။ သို့မဟုတ် အရွယ်ရောက်ပြီးသူများအတွက် သချ်ာစွမ်းရည်သင်တန်း။

၂။ 'အံစာတုံး နှစ်တုံး ပစ်လျှင် ကျနိုင်သည့် စုစုပေါင်း ကိန်းဂဏန်းတန်ဖိုးတစ်ခုစီ၏ ဖြစ်နိုင်ခြေတန်ဖိုးကို ကျောင်းသူ ကျောင်းသားများက တွက်ချက်ကြရမည်။'

၃။ ကျောင်းသူ ကျောင်းသားများက စာသင်ခန်းအတွင်း ဆောင်ရွက်ကြရမည်။

၄။ အံစာတုံး ၃၊ ၄ တုံးနှင့် အထက်ကို သုံးပြီး ဖြစ်နိုင်ခြေ တွက်ချက်စမ်းသပ်ခြင်း ဆောင်ရွက်ချက်တစ်ခုကို ပုံစံထုတ်ရမည်။

**(ဃ) နမူနာ အဖြေများ**

၁။ ပန်းများ

၂။ ဘာသာစကား

၃။ ကမ္ဘာ့တိုက်ကြီးများ

၄။ အခြေခံဥပဒေ၏ အဓိက အပိုင်းများကို စာရင်းပြုပါ။

၅။ အက္ခရာတစ်လုံးစီ၏ အသံများကို ခွဲခြားရွေးချယ်ပါ။

**(င) နမူနာ အဖြေများ**

၁။ **(က)** စွန့်ပစ်ပစ္စည်း အမျိုးအစားမျိုးမျိုး။ ဥပမာ – ပလတ်စတစ်အိတ်၊ သံဗူး၊ ပုလင်း၊ စားကြွင်း၊ စက္ကူစွန့်ပစ် ပစ္စည်းအချို့။

**(ခ)** ဤစကားလုံးများအတွက် ရုပ်ပုံကတ်များ၊ အဘိဓာန်များ။

**(ဂ)** ငွေကြေးအဖြစ် သုံးစွဲသည့်အရာများ။ ဥပမာ – ဒင်္ဂါးပြား၊ ဘလောက်တုံးများ၊ စက္ကူ။ ကုန်ပစ္စည်းအဖြစ် သုံးစွဲသည့်အရာများ။ ဥပမာ – သကြားလုံး၊ အသီး၊ ဘီစကစ်။

**(ဃ)** ကတ်ထူ စက္ကူပြားများ၊ ပေတံများ၊ ကတ်ကြေးနှင့် တိပ်ခွေများ (ကျောင်းသူ ကျောင်းသားများက ၎င်းတို့ကိုသုံးပြီး နမူနာများ တည်ဆောက်ပြုလုပ်ရမည်ဖြစ်သည်။)

**(င)** လူလုပ် ဖိုက်ဘာ အမျှင် နမူနာများ

## ၅.၂ လုပ်ငန်းစဉ်အမျိုးမျိုး အသုံးပြုခြင်း

**(ခ) အဖြေများ**

၁။ အလှုပ်

၂။ အငြိမ်

၃။ အငြိမ်

၄။ အငြိမ်

၅။ အငြိမ်

၆။ အလှုပ်

၇။ အငြိမ်

၈။ အငြိမ်

၉။ အလှုပ်

၁၀။ အလှုပ်

၁၁။ အလှုပ်

**(ဂ) နမူနာ အဖြေများ**

၁။ မိမိတို့ ကျောင်းပတ်လည်မှ ပတ်ဝန်းကျင်အကြောင်း ဆွေးနွေးပြီး မည်သို့ ပြုပြင်ပြောင်းလဲနိုင်ကြောင်း ဖော်ထုတ်စဉ်းစားခြင်း။ (အငြိမ်)

စာသင်ခန်းပြင်ပမှ အမှိုက်များကောက်ကာ အတန်းထဲ ယူလာပြီး ဤအမှိုက်အမျိုးအစားကို မည်သို့ စွန့်ပစ်သင့်ကြောင်း ဆွေးနွေးကြခြင်း။ (အလှုပ်)

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အဆင့်ဆင့်ပြ မြေပုံတစ်ခုကို ဒီဇိုင်းထုတ်ရေးဆွဲပြီး၊ တဆင့်ချင်းစီတွင်ယူရမည့် တာဝန်များနှင့် တာဝန်ယူရမည့် ကျောင်းသူ ကျောင်းသား အမည်များ တွဲစပ်ကြခြင်း။ (အငြိမ်)

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အဆင့်ဆင့်ပြ မြေပုံ၏ ထိရောက်မှုကို အပတ်စဉ် ပြန်လှန်သုံးသပ်ခြင်း။ (အငြိမ်)

၂။ စားသောက်ဆိုင်များတွင် ညံ့ဖျင်းသော ဝန်ဆောင်မှု နမူနာများကို စဉ်းစားစာရင်းပြုခြင်း။ (အငြိမ်)

စားသောက်ဆိုင်များတွင် ညံ့ဖျင်းသော ဝန်ဆောင်မှု နမူနာပြရန် ပြဇာတ်တစ်ခု အဖွဲ့လိုက် ရေးဆွဲကပြကြခြင်း။ (အလှုပ်)

တိုင်ကြားခြင်း၊ စောဒကတက်ခြင်းအတွက် သုံးရမည့် စကားအသုံးအနှုန်း နမူနာများကိုကြည့်ခြင်း။ (အငြိမ်)

တိုင်ကြားစာ ရေးသားခြင်း။ (အငြိမ်)

၃။ ဘော်လီဘော ဘောလုံးကို ပိုက်ကျော်ပြီး ရိုက်ချသည့် ရိုက်ချက် လေ့ကျင့်ခြင်း။ (အလှုပ်)

အဖွဲ့လိုက် လှုပ်ရှားဆောင်ရွက်မှု စွမ်းရည်နှင့် ဘော်လီဘော ကွင်းအတွင်း ကစားသမား နေရာယူခြင်းဆိုင်ရာ ဟောပြောပို့ချချက် နားထောင်ခြင်း။ (အငြိမ်)

သင်ကြားထားသည့် ဘော်လီဘော စွမ်းရည်များကို ကွင်းဆင်းပြီး လက်တွေ့လေ့ကျင့်ခြင်း။ (အလှုပ်)

(ဃ) နမူနာ အဖြေများ

၁။ အပြိုင်အဆိုင် လုပ်ငန်းစဉ်များ

အားသာချက်များ

- မှတ်မိလွယ်စေ၊ အားပြည့်တက်ကြွစေသည်။
- ကျောင်းသူ ကျောင်းသားများအနေနှင့် မိမိ၏ အားသာချက်၊ အားနည်းချက်များကို သိရှိစေသည်။

အားနည်းချက်များ

- လုပ်ငန်းစဉ် ဆောင်ရွက်စဉ် ကျောင်းသူ ကျောင်းသား အားလုံး အောင်မြင်စွာ လုပ်ဆောင်နိုင်ခြင်း ရှိချင်မှ ရှိမည်။
- ပိုသွက်သည့် ကျောင်းသူ ကျောင်းသားများက တစ်ချိန်လုံး ဖြေဆိုလွှမ်းမိုးနေခြင်း ရှိပါက အပြိုင်အဆိုင် အလုပ်က ဘက်မျှမည် မဟုတ်တော့ပါ။

ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ

အားသာချက်များ

- ကျောင်းသူ ကျောင်းသားများသည် အချင်းချင်းထံမှ အပြန်အလှန်သင်ယူမှု လုပ်နိုင်သည်။ ပိုသွက် ပိုအားကောင်းသည့် ကျောင်းသူ ကျောင်းသားက အတန်းဖော်များကို ကူညီထောက်ပံ့မှု ရှိနေသည်။
- ကျောင်းသူ ကျောင်းသားများသည် မိမိတို့ပြောဆို ဆက်ဆံနေကျ မဟုတ်သည့် အခြားသူများနှင့်လည်း ပြောဆိုရင်းနှီးမှုအသစ်များ တည်ဆောက်နိုင်မှု ဖြစ်လာနိုင်သည်။

အားနည်းချက်များ

- အချို့ ကျောင်းသူ ကျောင်းသားများက ကိုယ်တိုင် သိပ်မကြိုးစားတော့ဘဲ အခြားအတန်းဖော်များကို အားကိုးမှီခိုနေခြင်း ရှိနိုင်သည်။
- ကျောင်းသူ ကျောင်းသားများက မတည့်ကြပါက စာသင်ခန်းတွင်း အလေ့အထနှင့် ဆက်ဆံရေးများကို ထိခိုက်စေလိမ့်မည်။

၂။ က

- အပြိုင်အဆိုင် လုပ်ငန်းစဉ်များတွင် အနိုင်မရသည့် ကျောင်းသူ ကျောင်းသားများကိုလည်း အပြုသဘောဆောင်သော အားပေးမှုပြုပါ။
- အပြိုင်အဆိုင်လုပ်ငန်းစဉ်များတွင် နိုင်ဖို့ ခက်ခဲနေသော ကျောင်းသူ ကျောင်းသားများကို အပိုဆောင်း အခွင့်အလမ်းများပေးပါ။
- အားကောင်းသည့် ကျောင်းသူ ကျောင်းသား အချင်းချင်း အပြိုင်အဆိုင်ပြုနိုင်အောင် ဘက်တူသည့် လူချင်းတွဲပြီး ပြိုင်ဆိုင်မှုပြုခိုင်းပါ။

ခ

- ကျောင်းသူ ကျောင်းသားများအတူ ပူးပေါင်း ဆောင်ရွက်မှု ပြုနေသည့်အချိန်တွင် လှေ့လာ စောင့်ကြည့်မှုပြုပါ။ သို့မှသာ ၎င်းတို့ လုပ်ဆောင်ချက်များအပေါ် တစ်ဦးချင်းအလိုက် တုံ့ပြန်အကြံပြုချက်များပေးပါ။
- ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ ဆောင်ရွက်ချိန်တွင် ကျောင်းသူ ကျောင်းသားများကို တာဝန်အခန်းကဏ္ဍ စုံလင်ကွဲပြားမှုရှိအောင် စီမံပါ။
- ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် အချင်းချင်း အဆင်ပြေကြသည့် ကျောင်းသူ ကျောင်းသားများကို တစ်ဖွဲ့တည်း ဖွဲ့ပေးပါ။

(င) နမူနာ အဖြေများ

၁။ ပထမဦးစွာ လုပ်ငန်းစဉ်တစ်ခုစီသည် ခေါင်းစဉ်နှင့် သင်ခန်းစာ၏ သင်ယူမှု ရည်ရွယ်ချက်များကို မည်သို့ ချိတ်ဆက်မှုရှိကြောင်း စဉ်းစားပါ။ ထို့နောက် သင်ခန်းစာအတွင်း ကျောင်းသူ ကျောင်းသားများ သင်ယူမှု အတွေ့အကြုံအမျိုးမျိုး ရရှိစေမည့် လုပ်ငန်းစဉ် အမျိုးအစား စုံလင်မှု ရှိမရှိ စဉ်းစားဆုံးဖြတ်နိုင်သည်။

## ၅.၃ သင်ရိုးစာအုပ် အသုံးပြုခြင်း

(ခ) အဖြေများ

၁။ ဂ ၊ ၂ ၊ ခ

၂။ က ၊ ၄ ၊ ဂ

၃။ ဃ ၊ ၁ ၊ က

၄။ ခ ၊ ၃ ၊ ဃ

(ဂ) အဖြေများ

၁။ အပိုင်း ၁.၅.၂ နှင့် လေ့ကျင့်ခန်းများ

၂။ အကြိုသင်ခန်းစာ မေးခွန်းများ

၃။ ဆွေးနွေးချက် မေးခွန်းများ

၄။ ဗီဒီယို၊ စကားရည်လုခြင်း လုပ်ငန်းစဉ်၊ ပြန်လှန်လေ့လာခြင်းနှင့် အိမ်စာလုပ်ငန်းဆောင်တာ

## ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း

ဤစာအုပ်ကို စိတ်အားထက်သန်သော ပညာသင်ကြားသူ အဖွဲ့ငယ်တစ်ဖွဲ့က အရင်းအမြစ်အနည်းငယ်ဖြင့် ရေးဆွဲပြုစုထားခြင်း ဖြစ်ပါသည်။ ဆီလျော်သည့်နေရာတိုင်းတွင် Creative Commons မှ သို့မဟုတ် အများပိုင် ရင်းမြစ်များမှ ရုပ်ပုံများကိုသာ အသုံးပြုပြီး အခြားပုံများမှာ မုခ်ဦးပညာရေးပိုင်ပုံများ ဖြစ်စေ၊ မိတ်ဖက်အဖွဲ့ပိုင် ဓာတ်ပုံများကို ခွင့်ပြုချက်ဖြင့် သုံးထားခြင်းဖြစ်စေ ဖြစ်ကြပါသည်။

မူပိုင်ခွင့်မှတ်ပုံတင်ထားသည်ကို အသုံးပြုမှုများအတွက် အတတ်နိုင်ဆုံး မှန်ကန်အောင် အသေးစိတ် အချက်အလက်များနှင့် URL များကိုပါ ဖော်ပြ အသိအမှတ်ပြုထားပါသည်။ အောက်ပါစာရင်းတွင်ကြည့်ပါ။ သို့သော် ဤစာအုပ်ကို ခုနှစ်အတော်ကြာ ရေးသားခဲ့ပြီး များစွာသော ရင်းမြစ်များကို အသုံးပြုထားရခြင်းကြောင့် မစုံလင်ခြင်းလည်း ဖြစ်နိုင်ပါသည်။

အကယ်၍ အသုံးပြုမှု တစ်ခုခုအတွက် မှားယွင်းစွာ သို့မဟုတ် မပြည့်မစုံ ဖော်ပြထားခြင်း၊ မှားယွင်းစွာ အသုံးပြုထားခြင်း စသည်တို့ကို တွေ့ရှိပါက မုခ်ဦးပညာရေးသို့ အကြောင်းကြား အသိပေးနိုင်ပါသည်။ ၎င်းတို့ကို အသစ်ထွက်မည့် တည်းဖြတ်မှုများတွင် ထည့်သွင်း ပြင်ဆင်မည် ဖြစ်ပါသည်။ မူပိုင်ခွင့် အသုံးပြုမှုများတွင်ပါသည့် အမြင်များ၊ အယူအဆများမှာ မုခ်ဦးပညာရေးကို ကိုယ်စားပြုခြင်း မရှိပါ။

အောက်ပါတို့မှာ ဤစာအုပ်အတွင်း အသုံးပြုခဲ့သည့် ရုပ်ပုံများ ဖြစ်ပါသည်။

| Page | Author(s) | Title/Description | Source | License Type |
|---|---|---|---|---|
| 5 | GPE | A teacher works on her lesson plans | https://www.flickr.com/photos/gpforeducation/40710914861 | CC BY-NC-ND 2.0 |
| 32 | Daniel Foster | Financial Planning / Time Management | https://www.flickr.com/photos/danielfoster/27068944092 | CC BY-NC-SA 2.0 |
| 36 | Nick Youngson | Objectives | Alpha Stock Images – http://alphastockimages.com/ | CC BY-SA 3.0 |
| 82 | Marie Anna Lee | Unknown | https://scholarlycommons.pacific.edu/kam-family/index.5.html | CC BY-NC-ND 3.0 |
| 104 | TESS India | TESS IndiaFollow: 0011 – Student drawing characters from a lesson as part of activity based learning | https://www.flickr.com/photos/98655236@N06/10817724823 | CC BY-SA 2.0 |
| 106 | eltpics | Realia used in Japanese class – everyday objects | https://www.flickr.com/photos/eltpics/8172436571 | CC BY-NC 2.0 |


### ကျေးဇူးတင်လွှာ

ဤစာအုပ်ရေးသားရာတွင် ပါဝင်ခဲ့ကြသူအားလုံးကို မုခ်ဦးပညာရေးက ကျေးဇူးအထူးတင်ပါသည်။ ၎င်းတို့၏ ပါဝင်မှုမရှိဘဲ ဤစာအုပ် ဖြစ်မြောက်နိုင်ခဲ့မည် မဟုတ်ပါ။ အောက်ပါတို့မှာ ဤအလုပ်အတွင်း ကဏ္ဍအသီးသီးမှ ပါဝင်ခဲ့ကြသူများဖြစ်ပါသည်။ (ကဏ္ဍအလိုက် နာမည်အက္ခရာစဉ်အတိုင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

**စာရေးသူ၊ စာတည်း၊ စာပြင် –** ဂရေးရိုင်းဟတ်၊ ကေတီဂျူလီယန်၊ ရိုနာဒေးဗီးစ်၊ ဇိုဝီမက်သယူး

**ဘာသာပြန်၊ တည်းဖြတ် –** ကောင်းလှဖံ၊ နီလာဝင်း၊ အောင်မြတ်စိုး

**မျက်နှာဖုံးဒီဇိုင်း –** Pixel Brush Art Studio: https://www.facebook.com/pixelbrushtheartstudio

**အတွင်းသရုပ်ဖော်ပုံ –** ကာကြီး၊ မျိုးမင်းသန့်၊ ဝင်းမြတ်သူ

**အတွင်းဒီဇိုင်း –** ဝင်းမြတ်သူ၊ မက်သယူးဆင်ပဆမ်

**အခြားအထောက်အကူပြုသူများ –** စာအုပ်ပါအကြောင်းအရာများကို စမ်းသပ်သင်ကြားခြင်း၊ မှတ်ချက်ပေးခြင်းတို့အတွက် ကျေးဇူးတင်ပါသည်။

တစ်စုံတစ်ဦး ကျန်ရှိခဲ့ပါက တောင်းပန်အပ်ပါသည်။ မုခ်ဦးဆီ အကြောင်းကြားပါက လာမည့် ထုတ်ဝေမှုများတွင် ပြင်ဆင်ထည့်သွင်းပါမည်။